ကြေးမုံ
The Mirror
၁၉၅၇ ဧပြီ ၁၆ တွင် စတင်တည်ထောင်သည်။
Established in 1957

၁၃၇၇ ခုနှစ်၊ ဝါခေါင်လပြည့်၊ တနင်္ဂနွေနေ့၊ (30-8-2015) (၈၃၀၈)

**မေတ္တာသည် ရန်ကင်းငြိမ်း၏**

အကြင်သူသည် သတ္တဝါအားလုံးတို့အပေါ်၌ မေတ္တာစိတ်အဖို့အစုရှိသည် ဖြစ်၍ တစ်စုံတစ်ယောက်ကိုမျှ မိမိကိုယ်တိုင်လည်း မညှဉ်းဆဲ၊ သူတစ်ပါးကိုလည်း မသတ်ဖြတ်စေ၊ မိမိကိုယ်တိုင်လည်း အနိုင်မယူ၊ သူတစ်ပါးတို့ကိုလည်း အနိုင်မကျင့်စေ၊ ထိုမေတ္တာပွားသူအား တစ်စုံတစ်ခုသော အတွင်းရန်၊ အပြင်ရန် ဟူ၍ မရှိနိုင်။ (အင်္ဂုတ္တိုရ်ပါဠိတော်၊ ပထမတွဲ၊ မေတ္တာသုတ်-၄၄၃။)

# ဘေးသင့်ပြည်သူများအတွက် ထောက်ပံ့လှူဒါန်းထားသည့် ပစ္စည်းနှင့်အလှူငွေများ ဘေးသင့်ဒေသများသို့ အချိန်နှင့်တစ်ပြေးညီ လက်ရောက်ဖြန့်ဝေပေးနိုင်ရေးဆောင်ရွက်

ရန်ကုန် ဩဂုတ် ၂၉

**အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဒုတိယသမ္မတ ဦးညွန့်ဆွေ... **



ဒုတိယသမ္မတ ဦးညဏ်ထွန်း ကယ်ဆယ်ရေးလုပ်ငန်းများဆောင်ရွက်မည့် စက်လှေကို ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

ထို့နောက် ဒုတိယသမ္မတက ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းကော်မတီမှ တာဝန်ရှိသူများအား သဘာဝဘေးအန္တရာယ်များကြုံတွေ့ခဲ့ပါက ဘေးသင့်ဒေသရှိ ပြည်သူများကို ဘေးကင်းလုံခြုံသည့်နေရာသို့ ရွှေ့ပြောင်းခြင်း၊ ရှာဖွေကယ်ဆယ်ခြင်းနှင့် အရေးပေါ်ပစ္စည်းများထောက်ပံ့ပေးခြင်းများကို အလျင်အမြန် တုံ့ပြန်ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ အဆိုပါလုပ်ငန်းများ ဆောင်ရွက်ရာတွင် အတတ်ပညာကျွမ်းကျင်မှုများလိုအပ်သည့်အတွက် ဖွဲ့စည်းခြင်း၊ လေ့ကျင့်ခြင်း၊ သရုပ်ပြဇာတ်တိုက်ခြင်း၊ ပြန်လည်ဆန်းစစ်မှုနှင့် အကဲခတ်မှုများ ဆောင်ရွက်ခြင်းနှင့် သုံးသပ်ပြုပြင်ဆောင်ရွက်ခြင်းတို့ကို အစီအစဉ်တကျဆောင်ရွက်သွားရမည်ဖြစ်ကြောင်း ပြောကြားသည်။

ထိုမှတစ်ဆင့် ဒုတိယသမ္မတနှင့်အဖွဲ့သည် ရန်ကုန်မြို့ မရမ်းကုန်းမြို့နယ် ကျိုက်ဝိုင်းဘုရားလမ်းရှိ ရန်ကုန်တိုင်းဒေသကြီး ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဦးစီးမှူးရုံး၌ ဖွင့်လှစ်ထားသည့် သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီရန်ကုန်(ရုံးခွဲ)နှင့် ဘေးသင့်ဒေသများ အမြန်ပြန်လည်ထူထောင်ရေးပေါင်းစပ်ညှိနှိုင်းမှုလုပ်ငန်းကော်မတီ(Recovery Coordination Centre) ရန်ကုန်(ရုံးခွဲ)ဖွင့်လှစ်ထားရှိမှု၊ ပြန်လည်ထူထောင်ရေးအတွက် ထောက်ပံ့ရေးပစ္စည်းများ သိုလှောင်ထားမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးသည်။

ရှေးဦးစွာ သဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုကော်မတီရန်ကုန်(ရုံးခွဲ)ညှော်ခန်းမ၌ တာဝန်ရှိသူများက ရေဘေးသင့်ပြည်သူများအတွက် ပြည်တွင်းပြည်ပ အဖွဲ့အစည်းများနှင့် စေတနာရှင် အလှူရှင်များ၏ လှူဒါန်းထားရှိမှု၊ ဘေးသင့်ဒေသများသို့ အချိန်နှင့်တစ်ပြေးညီ ထောက်ပံ့ရေးပစ္စည်းများပို့ဆောင်မှုအခြေအနေများနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြကြသည်။

စာမျက်နှာ ၃ ကော်လံ ၁ သို့ ☆

## ရန်ကုန်စတော့အိတ်ချိန်း ရာနှုန်းပြည့်ပြင်ဆင်ပြီးစီး၍ ဒီဇင်ဘာလတွင်ဖွင့်လှစ်ရန် ရည်ရွယ်ထား

**ရန်ကုန် ဩဂုတ် ၂၉**

ရန်ကုန်စတော့အိတ်ချိန်း ဖွင့်လှစ်နိုင်ရန် ရာနှုန်းပြည့်ပြင်ဆင်ပြီးစီးနေပြီဖြစ်ပြီး ယခုနှစ် ဒီဇင်ဘာလတွင် ဖွင့်လှစ်နိုင်ရန် ရည်ရွယ်ထားကြောင်း ဘဏ္ဍာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာမောင်မောင်သိမ်း၏ ပြောကြားချက်အရ သိရသည်။

ယခုနှစ်တွင် ဖွင့်လှစ်နိုင်ရန် ပြင်ဆင်ဆောင်ရွက်ခဲ့သည့် ရန်ကုန်စတော့အိတ်ချိန်းကို ၂၀၁၂ ခုနှစ်က စတင်၍ အဆင့်ဆင့်ကြိုးပမ်းဆောင်ရွက်ခဲ့ပြီး လက်ရှိတွင် စတော့အိတ်ချိန်းစတင်လည်ပတ်ရန် အဆင်သင့်ဖြစ်နေသော အနေအထားသို့ ရောက်ရှိနေပြီဖြစ်ကြောင်း ဩဂုတ် ၂၉ ရက်က ရန်ကုန်မြို့ ဆူးလေဘုရားလမ်းနှင့် ကုန်သည်လမ်းထောင့်ရှိ ရန်ကုန်စတော့အိတ်ချိန်းဖွင့်လှစ်မည့် အဆောက်အအုံ(ယခင်-ဗဟိုဘဏ်နှင့်

စာမျက်နှာ ၃ ကော်လံ ၁ သို့ ❋

**ရှာရန်ရာနှုန်းပြည့်**

နေပြည်တော်နှင့် ရန်ကုန်မြို့တို့ အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန် ရာနှုန်းပြည့်ဖြစ်သည်။



Business Institute Yangon : BIY
နိုင်ငံတကာ အသိအမှတ်ပြု
Double MBA
BIY / MHR II - 27၊ မြေညီထပ်၊ အဆောင် E၊ ပုလဲကွန်ဒို၊ ကမ္ဘာအေးဘုရားလမ်း၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့။
Ph : 09-73223777, 09-8628878 , 09-253382715

ကြေးမုံစာတည်းရှုထောင့် ၃၀-၈-၂၀၁၅၊ တနင်္ဂနွေနေ့

# ရွေးကောက်ပွဲဖြင့် ဆုံးဖြတ်မည့် ဒီမိုကရေစီစံနှုန်း

မြန်မာနိုင်ငံတွင် လာမည့်နိုဝင်ဘာ ၈ ရက်တွင် ရွေးကောက်ပွဲကျင်းပမည်ဟု ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က ထုတ်ပြန်ကြေညာထားသည်။ နိုင်ငံရေးအခင်းအကျင်းသစ်၏ ဒုတိယအကြိမ်ရွေးကောက်ပွဲလည်းဖြစ်၊ အလှည့်အပြောင်းတစ်ခုလည်း ဖြစ်ဖွယ်ရှိသည့် လာမည့်ရွေးကောက်ပွဲကို ၂၀၁၀ ရွေးကောက်ပွဲနှင့် ၂၀၁၂ ကြားဖြတ်ရွေးကောက်ပွဲတို့ထက် ပြည်တွင်းရော ပြည်ပနိုင်ငံများကပါ စိတ်ဝင်စားမှုမြင့်တက်လျက်ရှိသည်။ ရွေးကောက်ပွဲစောင့်ကြည့်လေ့လာမည့်အဖွဲ့အစည်းများ၏ အဆိုအရ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူ ၈၀ ရာခိုင်နှုန်းခန့် မဲပေးမည်ဟု သိရှိရသည့်အတွက် ပြည်သူလူထု၏ နိုင်ငံရေးနိုးကြားမှု၊ နိုင်ငံရေးစိတ်ဝင်စားမှုအပေါ်လည်း လေးစားဂုဏ်ယူမိသည်။

ရွေးကောက်ပွဲကျင်းပမည်ဆိုသည်နှင့် ရွေးကောက်ပွဲအတွက် မဲဆွယ်စည်းရုံးလှုပ်ရှားမှုများသည်လည်း မကြာမီ စတင်ကြတော့မည်ဖြစ်သည်။ လူကိုမကြည့်ဘဲ ပါတီကိုကြည့်မဲထည့်ပါဟူသော မဲဆွယ်မှုနှင့် ပတ်သက်၍လည်း ထောက်ခံသူရှိသလို ကန့်ကွက်သူများလည်းရှိပြီး ဝေဖန်သံများ ဆူဆူညံညံထွက်ပေါ်လာခဲ့သည်။ ယင်းကဲ့သို့ အကြောင်းအရာတစ်ခုကို ထောက်ခံသူ၊ ကန့်ကွက်သူများဖြင့် အမြင်အမျိုးမျိုးကွဲပြားပြီး မိမိအယူအဆကို လွတ်လပ်စွာ ထုတ်ဖော်ပြောဆိုခွင့်၊ လွတ်လပ်စွာရေးသားခွင့်၊ လွတ်လပ်စွာ သဘောထားကွဲလွဲခွင့် စသည့်အခွင့်အရေးများရရှိနေသည်ကိုက ဒီမိုကရေစီစနစ်၏ အနှစ်သာရတစ်ခုပင် မဟုတ်ပါလား။ မည်သို့ပင် သဘောထားကွဲလွဲနေသည်ဖြစ်စေ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏ တူညီသော ဆန္ဒ၊ တူညီသော သဘောထားမှာ နိုင်ငံ၏ အနာဂတ် တိုးတက်ကောင်းမွန်ရေးပင်ဖြစ်သည်။ ယင်းမှာ နိုင်ငံသားအားလုံး၏ ဘုံရည်မှန်းချက်ဖြစ်သည်။

ရွေးကောက်ပွဲကျင်းပရန်ရှိသည့် မြန်မာနိုင်ငံကဲ့သို့ အသွင်ကူးပြောင်းခါစနိုင်ငံတစ်နိုင်ငံသည် ရွေးကောက်ပွဲ မကျင်းပမီနှင့် ရွေးကောက်ပွဲကျင်းပပြီးနောက်ပိုင်းတွင်လည်း တည်ငြိမ်အေးချမ်းမှုရှိနေရန်လိုအပ်သည်။ နိုင်ငံရေးအကျပ်အတည်း၊ နိုင်ငံရေးအခက်အခဲကို ဖြေရှင်းပေးနိုင်စွမ်းရှိသည့် ရွေးကောက်ပွဲများသည် ဒီမိုကရေစီစနစ်တွင် အဓိကအရေးပါသည့် လုပ်ငန်းစဉ်တစ်ရပ်ဖြစ်သည်။

မြန်မာနိုင်ငံ၏ အနာဂတ်ပုံရိပ်ကို ထုဆစ်ပုံဖော်ပေးနိုင်မည့် ရွေးကောက်ပွဲသည် ဒီမိုကရေစီအသွင်ကူးပြောင်းမှုအတွက် အလွန်အရေးပါသည့် သမိုင်းမှတ်တိုင်တစ်ခုဖြစ်သကဲ့သို့ မြန်မာနိုင်ငံသားတို့၏ နိုင်ငံရေး၊ ယဉ်ကျေးမှုနှင့် ဒီမိုကရေစီအလေ့အကျင့်ကို အစမ်းသပ်ခံမည့် ရွေးကောက်ပွဲလည်းဖြစ်ပေသည်။ အချို့သောနိုင်ငံရေးအကဲခတ်လေ့လာသူများက ၂၀၁၅ ရွေးကောက်ပွဲအလွန်ကာလကို ပိုမိုစိတ်ဝင်စားသူများလည်းရှိသည်။

ယှဉ်ပြိုင်အရွေးခံသူများကို ဆန္ဒမဲပေးပိုင်ခွင့်ရှိသည့် ပြည်သူများက ဆန္ဒမဲပေး၍ ရွေးချယ်တင်မြှောက်သည့် ဖြစ်စဉ်တစ်ခုဖြစ်သည်။ ရွေးကောက်ပွဲများသည် ခေတ်သစ်ဒီမိုကရေစီစနစ်၏ အဓိကအစိတ်အပိုင်းတစ်ခုအဖြစ် ၁၇ ရာစုကတည်းက ဖော်ဆောင်ကျင့်သုံးနေခဲ့ခြင်းဖြစ်သကဲ့သို့ ရွေးကောက်ပွဲများတွင် မည်မျှလွတ်လပ်၍ မည်မျှတရားမျှတမှုရှိရှိ ကျင်းပနိုင်ခဲ့သည်ကို လေ့လာကာ ဒီမိုကရေစီစံနှုန်းကို တိုင်းတာသတ်မှတ်သည့် ပေတံတစ်ခုလည်းဖြစ်သည်။ သို့ဖြစ်၍ မြန်မာနိုင်ငံ၏ ဒီမိုကရေစီစံနှုန်းကိုလည်း ရွေးကောက်ပွဲပေတံဖြင့် တိုင်းတာသတ်မှတ် ဆုံးဖြတ်သွားလိမ့်မည်ဟု ယုံကြည်ထားပါသည်။ ။

## ရန်ကုန်မြို့တော်စည်ပင် ပန်းချီ၊ ကာတွန်း၊ ပိုစတာပြိုင်ပွဲ ၂၀၁၅ ဆုချီးမြှင့်ပွဲနှင့် ပြပွဲကျင်းပ

**ရန်ကုန် ဩဂုတ် ၂၉**

ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီက ကြီးမှူးကျင်းပသည့် ဒုတိယအကြိမ် ပန်းချီ၊ ကာတွန်း၊ ပိုစတာပြိုင်ပွဲ ၂၀၁၅ ဆုချီးမြှင့်ပွဲနှင့် ပြပွဲအခမ်းအနားကို ယမန်နေ့ မွန်းလွဲ ၁ နာရီက ရန်ကုန်မြို့တော်ခန်းမ၌ ကျင်းပရာ ရန်ကုန်တိုင်းဒေသကြီး စည်ပင်သာယာရေးဝန်ကြီး ရန်ကုန်မြို့တော်ဝန် ဦးလှမြင့်က Electronic Sensor Plate ပေါ်တွင် လက်မှတ်ရေးထိုးကာ အခမ်းအနားဆိုင်းဘုတ်ဖွင့်လှစ်ပေးပြီး တာဝန်ရှိသူများနှင့်အတူ ခင်းကျင်းပြသထားသော ပန်းချီ၊ ကာတွန်း၊ ပိုစတာ ကားချပ်များအား လှည့်လည်ကြည့်ရှုအားပေးသည်။

ထို့နောက် ဆုချီးမြှင့်ပွဲအခမ်းအနားကျင်းပရာ ရန်ကုန်မြို့တော်ဝန်က မြို့တော်နေပြည်သူများ အနေဖြင့် မဟာရန်ကုန်၏ ပကတိအလှအပများကို ထိန်းသိမ်းစောင့်ရှောက်သည့် အလေ့အကျင့်ကောင်းများ ဖြစ်ထွန်းပေါ်ပေါက်လာစေရန်နှင့် မြို့တော်နေပြည်သူများ၊ မျိုးဆက်သစ်လူငယ်များ၊ ကျောင်းသား ကျောင်းသူများ အနေဖြင့်လည်း စည်ပင်သာယာရေးလုပ်ငန်းများတွင် ပြည်သူ့နီတိကျင့်ဝတ်များနှင့်အညီ ပါဝင်ပြီး ကျယ်ကျယ်ပြန့်ပြန့် ပိုမိုသိရှိလာစေရန်ဆိုသည့် ရည်ရွယ်ချက်များထားရှိကာ ယခုကဲ့သို့ ပြပွဲနှင့် ပြိုင်ပွဲများကို ကျင်းပရခြင်းဖြစ်ကြောင်း၊ ပညာရှင်များ၏ စိစစ်ရွေးချယ်ပေးခဲ့သည့် ပေးပို့ပြိုင်ပွဲနှင့် လက်တွေ့ပြိုင်ပွဲများတွင် ကဏ္ဍအသီးသီး၌ ပထမဆုရရှိခဲ့သော ကားချပ်များအနက် အပြည့်စုံဆုံး၊ အကောင်းဆုံးခြယ်မှုန်းဖော်ပြနိုင်သည့် ကားချပ်ကို Grand Prize ဆုအဖြစ် ရွေးချယ်ပေးနိုင်ခဲ့ကြောင်း ပြောကြားပြီး လက်တွေ့ပန်းချီကဏ္ဍတွင် အထူးဆုရရှိသော မနော် ဆာကညောစိန်ဒွေး အထက(၁) လမ်းမတော်၊ လက်တွေ့ကာတွန်းကဏ္ဍတွင် အထူးဆုရရှိသော မမိုးပြည့်စုံမှူး အထက(၂)ကမာရွတ်နှင့် လက်တွေ့ ပိုစတာကဏ္ဍတွင် အထူးဆုရရှိသော မောင်ကျော်ခန့်သူ အထက(၁)ဒဂုံတို့အား ဆုများကိုလည်းကောင်း၊ ဆုများအကဲဖြတ်စိစစ်ရွေးချယ်ပေးသော မြန်မာနိုင်ငံပန်းချီ၊ ပန်းပုအစည်းအရုံး(ဗဟို)မှ ပညာရှင်များ၊ ကာတွန်းပညာရှင်ကြီးများနှင့် ပိုစတာပညာရှင်ကြီးများ ကိုယ်စားကိုယ်စားလှယ်တစ်ဦးစီအား ဂုဏ်ပြုမှတ်တမ်းလွှာများကို ဦးလှမြင့်က အသီးသီး ပေးအပ်သည်။


ဆက်လက်၍ မူလတန်းအဆင့် လက်တွေ့ပန်းချီ၊ ကာတွန်း၊ ပိုစတာဆုရရှိသူ ၂၄ ဦး၊ အလယ်တန်းအဆင့် လက်တွေ့ပန်းချီ၊ ကာတွန်း၊ ပိုစတာဆုရသူ ၂၄ ဦး၊ အထက်တန်းအဆင့် လက်တွေ့ပန်းချီ၊ ကာတွန်း၊ ပိုစတာဆုရသူ ၂၄ ဦး၊ အထက်တန်းအဆင့် ပေးပို့ပန်းချီ၊ ကာတွန်း၊ ပိုစတာဆုရသူ ၂၄ ဦး၊ တက္ကသိုလ်အဆင့် ပေးပို့ပန်းချီ၊ ကာတွန်း၊ ပိုစတာဆုရသူ ၂၄ ဦးနှင့် အလွတ်တန်းအဆင့် ပေးပို့ပန်းချီ၊ ကာတွန်း၊ ပိုစတာဆုရသူ ၂၄ ဦး အပါအဝင် စုစုပေါင်း ၁၄၄ ဦးတို့အား ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ အတွင်းရေးမှူး ဦးကျော်စိုးနှင့် ကော်မတီဝင်များက ဆုများအသီးသီးပေးအပ်ချီးမြှင့်ခဲ့ကြသည်။

အဆိုပါ ပန်းချီ၊ ကာတွန်း၊ ပိုစတာပြပွဲကို မြို့တော်ခန်းမ၌ ဩဂုတ် ၂၈ ရက်မှ ၃၀ ရက်အထိ နံနက် ၁၀ နာရီမှ ညနေ ၄ နာရီအတွင်း ခင်းကျင်းပြသထားမည်ဖြစ်ရာ မည်သူမဆို အခမဲ့ဝင်ရောက်ကြည့်ရှုနိုင်ကြောင်း သိရသည်။

**စောသိန်းဝင်း**

## အထွေထွေရွေးကောက်ပွဲကို ၂၀၁၅ ခုနှစ် နိုဝင်ဘာလ ၈ ရက်နေ့တွင် ကျင်းပမည်

မဲစာရင်းမှာအမည်ပါမှ မဲပေးနိုင်ကြောင်း သတိချပ်စေလိုပါသည်။ မဲစာရင်းများယွင်းမှုရှိနေသော်လည်း မဲပေးခွင့်မဆုံးရှုံးနိုင်ပါ။ မဲပေးပိုင်ခွင့်ရှိသူ အမှန်ဖြစ်ကြောင်း တာဝန်ခံပြောကြားသူရှိလျှင် ပြင်ဆင်ရေးမှတ်၍ မဲပေးခွင့်ပြုရမည်ဟု လွှတ်တော်ရွေးကောက်ပွဲနည်းဥပဒေများ ၅၀(ဂ)တွင် အတိအလင်း ပြဋ္ဌာန်းထားပါသည်။



## မော်တော်ယာဉ်များအား အကောက်ခွန်ရှင်းလင်းထုတ်ပေးမှု အခြေအနေ

**ရန်ကုန် ဩဂုတ် ၂၉**

အကောက်ခွန်ဦးစီးဌာနအနေဖြင့် မော်တော်ယာဉ်အစားထိုးစီမံချက်အပါအဝင် ပြည်ပမှတင်သွင်းလာသော မော်တော်ယာဉ်များအပေါ် ၄၆ လတာကာလအတွင်း အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ ကျသင့်ခွန်များကို စည်းကြပ်ကောက်ခံ၍ ထုတ်ပေးပြီးဖြစ်သည့် ယာဉ်စီးရေမှာ ၄၈၀၂၉၉ စီးဖြစ်ပြီး နိုင်ငံတော်အတွက် အခွန်ဘဏ္ဍာငွေအဖြစ် အကောက်ခွန် (CD) ကျပ်သန်း ၆၆၂၀၈၄ ဒသမ ၇၃၊ ကုန်သွယ်လုပ်ငန်းခွန် CT ကျပ်သန်း ၅၉၉၇၂၂ ဒသမ ၇၀ စုစုပေါင်းငွေကျပ်သန်း ၁၂၆၁၈၀၇ ဒသမ ၄၃ ကောက်ခံရရှိပြီးဖြစ်သည်။

အဆိုပါ အကောက်ခွန် CD နှင့် ကုန်သွယ်လုပ်ငန်းခွန် CT များ စည်းကြပ်ကောက်ခံ၍ ထုတ်ပေးပြီးဖြစ်သည့် ယာဉ်များအနက် ယာဉ်အိုယာဉ်ဟောင်း အစားထိုးလဲလှယ်ရေးစီမံချက်အတွက် အစီး ၁၂၈၈၄၀၊ ကားအရောင်းပြခန်းများအတွက် ၁၀၅၉၉၇ စီး၊ သဘော်သားပါမစ်ဖြင့်တင်သွင်းမှုများအတွက် ၂၈၁၈ စီး၊ နိုင်ငံခြားရေးဝန်ကြီးဌာနပါမစ်ဖြင့် တင်သွင်းမှုများအတွက် ၂၈၆ စီး၊ ကုမ္ပဏီပါမစ်ဖြင့် တင်သွင်းမှုများအတွက် အစီး ၇၃၀၊ ပြည်ပနေ အလုပ်လုပ်ကိုင်သူများပါမစ်ဖြင့်တင်သွင်းမှုများအတွက် ၄၃ စီး၊ဟိုတယ်/ခရီးဝန်ကြီးဌာန ပါမစ်ဖြင့်တင်သွင်းမှုများအတွက် ၁၉၉၇ စီး၊ စစ်သံအမှုထမ်းပါမစ်ဖြင့်တင်သွင်းမှုများအတွက် ၁၀၈ စီးနှင့် လွတ်လပ်စွာဝယ်ယူသူပါမစ်ဖြင့်တင်သွင်းမှုများအတွက် ၂၃၉၄၈၀ စီးတို့ ဖြစ်ကြောင်း သိရသည်။

**(ဝင်းမြင့်)**

## အာဟာရဖွံ့ဖြိုးရေးရက်သတ္တပတ်များ အထိမ်းအမှတ်ကျင်းပ

**ရန်ကုန် ဩဂုတ် ၂၉**

ရန်ကုန် မြောက်ပိုင်းခရိုင် ရွှေပြည်သာမြို့နယ်တွင် ခရိုင် အဆင့် အာဟာရဖွံ့ဖြိုးရေး ရက်သတ္တပတ်များ အထိမ်းအမှတ် အခမ်းအနားကို ဩဂုတ် ၂၈ ရက် နံနက် ၉ နာရီက အထက(၁) ရွှေပြည်ရတနာခန်းမတွင် ကျင်းပရာ မြောက်ပိုင်းခရိုင် မိခင်နှင့်ကလေးစောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဒေါ်လှဲ့လှဲ့ဝင်းက အမှာစကားပြောကြားပြီး ရန်ကုန်တိုင်းဒေသကြီး ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ ဒေါက်တာခင်မေတ္တာစိုးစံက အာဟာရအကြောင်း သိကောင်းစရာများ ဟောပြောခဲ့သည်။

ထို့နောက် ဆုရရှိသည့် မိခင်နှင့်ကလေးများအား ဆုချီးမြှင့်ခြင်း၊ အာဟာရဖွံ့ဖြိုးရေးဆိုင်ရာ ပြခန်းများအား ကြည့်ရှုအားပေးခြင်း၊ မူကြိုကလေးများအား ဗီတာမင်အေဆေးလုံး တိုက်ကျွေးခြင်း၊ လက်ဆောင်များချီးမြှင့်ခြင်း၊ ကိုယ်ဝန်ဆောင်နှင့် နို့တိုက်မိခင်များအား သံဓာတ်ဆေးပြားများ၊ ဗီတာမင်ဘီဝမ်းဆေးပြားများ ဖြန့်ဝေပေးခဲ့ကြသည်။

**(ခရိုင်ပြန်/ဆက်)**

ကြေးမုံ
နေ့စဉ်သတင်းစာ
စာတည်းမှူးချုပ် - ဦးခင်မောင်ကျော်ဒင်
စာတည်းများ - ဦးလှစိန်၊ ဦးဝင်းနိုင်၊ ဦးစိုးစိုးနိုင်၊ ဦးစန်းအောင်
သတင်းထောက်မှူး - ဦးဌေးအောင်
ဘာသာပြန်စာတည်းများ - ဦးအောင်ထိန်၊ ဦးဇော်ဝင်း၊ အေဝမ်းစိုး၊ အောင်ကျော်ကျော်
အနုပညာစာတည်း - ခင်ခင်သက်
အားကစားစာတည်း - မေလှဲ့သင်း
ဆောင်းပါးစာတည်း - စန္ဒာဝင်း
အကြီးတန်းသတင်းထောက်များ - ဟိန်းထက်လင်း၊ နိုင်လင်းကြည်၊ ဖြိုးစန္ဒာမြင့်
အငယ်တန်းသတင်းထောက်များ - သီသီမင်း၊ အောင်ကျော်ဦး၊ ခင်ဇာလီ၊ သန့်ဇင်ဝင်း၊ မေသကြီန်၊ အေးအေးမြင့်၊ ခင်စုစုလှိုင်
ဓာတ်ပုံသတင်းထောက် - ခင်မောင်ဝင်း၊ ဇေယျာဝင်း(ဖိုးခွား)
အထူးသတင်းထောက် - စုနှင်းလှဲ့၊ သီရိ

## ပြည်တွင်းရေးရာ



ဒုတိယသမ္မတ ဦးညဏ်ထွန်း လှိုင်းဘွဲ့မြို့ ရေဘုတ်ရေလှောင်တမံအကူရေပိုလွှဲအား ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

**☆ ရွှေဖုံးမှ**

ရှင်းလင်းတင်ပြမှုများအပေါ် ဒုတိယသမ္မတက ဘေးသင့်ပြည်သူများအတွက် ထောက်ပံ့လှူဒါန်းထားသည့် ပစ္စည်းနှင့် အလှူငွေများကို စနစ်တကျ မှတ်တမ်းထားဆောင်ရွက်ရေး၊ ဘေးသင့်ဒေသများသို့ အချိန်နှင့်တစ်ပြေးညီ လက်ရောက်ဖြန့်ဝေပေးနိုင်ရေး၊ ကြီးကြပ်ရေးအဖွဲ့များတွင် ရပ်ရွာမှ လေးစားကြည်ညိုသူများ၊ အဖွဲ့ဝင်အဖြစ်ပါဝင်စေရေးနှင့် ပွင့်လင်းမြင်သာမှုရှိရေး၊ အလုပ်ရုံဆွေးနွေးပွဲများကျင်းပပြီး ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ရေးတို့နှင့် စပ်လျဉ်း၍ မှာကြားပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းပေးသည်။

ရန်ကုန်မြို့ မရမ်းကုန်းမြို့နယ် ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေး ဦးစီးဌာနမှူးရုံး၌ဖွင့်လှစ်ထားသည့် သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီ ရန်ကုန်(ရုံးခွဲ)နှင့် ပြန်လည်ထူထောင်ရေး ဗဟိုကော်မတီ ရန်ကုန်(ရုံးခွဲ)သို့ ပြည်တွင်းပြည်ပ အဖွဲ့အစည်းများနှင့်စေတနာရှင် အလှူရှင်ပြည်သူများက ဩဂုတ် ၂ ရက်မှ ၂၈ရက်အထိ စုစုပေါင်း မြန်မာငွေကျပ် ၄၃၂၇၂၃၇၀၀၊ ထိုင်းဘတ်ငွေ ၁၁၃၉၅၅၊ မလေးရှားရင်းဂစ် ၂၀၀၀ နှင့် အမေရိကန်ဒေါ်လာ ၅၅၈၃၀တို့ကိုလည်းကောင်း၊ စားသောက်ကုန်နှင့် လူသုံးကုန်အပါအဝင် ပစ္စည်းအမယ်စုံ တန်ချိန် ၃၈၉ တန်ကိုလည်းကောင်း လာရောက်လှူဒါန်းခဲ့ကြသည်။

ဆက်လက်၍ ဒုတိယသမ္မတနှင့်အဖွဲ့သည် ရဟတ်ယာဉ်ဖြင့် ထွက်ခွာခဲ့ရာ ကရင်ပြည်နယ် ဘားအံမြို့သို့ ရောက်ရှိသည်။

ယင်းနောက် လှိုင်းဘွဲ့မြို့ မြို့မပရိယတ္တိစာသင်တိုက်ဆရာတော်အမှူးပြုသော ဆရာတော်သံဃာတော်များအား ဖူးမြော်ကြည်ညိုပြီး ဆွမ်းဆန်တော်နှင့် လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းသည်။

ထို့နောက် လှိုင်းဘွဲ့မြို့ ကမ်းထိန်းကျောက်စီမြေနံရံဆောင်ရွက်ပြီးစီးမှု အခြေအနေနှင့် ရေဘုတ်ရေလှောင်တမံအကူရေပိုလွှဲတည်ဆောက်ခြင်း လုပ်ငန်းများကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ယင်းနောက် ထီးလုံကျေးရွာ၌ ကျင်းပသည့် မိုးစပါးအထွက်နှုန်းတိုးတက်ရေးအတွက် ဓာတ်မြေဩဇာနှင့် လယ်ယာသုံးစက်ကိရိယာများ ထောက်ပံ့ပေးအပ်ပွဲသို့ တက်ရောက်ပြီး မောခီးကျေးရွာအတွက် စပါးခြွေလှေ့စက်တစ်စီး၊ ရှမ်းရွာသစ်မြို့ မဲသမူကျေးရွာအုပ်စုအတွက် လက်တွန်းထွန်စက်တစ်စီး၊ ထီလုံကျေးရွာ၊ သမာန်နှင့်နောင်သင့်ကျေးရွာတို့ရှိ မိုးစပါးစိုက်ခင်းများအတွက် ဓာတ်မြေဩဇာနှင့်ရွက်ဖျန်းမြေဩဇာများကို တောင်သူများထံ ထောက်ပံ့ပေးအပ်ပြီး တောင်သူများအားရင်းရင်းနှီးနှီးနှုတ်ဆက်အားပေးစကား ပြောကြားသည်။ ဆက်လက်၍ လှိုင်းဘွဲ့မြို့ ထီလုံကျေးရွာရှိ ဦးရာမူး၏စပါးစိုက်ခင်းတွင် စုပေါင်းမြေဩဇာ ကြဲပက်နေမှုကို ကြည့်ရှုအားပေးသည်။

ညနေပိုင်းတွင် နယ်မြေခံတပ် ဧည့်ရိပ်သာ၌ ဒုတိယသမ္မတအား ကရင်ပြည်နယ် ခေတ္တဝန်ကြီးချုပ်က သဘာဝဘေးအန္တရာယ်လျော့ပါးရေးအတွက် ကြိုတင်ဆောင်ရွက်ထားမှု၊ မြစ်ရေကြီးမှု၊ကယ်ဆယ်ရေးစခန်းများ ဖွင့်လှစ်ဆောင်ရွက်မှု၊ လမ်း၊ တံတားများ ပျက်စီးဆုံးရှုံးမှုနှင့် ပြန်လည်ပြင်ဆင်ထားမှု၊ ဘေးသင့်ပြည်သူများအား ထောက်ပံ့ပေးမှု၊ ကျန်းမာရေးစောင့်ရှောက်ပေးမှု၊ မိုးစပါးအပါအဝင်စိုက်ပျိုးရေး အထောက်အကူပြုပစ္စည်းများ ထောက်ပံ့ပေးအပ်မှု၊ တိရစ္ဆာန်ဆေးဝါးနှင့် အစားအစာများ ထောက်ပံ့ပေးအပ်မှု၊ ပြည်တွင်းပြည်ပအလှူလက်ခံရရှိမှုအခြေအနေများနှင့် ပြည်နယ်မြေအသုံးချမှုစီမံခန့်ခွဲရေးဆိုင်ရာ ကိစ္စရပ်များကို ရှင်းလင်းတင်ပြသည်။

ရှင်းလင်းတင်ပြချက်များအပေါ် ဒုတိယသမ္မတက ကရင်ပြည်နယ်သည် နှစ်စဉ်ရေကြီးရေလျှံမှုများဖြစ်ပွားခဲ့ရာတွင် ယခင်နှစ်တွင် ရေကြီးရေလျှံမှုလျော့နည်းစေရေး ကြိုတင်စီမံဆောင်ရွက်ခဲ့မှုကြောင့် ယခုနှစ်ရေကြီးရေလျှံမှုဖြစ်ပွားချိန်တွင် သဘာဝဘေးအန္တရာယ်ကျရောက်မှု လျော့ပါးသက်သာခဲ့ကြောင်း၊ သဘာဝဘေးအန္တရာယ်များသည် နေရာဒေသမရွေး အချိန်ကာလ၊ လုပ်ငန်းကဏ္ဍနှင့် ဆင်းရဲချမ်းသာခွဲခြားသတ်မှတ်ထားခြင်းမရှိဘဲ အရာအားလုံးအပေါ် တစ်ပြေးညီ ကျရောက်တတ်သည့်အတွက် သဘာဝဘေးအန္တရာယ်လျော့ပါးရေးလုပ်ငန်းများသည် အားလုံးနှင့်သက်ဆိုင်သည့် လုပ်ငန်းတာဝန်တစ်ရပ်ဖြစ်သည်ကို လက်ခံထားရမည်ဖြစ်ကြောင်း၊ သဘာဝဘေးအန္တရာယ်များနှင့် ပတ်သက်၍ လေ့လာသုံးသပ်ကြိုတင်ပြင်ဆင်ထားရှိပြီး မိမိတို့နေထိုင်ရာ ဒေသများတွင် သဘာဝဘေးခုခံနိုင်စွမ်းအားကို မြှင့်တင်ထားရမည်ဖြစ်ကြောင်း။

နိုင်ငံတော်သမ္မတဦးဆောင်ကာ နိုင်ငံတော်ဖွံ့ဖြိုးမှုအတွက် ဘက်စုံကဏ္ဍစုံပြောင်းလဲ၍ အရှိန်အဟုန်ဖြင့် အကောင်အထည်ဖော်ဆောင်ရွက်နေသည့် အချိန်တွင် နိုင်ငံကို ရိုက်ခတ်လာသော သဘာဝဘေးအန္တရာယ်များသည် နိုင်ငံ၏ဖွံ့ဖြိုးတိုးတက်မှုအရှိန်ကို နှောင့်နှေးပျက်စီးစေပြီး ပြန်လည်ထူထောင်မှုများ ပြုလုပ်ရာတွင်လည်း အချိန်အား၊ ငွေအားနှင့် အရင်းအမြစ်အင်အားများကို အမြောက်အမြား အသုံးပြုရကြောင်း၊ ဘေးအန္တရာယ်ဖြစ်ချိန်မှ ချက်ချင်းစီမံဆောင်ရွက်ခြင်းထက် သဘာဝဘေးဒဏ်မှ လျော့ပါးသက်သာစေရန် ကြိုတင်ပြင်ဆင်ခြင်းသည်သာ အကောင်းဆုံးနည်းလမ်းတစ်ခုဖြစ်ပါကြောင်း ပြောကြားသည်။ **(သတင်းစဉ်)**

**✻ ရန်ကုန်မှ**

မြဝတီဘဏ် ဆောင်ရွက်ခဲ့သည့် အဆောက်အအုံ)တွင် ကျင်းပသော သတင်းစာရှင်းလင်းပွဲ၌ ဒုတိယဝန်ကြီးကပြောကြားခဲ့သည်။

"ကျွန်တော်တို့ စတော့အိတ်ချိန်းဖြစ်ဖို့ ကြိုးပမ်းမှုတွေမှာ ကမ္ဘာပေါ်မှာ ၁၉၈ နိုင်ငံအနက် စတော့အိတ်ချိန်း မရှိသေးတာ ကိုးနိုင်ငံပဲ ရှိပါတယ်။ အဲဒီမှာ ခြောက်နိုင်ငံက ကျွန်းနိုင်ငံလေးတွေဖြစ်ပါတယ်။ ကျန်တဲ့သုံးနိုင်ငံက ဘရူနိုင်း၊ မြောက်ကိုရီးယားနဲ့ မြန်မာပါ။ မြန်မာကတော့ အဲဒီစာရင်းက ထွက်ဖို့လုပ်နေပါပြီ။ ဘရူနိုင်းနိုင်ငံကလည်း အခု စတော့အိတ်ချိန်းထောင်ဖို့ လုပ်နေပါတယ်။ နိုင်ငံရဲ့ စီးပွားရေးတိုးတက်မှုက စတော့အိတ်ချိန်း ရှိကိုရှိရပါတယ်"ဟု ဒုတိယဝန်ကြီးက ပြောသည်။

ရန်ကုန် စတော့အိတ်ချိန်းကို နိုဝင်ဘာရွေးကောက်ပွဲကာလအပြီး ဒီဇင်ဘာလထဲတွင် ဖွင့်လှစ်ရန် ရည်ရွယ်ထားပြီး စတော့အိတ်ချိန်း ထူထောင်ရန် မြန်မာနိုင်ငံ ဘဏ္ဍာရေးဝန်ကြီးဌာနနှင့် ဂျပန်နိုင်ငံအဖွဲ့အစည်းနှစ်ခုတို့ဖြင့် ပေါင်းစပ်ဖွဲ့စည်းထားသည်။ မြန်မာနိုင်ငံ ဘဏ္ဍာရေးဝန်ကြီးဌာနကိုယ်စား မြန်မာ့စီးပွားရေးဘဏ်နှင့် ဂျပန်နိုင်ငံမှ Diwa Research Institute နှင့် Japan Stock Exchange Group တို့ပူးပေါင်းပြီး ထည့်ဝင် ရင်းနှီးငွေမှာ မြန်မာငွေကျပ် ၃၁ ဘီလီယံနှင့် မြန်မာဘက်မှ ၅၁ ရာခိုင်နှုန်း၊ ဂျပန်ဘက်မှ ၄၉ ရာခိုင်နှုန်း ပါဝင်မည်ဟု သိရသည်။




စတော့အိတ်ချိန်း ထူထောင်ရန် မတည်ရင်းနှီးငွေ ထည့်ဝင်ပြီးဖြစ်သလို ဖက်စပ်ကုမ္ပဏီ ထူထောင်ပြီးဖြစ်သည့်အတွက် စတင်လည်ပတ်ရန် အဆင်သင့်ဖြစ်နေပြီဟု သိရသည်။

စတော့အိတ်ချိန်းထူထောင်နိုင်ပါက တရားဝင်ရင်းနှီးမြှုပ်နှံမှုဈေးကွက်ဖြစ်ပေါ်လာမည်ဖြစ်ပြီး ငွေကြေးဖောင်းပွမှုများကိုလည်း တစ်ဖက်တစ်လမ်းမှ ထိန်းသိမ်းနိုင်မည်ဟု ဒုတိယဝန်ကြီးကဆိုသည်။ အများပြည်သူ လုံခြုံစိတ်ချမှုရှိစေရန်နှင့် လိမ်လည်မှုများမရှိစေရန် စနစ်တကျကြပ်မတ် ဆောင်ရွက်မည်ဖြစ်ပြီး စတော့အိတ်ချိန်းဖွင့်လှစ်မည့်နေရာသည် အချက်အချာကျသော သမိုင်းဝင်အဆောက်အအုံနေရာတွင် တည်ရှိကာ ဘဏ္ဍာရေးရပ်ကွက်၊ ငွေရေးကြေးရေး ရပ်ကွက်နေရာအဖြစ် ဖြစ်ထွန်းလာမည်ဖြစ်ကြောင်း ဒေါက်တာမောင်မောင်သိမ်းက ပြောကြားခဲ့သည်။ **(ဆုနှင်းလှဲ့)**

## မြန်မာ့အသံချစ်သူများအဖွဲ့ အဖွဲ့ဝင်များတွေ့ဆုံပွဲကျင်းပမည်

**နေပြည်တော် ဩဂုတ် ၂၉**

မြန်မာ့အသံချစ်သူများအဖွဲ့ (Radio Fan Club) အဖွဲ့ဝင်များတွေ့ဆုံပွဲအခမ်းအနားများကို စက်တင်ဘာ ၂၇ရက်တွင် ရှမ်းပြည်နယ်အရှေ့ပိုင်း ကျိုင်းတုံမြို့၌လည်းကောင်း၊ အောက်တိုဘာ ၁၁ရက်တွင် ကချင်ပြည်နယ် မြစ်ကြီးနားမြို့၌လည်းကောင်း၊ အောက်တိုဘာ ၂၅ ရက်တွင် မကွေးတိုင်းဒေသကြီး မကွေးမြို့၌လည်းကောင်း ကျင်းပသွားမည်ဖြစ်သည်။

PSI Myanmar အဖွဲ့၏ ပံ့ပိုးကူညီမှုဖြင့်ကျင်းပမည့် အဆိုပါ အခမ်းအနားများတွင် မြန်မာ့အသံ ခေတ်ပေါ်တေးဂီတအဖွဲ့နှင့်အတူ နိုင်ငံကျော်တေးသံရှင်များ၊ မြန်မာ့အသံဝန်ထမ်းများက တေးသီချင်းများနှင့် သီဆိုဖျော်ဖြေပြီး အမှတ်တရလက်ဆောင်များလည်း ပေးအပ်မည်ဖြစ်သည်။

အခမ်းအနားများသို့ မြန်မာ့အသံချစ်သူများအဖွဲ့ဝင် မည်သူမဆို တက်ရောက်နိုင်ပြီး တက်ရောက်လိုသူများအနေဖြင့် မြန်မာ့အသံ ဖုန်း-၀၆၇-၇၉၂၁၅သို့ကြိုတင်ဆက်သွယ်စာရင်းပေးသွင်းကြရမည်ဖြစ်သည်။အဖွဲ့ဝင်သစ်အဖြစ် ဝင်ရောက်လိုသူများအနေဖြင့် အဆိုပါ ဖုန်းနံပါတ်သို့ ဆက်သွယ်၍ အဖွဲ့ဝင်ခွင့် လျှောက်ထားနိုင်ကြောင်း သိရသည်။ **(သတင်းစဉ်)**

## မြစိမ်းရောင်ရန်ပုံငွေ လွှဲပြောင်းပေးအပ်

**မှော်ဘီ ဩဂုတ် ၂၉**

၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ် မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာန မှော်ဘီမြို့နယ်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ဩဂုတ် ၂၇ရက် နံနက်ပိုင်းတွင် မြစိမ်းရောင်ကျေးရွာခုနစ်ရွာအား ရန်ပုံငွေလွှဲပြောင်းပေးအပ်ပွဲ အခမ်းအနားကို မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံး၌ ကျင်းပခဲ့သည်။

အဆိုပါ အခမ်းအနားတွင် မြို့နယ်ကျေးလက်ဦးစီးဌာနမှ မြို့နယ်ဦးစီးမှူး ဦးသန်းဦးက မြစိမ်းရောင်စီမံကိန်း ရန်ပုံငွေနှင့် ပတ်သက်၍ လုပ်ငန်းစဉ်များကို ရှင်းလင်းပြောကြားခဲ့သည်။ ထို့နောက် မြစိမ်းရောင်ကျေးရွာခုနစ်ရွာအား တစ်ရွာလျှင် ငွေကျပ်သိန်း ၃၀၀ နှုန်းဖြင့် လွှဲပြောင်းပေးအပ်ခဲ့သည်။

ဆက်လက်၍ မြစိမ်းရောင်ကျေးရွာခုနစ်ရွာမှ ကျေးရွာကော်မတီဝင်များအား ငွေစာရင်းထိန်းသိမ်းနည်းနှင့် စာရင်းဇယားများ ဆောင်ရွက်နည်း၊ လုပ်ငန်းစွမ်းဆောင်ရည် မြှင့်တင်ရေးသင်တန်းကို အဆိုပါရုံး၌ ဖွင့်လှစ်ခဲ့ကြောင်း သိရသည်။ **(ကြေးမုံ)**

# မလေးရှားဝန်ကြီးချုပ် နာဂျစ်ရာဇာတ်အား ရာထူးမှနုတ်ထွက်ရန် ပြည်သူများဆန္ဒထုတ်ဖော်

**ကွာလာလမ်ပူ ဩဂုတ် ၂၉**

မလေးရှားနိုင်ငံ ကွာလာလမ်ပူမြို့တွင် ထောင်ပေါင်းများစွာသောပြည်သူများက ဝန်ကြီးချုပ်နာဂျစ်ရာဇာတ်အား ဘဏ္ဍာရေးအရှုပ်တော်ပုံတစ်ခုနှင့်ပတ်သက်ပြီး သက်ာမကင်းဖြစ်ကာ ရာထူးမှနုတ်ထွက်ပေးရန် မြို့ထဲလမ်းမများတွင် စီတန်းလှည့်လည်ကာ ဆန္ဒထုတ်ဖော်ခဲ့ကြသည်။

ဝန်ကြီးချုပ်က အမည်မသိနိုင်ငံခြားလှူဒါန်းငွေဘဏ်စာရင်းများထဲမှ သူ၏ဘဏ်စာရင်းထဲသို့ အမေရိကန်ဒေါ်လာ သန်း ၇၀၀ ကို ခိုင်လုံသည့်အကြောင်းတစ်စုံတစ်ရာမရှိဘဲ လွှဲပြောင်းခဲ့သည်ကို ပြည်သူများက မကျေမနပ်ဖြစ်ခဲ့ခြင်းဖြစ်သည်။

အဆိုပါဘဏ္ဍာရေးဆိုင်ရာ အရှုပ်တော်ပုံကို လွန်ခဲ့သည့်လက အစိုးရပိုင်မဟာဗျူဟာကျဖွံ့ဖြိုးမှုကုမ္ပဏီတွင် စီမံခန့်ခွဲမှုမှားယွင်းခြင်းနှင့် ပတ်သက်ပြီး စစ်ဆေးမှုတစ်ရပ်ပြုလုပ်သည့်အခါ ဝန်ကြီးချုပ်၏ ဒေါ်လာသန်း ၇၀၀ ဘဏ်စာရင်းလွှဲပြောင်းခြင်းကိစ္စကို သိရှိခဲ့ရခြင်းဖြစ်သည်။

ဝန်ကြီးချုပ်က အဆိုပါ ဘဏ်စာရင်းငွေလွှဲပြောင်းခြင်းနှင့်ပတ်သက်ပြီး ငြင်းဆိုခဲ့သည်။

ပြည်သူများဆန္ဒထုတ်ဖော်မှုသည် ဩဂုတ် ၃၀ ရက်ထိ ဆက်လက်ဖြစ်ပွားနိုင်ဖွယ်ရှိသည်။ ဒီမိုကရေစီလိုလားသည့်အုပ်စုက မလေးရှားနိုင်ငံ ကိုတာကင်းနာဘာလုနှင့် ကူချင်းမြို့များသို့ လှည့်လည်ဆန္ဒထုတ်ဖော်ရန် ဆော်ဩထားကြောင်း သိရသည်။

ကွာလာလမ်ပူမြို့အာဏာပိုင်များက ယင်းအုပ်စု၏ စီတန်းလှည့်လည် ဆန္ဒထုတ်ဖော်ခွင့်တောင်းခံမှုကို ပယ်ချခဲ့ပြီး အဆိုပါဆန္ဒထုတ်ဖော်မှုသည် တရားဥပဒေနှင့်မညီကြောင်း မလေးရှားရဲတပ်ဖွဲ့ကဆိုသည်။

ကွာလာလမ်ပူမြို့ လွတ်လပ်ရေးရင်ပြင်သို့ ဝင်ရောက်နိုင်သည့်လမ်းကြောင်းများကို ပိတ်ဆို့ထားသည်။




မလေးရှားနိုင်ငံတွင် ၂၀၁၂ ခုနှစ်က ဆန္ဒထုတ်ဖော်သော ပြည်သူများကို လူစုခွဲရာတွင် ရဲတပ်ဖွဲ့က မီးသတ်ပိုက်များနှင့် ရေပက်ခြင်းအပြင် မျက်ရည်ယိုဗုံးများအသုံးပြုခဲ့သည်။

**ရိုက်တာ။**

# ဘန်ကောက်ဗုံးဖောက်ခွဲမှုတွင် သံသယဖြစ်သူ တူရကီအမျိုးသားတစ်ဦးအား ဖမ်းဆီး

**ဘန်ကောက် ဩဂုတ် ၂၉**

ယခုလလယ်ပိုင်းက ဖြစ်ပွားခဲ့သော ကမ္ဘာလှည့်ခရီးသည်များအပါအဝင် လူ ၂၀ သေဆုံးခဲ့ပြီး ၁၀၀ ကျော် ဒဏ်ရာရရှိခဲ့သည့် ဘန်ကောက်မြို့ လေးမျက်နှာဘုရားအနီး ဗုံးဖောက်ခွဲမှုတွင် သံသယဖြစ်ဖွယ်ရာ တူရကီအမျိုးသားတစ်ဦးအား ဘန်ကောက်အရှေ့ဘက် ဆင်ခြေဖုံးဒေသတွင် ဖမ်းဆီးလိုက်ကြောင်း ရဲတပ်ဖွဲ့ကပြောကြားသည်။

တူရကီအမျိုးသားသည် မည်သူမည်ဝါဖြစ်ကြောင်း တိတိကျကျမသိရသေးပေ။ ဩဂုတ် ၁၇ ရက်က ရာဂျာပရာဆောင်လမ်းဆုံ လေးမျက်နှာဘုရားအနီး ဖောက်ခွဲခဲ့သည့်ဗုံးနှင့် အလားသဏ္ဌာန်တူသည့် ဖောက်ခွဲရေးပစ္စည်းများကို နွန်ဂျော့ခ်ခရိုင်ရှိ ၎င်းငှားရမ်းထားသော တိုက်ခန်းတစ်ခန်းအတွင်း လက်ဝယ်တွေ့ရှိသဖြင့် ၎င်းအား ဖမ်းဆီးခဲ့ခြင်းဖြစ်သည်။ ဗုံးပေါက်ကွဲမှုနှင့်ပတ်သက်ပြီး သံသယဖြစ်ဖွယ်ရာပြစ်မှုကျူးလွန်သူအား ပိုက်စိပ်တိုက်ရှာဖွေနေသည့် ရဲတပ်ဖွဲ့က အဆိုပါ တူရကီအမျိုးသားအား ယခုချိန်ထိ စစ်ဆေးမေးမြန်းမှု မပြုလုပ်ရသေးပေ။

ဆာသွန်းလေညင်းခံတံတားအနီး ရေအောက်ဖောက်ခွဲမှုတွင် အာရှတိုက်သားပုံစံ အမျိုးသားတစ်ဦးကို ရဲတပ်ဖွဲ့က ရှာဖွေလျက်ရှိသည်။ ယင်းပေါက်ကွဲမှုတွင် အသက်သေဆုံးခြင်းမရှိကြောင်း သိရသည်။ အဆိုပါ သံသယရှိသူမှာ လေးမျက်နှာဘုရားအနီးဗုံးဖောက်ခွဲခဲ့ပြီးနောက် ကျောက်ဖယားမြစ်အတွင်း ဗုံးထောင်ထားခြင်းဖြစ်မည်ဟု ယုံကြည်ရသည်။

**ဆင်ဟွာ။**

# ပါကစ္စတန်၏ နျူလက်နက်တိုက် ကမ္ဘာပေါ်တွင် တတိယအကြီးဆုံးဖြစ်လာနိုင်

**ကရာချိ ဩဂုတ် ၂၉**

ပါကစ္စတန်နိုင်ငံသည် ဆယ်စုနှစ်တစ်စုအတွင်း ကမ္ဘာပေါ်တွင် နျူကလီးယားလက်နက် တတိယအများဆုံး သိုလှောင်ထားသည့် နိုင်ငံဖြစ်လာနိုင်ကြောင်း အမေရိကန်အခြေစိုက် နိုင်ငံတကာမဟာဗျူဟာ လေ့လာရေးအဖွဲ့ အစည်းနှစ်ရပ်က ပူးတွဲထုတ်ပြန်သော အစီရင်ခံစာတွင် ဖော်ပြထားသည်။

အိန္ဒိယနိုင်ငံနှင့် ပြိုင်ဘက်ဖြစ်ခြင်းကို အကြောင်းပြုပြီး ပါကစ္စတန်နိုင်ငံကယင်း၏ နျူကလီးယားလက်နက်တိုက်ကို လျင်မြန်စွာ တိုးချဲ့မှုဖြစ်ပေါ်စေကြောင်း အမေရိကန်အခြေစိုက် ကာနက်ဂျီနိုင်ငံတကာ ငြိမ်းချမ်းရေးဌာနနှင့် စတင်ဆန်ဌာနတို့က ပူးတွဲပြုစုသော အစီရင်ခံစာတွင် ဖော်ပြသည်။ ပါကစ္စတန်နိုင်ငံသည် နိုင်ငံတော်၏ အဟန့်အတားပြု လက်နက်အဖြစ် နျူကလီးယားလက်နက်ကို ထုတ်လုပ်ခြင်းဖြစ်သော်လည်း ကာကွယ်ရေးဆိုင်ရာ လိုအပ်ချက်ထက် များစွာပိုမိုသည့်ပမာဏအထိ ထုတ်လုပ်ထားကြောင်း၊ ပါကစ္စတန်၏ နျူကလီးယားလက်နက်တိုက်ကြီးမားစွာရှိနေခြင်းအတွက် နိုင်ငံတကာက စိုးရိမ်ပူပန်မှုဖြစ်ရကြောင်း အစီရင်ခံစာတွင် ဖော်ပြထားသည်။

အိန္ဒိယနှင့် ပါကစ္စတန်နိုင်ငံတို့သည် ကက်ရှ်မီးယားဒေသတွင် နယ်မြေပိုင်ဆိုင်မှု အငြင်းပွားမှုများကြောင့် နှစ်ပေါင်းများစွာ ပဋိပက္ခဖြစ်ပွားလာခဲ့သည့် နိုင်ငံများဖြစ်ကြသည်။

**ရိုက်တာ။**



# ဆီးရီးယား၌ ဓာတုလက်နက်ဖြင့် တိုက်ခိုက်ခဲ့သည်ဆိုမှု စုံစမ်းစစ်ဆေးမှုလုပ်ငန်းအောင်မြင်ရေး ဘန်ကီမွန်းတိုက်တွန်း

**ကုလသမဂ္ဂ ဩဂုတ် ၂၉**

ဆီးရီးယားနိုင်ငံ၏ လေးနှစ်ကြာပြည်တွင်းစစ်အတွင်း ဓာတုလက်နက်များဖြင့် တိုက်ခိုက်မှုရှိသည်ဆိုသော စွပ်စွဲချက်များနှင့် ပတ်သက်၍ နိုင်ငံတကာက စုံစမ်းစစ်ဆေးမှုအသစ်ပြုလုပ်ရာတွင် ထိရောက်အောင်မြင်သော စုံစမ်းစစ်ဆေးမှုဖြစ်စေရန် စစ်ဖြစ်ပွားနေသော အုပ်စုများအားလုံး၏ အပြည့်အဝ ပူးပေါင်းဆောင်ရွက်မှုလိုအပ်မည်ဖြစ်ကြောင်း ကုလသမဂ္ဂ အတွင်းရေးမှူးချုပ် ဘန်ကီမွန်းက ပြောကြားလိုက်သည်။

ဆီးရီးယားနိုင်ငံပြည်တွင်းစစ်တွင် ဓာတ်ငွေ့ဖြင့် တိုက်ခိုက်မှုများ ပြုလုပ်ခဲ့သည်ဆိုသော စွပ်စွဲချက်များနှင့် ပတ်သက်၍ စုံစမ်းစစ်ဆေးမှု ပြုလုပ်မည့် အစီအစဉ်တစ်ရပ်ကို ဘန်ကီမွန်းက ကုလသမဂ္ဂလုံခြုံရေးကောင်စီထံ ပေးပို့သည့်စာတွင် ဖော်ပြထားသည်။

အဆိုပါ စွပ်စွဲချက်များနှင့် ပတ်သက်၍ ကုလသမဂ္ဂအဖွဲ့က ဓာတုလက်နက် တားမြစ်ပိတ်ပင်ရေးအဖွဲ့နှင့်အတူ စုံစမ်းစစ်ဆေးသွားမည်ဖြစ်သည်။

ဆီးရီးယား အာရပ်သမ္မတနိုင်ငံနှင့် ယင်းနိုင်ငံရှိ ပဋိပက္ခဖြစ်ပွားနေသော အုပ်စုအားလုံးတို့က အပြည့်အဝ ပူးပေါင်းဆောင်ရွက်မှသာလျှင် စုံစမ်း



စစ်ဆေးမှုလုပ်ငန်း အောင်မြင်မည်ဖြစ်ကြောင်း ဩဂုတ် ၂၇ ရက်နေ့ထုတ် အဆိုပါစာတွင် ဖော်ပြထားသည်။

ဓာတုလက်နက်ဖြင့် တိုက်ခိုက်သူ၊ တိုက်ခိုက်သည့် အဖွဲ့အစည်း၊ တိုက်ခိုက်မှုတွင် ပူးပေါင်းပါဝင်သူများ၊ တိုက်ခိုက်ရန် စီစဉ်သူများ၊ တိုက်ခိုက်မှုတွင် ပါဝင်ပတ်သက်သူများ စသည့် အချက်အလက်များကို ဖော်ထုတ်နိုင်ရန် နိုင်ငံတကာ စုံစမ်းစစ်ဆေးမှု အသစ်ပြုလုပ်မည်ဖြစ်သည်။

ဆီးရီးယားနိုင်ငံ၌ ကလိုရင်း သို့မဟုတ် အခြားသော အဆိပ်ရှိ ဓာတုပစ္စည်းဖြင့် တိုက်ခိုက်မှုရှိသည်ဆိုသော စွပ်စွဲချက်များနှင့် ပတ်သက်၍ စုံစမ်းစစ်ဆေးရန် ကုလသမဂ္ဂ လုံခြုံရေးကောင်စီက ဩဂုတ် ၇ ရက်တွင် ဆုံးဖြတ်ချက်တစ်ရပ်ချမှတ်ခဲ့ပြီး ဘန်ကီမွန်းက ယင်းဆုံးဖြတ်ချက်ကို တုံ့ပြန်လျက် စာရေးသား ပေးပို့ခြင်းဖြစ်သည်။

**ရိုက်တာ။**

■

# အာဖဂန်ကြည်းတပ်၏ နှစ်ရက်တာစစ်ဆင်မှုအတွင်း စစ်သွေးကြွ ၇၂ ဦးကို ချေမှုန်း

**ကဘူးလ် ဩဂုတ် ၂၉** ။ ။အာဖဂန်နစ္စတန်ကြည်းတပ်ဖွဲ့များနှင့် လေကြောင်းပစ်ကူမှုများ ပူးပေါင်းစစ်ဆင်နွှဲမှုကြောင့် နှစ်ရက်တာကာလအတွင်း စစ်သွေးကြွအဖွဲ့ဝင် ၇၂ ဦးကို ချေမှုန်းနိုင်ခဲ့ကြောင်း အာဖဂန်နစ္စတန် ကာကွယ်ရေးဝန်ကြီးဌာနက ယနေ့နံနက်ပိုင်းတွင် ကြေညာချက်တစ်ရပ်ထုတ်ပြန်သည်။

အာဖဂန်နစ္စတန်နိုင်ငံအတွင်းရှိ သီးခြားတည်ရှိနေသော ပြည်နယ်များ၌ အာဖဂန်နစ္စတန်အစိုးရ ကြည်းတပ်ဖွဲ့နှင့် လေတပ်ဖွဲ့များက အကြမ်းဖက်သမားများအပေါ် ထိုးစစ်ဆင်တိုက်ခိုက်မှုများကို လွန်ခဲ့သည့် ၄၈ နာရီအတွင်းက ပြုလုပ်ခဲ့ရာ အကြမ်းဖက်သမား ၇၂ ဦးကို ချေမှုန်းသုတ်သင်နိုင်ခဲ့ပြီး ထိခိုက်ဒဏ်ရာရသူ ၂၉ ဦးရှိကာ အခြားတစ်ဦးအား အာဖဂန်အစိုးရတပ်ဖွဲ့များက ဖမ်းဆီးထိန်းသိမ်းနိုင်ခဲ့ကြောင်း အာဖဂန်ကာကွယ်ရေးဝန်ကြီးဌာနက ပြောကြားသည်။

ယင်းစစ်ဆင်ရေး ဆင်နွှဲစဉ်အတွင်း အာဖဂန်အစိုးရတပ်ဖွဲ့ဝင်များက စစ်သွေးကြွများလက်ဝယ်မှ မြေမြှုပ်မိုင်းအရေအတွက် ဒါဇင်များစွာနှင့် လမ်းဘေးထောင်ဗုံးများအပါအဝင် လက်နက်များစွာကို သိမ်းယူရရှိခဲ့သည်ဟု သတင်းတွင် ဖော်ပြသည်။

**ဆင်ဟွာ။**





# ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်း ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီ အစည်းအဝေးကျင်းပမှုအား တက်ရောက်အားပေး

**နေပြည်တော် ဩဂုတ် ၂၉**

ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်းသည် ယနေ့ နံနက် ၁၀ နာရီခွဲတွင် လွှတ်တော်အဆောက်အအုံ လွှတ်တော်ရေးရာဆောင်အမှတ်(အိုင်-၂) ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီ၌ ကျင်းပလျက်ရှိသော အနုညာတစီရင်ဆုံးဖြတ်ခြင်းဆိုင်ရာ ဥပဒေကြမ်း ညှိနှိုင်း အစည်းအဝေး ကျင်းပမှုအား တက်ရောက်အားပေးသည်။

အစည်းအဝေးတွင် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက လွှတ်တော်များ ရပ်နားခဲ့သော်လည်း ကျန်ရှိနေသော ဥပဒေများကို ဆက်လက်ပြင်ဆင် ဆောင်ရွက်ထားရန် လိုအပ်ပါကြောင်း၊ ဥပဒေကြမ်းကော်မတီအနေဖြင့် အစည်းအဝေးများ ဆက်လက်ကျင်းပမည်ဟု သိရှိရသည့်အတွက် ယခုကဲ့သို့ အားပေးခြင်းဖြစ်ပါကြောင်း ပြောကြားသည်။

အဆိုပါ အစည်းအဝေးသို့ ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီဥက္ကဋ္ဌ ဦးတီခွန်မြတ်၊ အတွင်းရေးမှူး ဦးစောလှထွန်းနှင့် ကော်မတီအဖွဲ့ဝင်များ၊ တပ်မတော်သား လွှတ်တော်ကိုယ်စားလှယ်များ၊ ဥပဒေရေးရာနှင့် အထူးကိစ္စရပ်များ လေ့လာဆန်းစစ်သုံးသပ်ရေးကော်မရှင် အဖွဲ့ဝင်များ၊ ပြည်ထောင်စုတရားလွှတ်တော်ချုပ်ရုံးနှင့် ပြည်ထောင်စုရှေ့နေချုပ်ရုံးတို့မှ တာဝန်ရှိသူများ တက်ရောက်ကြသည်။ **(သတင်းစဉ်)**

# ထိန်းသိမ်းကာကွယ်စောင့်ရှောက်ရမည့် မြန်မာ့ဆင်များ

**နေသန်၊ နိုင်လင်းကြည်**

နတ်မောက်မြို့နယ် ရွှေနတ်ကယ်တောင် သာသနာ့နယ်မြေတွင် ဩဂုတ် ၁၈ ရက် နံနက် ၆ နာရီတွင် ထူးဆန်းသော အသံတစ်ခုကြားရသည်ကို ကျောင်းအတွင်းမှ သံဃာတော်တို့လည်း သတိထားမိကြသည်။ နောက်တော့လာကြပါဦး ဒီမှာဟု အော်သံကြား၍ သွားကြည့်ကြသည်။ သူတို့ကိုတွေ့မြင်ရသူများမှာ အံ့ဩတုန်လှုပ်လျက်။ သူတို့ကတော့ အေးချမ်းငြိမ်သက်စွာပင်။ သူတို့မှာ ကမ္ဘာလုံးစေတီတော်အနီးရှိလျှိုထဲတွင် ရပ်နေကြသည့် ထူးခြားသော ရိုးမပေါ်မှ ဘုရားဖူးဧည့်သည် ဆင်ကြီးများဖြစ်တော့သည်။

ထိုနေ့တစ်နေ့လုံး သေးငယ်သော်လည်း အရိပ်ရမည့်အပင်များအောက်တွင် တည်မြဲရပ်လျက် ဆရာတော်ကျောင်းရှိရာ မျက်နှာမူကာ ငြိမ်သက်စွာနေခိုနေလျက်ရှိကြသည်မှာ ဆရာတော်ထံ နားခိုရာတစ်ခုတောင်းသယောင်လားထင်မှတ်စရာမို့ သံဃာတော်များကရုဏာသက်စရာဖြစ်ခဲ့ကြရသည်။ သူတို့အတွက် စားစရာများ စုပုံထားခဲ့သည်။ ညဘက်တွင်အစာရှိရာ ဆရာတော်ကျောင်းသို့ ရောက်လာခဲ့သော်လည်း ခွေးများ ဟောင်ခြင်း အပါအဝင် လူတို့၏အသံတို့က သူတို့ကို ကြောက်လန့်စေခဲ့သည်။ ထို့ကြောင့် ကျောခိုင်းထွက်ခွာသွားခဲ့ကြသည်။ ဘာမျှဖျက်ဆီးခဲ့ခြင်းမရှိသလိုဘာမျှစားမသွားကြ။ နောက်ရက်တွင် ရွှေနတ်ကယ်တောင်မှ နယ်မြေသစ်ရှာဖွေရေး သူတို့ခရီးဆက်ကြပြန်သည်။

ဩဂုတ် ၂၁ ရက်တွင် မိတ္ထီလာမြို့နယ်အတွင်းရှိ ဖက်တောကျေးရွာ အနောက်ဘက် ဖက်တောချောင်းအနီးသို့ရောက်သွားခဲ့သည့်အကြောင်း သတင်းစာများတွင် ဖော်ပြခဲ့သည့် အပြင် လူမှုကွန်ရက်များတွင် တွေ့ရသည်။ ထို့နောက်ပိုင်းရက်များတွင် သူတို့မငြိမ်းချမ်းတော့သော၊ အဆုံးသတ်မသိသော ခရီးကိုစတင်ရတော့သည်။

ရေကြည်ရာမြက်နုရာ အေးချမ်းသာယာစွာနေထိုင်နိုင်ရေး နယ်မြေသစ်ရှာရင်း နာမကျန်းဖြစ်နေသည့် ဆင်ငယ်တစ်ကောင်ကို တူရင်းတောင်ကြောတွင် ချန်ထားရစ်ခဲ့ရပြီးသူတို့၏ ခရီးကို ဆက်လက်ထွက်ခွာသွားခဲ့ကြရသည်။

"သူတို့ဟာ ရန်မူလိုကြတဲ့ အမူအရာမရှိတတ်ကြပါဘူး။ ဘယ်အဆောက်အအုံ၊ ဘယ်စိုက်ခင်းကိုမှ မဖျက်ဆီးကြဘူး။ ဆင်အုပ်ရဲ့ဖွဲ့စည်းပုံအရ ခေါင်းဆောင်ဆင်နဲ့ သားထိန်းဆင်လို့ယူဆရတဲ့ ဆင်တွေကတော့ ဆိုင်ကယ်တွေနဲ့ လူတွေကိုမြင်တဲ့အခါ ဟန့်တားသလို ပြုမူတတ်ကြတယ်။ အငြိုးတကြီးနဲ့ လိုက်တိုက်ခိုက်တာမျိုးမရှိဘူး"ဟု လာကြည့်သူတစ်ဦးက ပြောသလို "ဆင်ရိုင်းတွေဗျ၊ ကိုယ်က မလုပ်ရင် သူကလုပ်မှာဗျ၊ စောစောစီးစီးနာအောင် နှိပ်ကွပ်မောင်းထုတ်လိုက်မှအေးမှာ"ဟု လေးခွကိုင်လျက် ဆိုင်ကယ်ဖြင့် လူတစ်ဦးကပြောသည်။

ဆင်များအား အနီးကပ်ဓာတ်ပုံရိုက်ခြင်း၊ ခြောက်လှန့်ဆူညံခြင်း၊ ဆင်များ သွားရာလမ်းများတွင် ပိတ်ဆို့ ဟန့်တားမှုမျိုးများ ပြုလုပ်ခြင်း၊ ခဲများ၊ တုတ်များဖြင့် ပစ်ခတ်ခြင်းမပြုရန် အသံချဲ့စက်ဖြင့် ကြေညာခြင်း၊ ပညာပေးခြင်းများ ပြုလုပ်နေသော်လည်း အချို့က ဆိုင်ကယ်များဖြင့်၊ အချို့က လည်းဖုန်းကင်မရာများဖြင့် ပျော်ပွဲကြီးသဖွယ် ထင်မှတ်နေကြသည်။

ထိုအခါ ဆင်များသည် ဦးတည်ရာလမ်းပျောက်၍ လမ်းကြောင်းသွေဖည်ရင်း နောက်လှည့်ဟန့်တားခြင်းများ ပြုသည်ကိုလည်း သိရသည်။ ဆင်တို့၏ သဘာဝ နေ့ခင်းဘက်အချိန်များတွင် အရိပ်ရှိရာ လျှိုမြောင် နားခိုရာနေရာများတွင် နားခိုနေတတ်ကြသော်လည်း လူအချို့၏ နားမလည်မှုများကြောင့် အနားမရကြဘဲ နေဝင်ချိန်မှစ၍ အစာရှာဖွေစားသောက်ရင်း စားကျက်သစ်ရွှေ့ပြောင်းသော ပုံစံမျိုးလည်း ကျင့်သုံးမရတော့သည့်အပြင် မောင်းနှင်ခြင်းပါခံနေရခြင်းကြောင့် စားသောက်မှုလည်း ပျက်ယွင်းလာခဲ့သည်။

"လွန်ခဲ့တဲ့ နှစ်နှစ်ခန့်က အုတ်တွင်း-ပေါက်ခေါင်း ရိုးမဖြတ် မိုင်(၂၀) ဆင်စခန်းမှာ ဆင်ရိုင်းအုပ် ဝင်ရောက်ဖျက်ဆီးရာကနေ ပထမတစ်ရက်မှာ လူတစ်ဦးကို နင်းသတ်ခဲ့ပြီး နောက်တစ်ရက်မှာလည်း သုံးမိုင်အကွာက ရွာကို ဝင်ရောက်ဖျက်ဆီးပြီး လူတစ်ဦးကို ထပ်မံနင်းသတ်ခဲ့တယ်။ အိမ်တွေကို ဖြိုလှဲပစ်ကြတယ်။ ပြီးတော့ အိမ်တွေက ဆန်တွေကိုစား၊ စိုက်ခင်းထဲက သီးနှံတွေကိုစားပြီး ဖျက်ဆီးပစ်ကြတယ်။ အခုဆင်တွေကတော့ ထူးဆန်းနေတယ်လို့ ထင်မိတယ်"ဟု မိုင်(၂၀)ဆင်စခန်းတွင် ကြုံတွေ့ဖူးသူတစ်ဦးက မှတ်ချက်ပြုပြောကြားသည်။

တောပြုန်း၍ တောင်ကတုံးများဖြင့် တန်ဆာဆင်ထားသည့်အပြင်စိုက်ခင်းများ တိုးချဲ့လာရုံမျှမက လူနေအိမ်များပါ တိုးပွားလာသော ပဲခူးရိုးမ၊ ရိုးမအတွင်းမှ ရိုးမဖြတ်လမ်းအသွယ်သွယ်တွင် နေ့ရောညပါ ဖြတ်သန်းနေသော ယာဉ်များ၏ အသံနှင့် မီးရောင်တို့ကြောင့် တောနေသတ္တဝါများအတွက် သွားလမ်း လာလမ်း ပိတ်ဆို့နေသော ရိုးမ။ အစာရေစာခက်ခဲလာကာ သူတို့ဘဝအတွက် လုံခြုံမှုမရှိတော့ဟု ခံစားလာရချိန်တွင် နေရာသစ်ရှာဖွေထွက်လာကြသည်ဟုလည်း ကျွမ်းကျင်သူတို့၏ သုံးသပ်မှုများလည်း ရှိလာနေပေပြီ။

ဩဂုတ် ၂၇ ရက်ကလည်း တူရင်းတောင်ခြေမှာ နာမကျန်းဆင်ငယ်ကို ခွဲခွာချန်ရစ်ခဲ့ပြီး ကျောက်ပန်းတောင်းမြို့နယ်အတွင်းရှိ လွန်ပင်ကုန်းရွာနှင့် သစ်စပ်ပင်ရွာအနီးရှိ တောအုပ်အတွင်းမှ နားခိုနေသော ဆင်အုပ်အား သာယာဝတီခရိုင်မှတာဝန်ရှိအဖွဲ့အစည်းများ၏ ကွန်ဂျီဆင်အုပ်များ အကူအညီဖြင့် ကျောက်ပန်းတောင်းမြို့နယ်အတွင်း မူလထွက်ခွာရာနေရာဟု ယူဆရသောနတ်မောက်မြို့နယ် ပဲခူးရိုးမဆီသို့ ပြန်လည်ပို့ဆောင်ရေးထိန်းကျောင်းမောင်းနှင်မှုများကို ညနေပိုင်းတွင် စတင်ခဲ့သည်။

ဩဂုတ် ၂၇ ရက်က တစ်ညလုံး ခရီးနှင်ခဲ့သော ဆင်အုပ်စုသည် ၂၈ ရက်တွင် နတ်မောက်မြို့နယ်အတွင်းရှိ ရွာသစ်၊ ကံကြီးကုန်း၊ သမှုန်းပင်စသည့်ကျေးရွာများကို ကျော်ကာ မွန်းလွဲပိုင်းတွင် ဒီးဒုတ်ကုန်း၊ ဥသျှစ်မြောင်ကျေးရွာအနီး တောအုပ်အတွင်း နေခိုခဲ့ကြသည်။ ထို့ကြောင့် နတ်မောက်မြို့နယ်အတွင်းမှ ရိုးမပေါ်အရောက် ကွန်ဂျီဆင်များ၏ အကူအညီဖြင့် ဆက်လက်မောင်းနှင်ရန်တာဆူလျက်ရှိရာ သူတို့ မနေလို၍ ထွက်ခွာလာသည်ဟု ယူဆရသော ပဲခူးရိုးမသို့ နောက်ကြောင်းပြန်ခရီးနှင့်လည်း နီးစပ်လာခဲ့ပြီ ဖြစ်သည်။

သက်ရှိသတ္တဝါမှန်သမျှ အသက်ရှင်နေထိုင်နိုင်ရေးအတွက် အစာဝပြောမှုကို လိုလားကြသည်။ သာယာအေးမြသော ပတ်ဝန်းကျင်ကို လိုချင်ကြသည်။ ဤအရာကားမပြည့်စုံဟုသိလာချိန်တွင် နယ်မြေသစ်ကို ရှာဖွေခဲ့ကြသော်လည်း မတွေ့ခဲ့ကြ။ ပုံသဏ္ဌာန်ခွန်အား အရွယ်အစားတို့ကြောင့် သာမန်အားဖြင့် ကြောက်မက်ဖွယ်ဟု ထင်ရသော်လည်း နေရာအတွက်၊ အစာရေစာအတွက် နယ်သစ်ရှာဖွေခဲ့ကြသည့် ရွှေ့ပြောင်းဒုက္ခသည် အဆင့်မြင့်သတ္တဝါကြီးများဟု မြင်လျက်သူတို့ဖြတ်သန်းသွားရာ လမ်းကြောင်းတစ်လျှောက်ရှိ ဒေသခံများအနေဖြင့် အနှောင့်အယှက်မပေးဘဲ အေးချမ်းစွာ ဖြတ်သန်းခွင့်ပေးကြစေလိုပါကြောင်း၊ ယခု နောက်ဆုံးသတင်းအရ ရိုးမအစပ်ဖြစ်သော မြို့သစ်မြို့နယ် လေသာတောင်ကြောသို့ ရောက်လာခဲ့ပြီဖြစ်သော ဤရိုးမပြန်ဆင်ကြီးများ အပါအဝင် ကမ္ဘာ့ဆင်မျိုးရင်းကြီးနှစ်ခုအနက် အိန္ဒိယနိုင်ငံနှင့် မြန်မာနိုင်ငံတို့တွင်သာ ကျန်ရှိတော့သည့် မြန်မာတို့၏ ဂုဏ်ယူဖွယ်ရာ အာရှဆင်မျိုးရင်း မြန်မာ့ဆင်ကြီးများကို ထိန်းသိမ်းကာကွယ်စောင့်ရှောက်ကြရန်လိုအပ်ပါကြောင်း ရေးသားအပ်ပါသည်။



# CB-MPU Credit Card မိတ်ဆက်




**ရန်ကုန် ဩဂုတ် ၂၉**

CB Bank မှ CB-MPU Credit Card ကို ထုတ်ဝေလိုက်ပြီဖြစ်ကြောင်း သိရသည်။

"CB Bank မှ CB-MPU Credit Card အမျိုးအစားနဲ့ Platinum Card,Gold Card နဲ့ Classic Card သုံးမျိုးထုတ်ဝေသွားမှာဖြစ်ပါတယ်။ မိမိကြိုက်နှစ်သက်ရာ ကတ်အမျိုးအစားကို သတ်မှတ်ချက်နဲ့ ကိုက်ညီပါက လျှောက်ထားနိုင်ပါတယ်။ အသက်(၂၁)နှစ် ပြည့်ပြီးသူတိုင်း စာရွက်စာတမ်းများနဲ့ အထောက်အထားပြည့်စုံရပါမယ်။ CB Bank ရုံးချုပ်နဲ့ ဘဏ်ခွဲများမှာ လျှောက်ထားနိုင်ပြီး ကတ်ရရှိဖို့ အနည်းဆုံး ၁၄ ရက်ကြာမြင့်မှာဖြစ်ပါတယ်။ ကတ်သုံးစွဲသူကို အတိုးကင်းလွတ်ခွင့်ပေးထားပြီး အတိုးကင်းလွတ်ခွင့် ၁၅ ရက်မှ ၄၅ ရက်အထိ ရရှိမှာဖြစ်ပါတယ်။ သုံးစွဲထားတဲ့ ငွေပမာအပေါ် အတိုးနှုန်း ၁၃ ရာခိုင်နှုန်းနဲ့ တွက်ချက်သွားမှာဖြစ်ပါတယ်။ ကတ်သက်တမ်းမှာ ငါးနှစ်ဖြစ်ပြီး သက်တမ်းမကုန်ဆုံးမီ ရက် ၃၀ အတွင်း CB Bank ကို အကြောင်းကြားရမှာဖြစ်ပါတယ်။ ကတ်လုံခြုံရေးအတွက်လည်း လုံခြုံမှုအပိုင်းမှာ စီမံဆောင်ရွက်ထားပါတယ်။ သုံးစွဲသူများအနေနဲ့ ပြည်တွင်းရှိ MPU အမှတ်တံဆိပ်ပါ POS စက်များထားရှိတဲ့ Shopping Center များ၊ Super Market များ၊ ဟိုတယ်များ၊ စားသောက်ဆိုင်များ၊ အဝတ်အထည်ဆိုင်၊ ဆေးပစ္စည်းဆိုင်၊ ဓာတ်ဆီဆိုင်တို့မှာ ယင်းကတ်နဲ့ သုံးစွဲနိုင်မှာဖြစ်ပါတယ်"ဟုCB Bank အမှုဆောင်ဒုတိယဥက္ကဋ္ဌ ဦးကျော်လင်းက CB Bank ရုံးချုပ်၌ ယနေ့ မွန်းလွဲပိုင်းတွင် ကျင်းပသည့် CB-MPU Credit Card မိတ်ဆက်ပွဲတွင် ပြောသည်။

ထို့နောက် CB Bank Card and Merchant Servive Division မှ Head and Deputy General Manager ဦးဇေယျာအောင်က CB-MPU Credit Card လျှောက်ထားရာတွင် လိုအပ်သည့် အချက်များ၊ ကတ်လက်ခံရရှိချိန်တွင် ပေးဆောင်ရမည့် ဝန်ဆောင်မှုများ၊ ကတ်အသုံးပြုလျှင် သိထားရမည့် အချက်များနှင့် စပ်လျဉ်း၍ ရှင်းလင်းပြောကြားသည်။

CB-MPU Credit Card နှင့် စပ်လျဉ်း၍ အသေးစိတ်သိရှိလိုပါက Call Center-1874၊ Hot Line-01-370145 နှင့် Website-www.cbbank.com.mm သို့ဆက်သွယ်မေးမြန်းနိုင်ကြောင်း သိရသည်။

**ခင်မောင်ဝင်း(ကြေးမုံ)**

# တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ချစ်ကြည်ရေးခရီးမှ ပြန်လည်ရောက်ရှိ

**နေပြည်တော် သြဂုတ် ၂၉**

ထိုင်းနိုင်ငံတွင်ရောက်ရှိနေသော တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ဦးဆောင်သော မြန်မာ့တပ်မတော်ကိုယ်စားလှယ်အဖွဲ့သည် ထိုင်းနိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီး၊ စစ်သံမှူးနှင့် ထိုင်းဘုရင့်တပ်မတော်မှ Lt. Gen. Boonchu Kirdchok တို့နှင့်အတူ သြဂုတ် ၂၉ ရက် ဒေသစံတော်ချိန် နံနက် ၈ နာရီ မိနစ် ၂၀ တွင် ထိုင်းနိုင်ငံ ဘန်ကောက်မြို့ရှိ Wat Phra Kaew(မြဘုရားကျောင်း)သို့ ရောက်ရှိကြပြီး မြဘုရားကျောင်းဆောင်အတွင်း ဆွမ်း၊ ရေချမ်းနှင့် ပန်းများ ဆက်ကပ်လှူဒါန်းသည်။

ဆက်လက်ပြီး တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့်အဖွဲ့သည် နံနက် ၉ နာရီ မိနစ် ၅၀ တွင် ထိုင်းနိုင်ငံ Samutprakan ခရိုင်ရှိ Ancient City သို့ ရောက်ရှိကြပြီး Ancient City အတွင်း မော်တော်ယာဉ်များဖြင့် လှည့်လည်ကြည့်ရှုလေ့လာကြရာ တာဝန်ရှိသူများက လိုက်လံရှင်းလင်းပြသကြသည်။

၁၉၆၃ ခုနှစ်မှစ၍ ထိုင်းလူမျိုး စီးပွားရေးလုပ်ငန်းရှင် Mr. Lek Viriya ဆိုသူက Ancient City(ထိုင်းအခေါ် Muang Boran)ကို စတင်စီမံကိန်းချကာ တည်ဆောက်ခဲ့ခြင်းဖြစ်ပြီး မြေဧကအကျယ် ၈၀၀ ရှိင်အကျယ်အဝန်းရှိပြီး စူခွန်ဗစ်လမ်းမ စမွတ်ပရာကန်မြို့နယ် မိုင်တိုင် ၃၃ နေရာတွင် တည်ရှိသည်။ ထိုင်းနိုင်ငံ၏ ပြည်နယ်အသီးသီးရှိ ထင်ရှားသော သမိုင်းဝင်နေရာများနှင့် အဆောက်အအုံများအား မူလနှင့် အနီးစပ်ဆုံးဆင်တူအောင် တည်ဆောက်ထားပြီး အများပြည်သူ ဝင်ရောက်ကြည့်ရှုလေ့လာနိုင်ရန် စီစဉ်ထားသည်။

ယင်းနောက် ထိုင်းဘုရင့်ဆေးရုံ Phramongkutklao Military Hospital သို့ မွန်းလွဲ ၂ နာရီတွင် ရောက်ရှိကြပြီး ဆေးရုံရှိ အစည်းအဝေးခန်းမ၌ ဆေးရုံနှင့်ပတ်သက်သည့်ကိစ္စရပ်များအား ဆွေးနွေးကြရေးမှူးနှင့် တာဝန်ရှိသူများက Power Point ဖြင့် ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ ထိခိုက်ဒဏ်ရာရရှိ လူနာများအား အရေးပေါ်ကုသ လေ့ကျင့်ဆောင်နှင့် နှလုံးရောဂါ အထူးကြပ်မတ်ကုသဆောင်များသို့ လှည့်လည်ကြည့်ရှုလေ့လာကြပြီး သိရှိလိုသည်များ မေးမြန်းခဲ့သည်။

ထို့နောက် ဒေသစံတော်ချိန် ညနေ ၄ နာရီခွဲတွင် ထိုင်းနိုင်ငံ ဘန်ကောက်မြို့ ဒွန်မောင်းအပြည်ပြည်ဆိုင်ရာလေဆိပ်



ဘုရင့်လေတပ် Wing-6 မှ လေကြောင်းခရီးဖြင့် ပြန်လည်ထွက်ခွာခဲ့ရာ ညနေ ၆ နာရီ ၁၀ မိနစ်တွင် နေပြည်တော် လေဆိပ်သို့ ပြန်လည်ရောက်ရှိစဉ် ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ တပ်မတော်အရာရှိကြီးများ၊ နေပြည်တော်တိုင်းစစ်ဌာနချုပ်တိုင်းမှူး၊ မြန်မာနိုင်ငံဆိုင်ရာ ထိုင်းရေတပ်စစ်သံမှူး Captain Apakorn Youkongkaew နှင့်ဇနီး၊ တာဝန်ရှိသူများက နေပြည်တော်လေဆိပ်တွင် ကြိုဆိုနှုတ်ဆက်ကြသည်။

တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ဦးဆောင်သော မြန်မာ့တပ်မတော်ကိုယ်စားလှယ်အဖွဲ့မှ ဇနီး ဒေါ်ကြူကြူလှ၊ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီးရာပြည့်၊ ဗိုလ်ချုပ်မင်းနောင်၊ ဒုတိယဗိုလ်ချုပ်ကြီးမြထွန်းဦး၊ ဗိုလ်ချုပ်ဆန်းဦး၊ တပ်မတော်အရာရှိကြီးများနှင့်ဇနီးများ ပြန်လည်လိုက်ပါလာကြောင်း သတင်းရရှိသည်။ **(မြဝတီ)**




# ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်အား ဂုဏ်ပြုညစာဖြင့်တည်ခင်းဧည့်ခံ

**နေပြည်တော် သြဂုတ် ၂၉**

တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ဦးဆောင်သော မြန်မာ့တပ်မတော်ကိုယ်စားလှယ်အဖွဲ့အား ထိုင်းနိုင်ငံ ဘန်ကောက်မြို့ Dusit Thani Hotel ရှိ Napalai Ballroom ၌ သြဂုတ် ၂၈ ရက် ဒေသစံတော်ချိန် ည ၇ နာရီခွဲတွင် ထိုင်းဘုရင့်တပ်မတော်ကာကွယ်ရေးဦးစီးချုပ် General Worapong Sanganetra က ဂုဏ်ပြုညစာဖြင့် တည်ခင်းဧည့်ခံသည်။

အဆိုပါညစာစားပွဲသို့ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့် ဇနီး ဒေါ်ကြူကြူလှ၊ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီးရာပြည့်၊ တပ်မတော်အရာရှိကြီးများ၊ ထိုင်းနိုင်ငံဆိုင်ရာ မြန်မာနိုင်ငံသံအမတ်ကြီးနှင့် ဇနီး၊ စစ်သံမှူးနှင့်ဇနီးတို့တက်ရောက်ကြပြီး ထိုင်းဘုရင့်တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့်ဇနီး၊ ထိုင်းဘုရင့်တပ်မတော် ဒုတိယကာကွယ်ရေးဦးစီးချုပ်များ၊ ထိုင်းဘုရင့်တပ်မတော်မှ အရာရှိကြီးများနှင့် ဇနီးများ တက်ရောက်ကြသည်။

ထို့နောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် ထိုင်းဘုရင့်တပ်မတော်ကာကွယ်ရေးဦးစီးချုပ်တို့သည် ညစာစားပွဲသို့ တက်ရောက်လာကြသော နှစ်နိုင်ငံ တပ်မတော်အရာရှိကြီးများနှင့် အမှတ်တရ စုပေါင်းဓာတ်ပုံရိုက်ကြသည်။

ညစာမသုံးဆောင်မီနှင့် သုံးဆောင်နေစဉ်အတွင်း ထိုင်းဘုရင့်တပ်မတော်မှ တေးဂီတအဖွဲ့နှင့် ထိုင်းရိုးရာယဉ်ကျေးမှုအကအဖွဲ့များက တေးသီချင်းများ၊ ရိုးရာအကများဖြင့် ကပြဖျော်ဖြေကြသည်။

ညစာ သုံးဆောင်အပြီးတွင် တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့်ဇနီး၊ ထိုင်းဘုရင့်တပ်မတော်ကာကွယ်ရေးဦးစီးချုပ် General Worapong Sanganetra နှင့် ဇနီးတို့သည် အထိမ်းအမှတ်လက်ဆောင်ပစ္စည်းများ အပြန်အလှန်ပေးအပ်ကြသည်။ **(မြဝတီ)**

# ချောင်းကမ်းပါးတွင် ကျူးကျော်ဆောက်လုပ်ထားသည့် ဈေးဆိုင်ပြိုကျရာမှ နေအိမ်နှစ်လုံး ပျက်စီးမှုဖြစ်ပွား

**ရန်ကုန် သြဂုတ် ၂၉**

ချောင်းကမ်းပါးတွင် ကျူးကျော်ဆောက်လုပ်ထားသည့် သစ်သီးဆိုင်ပြိုကျရာမှ ဘေးရှိနေအိမ်တစ်လုံးကိုပါ ဖြိုချလိုက်ရသည့် ဖြစ်စဉ်တစ်ခု ရန်ကုန်မြို့ မင်္ဂလာတောင်ညွန့်မြို့နယ်တွင် ဖြစ်ပွားခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ ရန်ကုန်တိုင်းဒေသကြီး မင်္ဂလာတောင်ညွန့်မြို့နယ် တောင်လုံးပြန်ရပ်ကွက် အထက်ပုဇွန်တောင်လမ်း အေးတံတားချောင်းဘေး အမှတ်(၇၂) နေအိမ်ဘေးတွင် တည်ဆောက်ထားသည့် ဆယ်ပေပတ်လည်ခန့်ရှိ သစ်သီးဆိုင်ဖွင့်ထားသည့် အဆောက်အအုံသည် သြဂုတ် ၂၉ ရက် နံနက် ၅ နာရီ မိနစ် ၄၀ တွင် အေးချောင်းအတွင်းသို့ ပြိုကျပျက်စီးခဲ့ရာ ယင်းပြိုကျပျက်စီးမှုများကို လာရောက်ရှင်းလင်းလုပ်ဆောင်သည့် မြို့နယ်စည်ပင်သာယာရေး ဝန်ထမ်းများနှင့် အခြားလုပ်အားပေးများအတွက် အန္တရာယ်ဖြစ်စေနိုင်သည့် ဘေးကပ်လျက်အိမ်ဖြစ်သည့် အမှတ်(၇၂/က) နေအိမ်ကိုပါ ဖြိုချဖျက်ဆီးခဲ့ရကြောင်း သိရသည်။

အဆိုပါဖြစ်စဉ်နှင့်ပတ်သက်၍ မင်္ဂလာတောင်ညွန့်မြို့နယ် စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ ဒေါက်တာအောင်မိုးက "ဖြစ်တာကတော့ နံနက်ငါးနာရီကျော်လောက်က ချောင်းဘေးမှာ အဖီဆွယ်ထားတဲ့ သစ်သီးရောင်းတဲ့ အဆောက်အအုံက စပြိုတာပါ။ သိသိချင်း စည်ပင်သာယာဝန်ထမ်းတွေနဲ့ အခြားတာဝန်ရှိသူတွေ ရောက်လာပြီး ပျက်စီးတာတွေကို ရှင်းလင်းရေးလုပ်တော့ ဘေးကပ်လျက်အိမ်ကလည်း အောက်ခြေတွေဆွေးပြီး ချောင်းဘက်ကို ၄၅ ဒီဂရီလောက်စောင်းနေပါပြီ။ ဒါကြောင့် အန္တရာယ်ရှိလို့ အဲဒီအိမ်ကိုပါ ဆက်ဖြိုချလိုက်ရတယ်။ ဒီဖြစ်စဉ်ကြောင့် လူအသေအပျောက်တော့ မရှိပါဘူး။ အခုဒါတွေကို ရှင်းလင်းပြီးရင် နောင် ဒီလိုမဖြစ်အောင် ချောင်းကမ်းပါးကို သေသေချာချာ မြေထိန်းနံရံလုပ်သွားမှာပါ" ဟု ပြောသည်။

ထိုကဲ့သို့ အိမ်ပြိုကျမှုဖြစ်စဉ်နှင့်ပတ်သက်၍ တောင်လုံးပြန်ရပ်ကွက် အုပ်ချုပ်ရေးမှူး ဦးမျိုးသန့်က "အခုလိုမဖြစ်ခင် လွန်ခဲ့တဲ့သုံးရက်လောက်ကတည်းက ဒီသစ်သီးဆိုင်ဖွင့်ထားတဲ့ ဒေါ်ခင်ထွေးရီကို ကျွန်တော် သတိပေးသေးတယ်။ ချောင်းရေအတက်အကျကြောင့် အချိန်မရွေးဆိုင်ပြိုနိုင်တယ်လို့။ အခုတော့ဖြစ်ပြီ။ နောက်အန္တရာယ်ရှိလို့ဖြိုလိုက်ရတဲ့ အိမ်ကလည်း ပိုင်ရှင်က ဒီအတိုင်းထားတာ။ လူမနေဘူး။ အခုတော့ စည်ပင်သာယာက ချောင်းကမ်းပါးကို မြေထိန်းနံရံ လုပ်ပေးမယ်လို့သိရပါတယ်" ဟု ရှင်းပြသည်။

သစ်သီးဆိုင်ပြိုကျမှုကြောင့် အန္တရာယ်ရှိသည့်အတွက် ဖြိုချခဲ့ရသည့် အိမ်အမှတ်(၇၂/က)၏ ပိုင်ရှင် ဦးကျော်မင်းထွန်းကလည်း "ကျွန်တော်ဒီအိမ်ကို ၂၀၁၂ ခုနှစ်ကတည်းက ဝယ်ထားတာပါ။ အိမ်ကဟောင်းနေလို့ လူမနေဘဲ ဒီအတိုင်းပစ်ထားတာပါ ။အခုပြိုကျတယ်ဆိုတာကိုတော့ နံနက်ရှစ်နာရီလောက်က ဘေးအိမ်က ဖုန်းဆက်အကြောင်းကြားလို့သိတာပါ။ အခု အရင်ပြိုကျတယ်ဆိုတဲ့ သစ်သီးဆိုင်ကတော့ ကျွန်တော့်အိမ်ဘေးမှာ အဖီဆွယ်ပြီး ချောင်းကမ်းပါးပေါ် ဆောက်ထားတာပါ" ဟု ပြောသည်။

အဆိုပါ ဖြစ်ပွားရာနေရာသို့ ရန်ကုန်တောင်ပိုင်းခရိုင် စည်ပင်သာယာရေးကော်မတီမှ ဝန်ထမ်းအင်အား တစ်ရာကျော်ဖြင့် နေ့ချင်းပြီးရှင်းလင်း၍ အေးချောင်းကမ်းပါးကို မြေထိန်းနံရံများ ပြုလုပ်ပေးခဲ့ကြောင်း သိရသည်။

**သတင်း - သီဟသူ၊ ဓာတ်ပုံ - ဘအေး**



**မြန်မာယူ-၁၉မှ**

မြန်မာအသင်းမှာ မလေးရှားအသင်းဘက်သို့ ဆက်လက်ဖိကစားနိုင်ခဲ့ပြီး ၄၉ မိနစ်တွင် ဂိုးရရှိခဲ့သည်။ ဘယ်ခြမ်းမှ ဖြတ်ပို့သည့် ဘောလုံးကို ညာတောင်ပံကစားသမား ကျော်ကိုကိုဦးက ပိတ်သွင်းယူခဲ့ခြင်းဖြစ်သည်။ အကောင်းဆုံးပုံစံရရှိနေသည့် မြန်မာယူ-၁၉ အသင်းမှာ ဂိုးရပြီးနောက်ပိုင်းတွင် ဆက်လက်ဖိအားပေးကစားနိုင်ခဲ့သည်။ မလေးရှားအသင်း ချေပဂိုးရရှိရန် ကြိုးပမ်းခဲ့သော်လည်း မြန်မာနောက်တန်းအမှားအယွင်းမရှိဘဲ ထိန်းကစားနိုင်ခဲ့သည်။

ယခုပွဲအပြီးတွင် အုပ်စု(ခ)၌ မြန်မာ၊ ဗီယက်နမ်နှင့် မလေးရှားတို့ ခုနစ်မှတ်စီတူနေပြီး မလေးရှားမှာ ပွဲကုန်သွားပြီဖြစ်သည်။ ဂိုးကွာခြားချက်ဖြင့် ဗီယက်နမ်က ပထမ၊ မလေးရှားက ဒုတိယ၊ မြန်မာက တတိယနေရာတို့တွင် ရပ်တည်နေပြီး မလေးရှားက ပွဲကုန်သွားပြီဖြစ်ကာ မြန်မာနှင့် ဗီယက်နမ်တို့မှာ အုပ်စုနောက်ဆုံးပွဲ ကစားရမည်ဖြစ်သည်။

## ကူညီထောက်ပံ့မှုများ

# ပို့ဆောင်ရေးဝန်ကြီးဌာန မိသားစုများက ရေဘေးသင့်ပြည်သူများအတွက် အလှူငွေကျပ် ၁၈၇ ဒသမ ၂၇၆ သိန်းလှူဒါန်း



**နေပြည်တော် ဩဂုတ် ၂၉**

စစ်ကိုင်းတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ရခိုင်ပြည်နယ်နှင့် ချင်းပြည်နယ်များသို့ စေလွှတ်ထားသော စိတ်-လူမှုရေးဆိုင်ရာပံ့ပိုးမှုအဖွဲ့များတွင် ပူးပေါင်းဆောင်ရွက်ရန် အစိုးရမဟုတ်သော လူမှုရေးအဖွဲ့အစည်းများနှင့် ညှိနှိုင်းဆွေးနွေးပွဲကို ဩဂုတ် ၂၈ ရက် မွန်းလွဲ ၁ နာရီတွင် နေပြည်တော် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန မေခလာ ခန်းမ၌ပြုလုပ်ရာ အမျိုးသား သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှု လုပ်ငန်းကော်မတီ ဥက္ကဋ္ဌ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာ ဒေါ်မြတ်မြတ်အုန်းခင်က အဖွင့်အမှာစကား ပြောကြားရာတွင် ရေဘေးအန္တရာယ် ရင်ဆိုင်ကြုံတွေ့ခဲ့ရပြီး စိတ်ပိုင်းဆိုင်ရာ ထိခိုက်နစ်နာသူများ၊ စိတ်ဖိစီးမှု၊ စိတ်ဒဏ်ရာရရှိသူများနှင့် ထိခိုက်လွယ်သော၊ အန္တရာယ်ကျရောက်လွယ်သော အုပ်စုများဖြစ်သည့် သက်ကြီးရွယ်အိုများ၊ ကလေးသူငယ်များ၊ အမျိုးသမီးများနှင့် မသန်စွမ်းသူများအတွက် ခံစားနေရမှုများ ပြေလျော့စေရန် ကယ်ဆယ်ရေးစခန်းများနှင့် ရေဘေးသင့်ကျေးရွာများသို့ စိတ်-လူမှုရေးဆိုင်ရာပံ့ပိုးမှုနှင့် နှစ်သိမ့်ဆွေးနွေးခြင်း ပြုလုပ်ရန် စိတ်-လူမှုရေးဆိုင်ရာ ပံ့ပိုးမှုအဖွဲ့များကို မိမိတို့ဝန်ကြီးဌာနမှ ဦးဆောင်၍ စေလွှတ်ထားပြီး ဖြစ်ပါကြောင်း၊ အဆိုပါအဖွဲ့များတွင် လူမှုရေးအဖွဲ့အစည်းများနှင့် အရပ်ဘက်အဖွဲ့အစည်းများ ပူးပေါင်းပါဝင်ဆောင်ရွက်ရန် ပြောကြားသည်။

ထို့နောက် လူမှုဝန်ထမ်းဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးစိုးကြည်က လက်တွေ့လုပ်ဆောင်ရမည့် အချက်များကို ရှင်းလင်းဆွေးနွေးရာ မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌ ဒေါ်သဇင်နွယ်၊ မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ်နှင့် မြန်မာနိုင်ငံအမျိုးသမီးများနှင့် ကလေးသူငယ်ဘဝ မြှင့်တင်ရေးအသင်းတို့မှ တာဝန်ရှိသူများက ပူးပေါင်းဆောင်ရွက်မည့် နည်းလမ်းများကို ဆွေးနွေးခဲ့ကြသည်။

ဆက်လက်၍ ရေဘေးသင့်ပြည်သူများအတွက် ပို့ဆောင်ရေးဝန်ကြီးဌာန မိသားစုမှ လှူဒါန်းငွေကျပ် ၁၈၇ ဒသမ ၂၇၆ သိန်းကို ဒုတိယဝန်ကြီး ဦးဟံစိန်က လှူဒါန်းရာ ပြည်ထောင်စုဝန်ကြီးက လက်ခံရယူပြီး ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်ခဲ့သည်။ **(ကြေးမုံ)**

# ဆန်နှင့် ရိက္ခာပစ္စည်းများ ဖြန့်ဝေပေးလျက်ရှိ

**မကွေး ဩဂုတ် ၂၉**

မကွေးတိုင်းဒေသကြီး စေတုတ္တရာမြို့နယ်တွင် ဇူလိုင်လကုန်ရက်ပိုင်းက မိုးသည်းထန်စွာရွာသွန်းမှုကြောင့် ရေဘေးဒဏ်ခံခဲ့ရသည့်ဒေသရှိ ရေဘေးသင့်ပြည်သူများအတွက် ထောက်ပံ့လှူဒါန်းပစ္စည်းများ စနစ်တကျ ဝေငှနိုင်ရန် စေတုတ္တရာမြို့နယ် အလှူခံပစ္စည်းများ လက်ခံဖြန့်ဝေရေးစခန်း အနေဖြင့် ရရှိသည့် ထောက်ပံ့အလှူပစ္စည်းများကို ဒေသအုပ်ချုပ်ရေးအဖွဲ့၊ မြို့နယ်ဖွံ့ဖြိုးတိုးတက်ရေးအထောက်အကူပြုကော်မတီ၊ လူမှုရေးအဖွဲ့အစည်းများ၊ ပြည်သူများပူးပေါင်း၍ ရေဘေးသင့်ပြည်သူများအားလုံး ထောက်ပံ့ပစ္စည်းများ အမှန်တကယ် လက်ဝယ်ရရှိရေး စနစ်တကျ စီမံဆောင်ရွက်ပေးလျက်ရှိသည်။

စေတုတ္တရာမြို့နယ်တွင် ရေဘေးသင့်ပြည်သူများအား ထောက်ပံ့ပစ္စည်းများပေးဝေရာတွင် ရေနစ်မြုပ်သည့် မြို့ပေါ် ရပ်ကွက် နှစ်ရပ်ကွက်နှင့် ကျေးရွာ ၂၈ ရွာအပြင် ရေနစ်မြုပ်ခြင်းမရှိသည့် ကျေးရွာ ၅၉ ရွာရှိ ဒေသခံပြည်သူများ လတ်တလောစားဝတ်နေရေး အဆင်ပြေစေရေးအတွက် ဆန်နှင့် စားရိက္ခာပစ္စည်းများ ထောက်ပံ့ပေးလျက်ရှိရာ ဩဂုတ် ၂၁ ရက်နှင့် ၂၂ ရက်တို့တွင် ရေနစ်မြုပ်ခြင်းမရှိသည့် ပင်းချောင်းကျေးရွာမှ ဒေသခံပြည်သူများအတွက် စုစုပေါင်း ဆန် ၂၆ အိတ်၊ ဆီ ၅၀ ကျပ်သားဘူး ၂၄ ဘူး၊ ကုလားပဲ ပိဿာ ၃၀၊ အဝတ်အထုပ်မျိုးစုံ ၁၆ ထုပ်၊ ခါတ်ဆားအထုပ် ၁၀၀ ပါ ဖာ နှစ်ဖာ၊ ဆေးမျိုးစုံ ၊ ခေါက်ဆွဲခြောက်နှင့် အခြားအသုံးအဆောင်ပစ္စည်း ၁၄ မျိုးတို့ကို ထောက်ပံ့ပေးဝေခဲ့ကြောင်း သိရသည်။

ယခုအခါ တာဝန်ရှိသူများက ရေနစ်မြုပ်ခဲ့သည့်ဒေသများတွင် ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို အရှိန်အဟုန်မြှင့်ဆောင်ရွက်လျက်ရှိရာ လယ်မြေများ အချိန်မီစိုက်ပျိုးနိုင်ရေးကို အလေးထားဆောင်ရွက်နေသကဲ့သို့ ရေဘေးကြောင့်ပျက်စီးခဲ့သည့် ကျေးလက်လမ်းနှင့် ချောင်းကူးတံတားများ ပြုပြင်ခြင်းလုပ်ငန်းများနှင့် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများကို အုပ်ချုပ်ရေးအဖွဲ့များ၊ သက်ဆိုင်ရာဌာနဆိုင်ရာ တာဝန်ရှိသူများနှင့် ဒေသခံပြည်သူများပူးပေါင်းပြီးဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **ကိုမျိုး(IPRD)**

# နောင်ချိုမြို့နယ် စေတနာမွန် လူမှုကူညီရေးအသင်းမှ ဒုတိယအကြိမ်မြောက် ရေဘေးသင့်ပြည်သူများအား ထောက်ပံ့ရေးပစ္စည်းများ လှူဒါန်း

**နောင်ချို ဩဂုတ် ၂၉**

ရှမ်းပြည်နယ်မြောက်ပိုင်း နောင်ချိုမြို့နယ် စေတနာမွန်လူမှုကူညီရေးအသင်းမှ မကွေးတိုင်းဒေသကြီး စေတုတ္တရာမြို့နယ် ရေဘေးသင့်ခံရခြင်းနှင့် ပြန်လည်ထူထောင်တည်ဆောက်ရေးလုပ်ငန်း ဆောင်ရွက်လျက်ရှိသော ပြည်သူများအတွက် ထောက်ပံ့ရေးပစ္စည်းများကို ဩဂုတ် ၂၉ ရက် နံနက်ပိုင်းက ဦးနေဦးသာ၊ ဦးမြတ်မိုးအောင်နှင့် စေတနာမွန် လူမှုကူညီရေးအသင်းဝင်များက ဒုတိယအကြိမ် သွားရောက်ပေးအပ်လှူဒါန်းကြသည်။

နောင်ချိုမြို့နယ်အနေဖြင့် ရေဘေးသင့်ပြည်သူများ နေထိုင်ရာ မြို့နယ်များသို့သွားရောက်ကာ ကယ်ဆယ်ရေး၊ ထောက်ပံ့ရေးပစ္စည်းများ ပေးအပ်လှူဒါန်းကြသည့်အပြင် ပြန်လည်ထူထောင်ရေးလုပ်ငန်းများတွင်လည်း လုပ်အားပေးဆောင်ရွက်ခဲ့ကြသည်ဟု သိရသည်။ **စိုးဝင်း(နောင်ချို)**



# လေးကျွန်းသူ ဓမ္မမိတ်ဆွေများအဖွဲ့နှင့် အလှူရှင်များက ရေဘေးသင့်ပြည်သူများအတွက် အလှူငွေနှင့် ပစ္စည်းများ ထောက်ပံ့လှူဒါန်း

**ရန်ကုန် ဩဂုတ် ၂၉**

လေးကျွန်းသူ ဓမ္မမိတ်ဆွေများအဖွဲ့မှ ဒေါက်တာဒေါ်မြသီတာဦးဆောင်သည့် အလှူရှင်များသည် ဒုတိယအကြိမ် လှူဒါန်းမှုအဖြစ် ဧရာဝတီတိုင်းဒေသကြီး ဟင်္သာတမြို့နယ်ကျေးရွာများရှိ ရေဘေးသင့်ကျောင်းများ အသစ်တည်ဆောက်ရန်နှင့် ရေဘေးသင့်ဒေသခံပြည်သူများအတွက် အလှူငွေနှင့် ထောက်ပံ့ပစ္စည်းများကို ဩဂုတ် ၂၅ ရက်က သွားရောက်လှူဒါန်းခဲ့သည်။

ယင်းသို့ အလှူငွေနှင့် ထောက်ပံ့ပစ္စည်းများ ပေးအပ်ရာတွင် ဆေးရုံများသို့ ဆေးပစ္စည်းများနှင့် ဘုန်းကြီးကျောင်းများသို့ အလှူငွေများ၊ ဆေးပစ္စည်းများ၊ စားသောက်ပစ္စည်းများ၊ အဝတ်အထည်များ၊ ဇလွန်ဘုရားကြီးတွင် ဘက်စုံပြုပြင်ထိန်းသိမ်းရန်အတွက် လှူဒါန်းငွေကျပ် သုံးသိန်း၊ ရေဘေးသင့် ရွှေဟင်္သာကျွန်းကျေးရွာရှိ မူလတန်းကျောင်း အသစ်တည်ဆောက်ရန်မတည်အလှူငွေကျပ် ၁၂၄ သိန်း၊ မဟာနေဘုရင်ဘုရားကြီး ဘက်စုံပြုပြင်ရန် အလှူငွေကျပ် ၄၃ သိန်း၊ ရေဘေးသင့် မအူကုန်းကျေးရွာရှိ မူလတန်းကျောင်း အသစ်ပြန်လည်တည်ဆောက်ရန် အလှူငွေကျပ်သိန်း ၇၀၊ ရေဘေးသင့် မအူကုန်းကျေးရွာမှ ကလေးများအား လှူဒါန်းငွေကျပ် ၄၅၀၀၀၀၊ ဟင်္သာတခရိုင်အုပ်ချုပ်ရေးမှူးရုံးမှ ဝန်ထမ်းများအတွက် အလှူငွေကျပ်တစ်သိန်း၊ ရွှေဟင်္သာကုန်းကျေးရွာရှိ ရွှေဂူကျောင်းသို့ အလှူငွေကျပ် တစ်သိန်း၊ ရေဘေးသင့် မူလတန်းကြိုကျောင်း အသစ်ပြန်လည်တည်ဆောက်ရန် အလှူငွေကျပ်သိန်း ၃၀ စုစုပေါင်းငွေကျပ် ၂၃၇၈၀၀၀၀ နှင့် တန်ဖိုးငွေကျပ် ၂၀၃၇၀၁၅၀ ရှိ ထောက်ပံ့ရေးပစ္စည်းများ စုစုပေါင်း ငွေကျပ် ၄၄၁၅၀၁၅၀ တို့ကို လှူဒါန်းခဲ့သည်။

အလားတူ ဩဂုတ် ၈ ရက်နှင့် ၉ ရက်များကလည်း လေးကျွန်းသူ ဓမ္မမိတ်ဆွေများအဖွဲ့နှင့် အလှူရှင်များသည် ပထမအကြိမ် ရခိုင်ပြည်နယ် မင်းပြားမြို့နယ်သို့ သွားရောက်ကာ ရေဘေးသင့်ပြည်သူများအတွက် အလှူငွေနှင့် ထောက်ပံ့ပစ္စည်းများ ငွေကျပ် သိန်း ၆၅၀ ဖိုး လှူဒါန်းခဲ့ကြောင်း သိရသည်။

**(သတင်းစဉ်)**

# ကလေးဒေသမှ ရေဘေးသင့်ပြည်သူများထံသို့ စားသောက်ကုန်များ ထပ်မံတင်ပို့လျက်ရှိ

**မုံရွာ ဩဂုတ် ၂၉**

စစ်ကိုင်းတိုင်းဒေသကြီးအတွင်းရှိ ကလေးဒေသမှ ရေဘေးသင့်ပြည်သူများထံသို့ ပေးပို့နိုင်ရေးအတွက် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာနလက်အောက်ရှိ မန္တလေးတိုင်းဒေသကြီး ဦးစီးမှူးရုံးနှင့် နေပြည်တော်ရုံးသို့ စားသောက်ကုန်နှင့် ပြန်လည်ထူထောင်ရေးပစ္စည်းများကို အနယ်နယ်အရပ်ရပ်မှ စေတနာရှင် အလှူရှင်များက အဆက်မပြတ် ပေးပို့လှူဒါန်းလျက်ရှိကြကြောင်း သိရသည်။

အဆိုပါ ရုံးများမှတစ်ဆင့် မုံရွာမြို့သို့ အဆက်မပြတ် ပေးပို့လျက်ရှိရာ ဩဂုတ် ၂၈ ရက်တွင် အလှူရှင် အသီးသီးမှ လှူဒါန်းကြသည့် ဆန် (၂၅)ကီလိုအိတ် ၂၄၉၇ အိတ်၊ ဆန် (၅၀)ကီလိုပါ ၆၄၉ အိတ်၊ ရေသန့် ၂၄ လုံးပါ ချပ်ဖာ ၇၈၂ ဖာ၊ အချိုရည် ၃၀ ဘူးပါ ဖာ ၃၀၊ စားသုံးဆီ ၁၂၅ ဖာ၊ ခေါက်ဆွဲခြောက် ၁၀၈၅ ဖာ၊ မုန့်ခြောက် ဖာ ၅၀ တို့ကို ကလေးဒေသရှိ ရေဘေးသင့်ပြည်သူများထံသို့ရောက်ရှိရေး တိုင်းဒေသကြီးအစိုးရအဖွဲ့မှကြီးကြပ်၍ တပ်မတော်သားများ၊ ရဲတပ်ဖွဲ့ဝင်များနှင့် မီးသတ်တပ်ဖွဲ့ဝင်များ၊ လူမှုရေးအသင်းအဖွဲ့ဝင်များက လုပ်အားဒါနဖြင့် ဇက်ရေယာဉ်ပေါ် အရောက် တင်ပို့လျက်ရှိကြောင်း သိရသည်။ **ဖိုးချမ်း(မုံရွာ)**



ဇီဝမျိုးစုံ မျိုးကွဲတွေကြွယ်စေဖို့ သဘာဝတောတွေ ထိန်းသိမ်းစို့

# ရေဘေးသင့်ဒေသများရှိ ထိခိုက်ဆုံးရှုံးခံရသော ပြည်သူများအတွက် ချေးငွေများ ထပ်မံပံ့ပိုးပေးမည်

**နေပြည်တော် ဩဂုတ် ၂၉**

သမဝါယမကဏ္ဍမှ ရေဘေးသင့်ပြည်သူများအတွက် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် အိမ်တွင်းလုပ်ငန်းစရိတ်ချေးငွေများ ထပ်မံပံ့ပိုးပေးနိုင်ရေး ဒုတိယအကြိမ်ညှိနှိုင်းအစည်းအဝေးကို သမဝါယမဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ယနေ့ နံနက် ၉ နာရီခွဲ ကကျင်းပရာ သမဝါယမဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်ဆန်း တက်ရောက်အမှာစကားပြောကြားသည်။

ပြည်ထောင်စုဝန်ကြီးက ရေဘေးသင့်ဒေသများ ကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို နိုင်ငံတော်သမ္မတဦးဆောင်၍ အားသွန်ခွန်စိုက်ဆောင်ရွက်လျက်ရှိကြောင်း၊ သမဝါယမဝန်ကြီးဌာန အနေဖြင့် ရေဘေးသင့်ဒေသများအတွက် ကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို တစ်တပ်တစ်အားပါဝင်ပံ့ပိုးဆောင်ရွက်ပေးနိုင်ရေး ပထမအကြိမ် အစည်းအဝေးကို ဩဂုတ် ၁၀ ရက်က ကျင်းပခဲ့ပြီး ရေဘေးသင့်ဒေသ၊ ထိခိုက်ခံရသော အသင်းသားပြည်သူများ၏ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် အိမ်တွင်းလုပ်ငန်းများ ပြန်လည်ထူထောင်ရေးအတွက် ချေးငွေရရှိပြီး အသင်းသားများအတွက် ချေးငွေပြန်ဆပ်ရမည့်ကာလကို ခြောက်လမှ တစ်နှစ်အထိ တိုးမြှင့်ပေးခြင်း၊ ချေးငွေရရှိပြီး ရေဘေးထိခိုက်ခံရသူ အသင်းသားမိသားစုတိုင်းအား ထပ်ဆောင်းချေးငွေထုတ်ချေးပေးခြင်း၊ ချေးငွေမရကြသေးသော အသင်းသားပြည်သူများအား ချေးငွေထုတ်ချေးပေး ခြင်း၊ စိုက်ပျိုးရေးသွင်းအားစုများကို အရစ်ကျစနစ်ဖြင့် ရောင်းချပေးခြင်း၊ ရခိုင်ပြည်နယ် ရေဘေးသင့်ခဲ့သော အသင်းသားရေလုပ်ငန်းသမားများအတွက် ရေလုပ်ငန်းသုံး ပစ္စည်းများကို အရစ်ကျငွေချေစနစ်ဖြင့်ရောင်းချပေးခြင်း၊ Daedong ကုမ္ပဏီထုတ် လယ်ယာသုံးစက်ကိရိယာများကို အရစ်ကျငွေချေစနစ်ဖြင့် ရောင်းချပေးခြင်းစသည့် လုပ်ငန်းစဉ်(၆)ရပ်ဖြင့် စက်တင်ဘာလ ပထမပတ်မှစတင်၍ ပံ့ပိုးဆောင်ရွက်ပေးရန် ညှိနှိုင်းခဲ့ပြီးဖြစ်ရာ ဆက်လက်အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရေး ရေဘေးသင့်ဒေသများရှိ သမဝါယမအသင်းများ၏လုပ်ငန်းများ ဆုံးရှုံးပျက်စီးမှုအခြေအနေ၊ ပံ့ပိုးဆောင်ရွက်ရမည့် အတိုင်းအတာများနှင့် ဆောင်ရွက်မည့် နည်းစနစ်များကို ဆွေးနွေးညှိနှိုင်းရန် ရည်ရွယ်၍ ကျင်းပခြင်းဖြစ်ကြောင်း ပြောကြားသည်။

ဆက်လက်၍ ရေဘေးသင့်ဒေသများတွင် စိုက်ပျိုးရေး၊ မွေးမြူရေးချေးငွေများအပြင် အိမ်တွင်းမိသားစုလုပ်ငန်းများ ပြန်လည်ထူထောင်ရေးအတွက် ချေးငွေများထုတ်ချေးပေးနိုင်ရေး ကွင်းဆင်းဆောင်ရွက်ရန် ချေးငွေများသည် သင့်တော်လုံလောက်သည့် ချေးငွေပမာဏဖြစ်ရန်နှင့် ပြန်ဆပ်ရမည့်ကာလတွင် ပြန်လည်ပေးဆပ်နိုင်စွမ်းရှိသည့် ပမာဏဖြစ်ရန်၊ ချေးငွေရယူသူများ ၎င်းတို့လုပ်ငန်းများတွင် အမှန်တကယ် အသုံးချစေရေး၊ ထပ်ဆောင်းချေးငွေများ ထုတ်ချေးရာတွင် အသင်းသားတစ်ဦးတည်းသို့ ချေးငွေနှစ်မျိုးမပေးမိစေရေး စိစစ်ဆောင်ရွက်ရန်မှာကြားသည်။

သမဝါယမဝန်ကြီးဌာနအနေဖြင့် ရေဘေးသင့်ဒေသများရှိ အသင်းသားများသို့ ထုတ်ချေးထားသည့် ချေးငွေကျပ် ၁၂၇၆၉ ဒသမ ၄၅၇ သန်းအား ချေးငွေပြန်ဆပ်ကာလ ခြောက်လမှ တစ်နှစ်အထိ တိုးမြှင့်ပေးရန်၊ ထိခိုက်ဆုံးရှုံးခဲ့သည့် သမဝါယမအသင်း ၁၆၉၇ သင်း၊ အိမ်ထောင်စု ၃၉၂၄၄ စုအတွက် အိမ်ထောင်စု တစ်စုလျှင် ကျပ် တစ်သိန်းနှုန်းဖြင့် ထပ်ဆောင်းချေးငွေ ကျပ်သန်း ၃၉၂၄ ဒသမ ၄၀၊ ချေးငွေမခံစားရသေးသော အသင်းသားများအတွက် စိုက်ပျိုးစရိတ်ချေးငွေ ကျပ် ၁၃၄၆၇ ဒသမ ၇၈၅ သန်း၊ မွေးမြူရေးစရိတ်ချေးငွေ ကျပ်သန်း ၅၆၈၉ ဒသမ ၂၅၀၊ အိမ်တွင်းလုပ်ငန်းများ ချေးငွေကျပ်သန်း ၅၅၉ ဒသမ ၆၉၀ နှင့် လယ်ယာလုပ်သားများအတွက် ချေးငွေကျပ် သန်း ၄၅၃၂ ဒသမ ၇၁၀ ထပ်မံပံ့ပိုးပေးမည်ဖြစ်သည့်အပြင် အကြွေးစနစ်ဖြင့် စိုက်ပျိုးရေးလုပ်ငန်းအတွက် ဓာတ်မြေဩဇာ၊ ပိုးသတ်ဆေးစသည့် သွင်းအားစုတန်ဖိုးကျပ် ၃၃၆၅ ဒသမ ၄၃၅ သန်း၊ အရစ်ကျငွေချေစနစ်ဖြင့် ရေလုပ်ငန်းသုံးနှင့် လယ်ယာသုံးစက်ကိရိယာပစ္စည်းများ တန်ဖိုးကျပ် ၁၆၅၇ ဒသမ ၁၁၂ သန်းအပါအဝင် စုစုပေါင်းကျပ် ၃၃၁၉၆ ဒသမ ၃၈၂ သန်း ထပ်မံပံ့ပိုးဆောင်ရွက်သွားမည်ဖြစ်သည်။

ယနေ့အထိ သမဝါယမအသင်းသားပြည်သူများအတွက် အသေးစားအရင်းအနှီးချေးငွေ စုစုပေါင်းကျပ် ၃၈၈ ဘီလီယံကျော်နှင့် စိုက်ပျိုးရေးသွင်းအားစုနှင့် လယ်ယာသုံး၊ လုပ်ငန်းသုံးစက်ကိရိယာများ အရစ်ကျရောင်းချခြင်း တန်ဖိုးကျပ် ၁၀၇ ဘီလီယံကျော်တို့ကို ဆောင်ရွက်ထားပြီးဖြစ်ရာ ထပ်မံ၍ ကျပ် ၃၃ ဘီလီယံကျော်ဆောင်ရွက်မည်ဖြစ်ရာ သမဝါယမက ထောက်ပံ့မှုစုစုပေါင်းမှာ ကျပ် ၅၂၈ ဘီလီယံကျော် ရရှိမည်ဖြစ်သည်။ ယခုအခါ သမဝါယမလုပ်ငန်းများသည် ပိုမိုကျယ်ပြန့်လာပြီး ပြည်သူအတွက် အတိုင်းအတာတစ်ခုအထိ အထောက်အပံ့ပြုနေပြီဖြစ်ရာ လုပ်ငန်းများ စနစ်တကျနှင့် ခိုင်မာအောင်၊ Sustainable Development ဖြစ်အောင် သမဝါယမအသင်း အဆင့်ဆင့်တို့က ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **(သတင်းစဉ်)**

**ညှိနှိုင်းဆုံးဖြတ်ချက်များအရ ရေဘေးသင့်ဒေသပြည်သူများနှင့် အခြားရေဘေးသင့်ခြင်းမရှိသောဒေသပြည်သူများအတွက် သမဝါယမဝန်ကြီးဌာနက ၂၀၁၅ ခုနှစ်၊ စက်တင်ဘာလအတွင်း ဆောင်ရွက်ပေးမည့်ပံ့ပိုးမှုများ**

| စဉ် | | အကြောင်းအရာ | တန်ဖိုး (ကျပ်သန်းပေါင်း) |
|---|---|---|---|
| ၁ | | **ချေးငွေပြန်ဆပ်ကာလ (၆)လမှ (၁)နှစ်အထိ တိုးမြှင့်ပေးမည့် ရေဘေးသင့်ဒေသပြည်သူများသို့ ချေးပေးသောချေးငွေ** | **၁၂၇၆၉. ၄၅၇** |
| ၂ | | **အခြားပံ့ပိုးပေးမည့် အစီအစဉ်များ** | |
| | ၁ | ရေဘေးသင့်ခံရသော ပြည်သူများအတွက် ထပ်မံပံ့ပိုးထုတ်ချေးပေးမည့် ထပ်ဆောင်းချေးငွေ (Supplementary Loan) | ၃၉၂၄. ၄၀၀ |
| | ၂ | ရေဘေးသင့်ခံရသောပြည်သူများအတွက် အိမ်တွင်းမှုလုပ်ငန်းချေးငွေ | ၅၅၉. ၆၉၀ |
| | ၃ | ဒေသအားလုံးမှ ချေးငွေမခံစားရသေးသော လယ်သမားအသင်းသားများအတွက် စိုက်ပျိုးစရိတ်ချေးငွေ | ၁၃၄၆၇. ၇၈၅ |
| | ၄ | ဒေသအားလုံးမှ ချေးငွေမခံစားရသေးသော မွေးမြူရေးလုပ်ငန်းအသင်းသားများအတွက် မွေးမြူရေးစရိတ်ချေးငွေ | ၅၆၈၉. ၂၅၀ |
| | ၅ | ဒေသအားလုံးမှ ချေးငွေမရကြသေးသော လယ်ယာလုပ်သားများအတွက် ချေးငွေ | ၄၅၃၂. ၇၁၀ |
| | ၆ | ဒေသအားလုံးတွင် အကြွေးစနစ်ဖြင့် ရောင်းချပေးမည့် ဓာတ်မြေဩဇာ၊ ပိုးသတ်ဆေးစသည့် သွင်းအားစုတန်ဖိုး | ၃၃၆၅. ၄၃၅ |
| | ၇ | အရစ်ကျငွေချေစနစ်ဖြင့် ရောင်းချပေးမည့် ရခိုင်ဒေသ ပြည်သူများအတွက် ရေလုပ်ငန်းသုံး ပစ္စည်းများနှင့် ဒေသအားလုံးမှ ပြည်သူများအတွက် လယ်ယာသုံးပစ္စည်းများတန်ဖိုး | ၁၆၅၇. ၁၁၂ |
| | | **ပံ့ပိုးပေးမည့်ငွေစုစုပေါင်း** | **၃၃၁၉၆. ၃၈၂** |



**ထိုင်းနိုင်ငံဘုရင့်ဆေးတပ်မတော် ဆေးဘက်ဆိုင်ရာအဖွဲ့ဝင်များ ဇလွန်မြို့နယ်အတွင်းရှိ ရေဘေးသင့်ပြည်သူများအား လာရောက်ဆေးဝါးကုသပေး**

**ဇလွန် ဩဂုတ် ၂၉**

မြန်မာနိုင်ငံအတွင်း ရေလွှမ်းမိုးရာဒေသများသို့ ကျန်းမာရေးလုပ်ငန်းများ ကူညီစောင့်ရှောက်ရန် ထိုင်းဘုရင့်တပ်မတော်မှ Major General PARINYA Khoonnasee ခေါင်းဆောင်သော ဆေးဘက်ဆိုင်ရာအဖွဲ့ဝင်များသည် ဧရာဝတီတိုင်းဒေသကြီး ဟင်္သာတခရိုင် ဇလွန်မြို့နယ် ဒေါင့်ကြီးကျေးရွာသို့ ဩဂုတ် ၂၈ ရက် နံနက်ပိုင်းက ရောက်ရှိလာပြီး အရိုးအကြောရောဂါ၊ ကလေးသူငယ်များနှင့် အထွေထွေရောဂါ လူနာများကို ကျန်းမာရေးစောင့်ရှောက်မှုများ ဆောင်ရွက်ပေးလျက်ရှိရာ ဒေါင့်ကြီးကျေးရွာတွင် လမ်းမတော်လမ်းနှင့် ၁ လမ်းမှ ၆ လမ်းအထိ၊ ဒေါင့်ကြီးခွဲ အထကကျောင်းများသို့ ခြင်ဆေးဖျန်းခြင်း၊ ရေသန့်စစ်ဆေးခြင်း၊ ဆေးထည့်ပေးခြင်း လုပ်ငန်းများ ဆောင်ရွက်ပြီးနောက် ဒေါင့်ကြီးကျေးရွာ ဘုန်းတော်ကြီးကျောင်းတွင် အသက် ငါးနှစ်အောက်ကလေးလူနာ အမျိုးသား ၁၇ ဦး၊ အမျိုးသမီး ၂၀၊ အရိုးအကြောရောဂါလူနာ အမျိုးသား ၁၀ ဦး၊ အမျိုးသမီး ၄၅ ဦးနှင့် အထွေထွေရောဂါလူနာ အမျိုးသား ၁၄၃ ဦး၊ အမျိုးသမီး ၂၇၅ ဦး တို့ကို ဆေးကုသပေးလျက်ရှိရာ ဟင်္သာတခရိုင် ဆေးရုံအုပ်ကြီး ဒေါက်တာတိုးတိုး၊ ဇလွန်မြို့နယ် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးထွန်းဆန်းဝင်း၊ မြို့နယ်ဆရာဝန်ကြီး ဒေါက်တာဇော်ဝင်းသန်း၊ ဒေါက်တာပြည့်ဖြိုးသူနှင့် သူနာပြုများက ဝိုင်းဝန်းကူညီဆောင်ရွက်ပေးကြပြီး ဒေါင့်ကြီး၊ တောင်ပို့တစ်ရာ၊ အိုးပို၊ သရက်ချောင်း၊ သဲကုန်း၊ ကျုံခ မွန်၊ ကူးတို့ဆိပ်၊ သမန်းကုန်း၊ သာစုချောင်း ကျေးရွာများမှ လူနာ ၅၁၀ တို့အား ဆေးဝါးများကုသပေးခဲ့ကြောင်း သိရသည်။

**ငွေသန်း(ပြန်/ဆက်)**

# မင်းလှမြို့နယ်ရှိ ရေဘေးသင့်ပြည်သူများအား လူသုံးကုန်ပစ္စည်းများနှင့် အစားအစာများထောက်ပံ့လှူဒါန်း

**မင်းလှ ဩဂုတ် ၂၉**

တူရကီနိုင်ငံမှ TIKA(Turkish Cooperation and Coordination Agency)နှင့် မြန်မာမွတ်စလင်မ်စီးပွားရေးလုပ်ငန်းရှင်များအဖွဲ့တို့ ပူးပေါင်း၍ ပဲခူးတိုင်းဒေသကြီး သာယာဝတီခရိုင် မင်းလှမြို့နယ်ရှိ ရေဘေးသင့်ပြည်သူများအတွက် လူသုံးကုန်ပစ္စည်းများနှင့် အစားအစာများကို ဩဂုတ် ၂၉ ရက် နံနက် ၁၁ နာရီက ထောက်ပံ့လှူဒါန်းခဲ့ကြသည်။

အဆိုပါ ရေဘေးသင့်ပြည်သူများအား လူသုံးကုန်ပစ္စည်းများနှင့် အစားအစာများဖြစ်သော အမေရိကန်ဒေါ်လာ ၁၁၉၇၇ ဒသမ ၅၀ တန်ဖိုးရှိ ဆန်အိတ် ၂၅၀၊ ခေါက်ဆွဲခြောက် ဖာ ၃၀၀၊ ငါးသေတ္တာ ဘူး ၁၀၀၀၊ ဆီပုလင်း ၃၀၀၊ တီရှပ် အထည် ၆၀၀ နှင့် ပလပ်စတစ်ဖျာ အချပ် ၆၀၀ တို့အား မင်းလှမြို့နယ်အုပ်ချုပ်ရေးမှူးရုံး၌လည်းကောင်း၊ ထန်းပင်ကုန်းကျေးရွာရှိ အိမ်ခြေ ၂၆၀ တို့မှ ရေဘေးသင့်ပြည်သူများအားလည်းကောင်း ကိုယ်တိုင်ကိုယ်ကျ သွားရောက်လှူဒါန်းခဲ့ကြသည်။

တူရကီနိုင်ငံဆိုင်ရာ TIKA ၏ ပူးပေါင်းဆောင်ရွက်ရေးနှင့် ညှိနှိုင်းဆောင်ရွက်ရေးဝန်ကြီးချုပ်ရုံးမှ မြန်မာညှိနှိုင်းဆောင်ရွက်ရေးမှူး (ဌာနေညွှန်ကြားရေးမှူး) မိုက်ကယ်တက်စ်ဒီမာက "နိုင်ငံတစ်ဝန်းဖြစ်ပေါ်နေတဲ့ ရေဘေးသင့်ပြည်သူတွေအတွက် လွန်စွာစိတ်မကောင်းဖြစ်မိပါတယ်။ မြန်မာနိုင်ငံမှာ ဒီလိုအဖြစ်အပျက်တွေကိုကြုံတွေ့နေရတာဟာ တစ်ကမ္ဘာလုံးကသိနေကြပါတယ်။ တူရကီနိုင်ငံအစိုးရအနေနဲ့ ဒီရေဘေးသင့်ပြည်သူတွေအတွက် လူသားချင်းစာနာပြီး ထောက်ပံ့ကူညီပေးနေတာ တင်မဟုတ်ပါဘူး။ မြန်မာနိုင်ငံအတွက် အခြားလိုအပ်တဲ့ ထောက်ပံ့မှုတွေလည်း လုပ်ဆောင်နေပါတယ်။ မြန်မာနိုင်ငံအတွက် ကျန်းမာရေး၊ ပညာရေး၊ စိုက်ပျိုးရေးကဏ္ဍတွေကိုပါ တူရကီနိုင်ငံအစိုးရအနေနဲ့လုပ်ကိုင်ပေးနေပါတယ်"ဟု ပြောကြားသည်။

မင်းလှမြို့နယ်အတွင်း ပြီးခဲ့သည့်ဇူလိုင်လအတွင်း ဖြစ်ပွားခဲ့သော ရေကြီးရေလျှံမှုများဖြစ်ပေါ်ခဲ့မှုကြောင့် ရေအမြင့် ၁၂ ပေထိ မြင့်တက်ခဲ့ရာ ကျေးရွာအုပ်စု ရှစ်အုပ်စု၊ ကျေးရွာခွဲ ၂၀ ရွာနှင့် အိမ်ခြေ ၂၇၄၈ အိမ်တို့၌ ရေဝင်ရောက်ခဲ့ပြီး လယ်မြေများရေဝင်ရောက်မှုအနေဖြင့် သဲကောကျေးရွာအုပ်စုတွင် ၈၆၁ ဧက၊ အင်းဘုတ်ကုန်းကျေးရွာအုပ်စုတွင် ဧက ၄၅၀၊ လက်ပံရေကျော်ကျေးရွာအုပ်စုတွင် ၁၄၂၀ ဧက၊ ထန်းပင်ကုန်းကျေးရွာအုပ်စုတွင် ၁၀၉၉ ဧကနှင့် ဆင်တဲကုန်းကျေးရွာအုပ်စုတွင် ဧက ၂၆၅၀ တို့မှာ ရေဝင်ရောက်ခဲ့ကြောင်း သိရကာ လူ၊ တိရစ္ဆာန်အသေအပျောက်မရှိကြောင်းနှင့် ဩဂုတ် ၇ ရက်က ရေပြန်လည်ကျဆင်းခဲ့ကြောင်း သိရသည်။

**(စိုးဝင်း-MLA)**

# ဟသ်ာ်တမြို့နယ်တွင် ရေဘေးသင့်ပြည်သူများ နေရပ်သို့ပြန်လည်ရောက်ရှိ၊ စာသင်ကျောင်းများ ပြန်လည်ဖွင့်လှစ်

**ဟင်္သာတ ဩဂုတ် ၂၉**

ဧရာဝတီတိုင်းဒေသကြီး ဟင်္သာတမြို့နယ်တွင် ရေများပြန်လည်ကျဆင်းသွား၍ ရေဘေးသင့်ပြည်သူများ နေရပ်အသီးသီးသို့ ပြန်လည်ရောက်ရှိနေထိုင်လျက်ရှိပြီး စာသင်ကျောင်းများ ပြန်လည်ဖွင့်လှစ်နေပြီကြောင်း သိရသည်။

ယင်းမြို့နယ်တွင် ဩဂုတ် ၆ ရက်ခန့်မှစတင်၍ ဧရာဝတီမြစ်နှင့် ငဝန်မြစ်ရေ မြင့်တက်ခဲ့မှုကြောင့် ရပ်ကွက် ၂၀ ခုနှင့် ကျေးရွာအုပ်စု ၁၀၃ စုတွင် ကျေးရွာပေါင်း ၈၂၀ ရှိသည့်အနက် ရပ်ကွက်တစ်ခုနှင့် ကျေးရွာအုပ်စု ၂၂ စုမှ ကျေးရွာပေါင်း ၁၀၄ ရွာ ရေနစ်မြုပ်မှုဒဏ် ခံစားခဲ့ရသည်။ ထိုဖြစ်ပွားမှုကြောင့် သက်ဆိုင်ရာတာဝန်ရှိသူများနှင့်အတူ အရပ်ဘက်လူမှုအဖွဲ့များက ကယ်ဆယ်ရေးစခန်း ၂၉ ခု ဖွင့်လှစ်၍ အိမ်ထောင်စု ၁၄၂၈ စု၊ လူဦးရေ ၅၈၆၂ ဦးတို့ကို ကူညီစောင့်ရှောက်မှုများပေးခဲ့သည်။ ထို့အပြင် အခြေခံပညာသင်ကျောင်း ၃၄၄ ကျောင်းရှိသည့်အနက် စာသင်ကျောင်း ၆၂ ကျောင်းကို ယာယီပိတ်ခဲ့ရသည်။

အဆိုပါဖြစ်စဉ်နှင့်ပတ်သက်၍ ဟင်္သာတမြို့နယ် အထွေထွေအုပ်ချုပ်ရေးမှူး ဦးတင်အောင်ဝင်းက "ကျွန်တော်တို့ အချိန်မီ ကြိုတင်ကာကွယ်မှုတွေလုပ်နိုင်ခဲ့တယ်။ အိမ်ပြိုသွားတာမျိုးမရှိပါဘူး။ ရေမြုပ်တာလောက်ပဲဖြစ်ခဲ့တာပါ။ လူအသေအပျောက်မရှိခဲ့ဘူး။



တိရစ္ဆာန်တွေကိုလည်း အချိန်မီ ကယ်ဆယ်မှုတွေ လုပ်နိုင်ခဲ့ပါတယ်။ ကျွဲ၊ နွား ၁၈ ကောင်လောက်တော့ ကျန်းမာရေးမကောင်းတာအပြင် ပိုးထိတာကြောင့် သေဆုံးခဲ့တာတော့ ရှိပါတယ်။ အခုဆိုရင် ရေပြန်ကျသွားလို့ အားလုံးနေရပ်ပြန်ကုန်ပါပြီ"ဟု ပြောသည်။

ယခုအခါ ရေများ ပြန်လည်ကျဆင်းသွားပြီဖြစ်၍ ကယ်ဆယ်ရေးစခန်းများကို ပိတ်သိမ်းလိုက်ပြီး ရေဘေးသင့်ပြည်သူအားလုံးတို့သည် မိမိတို့၏ နေရပ်များသို့ ပြန်လည်ရောက်ရှိနေထိုင်နေသည့်အပြင် ယာယီပိတ်ထားခဲ့ရသည့် အခြေခံပညာကျောင်းများကို ပြန်လည်ဖွင့်လှစ်နေပြီဖြစ်ကြောင်း သိရသည်။

"ရေပြန်ကျသွားလို့အိမ်မှာ နေလို့ရတယ်ဆိုပေမယ့် လတ်တလောတော့ အလုပ်အတွက် အခက်အခဲတွေရှိနေတယ်။ အလှူရှင်တွေ လာလှူထားလို့ အစားအသောက်အတွက် သိပ်ပူစရာမလိုသေးဘူး။ ဒါပေမယ့် အိမ်သုံးပစ္စည်းတွေဆုံးရှုံးသွားတယ်။ အိမ်က နေလို့တော့ရတယ်။ ရေမြုပ်ထားတော့ အရင်လိုကြံ့ခိုင်မှုမကောင်းတော့ဘူး။ ပြန်ပြုပြင်ဖို့ လိုအပ်နေသေးတယ်"ဟု ပျဉ်းမချောင်းရပ်ကွက်နေ ကိုထွန်းမြင့်က ပြောသည်။

ထို့အပြင် ယင်းဒေသတွင် ရေနစ်မြုပ်ခဲ့မှုကြောင့် စိုက်ပျိုးမြေ ၅၁၆၈ ဧက ကိုလည်း ပြန်လည်ပြုပြင်စိုက်ပျိုးပြီးစီးနေသည့်အပြင် တာပေါင်တချို့မှ ရေစိမ့်ဝင်ရောက်နိုင်သော နေရာများကိုလည်း သက်ဆိုင်ရာတာဝန်ရှိသူများ၊ ဒေသခံများနှင့်အတူ ဆည်မြောင်းဝန်ကြီးဌာနတို့ ပူးပေါင်း၍ ကြိုတင်ကာကွယ်ရေးလုပ်လုပ်ငန်းများကို ဆောင်ရွက်ထားပြီးဖြစ်ကြောင်းနှင့် ရေနစ်မြုပ်မှုဒဏ်ခံစားခဲ့ရသူများအနက်မှ ချို့တဲ့သည့် အိမ်ထောင်စုများကို ထောက်ပံ့မှုများပြုလုပ်ပေးနိုင်ရန် သက်ဆိုင်ရာနှင့်အတူ ပြည်တွင်း၊ ပြည်ပအလှူရှင်များနှင့်လည်း ချိတ်ဆက်ဆောင်ရွက်နေကြောင်း အဆိုပါမြို့နယ် အုပ်ချုပ်ရေးမှူးထံမှ သိရသည်။

**ဇော်ကြီး(ပဏီတ)**

---

### ❐ မိုးရွာသွန်းမှု

မြေပြိုမှုတွေ ဆက်ပြီးဖြစ်နိုင်ခြေနည်းတယ်လို့ ခန့်မှန်းရပါတယ်။ လတ်တလော မြေပြိုမှုကို ခံလိုက်ရပေမယ့် နောက်ပိုင်းမှာဖြစ်နိုင်ခြေနည်းသွားပြီဖြစ်ပါတယ်။

မိုးလေဝသဌာန၏ခန့်မှန်းချက်အရ ချင်းပြည်နယ်တွင် စက်တင်ဘာ ၁ ရက်မှ ၁၀ ရက်အထိ မိုးရွာသွန်းနိုင်မှုအခြေအနေမှာ ပုံမှန်ရွာသွန်းမြဲထက် ပိုနိုင်ကြောင်း ခန့်မှန်းထားသည်။

"ပုံမှန်ရွာသွန်းတဲ့ မိုးရေချိန်က ငါးလက်မခန့်ရှိပါတယ်။ ပြီးခဲ့တဲ့ရက်တွေမှာ ကိုမန်မုန်တိုင်း ရိုက်ခတ်မှုကြောင့် ဟားခါးမြို့နယ်မှာ မြေပြိုမှုတွေဖြစ်ပွားစေခဲ့တဲ့ မိုးရွာသွန်းမှုနဲ့ နှိုင်းယှဉ်ကြည့်ရင် မိုးရေချိန်လက်မနည်းပါတယ်။

ဒါပေမယ့် တောင်ပေါ်ဒေသတွေမှာ နေထိုင်ကြသူတွေအနေနဲ့ ပုံမှန်ရွာသွန်းတဲ့ မိုးရေချိန်ဖြစ်ပေမယ့် မိမိနေထိုင်ရာဒေသရဲ့ အထက်မှာ တောင်ပေါ် ရေကန်တွေ၊ ရေလှောင်ကန်တွေရှိရင် သတိထားရပါ့မယ်။ မိုးရွာသွန်းလို့ရှိရင် ရေကန်အနီး ပတ်ဝန်းကျင်ကမြေသားတွေ ပျော့သွားတဲ့အတွက် မြေပြိုမှုတွေ ဖြစ်ပွားနိုင်ပါတယ်။

ဒါကြောင့် တောင်ပေါ်ရေကန်တွေနဲ့ နီးစပ်တဲ့နေရာမှာ ရှိသူတွေအနေနဲ့ မိုးရွာရင် သတိထားရမှာဖြစ်ပါတယ်။ တကယ်လို့ ရေကန်တွေမရှိရင်တော့ပုံမှန်အတိုင်းနေလို့ရပါတယ်။ မြေပြိုမှုနဲ့ပတ်သက်ပြီး စိုးရိမ်စရာမရှိပါဘူး"ဟု ဒေါက်တာဟာရင်နိုင်တီယမ်းက ဆက်လက်ပြောကြားခဲ့သည်။

**(သူရဇော်)**

---

### လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန
### ၂၀၁၅ ခုနှစ် ဇွန်လ၊ ဇူလိုင်လနှင့် ဩဂုတ်လအတွင်း သီးနှံများရေကြီးနစ်မြုပ်မှု၊ ထိခိုက်ပျက်စီးမှုစာရင်းနှင့် ပြန်စိုက်ဧက

၂၀၁၅ ခုနှစ် ဩဂုတ် ၂၉ ရက်

| စဉ် | တိုင်းဒေသကြီး/ ပြည်နယ် | သီးနှံစုစုပေါင်း(ဧက) | | | | |
|---|---|---|---|---|---|---|
| | | ရေမြုပ် | ရေပြန်ပေါ် | ထိခိုက် | ပျက်စီး | ပြန်စိုက် |
| ၁။ | နေပြည်တော် | ၂၃ | ၂၃ | - | - | - |
| ၂။ | ကချင်ပြည်နယ် | ၃၂၀၂၇ | ၂၈၄၇၄ | ၁၅၆၆၃ | ၁၂၇၉၁ | ၆၀၂၂ |
| ၃။ | ကယားပြည်နယ် | ၁၄၆ | ၁၄၆ | ၁၀၄ | ၆၈ | ၄ |
| ၄။ | ကရင်ပြည်နယ် | ၁၁၆၂ | ၁၁၆၂ | ၆၄၈ | ၁၀၆ | ၇၄ |
| ၅။ | ချင်းပြည်နယ် | ၅၇၄၀ | ၅၇၄၀ | ၅၇၄၀ | ၃၂၂၀ | ၃၇၂ |
| ၆။ | စစ်ကိုင်းတိုင်းဒေသကြီး | ၁၉၀၀၅၈ | ၁၈၆၉၆၂ | ၁၅၂၆၈၂ | ၁၂၁၃၈၅ | ၅၃၀၃၈ |
| ၇။ | ပဲခူးတိုင်းဒေသကြီး | ၃၇၅၉၂၅ | ၃၇၅၉၂၅ | ၂၂၉၉၈၉ | ၁၅၂၈၄၇ | ၅၄၆၈၆ |
| ၈။ | မကွေးတိုင်းဒေသကြီး | ၉၆၈၄၆ | ၉၆၈၄၆ | ၉၆၈၄၆ | ၆၅၈၅၈ | ၁၀၃၈၀ |
| ၉။ | မန္တလေးတိုင်းဒေသကြီး | ၃၅၈၃ | ၃၅၈၃ | ၂၆၂ | ၂၈ | ၅ |
| ၁၀။ | မွန်ပြည်နယ် | ၁၃၀၁၀ | ၁၃၀၁၀ | ၂၂၉၄ | - | - |
| ၁၁။ | ရခိုင်ပြည်နယ် | ၂၉၀၂၀၉ | ၂၉၀၂၀၉ | ၂၇၃၀၅၄ | ၂၀၇၂၄၆ | ၂၀၇၄၀၃ |
| ၁၂။ | ရန်ကုန်တိုင်းဒေသကြီး | ၁၀၇၈၄၅ | ၉၇၉၄၁ | ၇၆၉၄၁ | ၄၉၆၉၉ | ၆၅၃၃ |
| ၁၃။ | ရှမ်းပြည်နယ် | ၁၃၃၇၃ | ၁၃၃၇၃ | ၃၈၆၄ | ၂၆၅၄ | ၃၁၈ |
| ၁၄။ | ဧရာဝတီတိုင်းဒေသကြီး | ၃၁၅၆၃၂ | ၂၃၇၂၄၉ | ၂၄၇၆၂၂ | ၁၉၉၈၃၃ | ၁၀၂၇၄ |
| | **စုစုပေါင်း** | **၁၄၄၆၆၈၉** | **၁၃၅၁၆၅၃** | **၁၁၀၅၈၀၉** | **၈၂၅၇၃၅** | **၃၄၉၂၀၉** |

---

# တွန်းဇံမြို့နယ်တွင် ချောင်းရေလျှံမှုကြောင့် နေအိမ်များ ရေနစ်မြုပ်ပျက်စီးမှု ကယ်ဆယ်ထောက်ပံ့ရေး ဆက်လက်ဆောင်ရွက်လျက်ရှိ

**ဟားခါး ဩဂုတ် ၂၉**

ချင်းပြည်နယ် ဖလမ်းခရိုင် တွန်းဇံမြို့နယ်တွင် ဩဂုတ် ၂၈ ရက် နံနက်ပိုင်းက မိုးသည်းထန်စွာရွာသွန်းပြီး တောင်ကျရေစီးဆင်းခဲ့မှုကြောင့် နတ်မြောင်းချောင်း ရေလျှံပြီး တွီးခိန်ဇန်ကျေးရွာရှိ နေအိမ် ၆၀ ခန့် ရေစီးနှင့် မျောပါပျက်စီးခဲ့သည့်အပြင် တောင်ပေါ်မှ စီးဆင်းလာသော ရွှံ့ညွန်များနှင့် သစ်ပင်သစ်ကိုင်းများကြောင့် တွီးခိန်ဇန်ကျေးရွာနှင့် တစ်ဆက်တည်းတွင်ရှိသည့် ဟားခါးလေးကျေးရွာမှ လူနေအိမ် ၄၀ ခန့် ရွှံ့ညွန်များဖုံးလွှမ်းကာ နစ်မြုပ်ပျက်စီးခဲ့သော်လည်း လူသေဆုံးမှုမရှိကြောင်း သိရသည်။

အဆိုပါရေဘေးသင့်ကျေးရွာများသို့ ပြည်နယ်ဝန်ကြီးချုပ် ဦးဟုန်းငိုင်းနှင့် တာဝန်ရှိသူများသည် ဩဂုတ် ၂၈ ရက်က ကွင်းဆင်းစစ်ဆေးခဲ့ပြီး တွီးခိန်ဇန်ကျေးရွာနှင့် ဟားခါးလေးကျေးရွာများရှိ ရေဘေးသင့်ဒေသခံပြည်သူများကို ယာယီကယ်ဆယ်ရေးစခန်းများတွင် နေရာချထားပေးပြီး လိုအပ်သည့် မိုးကာရွက်ဖျင်တဲများ၊ ဆန်အိတ် ၁၂၅ အိတ်နှင့် စားသောက်ဖွယ်ရာများ၊ အဝတ်အထည်နှင့် စောင်များ၊ ဒန်အိုးဒန်ခွက်များနှင့် အလှူငွေကျပ် ၁၀ သိန်းစီ ထောက်ပံ့ပေးအပ်ခဲ့သည်။

ထို့ပြင် ကယ်ဆယ်ရေးစခန်းများရှိ ရေဘေးသင့် ပြည်သူများအား ကျန်းမာရေး စောင့်ရှောက်မှုများ ဆောင်ရွက်ပေးလျက်ရှိပြီး ကယ်ဆယ်ရေးနှင့် ထောက်ပံ့ရေးလုပ်ငန်းများ ဆက်လက်ဆောင်ရွက်လျက်ရှိရာ အိမ်မွေးတိရစ္ဆာန် ကျွဲ၊ နွားများ လိုက်လံဆယ်ယူလျက်ရှိကြောင်း သိရသည်။ **(ပြည်နယ် ပြန်/ဆက်)**

---

# ပွင့်ဖြူမြို့နယ်အတွင်းရှိ ရေဘေးသင့်ပညာရေးဝန်ထမ်းများနှင့် ကျောင်းသား ကျောင်းသူများအတွက် လှူဒါန်းငွေများပေးအပ်

**ပွင့်ဖြူ ဩဂုတ် ၂၉**

မကွေးတိုင်းဒေသကြီး မကွေးခရိုင်အတွင်းရှိ မြို့နယ်ပညာရေးမှူးရုံး ခြောက်ရုံးရှိ ပညာရေးဝန်ထမ်းမိသားစုများမှ ရေကြီးနစ်မြုပ်ခဲ့သော ပွင့်ဖြူမြို့နယ်အတွင်းရှိ ရေဘေးသင့်ပညာရေးဝန်ထမ်းများနှင့် ရေဘေးသင့် ကျောင်းသားကျောင်းသူများအတွက် လှူဒါန်းပွဲကို ဩဂုတ် ၂၇ ရက် နံနက် ၁၀ နာရီက ပွင့်ဖြူမြို့နယ် ပညာရေးမှူးရုံး အစည်းအဝေးခန်းမ၌ ကျင်းပရာ မကွေးခရိုင်ပညာရေးမှူးက ပွင့်ဖြူမြို့နယ်ပညာရေးမှူးထံ ငွေကျပ် ၁၀ သိန်း ပေးအပ်ခဲ့သည်။

ပွင့်ဖြူမြို့နယ်အတွင်းရှိ ရေဘေးသင့်ခဲ့သော ကျောင်းပေါင်း ၁၂၈ ကျောင်းတွင် အထက်တန်းကျောင်းသား ကျောင်းသူ ၂၉၄၆ ဦး၊ အလယ်တန်းကျောင်းသား ကျောင်းသူ ၈၂၅၆ ဦး၊ မူလတန်းကျောင်းသား ကျောင်းသူ ၁၁၉၈၅ ဦး စုစုပေါင်း ၂၃၁၈၇ ဦးရှိခဲ့ပြီး ရေဘေးသင့်ခဲ့သော ပညာရေးဝန်ထမ်းပေါင်း ၁၂၁၀ ရှိခဲ့ကြောင်း၊ ရေကြီးနစ်မြုပ်မှုတွင် ကျောင်းငါးကျောင်း ပျက်စီးခဲ့ရာ အမက မင်းမြေကွက်သစ်ကျောင်း၊အလကခွဲ ဆည်တော်ကျောင်း၊ အထကခွဲ ထနောင်းကုန်း၊ အမကမုန်းမြင့်တို့၏ကျောင်းများအား အဆောက်အအုံသစ် ဆောက်လုပ်ပေးနိုင်ရန် တင်ပြဆောင်ရွက်ထားကြောင်း သိရသည်။

**သန်းနိုင်ဦး(ငဖဲ)**

---

# စစ်ကိုင်းတိုင်းဒေသကြီးအတွင်း ရေကြီးနစ်မြုပ်သော စပါး ၁၀၃၃၈ ဧကနှင့် ပျိုးခင်း ၃၃၆၅ ဧက ပြန်လည်ပျိုးထောင်စိုက်ပျိုးပြီးဖြစ်

**မုံရွာ ဩဂုတ် ၂၉**

စစ်ကိုင်းတိုင်းဒေသကြီးအတွင်း ဇူလိုင်လနှင့် ဩဂုတ်လအတွင်း မိုးသည်းထန်စွာရွာသွန်းခဲ့မှုကြောင့် စပါးခင်းနှင့် ပျိုးခင်းများ ရေနစ်မြုပ်ခဲ့ရာ ပျက်စီးဆုံးရှုံးမှုများ ဖြစ်ပေါ်ခဲ့သည်။

အဆိုပါ စပါးခင်းများကို ပြန်လည်စိုက်ပျိုးလျက်ရှိရာ ဩဂုတ် ၂၇ ရက်အထိ ကလေးမြို့နယ်တွင် ၁၀၂၁၅ ဧက၊ ကောလင်းမြို့နယ်တွင် ၂၀၁၂၃ ဧက စုစုပေါင်း ၃၀၃၃၈ ဧက အား ပြန်လည်စိုက်ပျိုးပြီးဖြစ်သည်။

"ပျက်စီးသွားတဲ့စပါးခင်းတွေနေရာမှာ အချိန်မီပြန်လည်စိုက်ပျိုးနိုင်ရေးအတွက် တိုင်းဒေသကြီးအတွင်းရှိတဲ့ စိုက်ပျိုးရေးဦးစီးဌာနမှ ဝန်ထမ်းတွေကကွင်းဆင်းပြီး စိုက်ပျိုးရေးလုပ်ငန်းတွေမှာ ကူညီဆောင်ရွက်ပေးနေပါတယ်။ ဒီနှစ် ရာသီဉတုက ဖောက်ပြန်တဲ့အတွက် ပိုးမွှားအန္တရာယ်ဖြစ်ပွားနိုင်လို့ ကြိုတင်ကာကွယ်ရေးလုပ်ငန်းတွေအတွက် အသိပညာပေးလုပ်ငန်းတွေ ဆက်လက်လုပ်ဆောင်ပေးသွားမှာပါ "ဟု တိုင်းဒေသကြီးစိုက်ပျိုးရေးဦးစီးဌာနမှ တာဝန်ရှိသူတစ်ဦးက ပြောကြားသည်။ ယခုအခါ စပါးပျိုးခင်း ၃၃၆၅ ဧက ပြန်လည်ပျိုးထောင်ပြီးဖြစ်ကြောင်း သိရသည်။

**(ဖိုးချမ်း-မုံရွာ)**

ပြည်တွင်းရေးရာ



# အလုပ်ရှင်နဲ့ အလုပ်သမားတွေဘက်က တုံ့ပြန်လာတဲ့အပေါ်မှာ အများရဲ့ဆန္ဒကိုယူခဲ့ပြီး ဆုံးဖြတ်ခဲ့တာပါ

## ဦးမျိုးအောင် – အမြဲတမ်းအတွင်းဝန်

*ပြည်သူများစိတ်ဝင်စားနေသည့်သတင်းတစ်ပုဒ်ဖြစ်သော မြန်မာနိုင်ငံရှိ အလုပ်သမားများအတွက် အလုပ်သမား ၁၅ ဦးနှင့်အောက်ရှိ လုပ်ငန်းငယ်များ၊ မိသားစုတစ်ပိုင်တစ်နိုင် လုပ်ငန်းများမှအပ တစ်နိုင်ငံလုံး တစ်ပြေးညီ တစ်နာရီလျှင် ကျပ် ၄၅၀ နှုန်းဖြင့် အလုပ်ချိန် ၈ နာရီ တစ်ရက်အတွက် ကျပ် ၃၆၀၀ ကို အနည်းဆုံး အခကြေးငွေနှုန်းထားအဖြစ် စက်တင်ဘာ ၁ ရက်နေ့မှစ၍ အတည်ပြုသတ်မှတ်လိုက်ပြီဖြစ်ရာ သက်ဆိုင်ရာဝန်ကြီးဌာန၊ အလုပ်သမားအဖွဲ့အစည်း၊ အလုပ်ရှင်နှင့် အလုပ်သမားတို့အား တွေ့ဆုံမေးမြန်းထားသည်များကို တင်ပြလိုက်ရပါသည်။*

**ဦးမျိုးအောင် (အမြဲတမ်းအတွင်းဝန်၊ အလုပ်သမား၊ အလုပ်အကိုင်နှင့် လူမှုဖူလုံရေးဝန်ကြီးဌာန)**

"အလုပ်ရှင်၊ အလုပ်သမားအများစုရဲ့ သဘောထားကို ကောက်ယူခဲ့တယ်။ ကျွန်တော်တို့ ကန့်ကွက်ချက်တွေကို လက်ခံတဲ့အခါမှာတော့ ကန့်ကွက်စာရော ထောက်ခံစာရောဆို အားလုံးပေါင်း ၃၃၁ စောင်ရှိပါတယ်။အဲ့လိုကန့်ကွက်တဲ့ အတွက် တိုင်းဒေသကြီးနဲ့ ပြည်နယ်တွေမှာ အလုပ်ရှင်နဲ့ အလုပ်သမားတွေ့ပြီး ညှိနှိုင်းဆွေးနွေးခဲ့ရတယ်။ ဆွေးနွေးတဲ့အခါမှာ သူတို့က အပြုသဘောနဲ့ ပူးပေါင်းဆောင်ရွက်မယ်။ ကြိုးစားပါမယ်လို့ပြောကြပါတယ်။ ကျွန်တော်တို့က ပြီးခဲ့တဲ့ ဩဂုတ် ၃ ရက်အထိ ညှိနှိုင်းခဲ့တာပါ။ အဲ့ဒီညှိနှိုင်းပြီးတော့မှ အမြဲတမ်း ကော်မတီနဲ့ပြန်ပြီး ညှိနှိုင်းပြီးတော့မှ အတည်ပြုသတ်မှတ်ဖို့ ပြန်ပြီးသဘောတူခဲ့ ကြတာပါ။

အလုပ်ရှင်နဲ့ အလုပ်သမားတွေဘက်က တုံ့ပြန်လာတဲ့အပေါ်မှာလည်း အများရဲ့ ဆန္ဒကိုယူခဲ့ပြီး ဆုံးဖြတ်ခဲ့တာပါ။ တစ်ဆင့်ခံလုပ်ငန်းတွေ၊ လက်ခစား လုပ်ငန်းတွေ၊ အသေးစားလုပ်ငန်းတွေကတော့ နည်းနည်းလေးအခက်အခဲဖြစ် နိုင်တယ်၊ အလုပ်သမားကတော့ အလုပ်ရှင်ထက်စာရင် အခက်အခဲဖြစ်နိုင် ခြေနည်းပါတယ်။ တချို့ဆိုရင် အရင်က တစ်နေ့ကို ငွေကျပ် နှစ်ထောင် ကျော်ကျော်ပဲ ရတာရှိတယ်။ တချို့ဆို ကျပ် ၁၀၀၀ အောက်မှာပဲရှိတယ်။ ကျပ် ၃၆၀၀ ဆိုတော့ အရင်ထက်ပိုရသွားတယ်။ သိပ်ပြီး အခက်အခဲမဖြစ်နိုင်ပါဘူး။ သို့သော် ကုန်ဈေးနှုန်းကတော့ တစ်ချက်ကြည့်ရမယ်။

ပထမအဆင့်ပြီးသွားပြီ။ ဒုတိယအဆင့်မှာတော့ အလုပ်ရှင်တွေကို တွေ့ဆုံညှိနှိုင်းပြီးတော့မှ အခက်အခဲတွေနဲ့ လုပ်ပေးနိုင်တာတွေ သူတို့တောင်း ဆိုမယ့်ဟာတွေ၊ နေ့တွက်ခကြေး မြင့်သွားတဲ့အတွက် အချိန်ပိုကြေးမှာ တစ်နာရီလုပ်ခလစာ နှစ်ဆပေးရမယ်လို့ပြောထားတဲ့ဟာကို သူတို့က တစ်ဆခွဲ ပဲပေးမယ်လို့ပြောထားတာရှိတယ်။ အဲဒီလိုတောင်းဆိုထားတာလေးတွေ ရှိပါတယ်။ အလုပ်မလုပ်တဲ့ရက်တွေမှာတော့ ဥပမာ-တနင်္ဂနွေလိုရက်မျိုးတွေမှာ ပိုက်ဆံမပေးချင်ဘူးလို့ တောင်းဆိုမှုတွေရှိပါတယ်။ လျှပ်စစ်မီးတို့၊ မြေငှားရမ်းခ တို့ ဒါတွေကတော့ တခြားဌာနနဲ့ပူးပေါင်းဆောင်ရွက်ရမှာပါ။ ဆက်လုပ်ရမယ့် အလုပ်ရှင်တွေကို ကျွန်တော်တို့ဘက်က ဘယ်လောက်ထိ ညှိနှိုင်းပံ့ပိုးပေးရမလဲ ဆိုတာ ဆက်ပြီးဆွေးနွေးရဦးမယ်။ နှစ်ဆကနေ တစ်ဆခွဲ လျှော့ရမယ်ဆိုတာ တွေက ပြင်ရမှာဖြစ်တဲ့အတွက် ဥပဒေနဲ့သွားရမယ့်အပိုင်းတွေရှိတယ်။ အလုပ် သမားတွေနဲ့လည်း ညှိနှိုင်းရမယ်။ အကုန်လုံးပြင်ဖို့ လွှတ်တော်ကိုတင်ရမှာပါ။

လူမှုဖူလုံရေးအနေနဲ့ အလုပ်သမားတွေရဲ့ အိမ်ရာစီမံကိန်းကို စဉ်းစားနေ တယ်။ အလုပ်သမားတွေက အပြင်မှာငှားနေရတာရှိတယ်။ နှစ်သောင်း သုံးသောင်းဆို ကျဉ်းကျဉ်းကျပ်ကျပ်နဲ့ ချက်ပြုတ်ဖို့တောင် မလွယ်တဲ့ အခန်း လေးတွေ။ နောက်တစ်ခါ အလုပ်ရှင်ဘက်က အခက်အခဲဖြစ်နေတဲ့ ဖယ်ရီ ကြိုပို့ကိစ္စတွေနဲ့ပတ်သက်ပြီး ဘယ်လိုကူညီနိုင်မလဲ၊ ဒါကိုလည်း စဉ်းစားနေ တယ်။ အဲဒါတွေကို လူမှုဖူလုံရေးကလုပ်မှာပါ။ ထည့်ဝင်ကြေးကတော့ အလုပ် သမားတွေရော၊ အလုပ်ရှင်တွေရော အဆင်ပြေဖို့အတွက် အခြေခံလုပ်ခလစာ ထဲကပဲ ထည့်ဝင်ဖို့ပြောပြီးသားပါ။ ။

**ဦးအောင်လင်း (မြန်မာနိုင်ငံ အလုပ်သမားသမဂ္ဂများအဖွဲ့ချုပ် ဥက္ကဋ္ဌ)**

"ကျွန်တော်တို့ဆီမှာ ၁၉၅၄ ခုနှစ်နောက်ပိုင်း ဆေးလိပ်ခုံတွေကနေ တောင်းဆိုလို့ အနည်းဆုံးအခကြေးငွေ သတ်မှတ်ခဲ့ပါတယ်။ ဒီဘက် ၂၀၁၅ ခုနှစ်မှာတော့ အနည်းဆုံးအခကြေးငွေကို ပထမဆုံးသတ်မှတ်ပေးတယ်လို့ ပြောလို့ရတယ်။ တစ်နိုင်ငံလုံးကို လွှမ်းခြုံတဲ့ လုပ်ငန်းမခွဲခြားဘဲ သတ်မှတ်ပေး လိုက်တဲ့အပေါ်မှာ အသိအမှတ်ပြုရမှာဖြစ်ပါတယ်။ နောက်တစ်ချက်က ဒီသတ်မှတ်ပေးလိုက်တဲ့ အနည်းဆုံးအခကြေးငွေဟာ လက်ရှိ လုပ်သားတွေရဲ့ လူမှုဘဝ ကုန်ကျစရိတ်တွေကို ပြည့်စုံလုံလောက်မှုရှိသလားဆိုတဲ့ အပိုင်းနဲ့ ပတ်သက်ပြီးသုံးသပ်ရင် အလုပ်သင်ကာလ သုံးလမှာတော့ ဒီဥပဒေအရ အနည်းဆုံးအခကြေးငွေ ၅၀ ရာခိုင်နှုန်းကို ပေးရမယ်။ အလုပ်သင်ကာလ သုံးလပြီးတော့ စမ်းသပ်ကာလ သုံးလမှာတော့ အနည်းဆုံးအခကြေးငွေရဲ့ ၇၅ ရာခိုင်နှုန်းကို ရရှိပါ့မယ်။ ဒါကိုအလုပ်ရှင်ကပေးရမယ့် အခွင့်အရေးပါ။ အလုပ်သမားတစ်ယောက်က ငွေကျပ် ၃၆၀၀ ဆိုတဲ့ ဒီအခြေခံလစာကို သူရရှိဖို့ အမြဲတမ်းခန့်ဝန်ထမ်းဖြစ်မှ သူရမယ်။ ငွေကျပ် ၃၆၀၀ က တကယ်တော့ အလုပ်သမားတစ်ယောက်အတွက် အလုံးစုံလုံလောက်တဲ့ ငွေကြေးတော့မဖြစ် ဘူး။ မိသားစုရှိတဲ့ဝန်ထမ်းဆို ပိုပြီးတော့မပြည့်စုံဘူး။ ဘာကြောင့်လဲဆိုတော့ အခြားစရိတ်စကတွေက ပိုပြီးတော့မြင့်တက်နေလို့ဖြစ်ပါတယ်။

အနည်းဆုံးလုပ်ခ ကျပ် ၃၆၀၀ အပြင် အလုပ်ရှင်က ထပ်ဆောင်းပေးရမယ့် ပထမအချက်က ကြိုပို့ဖယ်ရီစီစဉ်ပေးသင့်တယ်ဆိုတဲ့အချက်ပါ။ ဒုတိယ အချက်ကတော့ နှစ်တိုးကြေးထပ်ဆောင်းပေးဖို့တစ်ချက်ပါ။ တတိယအချက်က တော့လုပ်ငန်းခွင်မပျက် ပညာသင်ကြားရေးဆိုတဲ့အချက်ပါ။ ဒါကို လုပ်ငန်းရှင် တွေက ခွင့်ပြုပေးဖို့ဆိုတဲ့အချက်ပါ။ စတုတ္ထအချက်ကတော့နေထိုင်မှုပုံစံနဲ့ ပတ်သက်ပြီးတော့ ပြည့်စုံအောင် အလုပ်သမားဝန်ကြီးဌာနနဲ့ ကျွန်တော်တို့ ဆွေးနွေးထားတာရှိတယ်။ ဒီအခြားအချက်လေးချက်နဲ့ ဆွေးနွေးမှသာလျှင် ငွေကျပ် ၃၆၀၀ ဟာ အလုပ်သမားတွေရဲ့ဘဝကို ပြည့်စုံလုံလောက်တဲ့ အနေ အထားတစ်ခု ဖန်တီးပေးနိုင်မှာဖြစ်ပါတယ်။



ကိုကျော်ဇေယျ။



ဦးအောင်လင်း။

အခုသတ်မှတ်တဲ့အနည်းဆုံးအခကြေးငွေကို အလုပ်သမားတွေဘက်ကနေ ကြိုဆိုတယ်ဆိုတာထက် ဒီဘက်ခေတ်မှာ ပထမဆုံးရရှိတဲ့ အခွင့်အရေးကို လက်လွှတ်မခံချင်တဲ့ အနေအထားဖြစ်ပါတယ်။ ဒီအပေါ်မှာ ဆုပ်ကိုင်ထားရမယ့် ဒီအခွင့်အရေးပါ။ ထပ်ဆောင်းပြီးတော့ ပံ့ပိုးမှုတွေရရှိဖို့ကို လုပ်ငန်းရှင်တွေနဲ့ ညှိနှိုင်းဆွေးနွေးတာမျိုး၊ လိုအပ်ရင် ပြည်ထောင်စုအစိုးရကို တင်ပြပြီးတော့ အလုပ်ရှင်၊ အလုပ်သမား၊ အစိုးရ သုံးပွင့်ဆိုင် ပူးပေါင်းဖြေရှင်းပြီးတော့ လုပ်ငန်းခွင် အေးချမ်းတည်ငြိမ်ရေး ရှေးရှုသွားဖို့အတွက်ကို မျှော်လင့်ထားပါ တယ်။

**ကိုကျော်ဇေယျ (နယူးဝေးလ် ဖိနပ်စက်ရုံဝန်ထမ်း)**

"ငွေကျပ် ၃၆၀၀ နှုန်းထားဆိုတာကို ကျွန်တော်က အနည်းဆုံးအခကြေးငွေ စိစစ်ရေးကော်မတီထဲမှာပါတော့ အလုပ်ရှင်နဲ့ အလုပ်သမားတွေရဲ့ သဘော ထားကိုသိဖို့ အစည်းအဝေးတွေထိုင်ကြတယ်။ ညှိကြတယ်ပေါ့ဗျာ။ လုပ်ငန်းရှင် တွေ ဘက်ကလည်း အခက်အခဲတွေတင်ပြတယ်။ ဆွေးနွေးတယ်၊ သတ်မှတ်မယ် ဆိုတော့လည်း ကြိတ်မှိတ်ပြီး တင်းပြီးတော့ သဘောတူထားကြပါတယ်။ ဒီနေ့ နှုန်းထားထွက်လာတဲ့အပေါ်မှာဆိုရင်တော့ အခြေခံလုပ်ခလစာလေး ရှိလာပြီ။ အထောက်အပံ့လေးတစ်ခုရလာပြီဆိုပြီးတော့ ကျွန်တော်တို့ကတော့ ကြိုဆိုပါတယ်ခင်ဗျ။ ဆက်လုပ်စရာရှိတာကတော့ ကျွန်တော်လုပ်နေတဲ့ နယူးဝေးလ် ဖိနပ်စက်ရုံဆိုရင်လည်း အလုပ်သမားက ၁၂၀၀ လောက်ရှိတယ်။ လုပ်သက်တွေက နှစ်နှစ်ကနေ ၁၁ နှစ်အထိ ရှိကြပါတယ်။ လုပ်သက်တွေ အပေါ်မှာတော့ ဒီလစာတွေကို ပြန်ပြီးတော့ နေရာချတဲ့အပေါ်မှာပြန်ပြီး ဆွေးနွေးစရာအလုပ်ပေါ်လာပါတယ်။ အဲ့ဒီအပိုင်းလေးတော့ သုံးသပ်မိတယ်။

ဒါပေမယ့် ကျွန်တော်တို့ အလုပ်သင်ဆို ဘယ်လောက်ရာခိုင်နှုန်း၊ ကျွမ်းကျင်သူဆို ဘယ်လောက်၊ လုပ်သက်ဘယ်လောက်ဖြစ်ရင်ရာခိုင်နှုန်း ဘယ်လောက်ပေးရမယ် ဆိုတာမျိုးပါ။ ဒါလေးထွက်လာတော့ အခြေခံငွေကြေး လေးတော့ ရလာတယ်ပေါ့ဗျာ။ ငွေကျပ် ၃၆၀၀ မကိုက်လို့ ပိတ်မယ်ဆိုတော့ လည်း အလုပ်ထုတ်ဥပဒေကရှိတယ်ဆိုတော့ လုပ်ထုံးလုပ်နည်းနဲ့အညီ သက်ဆိုင်ရာ အလုပ်သမားကို သူ့လုပ်သက်အလိုက် သတ်မှတ်ထားတဲ့ နှုန်းထားကို ပေးရမှာပါ။ ပိတ်မယ်ဆိုလည်း ဘာမှတားလို့ ဆီးလို့ကမရဘူး။ လျစ်လျူရှုပြီးတာဝန်မဲ့ပြီး ပြေးသွားမယ့်ပုံစံမျိုးတော့ စိုးရိမ်တယ်။

**ဦးအေးသောင်း(ရွှေလင်ဗန်းစက်မှုဇုန်ဥက္ကဋ္ဌ၊ ယူနတီအထည်ချုပ်စက်ရုံပိုင်ရှင်)**

"ဒါကတော့ ပေးသင့်ပေးထိုက်တဲ့အချိန်မှာ အလုပ်သမားတွေကို ပေးတယ်လို့ပဲ ကျွန်တော်ယူဆပါတယ်။ မပေးနိုင်တဲ့ အလုပ်ရှင်တွေအတွက် ကတော့ စိတ်မကောင်းပါဘူး။ မပေးနိုင်တဲ့သူတွေကလည်း တိုးပေးဖို့ ကြိုးစား ကြပါ။ ရှေ့လျှောက် ပြိုင်ဆိုင်မှုတွေ ပြင်းထန်လာမှာပါ။ နောက်တစ်ချက်က တစ်ပြည်လုံးအတိုင်းအတာနဲ့ဆိုတော့ နယ်မှာရှိတဲ့လူတွေအတွက် အခက်အခဲရှိ တယ်။ ဒါပေမယ့်လည်း နိုင်ငံတကာနဲ့ ယှဉ်မယ်ဆို မြန်မာနိုင်ငံမှာ အများကြီး သက်သာနေပါသေးတယ်။

လူအင်အားများများသုံးတာ အထည်ချုပ်လုပ်ငန်းဖြစ်ပါတယ်။ ဒီနေ့ သတ်မှတ်လိုက်တဲ့လုပ်ခငွေက တစ်ပြည်လုံးအတိုင်းအတာနဲ့ ဖြစ်သွားတဲ့အခါ ကျတော့ နယ်မှာရှိတဲ့လူတွေက အဲဒီလောက်မပေးနိုင်ကြဘူး။ အလုပ်သမား တွေအတွက်လည်း အချိန်အများကြီးလုပ်ရတဲ့အတွက်ကြောင့် ကျန်းမာရေးက အရေးကြီးတယ်။ ကျန်းမာရေးအတွက် လူမှုဖူလုံရေးကြေးအတွက်ကို အလုပ်ရှင် က သုံးရာခိုင်နှုန်း၊ အလုပ်သမားက နှစ်ရာခိုင်နှုန်းပေးရတယ်။ စက်မှုဇုန်တွေ မှာ ဆေးခန်းတွေ၊ အိမ်ရာစီမံကိန်းတွေ ဆောင်ရွက်ပေးမယ်လို့ အလုပ်သမား ဝန်ကြီးဌာနကပြောတယ်။ တကယ်လုပ်စေချင်ပါတယ်။ အဲ့ဒါကိုလည်းမြန်မြန် အကောင်အထည်ဖော်ပေးဖို့ပါ။

နိုင်ငံတော်အနေနဲ့ကလည်း လိုအပ်တာလေးတွေပံ့ပိုးပေးပါ။ မဖြစ်နိုင် တာကို မတောင်းဆိုပါဘူး။ ဂိတ်ကြေးပေးရတဲ့ကိစ္စတွေ၊ သူများနိုင်ငံလိုပဲ မကောက်တော့ဘူးဆိုရပါပြီ။ ပြင်သင့်တာတွေပြင်ပေးပါ။ဒါဆိုလို့ရှိရင် အားလုံး တက်ညီလက်ညီနဲ့ နိုင်ငံတော်အစိုးရရော၊ အလုပ်ရှင်ရော၊ အလုပ်သမားရော အားလုံးပေါင်းလုပ်မှ အောင်မြင်မှာဖြစ်ပါတယ်။ ဒါဆို ကျွန်တော်တို့ တိုင်းပြည် မကြာပါဘူး တိုးတက်လာမှာပါ။ အလုပ်ရှင်တွေလည်း ပေးချင်တာထက်ပေးချင် အောင်၊ ပေးလာနိုင်အောင် အလုပ်သမားတွေကလည်း ကူညီတဲ့အနေနဲ့ ကြိုးစားကြပါ။ ငွေကျပ် ၃၆၀၀ ပေးလိုက်ရုံနဲ့ ပြီးသွားမှာမဟုတ်ဘူး။ ထပ်ပြီး ရှိလာဦးမှာ။ နိုင်ငံတော်ကလည်း ထိန်းညှိပေးဖို့လိုတယ်ဆိုတာ ဝန်ကြီးဌာန တစ်ခုတည်းတော့ မဟုတ်ပါဘူး။ ဘဏ္ဍာအခွန်ရော၊ ဆိပ်ကမ်းရော၊ အစုံပေါ့ဗျာ။ သက်ဆိုင်ရာဝန်ကြီးဌာနတွေ ဝင်ထိန်းညှိလိုက်ရင် ခဏလေးပါ။ ကောင်းဖို့ လုပ်ကြတာပဲဗျာ။ နောက်မကျပါဘူး။ ။

တွေ့ဆုံမေးမြန်းနှင့် ဓာတ်ပုံ » သီသီမင်း

# သီလဝါစီမံကိန်းလုပ်သားများအား လုပ်ငန်းခွင်ဘေးကင်းရေးနှင့် လုပ်ငန်းခွင်သုံး စက်ယန္တရားမောင်းနှင်သင်တန်း ၂၀၁၆ တွင်ဖွင့်မည်

**ရန်ကုန် ဩဂုတ် ၂၉**

ဂျပန်နိုင်ငံမှ အသက်မွေးဝမ်းကျောင်းပညာ သင်ကျောင်းဖြစ်သည့် Fujiwork Myanmar Thilawa SEZ Co.,Ltd. မှ ရက်တိုသင်တန်းများကို သီလဝါအထူးစီးပွားရေးဇုန်အတွင်း လုပ်ငန်းများ တွင် ကုန်တင်/ကုန်ချလုပ်သားများအတွက် လိုအပ်သည့် ဘေးအန္တရာယ်ကင်းစေရန်နှင့် လုပ်ငန်းခွင်သုံး စက်ယန္တရားများဖြစ်သော Toyota Forklift စက်များကို ကျွမ်းကျင်စွာ မောင်းနှင်အသုံးပြုနိုင်ရန်နှင့် လုပ်ငန်းတွင်း ရှောင်ရန်ဆောင်ရန် သိထားသင့်သည့် ရက်တိုသင်တန်းကို ဖွင့်လှစ်သင်ကြားပေးရန် စီစဉ်ထားကြောင်း Fujiwork(Myanmar Branch) မှ Corporate Planning Dept (International Operation Dept) မန်နေဂျာ Mr.Toshiyuki Morimatsu က ပြောသည်။

Fujiwork Myanmar Thilawa SEZ Co.,Ltd. သည် ဖေဖော်ဝါရီ ၁၃ ရက်က မြန်မာ့ရင်းနှီးမြှုပ်နှံမှုကော်မရှင်မှ ခွင့်ပြုချက်ရရှိခဲ့ပြီး ယခုအခါ Thilawa SEZ ဇုန် (A) အတွင်း Fujiwork Myanmar Thilawa SEZ Vocational Training Center သင်တန်းရုံးအဆောက်အအုံကို တည်ဆောက်နေပြီး Forklift Safety Training Program သင်တန်းကို ၂၀၁၆ ခုနှစ် မေလတွင် စတင်၍ သင်တန်းကြေးအနိမ့်ဆုံးနှုန်းဖြင့် ဂျပန်နိုင်ငံမှ သင်တန်းဆရာသုံးဦးက မြန်မာစကားပြန်ဆရာများမှတစ်ဆင့် သင်ကြားပေးမည်ဖြစ်ပြီး သင်တန်းကာလ ငါးရက်ကြာမည်ဖြစ်သည်။ သင်တန်းကို သက်ဆိုင်ရာ SEZ ကုမ္ပဏီ ဝန်ထမ်း သင်တန်းသားများ၏ ကုမ္ပဏီများထံမှ ကုန်ကျခံစေရန် ညှိနှိုင်းထားပြီး သင်တန်းသားသစ်များကိုလည်း လက်ခံသင်ကြားပို့ချသွားမည်ဖြစ်ကြောင်း ပြောသည်။

သီလဝါစက်မှုဇုန်အတွင်းတွင် လက်ရှိလုပ်သား ငါးသောင်းကျော်ခန့် လုပ်ကိုင်လျက်ရှိကြောင်း Fujiwork မှ သိရသည်။ တစ်ကမ္ဘာလုံးတွင် Toyota Forklift များသုံးစွဲမှုမှာ ၃၀ ရာခိုင်နှုန်းမှ ၄၀ ရာခိုင်နှုန်းအထိရှိသဖြင့် Toyota Forklift များဖြင့် သင်ကြားပေးမည်ဟု သိရသည်။

မြန်မာ့ရင်းနှီးမြှုပ်နှံမှုကော်မရှင် ၃၆ ရင်းနှီးမြှုပ်နှံမှုပါမစ် ၃၆ ခုခန့် ချပေးထားပြီး ယခုနှစ်အတွင်း စီးပွားရေးလုပ်ငန်းများစတင်ဆောင်ရွက်ရန် သီလဝါ SEZ လူနေမှုအတွက် လိုအပ်သည့် စာသင်ကျောင်း၊ အပန်းဖြေစင်တာ၊ ဆေးရုံ၊ ရုပ်ရှင်ရုံ၊ အသက်မွေးဝမ်းကျောင်းပညာသင်တန်းကျောင်းများ၊ online complain center များလည်း တည်ဆောက်ပေးမည်ဖြစ်ပြီး ပထမဦးဆုံးအနေဖြင့် သင်တန်းသား ၄၀ ခန့်ကို အခမဲ့သင်ကြားပေးမည့်အပြင် သင်တန်းသွားလာစရိတ်နှင့် နေ့တွက်စရိတ်များ လုပ်သားများကို အသေးစားချေးငွေထုတ်ပေးရန် စီစဉ်နေကြောင်း သီလဝါအထူးစီးပွားရေးဇုန် စီခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဦးဆက်အောင်က ပြီးခဲ့သည့် ဇွန်လက ပြောကြားသည်။

(ကြေးမုံ)

# ကျွန်တော်ချစ်မိနေပါပြီလို့ဆိုလာတဲ့ ဂျက်စတင်ဘီဘာ

"Never Say Never"သီချင်း အဆိုတော် ဂျက်စတင်ဘီဘာက သူ့ရဲ့ တေးအယ်လ်ဘမ်သစ် "What Do You Mean"အတွက် ပြုလုပ်တဲ့ ပရိုမိုးရှင်းပွဲမှာ သူ၏အချစ်သစ် အကြောင်းကို ဖွင့်ဟလာခဲ့ပါတယ်။

သူဖွင့်ပြောလာတဲ့ သူ့ရဲ့ချစ်သူ အသစ်ကတော့ အက်စ်သာလို့ အမည်ရပါတယ်တဲ့။ အက်စ်သာက တော့ အခြားမဟုတ်ပါဘူး။ သူ့အိမ်မှာမွေးထားတဲ့ ချစ်စရာပိုးသားလိုနူးညံ့တဲ့အမွှေးလေးတွေရှိတဲ့ တယ်လီယာ ခွေးမလေး ပါပဲ။



ဂျက်စတင်ဘီဘာက "The Morning Show"ရုပ်သံအစီအစဉ်၏ အင်တာဗျူးတစ်ခုမှာ "ကျွန်တော် အချစ်သစ်ကို တွေ့ရှိသွားပါပြီ။ ကျွန်တော်သူ့ကို အလွန်ချစ်မိနေပါပြီ။ သူ့နာမည်က အက်စ်သာပါ။ ကျွန်တော်ရဲ့ ပါပီလေးပေါ့။ ပိုးသားလို နူးညံ့တဲ့ အမွှေးလေးတွေနဲ့ အလွန်ပဲ ချစ်စရာကောင်းပါတယ်"လို့ အရွှန်းဖောက်ကာ ပြောခဲ့ပါတယ်။

ဘီဘာသည်ပြီးခဲ့သည့် နှစ်အတွင်းက လူအများ အထင်သေးစေတဲ့ အပြုအမူများစွာကို လုပ်ခဲ့မိတဲ့အတွက် ယခုအချိန်မှာတော့ လူကောင်း တစ်ဦးဖြစ်လာဖို့ ကိုယ့်ကိုယ်ကိုယ်ကြိုးစားတည်ဆောက်နေတယ်လို့ ဆိုပါတယ်။ သူက"ကျွန်တော့်ရဲ့ စိတ်ခံစားချက်တွေကို အထောက်အကူပေးနိုင်မယ့်သူတွေ၊ ကျွန်တော့်ဘဝကို မြှင့်တင်ပေးနိုင်မယ့်သူတွေ၊ ကျွန်တော့်ကိုယ်ကျွန်တော် အကောင်းဆုံးသောသူအဖြစ်မြင်လာစေပြီး ကိုယ့်ကိုယ်ကိုယ်ယုံကြည်မှုတွေ ဖန်တီးပေးနိုင်မယ့်သူတွေ၊ အဲ့ဒီလိုလူတွေနားမှာပဲ ကျွန်တော်နေချင်တယ်။ ဘာလို့လည်းဆိုတော့ ဒီလောကထဲမှာ ကျွန်တော်ကျရှုံးတာကို မြင်ချင်နေကြတဲ့ လူတော်တော် များများရှိနေတယ်လေ"လို့လည်း ပြောခဲ့ပါတယ်။

ဆက်ပြီးတော့ သူက "လူတွေ အပေါ်ယုံကြည်မှုထားရတာ အတော်ခက်ခဲတဲ့ကိစ္စပါ။ အထူးသဖြင့် ကျွန်တော့်အတွက်ပေါ့။ ကျွန်တော် အရင်က ယုံကြည်ချင်စရာမကောင်းတဲ့ သူတွေကိုတောင် ယုံကြည်ပေးခဲ့တယ်။ သူတို့တွေကြောင့် ကျွန်တော့်နှလုံးသားတွေပဲ နာကျင်ခဲ့ရတယ်လေ" လို့လည်း ရင်ဖွင့်ခဲ့ပါတယ်။

ဘီဘာက ကိုယ့်ရဲ့ ယုံကြည်မှုတွေကိုဖျက်ဆီးခဲ့တဲ့ သူအတွက် အခြားသူတွေ အပေါ်ထားရှိတဲ့ ယုံကြည်မှုကိုတော့ မစွန့်လွှတ်လိုက်ဖို့ သူ့ရဲ့ပရိသတ်တွေအတွက် လက်ဆောင်ပေးခဲ့ပါတယ်။ ■

## ကလေးများအတွက် နမူနာယူစရာ အဆိုးရွားဆုံးအနုပညာရှင်အဖြစ် မိုင်လီဆိုင်းရပ်စ်ကို ဗြိတိန်မိဘများရွေးချယ်

အမေရိကန်ပေါ့ပ်အဆိုတော် မိုင်လီဆိုင်းရပ်စ်သည် အမျိုးသမီးအနုပညာရှင်များအနက် ကလေးများ အတုယူမိပါက အကျင့်စရိုက်ဆိုးများကိုသာ လွှမ်းမိုးနိုင်မည့် အဆိုးရွားဆုံးသော အနုပညာရှင်အဖြစ် ဗြိတိန် မိဘများက ရွေးချယ်ပေးခဲ့သည်။

ဗြိတိန်နိုင်ငံရှိ အသက်(၁၀)နှစ်အောက်ကလေးရှိသော မိဘ ၂၂၈၇ ဦးကို ကလေးများအတွက် နမူနာယူစရာ အဆိုးရွားဆုံးအနုပညာရှင်ကို မေးမြန်းစာရင်းကောက်ယူခဲ့ရာ မိဘများ၏ ၇၈ရာခိုင်နှုန်းက အဆိုတော် မိုင်လီဆိုင်းရပ်စ်ကို ရွေးချယ်ဖြေကြားခဲ့သည်။

မိုင်လီကို ရွေးချယ်ရခြင်းနှင့်ပတ်သက်၍ အကြောင်းပြချက်ကို မေးမြန်းရာတွင် မိဘအများစုက မိုင်လီသည် ဝတ်စား ဆင်ယင်ရာတွင် အသားများကို အလွန်အမင်း ဖော်ပြဝတ်ဆင်သောကြောင့်ဖြစ်ကြောင်း ဖြေကြားခဲ့သည်။

ဒုတိယအဆိုးရွားဆုံးအနုပညာရှင်အဖြစ် ကင်မ်ကားဒစ်ရှန်း၊ တတိယနေရာတွင် Twillight မင်းသမီး ခရစ်စတင်းစတူးဝက်ထ်နှင့် စတုတ္ထနေရာတွင် ပေါ့ပ်ဘုရင်မ ရီဟားနားတို့ကို ရွေးချယ်ခဲ့ကြသည်။ အဆိုးရွားဆုံးသော အမျိုးသားအနုပညာရှင်အဖြစ် ရက်ပ်အဆိုတော် ကန်ရီဝက်စ်ထ် အရွေးချယ်ခံရသည်။ ဒုတိယအဆိုးရွားဆုံးအဖြစ် ဂျက်စတင်ဘီဘာ၊ တတိယနေရာတွင် ဂျိုးအက်စက်စ်နှင့် စတုတ္ထနေရာတွင် ဇန်မာလိခ်တို့ အရွေးချယ်ခံခဲ့ရသည်။

အကောင်းဆုံးသော စံပြအမျိုးသမီးအဖြစ် ကမ်းဘရစ်ရှ်မြို့စားကတော် ကိတ်မစ်ဒယ်တန်ကို ရွေးချယ်ခဲ့ကြပြီး ပေါ့ပ်အဆိုတော် တေလာဆွစ်က ဒုတိယနေရာကို ရရှိထားသည်။ အမျိုးသားများအနက် ပေါ့ပ်အဆိုတော် အက်ဒ်ရှီးရန်ကို စံပြအနုပညာရှင်အဖြစ် ရွေးချယ်ခဲ့ကြသည်။ Formula One ကမ္ဘာ့ချန်ပီယံ လူးဝစ်ဟာမင်တန်က အမျိုးသားများအနက် စံပြအဖြစ် ဒုတိယအများဆုံးမဲပေးခံခဲ့ရသည်။

## MTVတေးဂီတဆုပေးပွဲတွင် ပါဝင်ဖျော်ဖြေကြမည့် အနုပညာရှင်များကို ထုတ်ပြန်

MTVရုပ်သံလိုင်းက စီစဉ်ကျင်းပသည့် ၂၀၁၅ခုနှစ်အတွက် တေးဗီဒီယိုနှင့် တေးဂီတဆုပေးပွဲတွင် ပါဝင်ဖျော်ဖြေမည့် အနုပညာရှင်များကို ဟောလိဝုဒ်ဒေ့ါကွန်းက ဖော်ပြခဲ့သည်။

ပါဝင်ဖျော်ဖြေမည့်အနုပညာရှင်များမှာ တေလာဆွစ်၊ ဆယ်လီနာဂိုမက်ဇ်၊ ကမ်းဒရစ်ခ်လမ်မာနှင့် ဘရူနိုမားစ်တို့ ဖြစ်ကြသည်။

အသက်(၂၅)နှစ်အရွယ် ပေါ့ပ်အဆိုတော်တေလာဆွစ်က သူ၏ တေးစီးရီးသစ်မှ "Bad Blood"တေးသီချင်းဖြင့်ဖျော်ဖြေသွားမည်ဖြစ်ပြီး အသက်(၂၃)နှစ်အရွယ် ဆယ်လီနာဂိုမက်ဇ်နှင့် (၂၉)နှစ်အရွယ် ဘရူနိုမားစ်တို့ ပါဝင်ဖျော်ဖြေသွားမည့် သီချင်းများကိုမူ ဖော်ပြထားခြင်း မရှိပေ။

အဆိုပါဆုပေးပွဲကို ဩဂုတ် ၃၀ ရက်တွင် ကျင်းပသွားမည်ဖြစ်ကာ အဆိုတော်မိုင်လီဆိုင်းရပ်စ်က အစီအစဉ်တင်ဆက်သူအဖြစ် ပါဝင်တင်ဆက်သွားမည်ဖြစ်သည်။

**အေးပြည့် - စုစည်းသည်။**

## ဒါရိုက်တာတစ်ဦးအဖြစ် ဘူဆန်ရုပ်ရှင်ပွဲတော်ကို တက်ရောက်မယ့် ယွန်းအန်ဟေး



မြန်မာပရိသတ်ရင်ထဲသို့ "Coffee Prince"ရုပ်ရှင်ဖြင့် စတင်နေရာယူဝင်ရောက်လာခဲ့သော တောင်ကိုရီးယားမင်းသမီးချော ယွန်းအန်ဟေးသည် ဘူဆန်နိုင်ငံတွင် ကျင်းပမည့် အကြိမ် (၂၀) မြောက် အပြည်ပြည်ဆိုင်ရာ ရုပ်ရှင်ပွဲတော်သို့ ရုပ်ရှင်ဒါရိုက်တာ တစ်ဦးအနေဖြင့် တက်ရောက်မည်ဖြစ်သည်။

ဘူဆန်အပြည်ပြည်ဆိုင်ရာ ရုပ်ရှင်ပွဲတော်(BIFF)က ထုတ်ပြန်သည့်စာရင်းအရ "wide Angle"ရုပ်ရှင်များစာရင်းတွင် ယွန်းအန်ဟေးရိုက်ကူးခဲ့သည့် "Red Eye"ရုပ်ရှင်ကို ဇာတ်လမ်းတို ရုပ်ရှင်တစ်ခုအဖြစ် ပါဝင်ပြသခွင့်ရခဲ့ခြင်းဖြစ်သည်။

ယွန်းအန်ဟေးသည် အဆိုပါ ရုပ်ရှင်ပွဲတော်သို့ သူပါဝင်သရုပ်ဆောင်ခဲ့သည့် ဇာတ်လမ်းတို ရုပ်ရှင်အတွက် မင်းသမီးတစ်ဦးအဖြစ် တက်ရောက်ခဲ့ဖူးပြီး ဒုတိယမြောက်အကြိမ်တွင်မူ ဒါရိုက်တာ တစ်ဦးအဖြစ် တက်ရောက်ခွင့်ရခဲ့ခြင်းဖြစ်ကာ ကမ္ဘာတစ်ဝန်းရှိ အနုပညာရှင်များ ရှေ့မှောက်တွင် သူ၏ဒါရိုက်တာ အရည်အသွေးကို ချပြခွင့်လည်း ရရှိခဲ့ပြီဖြစ်သည်။

အဆိုပါ ရုပ်ရှင်ပွဲတော်ကို ယခုနှစ် အောက်တိုဘာ ၁ ရက်မှ စတင်ကာ ဘူဆန်စင်းနီးမားစင်တာတွင် ၁၀ ရက်ကြာကျင်းပသွားမည်ဖြစ်သည်။

## ရုပ်မြင်သံကြားအစီအစဉ်များ

၃၀ - ၈ - ၂၀၁၅ (တနင်္ဂနွေနေ့)

### မြန်မာ့ရုပ်မြင်သံကြား Entertainment Channel

၆း၀၀ အဖွင့်
-မြို့မငြိမ်း(၁၀၅)နှစ်မြောက် အထိမ်းအမှတ် မန္တလေးမြို့မ တူရိယာအသင်းနှင့် နိုင်ငံတော်သံစုံတီးဝိုင်းတို့ပူးပေါင်း ဖျော်ဖြေတင်ဆက်မှုအစီအစဉ် (အပိုင်း-၇)
၆း၂၀ မြန်မာဗီဒီယိုဇာတ်လမ်း "ဆွေး" (သူထူးစံ၊ ဖြိုးငွေစိုး၊ သက်မွန်မြင့်၊ ဆုပန်ထွာ) (ဒါရိုက်တာ-မောင်အောင် (ရှုပဗေဒ)
၇း၅၀ ဝတ်စားဆင်ယင်မှုပြပွဲ (တေးဂီတ)
၈း၃၀ တေးဂီတအစီအစဉ်
၈း၄၅ "ထောင်မင်းသားနှင့် တွေ့ဆုံခြင်း"
၉း၀၀ ဆိုကြမယ်၊ ပျော်ကြမယ်
၉း၅၀ မြန်မာရုပ်ရှင် (ဆေးရောင်စုံ) "ပန်းဒဏ္ဍာရီ"

**တစ်နေ့ (၆)နာရီစာ (၄) ကြိမ်ပြသပါမည်။**

### မြန်မာ့ရုပ်မြင်သံကြား News Channel ထုတ်လွှင့်မှု အစီအစဉ်

၆း၀၀ မင်းကွန်းဆရာတော်ကြီး၏ ပရိတ်တရားတော်
၆း၃၅ မင်းကွန်းဆရာတော်ကြီး၏ အရပ်ဆယ်မျက်နှာ မေတ္တာဘာဝနာပွားများခြင်း တရားတော်
၇း၀၀ နံနက်ခင်းသတင်း၊ မိုးလေဝသအခြေအနေ
၇း၃၀ Head Line NEWS
၈း၀၀ ပြည်တွင်းသတင်း၊ နိုင်ငံတကာသတင်း
၈း၃၅ အောင်မြင်သူနှင့်အတူ
၉း၃၅ အနုပညာသတင်းအစီအစဉ်
၁၁း၃၅ ချစ်သောဤကမ္ဘာမြေ
၁၂း၃၅ တစ်ပတ်အတွင်း နိုင်ငံတကာ သတင်းစဉ်
၁း၀၀ ဆေးရောင်စုံရုပ်ရှင် "မူပိုင်ချစ်သူ" (ပထမပိုင်း)
၂း၃၅ ဆေးရောင်စုံရုပ်ရှင် "မူပိုင်ချစ်သူ" (ဇာတ်သိမ်း) (ကျော်သူ၊ မေသန်းနု၊ ခင်စိုးပိုင်) (ဒါရိုက်တာ-ခင်မောင်ဦး၊ စိုးသိမ်းထွဋ်)
၅း၃၅ ပြည်သူတို့ရဲ့စကားသံများ
၇း၃၅ မြန်မာ့အသိုက်အဝန်းထဲမှ အမျိုးသမီးများ
-ဆိုကြမယ်၊ ပျော်ကြမယ်
-သီတဂူဆရာတော် ဒေါက်တာ ဘဒ္ဒန္တဉာဏိဿရ၏ မေတ္တာသုတ္တန် တရားတော်

### MRTV - 4

၅း၀၀ ပဌာန်းပါဠိတော်+ ပရိတ်နိဒါန်း၊ မင်္ဂလသုတ်
၅း၂၀ MRTV-4 သတင်း
၅း၄၀ "မေတ္တာသုတ်အနှစ်ချုပ်" တရားတော် (ပါမောက္ခချုပ် ဆရာတော် ဒေါက်တာ ဘဒ္ဒန္တနန္ဒမာလာဘိဝံသ)
၆း၄၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "လျှို့ဝှက်ဒဏ္ဍာရီ "(အပိုင်း-၃၇)
၇း၅၀ ရန်ကုန်မြင်ကွင်းကျယ်
၉း၀၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "နေရောင်အောက်မှာ ပွင့်သောပန်း" (အပိုင်း-၆၉)
၉း၄၅ Weekly Sports Diary
၁၀း၁၀ ခေတ်သစ်ပျိုမေ
၁၁း၀၅ Star တို့ရဲ့ လက်ရာ
၁၁း၃၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "ချစ်သူစုန်းမလေး" (အပိုင်း-၂၅+၂၆)
၃း၅၀ Healthy Life (ပန်းလှိုင်စီလုံဆေးရုံ ကြီး၏ အရိုးအကြောဆိုင်ရာ ကုသမှုအစီအစဉ်)
၆း၁၀ Health Fix
၇း၂၅ Fashion Week
၉း၂၅ MRTV-4 Stage
၉း၅၀ တန်ခိုးကြီးမား ဘုရားစေတီပုထိုးများ (ထားဝယ်မြို့ရှိ တန်ခိုးကြီးမားဘုရား စေတီပုထိုးများ)
၃း၃၀ Sunday Talk [ဆရာမောင်လူမွှေး(မြန်မာ့မှု)၊ ဦးမျိုးမြတ်သူ]

### mitv

07:03 News
07:26 Chanmyay Yeiktha Meditation Centre- Hmawbi
07:38 Myanmar Weaving
07:49 A Tea Business: Pankwan (Part-2)
08:03 News
08:26 Bogalay Tint Aung: A Man of Versatility (Part-1)
08:51 Sagaing: Youth Leader
09:03 News
09:27 Pagoda Forest in Pa-O Land
09:48 Products Of Myanmar - Kachin Traditional Knife
10:03 News
10:26 Taung Byone Nat Festival (Ep-5)
10:39 Chinlone & The Dreams of the players
10:52 Creations of a Designer
07:03 News
07:27 Food Trip (Ep-8) (Part-1)
07:53 Today Myanmar: Impacts of Social Media (Part-2)
08:26 Hanthawaddy U Win Tin "A Fearless Man" (Episode - 2)
08:44 Myanmar Master Class "Artist Pann Kyi"

**အားကစား**

# မန်ယူနောက်ခံလူ ဂျွန်နီအီဗန်အား ခေါ်ယူရန် ဝက်စ်ဘရွန်းသဘောတူညီမှုရရှိ

ဝက်စ်ဘရွန်းအသင်းသည် မန်ယူနောက်တန်းကစားသမား ဂျွန်နီအီဗန်အား စာချုပ်ချုပ်ဆိုခေါ်ယူရေးနှင့် စပ်လျဉ်း၍ အလွတ်ပြောင်းရွှေ့ကြေး ပေါင် ၆ သန်းအပြင် နောက်ထပ် ပေါင် ၂ သန်းထပ်တိုးပေးကာ ခေါ်ယူသွားရေး မန်ယူအသင်းနှင့် သဘောတူညီမှုရရှိခဲ့ပြီဖြစ်သည်။

အသက်(၂၇)နှစ်အရွယ်ရှိ နောက်တန်းကစားသမား ဂျွန်နီအီဗန်သည် ဝက်စ်ဘရွန်းအသင်းသို့ ပြောင်းရွှေ့ရန်အတွက် ၂၄ နာရီအတွင်း ဝက်စ်ဘရွန်းအသင်းသို့ သွားရောက်မည်ဖြစ်ကြောင်းလည်းသိရသည်။ မန်ယူနောက်တန်းကစားသမား ဂျွန်နီအီဗန်သည် မန်ယူအသင်းနှင့်အတူ ပွဲပေါင်း ၁၉၈ ပွဲ ပါဝင်ကစားပေးခဲ့သူဖြစ်ပြီး ပရီမီယာလိဂ်ဖလား သုံးကြိမ်ရယူဆွတ်ခူးပေးနိုင်ခဲ့သော်လည်း လက်ရှိနည်းပြ ဗန်ဟားလ်လက်ထက်တွင် ဦးစားပေး ကစားသမားအဖြစ် ပွဲထွက်ကစားခွင့်မရရှိခဲ့ခြင်းကြောင့် အသင်းပြောင်းရွှေ့ရန် ချိတ်ဆက်မှုများပြုလုပ်နေသူဖြစ်သည်။

မန်ယူဗဟိုနောက်ခံလူ ဂျွန်နီအီဗန်သည် ဆန်းဒါးလန်းအသင်းတွင် အငှားသွားရောက်ကစားခဲ့ရပြီး ယခုနှစ်ဘောလုံးရာသီတွင် မန်ယူအသင်းအတွက် တစ်ပွဲမျှ ပါဝင်ကစားထားခြင်းမရှိခဲ့ပေ။ ထို့ကြောင့် မန်ယူအသင်းမှ ထွက်ခွာနိုင်ရေးအတွက် အဲဗာတန်အသင်းသို့ ပြောင်းရွှေ့ရန်လည်း ချိတ်ဆက်မှုများပြုလုပ်ခဲ့သူတစ်ဦးဖြစ်သည်။

**ငွေကြယ်**






# ဥရုဂွေးတိုက်စစ်မှူး လန်ဒရို ရိုဒရီဂွက်ဇ်အား အဲဗာတန်ခေါ်ယူ

ပရီမီယာလိဂ်ကလပ် အဲဗာတန်အသင်းသည် မွန်တီဗွီဒီယိုအသင်းမှ ဥရုဂွေးတိုက်စစ်မှူး လန်ဒရိုရိုဒရီဂွက်ဇ်အား အလွတ်ပြောင်းရွှေ့ကြေးပေါင် ၅၀၀၀၀၀ ဖြင့် စာချုပ်ချုပ်ဆိုခေါ်ယူလိုက်ပြီဖြစ်သည်။

အသက်(၂၂)နှစ်အရွယ်ရှိ တိုက်စစ်မှူး လန်ဒရို ရိုဒရီဂွက်ဇ်သည် အဲဗာတန်အသင်းနှင့် လေးနှစ်သက်တမ်းရှိစာချုပ်တစ်ရပ်ချုပ်ဆိုကာ ပြောင်းရွှေ့လာခဲ့သူဖြစ်ပြီး ဂွတ်ဒီဆင်ပက်ခ်တွင် ၂၀၁၉ ခုနှစ် ဇွန်လအထိ ဆက်ရှိနေမည်ဖြစ်ကြောင်း သိရသည်။

တိုက်စစ်မှူး လန်ဒရို ရိုဒရီဂွက်ဇ်သည် မွန်တီဗွီဒီယိုအသင်းအတွက် ပွဲပေါင်း ၇၁ ပွဲ ပါဝင်ကစားပေးခဲ့ပြီး သွင်းဂိုး ၁၉ ဂိုးအထိ သွင်းယူပေးနိုင်ခဲ့သူဖြစ်သည်။ ထို့ကြောင့် လန်ဒရို ရိုဒရီဂွက်ဇ်မှာ ခြေစွမ်းကောင်းတစ်ခုကို ပိုင်ဆိုင်ထားသည့်အပြင် လူငယ်ကစားသမား လန်ဒရို ရိုဒရီဂွက်ဇ်အနေဖြင့် အဲဗာတန်အသင်းအတွက် ရလဒ်ကောင်းတွေ ဖန်တီးပေးနိုင်မည့် ကစားသမားအဖြစ် ယုံကြည်ထားကြောင်း အဲဗာတန်အသင်းနည်းပြ ရောဘတ်တိုမာတီနက်ဇ် ကပြောကြားခဲ့သည်။

ထို့ပြင် အဲဗာတန်အသင်းနည်းပြ မာတီနက်ဇ်က"လန်ဒရို ရိုဒရီဂွက်ဇ်အပေါ် ဘာဖိအားမှ မပေးပါဘူး။ သူဟာလူငယ်ကစားသမားတစ်ဦးဖြစ်တာမို့ အနာဂတ်မှာ ကျွန်တော်တို့ကို စိတ်လှုပ်ရှားမှုတွေပေးစွမ်းနိုင်မယ့်ကစားသမားပါ"ဟု ပြောကြားခဲ့သည်။ တိုက်စစ်မှူးလန်ဒရိုရိုဒရီဂွက်ဇ်သည် ဥရုဂွေး ယူ-၂၁ အသင်းတွင်လည်း ပါဝင်ကစား ပေးခဲ့သူဖြစ်သည်။

**ငွေကြယ်**

**ဩဂုတ် ၂၉ ရက်နေ့ အနိုင်/အရှုံးရလဒ်များ**

**ပရီမီယာလိဂ်**

| | | | | |
|---|---|---|---|---|
| နယူးကာဆယ် | ၀ | - | ၁ | အာဆင်နယ် |
| ချယ်လ်ဆီး | ၁ | - | ၂ | ခရစ္စတယ်ပဲလေ့စ် |
| ဘုန်းမောက် | ၁ | - | ၁ | လက်စတာ |
| အက်စတွန်ဗီလာ | ၂ | - | ၂ | ဆန်းဒါးလန်း |
| မန်စီးတီး | ၂ | - | ၀ | ဝက်ဖို့ဒ် |
| စတုတ်စီးတီး | ၀ | - | ၁ | ဝက်စ်ဘရွန်း |
| လီဗာပူး | ၀ | - | ၃ | ဝက်စ်ဟမ်း |
| **စပိန်လာလီဂါ** | | | | |
| ဗီလာရီးယဲလ် | ၃ | - | ၁ | အက်စ်ပန်ညို |
| **ဘွန်ဒက်လီဂါ** | | | | |
| ဝုလ်ဖ်ဘတ် | ၃ | - | ၀ | ရှော်လ်ကေး |
| စတုဂတ် | ၁ | - | ၄ | ဖရန့်ဖတ် |
| အော့စ်ဘတ် | ၀ | - | ၁ | အင်ဂိုးလ်စတက်ဒ် |
| ကိုလုံး | ၂ | - | ၁ | ဟမ်းဘတ် |
| မိန့်ဇ် | ၃ | - | ၀ | ဟန်နိုဗာ |
| ဒမ်းစတက်ဒ် | ၀ | - | ၀ | ဟော်ဖန်ဟိမ်း |

**မောင်မောင်ဇော်**

**အားကစားမြှင့်တင် စိတ်လန်းရွှင်ဆန့်ကျင် မူးယစ်ဆေး**

# လေဗာကူဆင်တိုက်စစ်မှူး ဆွန်ဟောင်မင်အား စပါးခေါ်ယူ

စပါးအသင်းသည် ဂျာမန်ဘွန်ဒက်လီဂါကလပ် လေဗာကူဆင်အသင်းမှ တောင်ကိုရီးယားတိုက်စစ်မှူး ဆွန်ဟောင်မင်အား စာချုပ်ချုပ်ဆိုခေါ်ယူလိုက်ပြီဖြစ်သည်။

အသက်(၂၃)နှစ်အရွယ်ရှိ တိုက်စစ်မှူး ဆွန်ယောင်မင်သည် ၂၀၁၃ ခုနှစ်တွင် ဟမ်းဘက်အသင်းမှ လေဗာကူဆင်အသင်းသို့ ပြောင်းရွှေ့လာခဲ့သူဖြစ်ပြီး လေဗာကူဆင်အသင်းသို့ ပြောင်းရွှေ့လာခဲ့ချိန်မှစတင်ကာ ပွဲပေါင်း ၈၇ ပွဲပါဝင်ကစားပေးခဲ့ကာ သွင်းဂိုး ၂၉ ဂိုးအထိ သွင်းယူပေးနိုင်ခဲ့သည်။

တောင်ကိုရီးယားတိုက်စစ်မှူး ဆွန်ယောင်မင်သည် စပါးအသင်းသို့ ပြောင်းရွှေ့ကြေးပေါင် ၂၂ သန်း ဖြင့် ပြောင်းရွှေ့လာခဲ့သူဖြစ်ပြီး စပါးအသင်းတွင် ၂၀၂၀ ခုနှစ်အထိ ဆက်ရှိနေမည့် စာချုပ်တစ်ရပ်ချုပ်ဆိုခဲ့ခြင်းဖြစ်သည်။ စပါးအသင်းသည် ဝက်စ်ဘရွန်းကစားသမား ဘရာဟီနိုကို ခေါ်ယူရန် နှစ်ကြိမ်တိုင်တိုင်ကမ်းလှမ်းမှုများပြုလုပ်ခဲ့သော်လည်း ဝက်စ်ဘရွန်းအသင်းအနေဖြင့် ဘရာဟီနိုအား ရောင်းချလိမ့်မည်မဟုတ်ကြောင်း ပြောကြားခဲ့ခြင်းကြောင့် လေဗာကူဆင်တိုက်စစ်မှူး ဆွန်ယောင်မင်အား ခေါ်ယူခဲ့ခြင်းဖြစ်သည်။

တိုက်စစ်မှူး ဆွန်ယောင်မင်သည် ၂၀၁၄ ခုနှစ်က ဘရာဇီးနိုင်ငံ၌ ကျင်းပခဲ့သည့် ကမ္ဘာ့ဖလားပြိုင်ပွဲတွင် အယ်လ်ဂျီးရီးယားအသင်းနှင့် ကစားခဲ့သည့်ပွဲအပါအဝင် တောင်ကိုရီးယားအသင်းအတွက် ပွဲပေါင်း ၄၄ ပွဲပါဝင်ကစားပေးခဲ့ပြီး သွင်းဂိုး ၁၁ ဂိုးအထိ သွင်းယူပေးနိုင်ခဲ့သူဖြစ်သည်။

လက်ရှိတွင် တောင်ကိုရီးယားတိုက်စစ်မှူး ဆွန်ယောင်မင်သည် စပါးအသင်းသို့ ပြောင်းရွှေ့ရန် စာချုပ်ချုပ်ပြီးခဲ့ပြီဖြစ်သောကြောင့် စပါးအသင်းတွင် ကျောနံပါတ် ၇ အင်္ကျီကို ဝတ်ဆင်ကစားမည်ဖြစ်ကြောင်းလည်း သိရသည်။

**နိုင်လင်းကြည်**

# ဒီဘရူနီ မန်စီးတီးသို့ပြောင်းရွှေ့ရန်သဘောတူခဲ့ပြီ

ဝုဖ်စ်ဘတ်နည်းပြ အယ်လော့ဖ်က ဒီဘရူနီဟာ မန်စီးတီးရဲ့မြင့်မားတဲ့ လုပ်ခလစာနဲ့ ကမ်းလှမ်းမှုကြောင့် ပရီမီယာလိဂ်ကို ပြန်လည်ပြောင်းရွှေ့တော့မယ်လို့ အတည်ပြုပြောကြားခဲ့ပါတယ်။ မန်စီးတီးက ဒီဘရူနီအတွက် တစ်ပတ်လုပ်ခပေါင် ၂၀၀၀၀၀၊ ပြောင်းရွှေ့ကြေး ပေါင်၅၅သန်းနဲ့ ၅၇သန်းကြား အသုံးပြုပြီး ကမ်းလှမ်းခဲ့တာဖြစ်ပါတယ်။

ဒီဘရူနီက အရင်ကချယ်လ်ဆီးမှာကစားခဲ့ပေမယ့် အင်္ဂလန်မြေမှာ မအောင်မြင်ခဲ့တဲ့အတွက် ဂျာမန်မြေမှာ တစ်ကျော့ပြန်အောင်မြင်မှုရဖို့ကြိုးပမ်းခဲ့ရသူဖြစ်ပါတယ်။ ပြီးခဲ့နှစ်က ဘွန်စ်ဒက်စ်လီဂါမှာ ပြသခဲ့တဲ့သူ့ရဲ့ခြေစွမ်းဟာ ထိပ်တန်းအသင်းကြီးတွေကို အမှန်တကယ်ပဲ ဆွဲဆောင်နိုင်ခဲ့ပါတယ်။ ဒီဘယ်လ်ဂျီယံ လက်ရွေးစင် ကစားသမားဟာ ၂၀၁၄ဇန်နဝါရီကမှ ချယ်လ်ဆီးကနေ ဝုဖ်စ်ဘတ်ကို ပေါင် ၈သန်းနဲ့ ပြောင်းရွှေ့သွားခဲ့သူလည်းဖြစ်ပါတယ်။

မန်စီးတီးအပြောင်းအရွှေ့ ဒါရိုက်တာမားဝုဒ်က ဒီအပြောင်းအရွှေ့ဟာ မန်စီးတီးရဲ့ ဒီနှစ်ဈေးကွက်တစ်ခုလုံးမှာ အဓိကပစ်မှတ်ဖြစ်တာကြောင့် ယခုလိုသဘောတူညီချက်ရရှိတာဟာ နှစ်ဖက်လုံးအတွက် အကျိုးများတဲ့ကိစ္စရပ်ပါလို့ ဆိုခဲ့ပါတယ်။

ဩဂုတ် ၂၈ ရက်မှာ ဒီဘရူနီဟာ အပြီးသတ်ဆေးစစ်ချက်တွေပြုလုပ်ဖို့ မန်ချက်စတာမြို့ကိုရောက်ရှိနေပြီး မန်စီးတီးအသင်းနဲ့ ပူးပေါင်းသွားတော့မှာဖြစ်တယ်လို့ ဝုဖ်စ်ဘတ်နည်းပြ အယ်လော့ဖ်ကအတည်ပြုပြောကြားခဲ့ပါတယ်။ အသက်(၂၄)နှစ်ပဲရှိသေးတဲ့ ဒီဘရူနီကို ဝုဖ်စ်ဘတ်အသင်းဘက်က လက်မလွှတ်လိုပေမယ့် အသင်းကိုရောက်ရှိလာပြီး နှစ်နှစ်မပြည့်မီကာလမှာပဲ ရရှိမယ့် မြောက်မြားလှတဲ့ပြောင်းရွှေ့ကြေးအမြတ်ငွေတွေကြောင့် နောက်ဆုံးမှာ ခွင့်ပြုပေးခဲ့တာဖြစ်ပါတယ်။

" ကျွန်တော်တို့အသင်းက တခြားအသင်းတွေနဲ့မတူညီတဲ့မူဝါဒ ရှိပါတယ်။ ဒါကလည်း ဝုဖ်စ်ဘတ်အသင်းဟာ Volkswagen ကားကုမ္ပဏီက ပိုင်တာဆိုတော့ ငွေလိုပါတယ်။ ဒါကြောင့် ဒုတိယဒီဘရူနီကိုပဲအသင်းအတွက် ထပ်ရှာရတော့မှာဖြစ်ပါတယ်။ သူ့ကို ဝါဒါဘရီမင်တုန်းကလည်း အငှားနဲ့ ကျွန်တော်ပဲ ခေါ်ယူခဲ့သလို နောက်နှစ်နှစ်နေတော့ ချယ်လ်ဆီးကနေ ဝုဖ်စ်ဘတ်ကို ခေါ်ယူခဲ့တာကလည်း ကျွန်တော်ပါပဲ။ ဒါကြောင့် သူ့အကြောင်းကို ခရေစေ့တွင်းကျ သိထားတော့ ကျွန်တော်လည်း လက်လွှတ်မခံချင်



ပါဘူး။ ဒါပေမယ့် ဘိုင်ယန်လို ထိပ်တန်းဘွန်ဒက်စ်လီဂါအသင်းကြီးက ပရီမီယာလိဂ်အောက်ဆုံးအသင်းလေးတွေလောက်တောင် ရုပ်သံထုတ်လွှင့်ကြေးမရတာက ဒီဘရူနီကို လက်လွှတ်လိုက်ရတဲ့အကြောင်းချက်တစ်ခုပဲလေဗျာ" လို့အယ်လော့ဖ်ကဆိုခဲ့ပါတယ်။

ဒီဘရူနီအပြင် အိုင်ဘန်ပါရီစစ်မှာ လည်း အင်တာမီလန်ကိုပြောင်းရွှေ့ဖို့ နီးစပ်နေတာကြောင့် ရှော်လ်ကေးကို ရင်ဆိုင်မယ့်ပွဲမှာ ဒီကစားသမားနှစ်ဦးလုံး ဝင်ရောက်ကစားမှာမဟုတ်ဘူးလို့လည်း အသင်းတာဝန်ရှိသူတွေက ပရိသတ်တွေကို အသိပေးထားပါတယ်။

**ရှိုင်ယန်ဟောဒင်**

# ဂျွန်စတုန်းအားမည်သည့်ဈေးနှင့်မျှ ရောင်းချမည်မဟုတ်သည့် အဲဗာတန်

အသက်(၂၁)အရွယ်သာရှိသေးသည့် အဲဗာတန်နောက်ခံလူဂျွန်စတုန်းအားချယ်လ်ဆီးက စတုတ္ထအကြိမ်အဖြစ်ပေါင်သန်း ၄၀ဖြင့်ကမ်းလှမ်းခဲ့ရာ အဲဗာတန်အသင်းက ပယ်ချခဲ့ပြီးနောက် နည်းပြမာတီနက်ဇ်က အဆိုပါကစားသမားကို နွေဈေးကွက် အပြောင်းအရွှေ့ဈေးကွက်ပိတ်သိမ်းသည်အထိ မည်သည့်အသင်းသို့မျှ ရောင်းချမည်မဟုတ်ကြောင်း ဆိုသည်။

ဂျွန်စတုန်းကိုယ်တိုင်ကလည်း အဲဗာတန်အနေဖြင့် သူ့အားပြောင်းရွှေ့ကြေးပေါင်သန်း ၃၀ ခန့်ရလျှင်ပင် ထွက်ခွာခွင့်ပေးသင့်ကြောင်း ပြီးခဲ့သည့်ရက်ပိုင်းကပင်ပြောကြားခဲ့သေးသည်။ ဂျွန်စတုန်း၏တောင်းဆိုမှုအား ပယ်ချခဲ့ပြီး ဖြစ်သည်ဟု အဲဗာတန်က ဘန်စလေအား အနိုင်ရရှိခဲ့သည့် ကပ်ပီတယ်ဝမ်းဖလားအပြီးတွင် အဲဗာတန်နည်းပြ မာတီနက်ဇ်က မီဒီယာများသို့ အသိပေးပြောကြားခဲ့သည်။

မာတီနက်ဇ်က ဂျွန်စတုန်းမှာ ငယ်ရွယ်သူဖြစ်သည့်အတွက်ကြီးမားသည့် ဖိအားဒဏ်ကို မခံနိုင်၍ ယင်းသို့တောင်းဆိုခြင်းဖြစ်ကြောင်း၊ စတုန်းကဲ့သို့ အတွေ့အကြုံရှာဖွေရန် လိုအပ်နေသည့်အရွယ်တွင် အဲဗာတန်မှာ အသင့်လျော်ဆုံးကလပ်အသင်းပင်ဖြစ်ကြောင်း၊ အသင်းပိုင်ရှင်မှာလည်း စတုန်းအားမည်သို့မျှရောင်းချမည်မဟုတ်ကြောင်း တုံ့ပြန်ပြောကြားခဲ့သည်။

ချယ်လ်ဆီးသည် ဂျွန်စတုန်းအားခေါ်ယူရန် အပြောင်းအရွှေ့ကာလတရားဝင်မဖွင့်လှစ်မီကတည်းကပင် ချဉ်းကပ်နေပြီး သုံးကြိမ်တိုင်ကမ်းလှမ်းမှုမှာ ပယ်ချခံခဲ့ရပြီးနောက် နောက်တစ်ကြိမ်ထပ်မံကမ်းလှမ်းလာခဲ့ခြင်းဖြစ်သည်။ ကစားသမားကိုယ်တိုင်က ယခင်က နှုတ်ဆိတ်နေခဲ့သော်လည်း နောက်ပိုင်းတွင် ချယ်လ်ဆီးသို့ပြောင်းရွှေ့ခွင့်ပေးရန် အဲဗာတန်တာဝန်ရှိသူများအား တောင်းဆိုခဲ့သည်။

**မေလွဲ့သင်း**

■

# တီးတိန်မြို့နယ်အတွင်း မော်တော်ယာဉ်တစ်စီးတိမ်းမှောက်၍ လူနှစ်ဦးသေဆုံး

**ဟားခါး ဩဂုတ် ၂၉**

ရိဒ်ခေါဒါရ်မှ ကလေးမြို့သို့ ယာဉ်မောင်းဦးကျင်ခန့် မန်မောင်းနှင်သော ဟိုင်မွာလ်ဂျစ်ကားသည် ဩဂုတ် ၂၇ ရက်နံနက်ပိုင်းက တီးတိန်မြို့နယ် လင်တန်ကျေးရွာအနီးတွင် နောက်ပြန်လျှောကျခဲ့ရာ လမ်း၏ညာဘက် ချောက်အတွင်း ထိုးကျတိမ်းမှောက်ခဲ့သဖြင့် အမျိုးသမီးနှစ်ဦးပွဲချင်းပြီး သေဆုံးခဲ့ကြောင်း သိရသည်။

သေဆုံးသူ အမျိုးသမီးနှစ်ဦးမှာ အမှတ် (၂) ရပ်ကွက် ရိဒ်ခေါဒါရ်မြို့နေသူ ဒေါ်လာရွယ်ပီးနှင့် ကလေးမြို့နေသူ ဒေါ်တရန်လွှန်တပီးတို့ဖြစ်ကြောင်းနှင့် သက်ဆိုင်ရာ နယ်မြေရဲစခန်းက အမှုဖွင့်ကာ ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **(ချင်းပြည်နယ် ပြန်/ဆက်)**

# တရားမဝင်သစ်နှင့် ဆက်စပ်ပစ္စည်းများ သိမ်းဆည်းရမိ

**နေပြည်တော် ဩဂုတ် ၂၉**

ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာန သစ်တောဦးစီးဌာနသည် မြန်မာနိုင်ငံတစ်ဝန်းရှိ အဖိုးတန် သစ်တောသစ်ပင်များ မပြုန်းတီးစေရန်နှင့် သစ်တောသယံဇာတများကို ပြည်သူလူထုအတွက် ထိရောက်စွာ အသုံးချနိုင်ရေးအတွက် အသိပညာပေး ဟောပြောပွဲများပြုလုပ်ခြင်း၊ ကြိုတင်သတင်းရယူဖော်ထုတ်ခြင်း၊ စစ်ကြောင်းဖွဲ့၍ နယ်မြေရှင်းလင်းခြင်းတို့အား နိုင်ငံတစ်ဝန်းလုံးတွင်အချိန်နှင့်တစ်ပြေးညီ ပြုလုပ်လျက်ရှိသည်။

ထို့အပြင် တရားမဝင်သစ်နှင့် သစ်တောထွက်ပစ္စည်းများ လက်ဝယ်ထားရှိခြင်းများနှင့် သယ်ယူရောင်းချခြင်းများကိုလည်း ထိရောက်စွာ ဖော်ထုတ်အရေးယူ ဆောင်ရွက်လျက်ရှိသည်။

ထိုသို့ ဆောင်ရွက်လျက်ရှိရာ ဩဂုတ် ၂၅ရက်က နေပြည်တော် ကောင်စီနယ်မြေ ဥတ္တရသီရိမြို့နယ် မကွေး-ကံပြားလမ်း မိုင်တိုင်အမှတ် (၅/၄) အနီး ငလိုက်ကြီးဝိုင်းအကွက်အမှတ်(၆၈)အတွင်းမှ တရားမဝင် ရုံး၊ ချင်ယုတ်၊ နဘဲသစ် စုစုပေါင်း ၁၆ လုံး (၁ ဒသမ ၆၈၈၀ )တန် တင်ဆောင်ထားသော ၁က/-- တီအီးအစိမ်းရောင်တစ်စီးအား တရားခံတစ်ဦးနှင့်အတူဖမ်းဆီးရမိခဲ့ကြောင်းနှင့် ယင်းနေ့တွင် စစ်ကိုင်းတိုင်းဒေသကြီး မုံရွာမြို့နယ် မုံရွာတောင် ဘိနယ်လမ်း အသုံးပြုခကောက်ခံရေးဂိတ်နေရာမှ တရားမဝင် ပိတောက်ခွဲသား ၁၅ ချောင်းနှင့် ပိတောက်သစ်တစ်လုံးနှင့် ပိတောက်ခြမ်းတစ်ခြမ်း စုစုပေါင်း (သုည ဒသမ ၈၃၉၀)တန် တင်ဆောင်ထားသော ၈ည/----- လိုက်ထရပ်ယာဉ်တစ်စီးအား တရားခံ နှစ်ဦးနှင့်အတူ သိမ်းဆည်းရမိခဲ့သည်။

အလားတူ ပဲခူးတိုင်းဒေသကြီး တောင်ငူခရိုင် ရေတာရှည်မြို့နယ် ကျောက်မဆင်ကြိုးဝိုင်း အကွက်အမှတ်(၁၈) အတွင်းမှ တရားမဝင်ကျွန်းခွဲသား ၇၁ ချောင်း (၂ ဒသမ ၄၂၁၀)တန်အား ပိုင်ရှင်မဲ့အဖြစ်လည်းကောင်း၊ သာယာဝတီခရိုင်၊ နတ်တလင်းမြို့နယ်၊ ခရိုင်ချင်းဆက်လမ်း၊ တောင်ညိုချောင်းတံတားအနီးနေရာမှ တရားမဝင်ကျွန်းသစ် ၁၀ လုံး (၂ ဒသမ ၄၉၀၀)တန်အား ပိုင်ရှင်မဲ့အဖြစ် လည်းကောင်း၊ ပြည်ခရိုင် ပေါက်ခေါင်းမြို့နယ် ပေါက်လန်ကြီး ဘိနယ်အတွင်းမှ တရားမဝင်ကျွန်းသစ် လေးလုံး ကျွန်းခွဲသား ၁၅ ချောင်း စုစုပေါင်း (၁ ဒသမ ၈၂၆၆)တန်အား ပိုင်ရှင်မဲ့အဖြစ် သိမ်းဆည်းရမိခဲ့ကြောင်း သိရသည်။ **(ကြေးမုံ)**

# ကျွန်းလှမြို့၌ အိမ်ရှင်အမျိုးသမီးအားသတ်ပြီး ရွှေထည်ပစ္စည်းများယူဆောင်သူအား အရေးယူ

**ကျွန်းလှ ဩဂုတ် ၂၉**

စစ်ကိုင်းတိုင်းဒေသကြီး ကျွန်းလှမြို့ ပိတောက်မြိုင်ရပ်ကွက်၌ ဩဂုတ်၂၈ရက် နံနက်၆နာရီခွဲခန့်က နေအိမ်အတွင်း ဝင်ရောက်ပြီး အိမ်ရှင်အမျိုးသမီးအားသတ်၍ ရွှေထည်ပစ္စည်းများယူသွားကြောင်း သိရသည်။

ကျွန်းလှမြို့ ပိတောက်မြိုင်ရပ်ကွက်နေ ဦးသန်းစိန်သည် နေအိမ်မှသစ်ရာမြိုင်ရပ်ကွက်ဈေးရှိ ရွှေပန်းထိမ်ဆိုင်သို့သွားစဉ် အိမ်တွင်ဇနီးဖြစ်သူ ဒေါ်စိန်ပိုတစ်ဦးတည်း ကျန်ခဲ့ပြီး နံနက်၁၁ နာရီခန့်တွင် ဦးသန်းစိန် နေအိမ်သို့ပြန်လာရာ ဒေါ်စိန်ပိုမှာ နေအိမ်အိပ်ခန်းအတွင်း ဒဏ်ရာများဖြင့် လဲကျသေဆုံးနေသည်ကို တွေ့ရှိရသည်။

ထို့နောက် နေအိမ်မှရွှေထည်ပစ္စည်းများကို စစ်ဆေးရာ ငွေကျပ် ၂၈၁ သိန်းကျော်ခန့် ပျောက်ဆုံးခဲ့သဖြင့် ကျွန်းလှမြို့မရဲစခန်းက အမှုဖွင့် ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **(မျိုးဝင်းညို-ကျွန်းလှ)**

# မူးယစ်ဆေးဝါးများ သိမ်းဆည်းရမိ

**နေပြည်တော် ဩဂုတ် ၂၉**

ရှမ်းပြည်နယ်(မြောက်ပိုင်း)ဒေသအတွင်း မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေး ရွှေလီစစ်ဆင်ရေး (၂) စီမံချက်အား ဆောင်ရွက်လျက်ရှိရာ ဩဂုတ် ၂၆ ရက်က မူးယစ်တပ်ဖွဲ့စု (၂၄)လားရှိုးနှင့် မူးယစ်တပ်ဖွဲ့စု (၁၀၂) နေပြည်တော်မှ တပ်ဖွဲ့ဝင်များ ပါဝင်သော ပူးပေါင်းအဖွဲ့သည် ကျောက်မဲမြို့ဘက်မှ နောင်ချိုမြို့ဘက်သို့ ပန်းလျှန်မောင်းနှင်လာသည့် မော်တော်ဆိုင်ကယ်ကို ရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၁၃၃၀ ကိုလည်းကောင်း၊ အလားတူ ဩဂုတ် ၂၄ ရက်က ပုသိမ်ကြီးမြို့နယ် နားမွှောင်းကျကျေးရွာ သုခကမ္ဘာစားသောက်ဆိုင်တွင် ထိုင်နေသူ ကျော်ထွန်းနှင့် အောင်မြင့်တို့အား ရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၉၉၂ ပြားနှင့် လက်ကိုင်ဖုန်းတစ်လုံးတို့ကို လည်းကောင်း၊ ဩဂုတ် ၂၅ ရက်က နမ့်ခမ်း-ပန်းဆေးသွားကားလမ်း၊ နမ့်ခမ်းမြို့နယ် လွယ်လင်ကန်ကျေးရွာ ရွာလယ်ညောင်ပင်အနီးတွင် နမ့်ခမ်းမြို့ဘက်မှ ကျန်းကျင်မိန်း မောင်းနှင်ပြီး ကျန်းနိမ်မြင့်လိုက်ပါလာသည့် မော်တော်ဆိုင်ကယ်ကို ရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၃၉၀ နှင့် ဘိန်းဖြူအလေးချိန် သုည ဒသမ ၀၂၄ ကီလိုတို့ကို သိမ်းဆည်းရမိသဖြင့် ၎င်းတို့အား မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသောဆေးဝါးများဆိုင်ရာဥပဒေအရ အရေးယူထားကြောင်း သိရသည်။ **(ကြေးမုံ)**



ပန်းလျှန်အား သိမ်းဆည်းရမိ မူးယစ်ဆေးဝါးများနှင့်အတူ တွေ့ရစဉ်။

# စက်ဘီးစီးနင်းလာသူအား ဆိုင်ကယ်ဖြင့် နောက်မှဝင်တိုက်မိ

**ဆိပ်ဖြူ ဩဂုတ် ၂၉**

ပခုက္ကူခရိုင် ဆိပ်ဖြူမြို့နယ် ဆိပ်ဖြူ-စလင်းကားလမ်းတွင် ဩဂုတ်၂၈ ရက်က စက်ဘီးစီးနင်းနေသူအား နောက်မှ ဆိုင်ကယ်စီးနင်းလာသူက ဝင်ရောက်တိုက်မိခဲ့သဖြင့် စက်ဘီးစီးနင်းသူ(စိုးရိမ်ရ)ဒဏ်ရာများရရှိခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ ဆိပ်ဖြူ - စလင်းကားလမ်းအတိုင်း ကိုးထောင့်ကျေးရွာဘက်မှ ဆိပ်ဖြူမြို့ဘက်သို့ ကျော်ဌေး(၃၈)နှစ် လေသာကုန်းကျေးရွာ စလင်းမြို့နယ်နေသူ မောင်းနှင်လာသောနံပါတ်မပါ Follow me ကျောက်စိမ်းရောင်ဆိုင်ကယ်သည် ၎င်းလမ်းအတိုင်း ချမ်းပြည့်အောင်(၁၃)နှစ် ခုနစ်တန်းကျောင်းသား ကိုးထောင့်ကျေးရွာ ဆိပ်ဖြူမြို့နယ်နေသူစီးနင်းလာသော စက်ဘီးအား မိုင်တိုင်(၆၆) ကိုးထောင့်ကျေးရွာအနီးအရောက်တွင် နောက်မှဝင်တိုက်မိခဲ့သဖြင့် ကျော်ဌေးတွင် (မစိုးရိမ်ရ)ဒဏ်ရာနှင့် ချမ်းမြေ့အောင်တွင် (စိုးရိမ်ရ)ဒဏ်ရာများ အသီးသီးရရှိခဲ့သဖြင့် ယာဉ်မောင်း ကျော်ဌေးအား ဆိပ်ဖြူမြို့နယ် မြို့မရဲစခန်းက အမှုဖွင့်အရေးယူထားကြောင်းသိရသည်။ **(ကျော်ဇေယျ)**






ဦးရဲမင်းပိုင်(သင်္ချာ)နှင့် ဘာသာစုံသင်တန်း
၁၀တန်းဘာသာစုံဝိုင်း ညနေ(၅း၀၀-၇း၀၀) မွန်းလွဲ (၂း၀၀-၅း၀၀)
၈တန်း၊၁၀တန်း (သင်္ချာ၊အင်္ဂလိပ်စာ) စနေ-တနင်္ဂနွေ နှင့် ကြားရက်
၁၆၅(ပထပ်)ဆီပ်ကမ်းသာလမ်း(လယ်)ကျောက်တံတားမြို့နယ် ၀၉၇၃၁ ၆၁၁၄၀

အနီးရဆုံး ရှင်းလင်းသော် ကိုရီးယားအငြ် Professional
ကျွမ်းကျင်သင်တန်းကျောင်း Better Tomorrow
EPS-TOPIK
(ကိုရီးယားဘာသာစကားအရည်အချင်း စစ်စာမေးပွဲ)
ပညာအရည်အချင်းမလိုဘဲ
သင်လည်းကိုရီးယားမှာ ပိုက်ဆံရှာဖို့ သွားကြစို့
* လစာ(၁၈)သိန်းဝန်းကျင် ရရှိနိုင်သော အာမခံချက်
* မြန်မာစကား ကျွမ်းကျင်စွာ ပြောနိုင်သော ကိုရီးယားလူမျိုး ဆရာ Kim ကိုယ်တိုင်ရဲ့ သင်ကြားပို့ချချက်များ
* ကိုရီးယားဘာသာစကားကို လုံးဝမတတ်သူများအတွက် အခြေခံမှစ၍ စာမေးပွဲ အောင်မြင်သည်အထိ တာဝန်ယူသင်ကြားပေးနေပါသည်။
* တန်းခွဲသစ်များ (၇-၉-၂၀၁၅) ရက်နောက်ဆုံးထား၍လက်ခံပေးနေပါသည်
တွေဝေမနေဘဲ အရင်ဆုံးဖုန်းဆက်ပြီး
တိုင်ပင်ဆွေးနွေးကြည့်ပါ။
လိပ်စာ - အမှတ် (B/30) ပထမထပ်၊ ဦးထွန်းလင်းခြံလမ်း၊ လှည်းတန်း
ဖုန်း - ၀၁ ၅၁၂၈၀၄ ၊ ၀၉-၃၀၀၉၃၅၉၂ ၊ ၀၉-၇၉၅၈၃၂၁၀၀
ပွင့်တောင်ဖုန်း - ၀၁-၃၉၇၅၀၂ ၊ ၀၉-၅၁၅၀၅၈၂ ၊



## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
## ပညာရေးဝန်ကြီးဌာန
## ရန်ကုန်အဝေးသင်တက္ကသိုလ်
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ရန်ကုန်အဝေးသင်တက္ကသိုလ်နှင့် မန္တလေးအဝေးသင်တက္ကသိုလ်များ၏ ၂၀၁၆ ပညာသင်နှစ်အတွက် အောက်ပါလုပ်ငန်းများလုပ်ဆောင်ရန် မြန်မာနိုင်ငံသားလုပ်ငန်းရှင်များထံမှ အိတ်ဖွင့်တင်ဒါဈေးနှုန်းလွှာ တင်သွင်းကြရန် ဖိတ်ခေါ်ပါသည်-

(က) ပို့ချချက်စာအုပ်များ ပုံနှိပ်၊ ချုပ်လုပ်၊ ထုပ်ပိုးအပ်နှံခြင်းလုပ်ငန်း
(ခ) လေ့လာမှုလမ်းညွှန်စာအုပ်များ ပုံနှိပ်၊ ချုပ်လုပ်၊ ထုပ်ပိုးအပ်နှံခြင်းလုပ်ငန်း
(ဂ) စာစဉ်မေးခွန်းများနှင့် အဖြေလွှာစာအုပ်များ ပုံနှိပ်၊ ချုပ်လုပ်၊ ထုပ်ပိုးအပ်နှံခြင်းလုပ်ငန်း
(ဃ) သင်ခန်းစာပို့ချချက် ဒီဗွီဒီချပ်များ ကူးယူ၊ ထုပ်ပိုးအပ်နှံခြင်းလုပ်ငန်း

၂။ ဈေးနှုန်းလွှာတင်သွင်းရန်အတွက် လျှောက်လွှာပုံစံနှင့် တင်ဒါစည်းကမ်းချက်များကို ၁-၉-၂၀၁၅ရက်(အင်္ဂါနေ့)မှစ၍ တစ်စုံလျှင် ကျပ်-၁၀၀၀၀ိ/-(ကျပ်တစ်သောင်းတိတိ)နှုန်းဖြင့် အောက်ပါလိပ်စာ၌ ရုံးဖွင့်ရက်များတွင် ရုံးချိန်အတွင်း ဝယ်ယူတင်သွင်းနိုင်ပါသည်။

ပါမောက္ခချုပ်ရုံးခန်း၊ ရန်ကုန်အဝေးသင်တက္ကသိုလ်
အမှတ်-၄၇(က)၊ အင်းလျားလမ်း၊ ကမာရွတ်မြို့နယ်၊ ရန်ကုန်မြို့

၃။ ဈေးနှုန်းလွှာများကို ၇-၉-၂၀၁၅ရက်(တနင်္လာနေ့) ညနေ ၄း၃၀နာရီထက် နောက်မကျစေဘဲ အထက်ပါလိပ်စာရှိ တင်ဒါပုံးတွင် မှတ်ပုံတင်စာရင်းသွင်းပြီး တင်သွင်းရမည်။

၄။ ဈေးနှုန်းလွှာနှင့်အတူ တင်သွင်းမည့်နမူနာများကို လုံခြုံစွာထုပ်ပိုး၍ ပြည့်စုံစွာ တင်ပြရမည်။

၅။ ထုတ်ဝေမည့်နမူနာများကို အောက်ဖော်ပြပါနေရာများတွင် ကြည့်ရှုနိုင်သည်။

(က) ရန်ကုန်အဝေးသင်တက္ကသိုလ်
(ခ) မန္တလေးအဝေးသင်တက္ကသိုလ်

၆။ အသေးစိတ်သိရှိလိုသောအချက်များကို အထက်ဖော်ပြပါလိပ်စာတွင်လည်းကောင်း ဖုန်းနံပါတ်-၀၁-၅၃၆၅၅၅၊ ၀၁-၅၃၅၀၇၃၊ ၀၁-၅၂၅၁၃၈၊ ၀၂-၆၂၁၇၀၊ ၀၂-၆၀၅၄၄နှင့် ၀၂-၆၂၄၁၀ သို့လည်းကောင်း ဆက်သွယ်စုံစမ်းနိုင်ပါသည်။

အဝေးသင်တက္ကသိုလ်များ၏စာအုပ်များနှင့်သင်ခန်းစာ
ပို့ချချက်ဒီဗွီဒီချပ်များထုတ်လုပ်ရေးလုပ်ငန်းကော်မတီ

# မြန်မာဗုဒ္ဓဘာသာဝင်မိန်းမများ အထူးထိမ်းမြားခြင်းဆိုင်ရာ ဥပဒေပြဋ္ဌာန်း

**မြန်မာဗုဒ္ဓဘာသာဝင်မိန်းမများ အထူးထိမ်းမြားခြင်းဆိုင်ရာဥပဒေ**
**(၂၀၁၅ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ် ၅၀ ။)**
**၁၃၇၇ ခုနှစ် ၊ ဝါခေါင်လဆန်း ၁၁ ရက်**
**(၂၀၁၅ ခုနှစ် ၊ ဩဂုတ်လ ၂၆ ရက်)**

**နိဒါန်း**

မြန်မာဗုဒ္ဓဘာသာဝင်မိန်းမများနှင့် ဗုဒ္ဓဘာသာဝင်မဟုတ်သောယောကျ်ားတို့၏ ထိမ်းမြားခြင်း၊ ကွာရှင်းခြင်း၊ အမွေဆက်ခံခြင်း၊ ပစ္စည်းခွဲဝေခြင်း၊ သားသမီးထိန်းသိမ်းခြင်းစသည်တို့နှင့်စပ်လျဉ်းသည့် အခွင့်အရေးများကို မျှတစွာ ရရှိခံစားနိုင်ရန်နှင့် ထိရောက်သည့် ကာကွယ်မှုပေးနိုင်ရန် ပြည်ထောင်စုလွှတ်တော်သည် ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

**အခန်း (၁)**
**အမည်၊ သက်ဆိုင်ခြင်းနှင့် အဓိပ္ပာယ်ဖော်ပြချက်**

၁။ ဤဥပဒေကို မြန်မာဗုဒ္ဓဘာသာဝင်မိန်းမများ အထူးထိမ်းမြားခြင်းဆိုင်ရာ ဥပဒေဟု ခေါ်တွင်စေရမည်။

၂။ (က) ဤဥပဒေသည် မြန်မာဗုဒ္ဓဘာသာဝင်မိန်းမနှင့် ထိုမိန်းမ၏ ဗုဒ္ဓဘာသာဝင်မဟုတ်သော ယောကျ်ားတို့နှင့် သက်ဆိုင်စေရမည်။
(ခ) မြန်မာဗုဒ္ဓဘာသာဝင်မိန်းမနှင့် ဗုဒ္ဓဘာသာဝင်မဟုတ်သော ယောကျ်ားတို့၏ ထိမ်းမြားရေး၊ လင်မယားကွာရှင်းရေး၊ ပစ္စည်းခွဲဝေရေး၊ အမွေဆက်ခံရေး၊ သားသမီး ထိန်းသိမ်းရေးတို့နှင့် သက်ဆိုင်သည့် အငြင်းပွားမှုများကို ဤဥပဒေနှင့်အညီ ဆုံးဖြတ်ရမည်။

၃။ ဤဥပဒေတွင်ပါရှိသော အောက်ပါစကားရပ်များသည် ဖော်ပြပါအတိုင်း အဓိပ္ပာယ်သက်ရောက်စေရမည် -
(က) **နိုင်ငံသား** ဆိုသည်မှာ မြန်မာနိုင်ငံသားဥပဒေတွင် နိုင်ငံသားအဖြစ် ဖော်ပြထားသည့် မြန်မာနိုင်ငံသားကို ဆိုသည်။
(ခ) **မြန်မာဗုဒ္ဓဘာသာဝင်မိန်းမ** ဆိုသည်မှာ နိုင်ငံသား ဖြစ်သည့်အပြင် ဗုဒ္ဓဘာသာ ကိုးကွယ်သော မိန်းမ သို့မဟုတ် ဗုဒ္ဓဘာသာကိုးကွယ်သော မိဘတို့မှ မွေးဖွားသော မိန်းမကို ဆိုသည်။ သို့ရာတွင် ထိုမိန်းမသည် ဗုဒ္ဓဘာသာမှ အခြားဘာသာ တစ်ခုခုသို့ အထင်အရှား ကူးပြောင်း၍ ထိုအခြားဘာသာကို တရားဝင်ကူးပြောင်းကိုးကွယ်လျက်ရှိလျှင် ဗုဒ္ဓဘာသာကိုးကွယ်သော မိဘတို့မှ မွေးဖွားသည်ဟူသော အကြောင်းသက်သက်ကြောင့် ဗုဒ္ဓဘာသာဝင်မိန်းမဖြစ်သည်ဟု မမှတ်ယူရ။
(ဂ) **မှတ်ပုံတင်အရာရှိ**ဆိုသည်မှာ ဤဥပဒေအရ ထိမ်းမြားမှု မှတ်ပုံတင်အရာရှိကို ဆိုလိုသည်။

**အခန်း (၂)**
**ဤဥပဒေအရ ထိမ်းမြားနိုင်သူများ**

၄။ အသက် ၁၈ နှစ်ပြည့်ပြီးဖြစ်သည့် ဗုဒ္ဓဘာသာဝင်မဟုတ်သည့်ယောကျ်ားတစ်ဦးနှင့် အသက် ၁၈ နှစ် ပြည့်ပြီးဖြစ်သည့် မြန်မာဗုဒ္ဓဘာသာဝင်မိန်းမတစ်ဦးတို့သည် အောက်ဖော်ပြပါအချက်များနှင့် ပြည့်စုံလျှင် ဤဥပဒေအရ ထိမ်းမြားနိုင်သည်-
(က) နှစ်ဦးစလုံးမှာ စိတ်ပေါ့သွပ်ခြင်းမရှိသူဖြစ်ရမည်။
(ခ) သွေးဆောင်ခြင်း၊ ဖြားယောင်းခြင်း၊ အနိုင်အထက်ပြုခြင်း၊ မလျော်ဩဇာသုံးခြင်း၊ လိမ်လည်လှည့်ဖြားခြင်း၊ အလွဲပြောဆိုခြင်းတို့အရ မဟုတ်ဘဲ မိမိတို့၏ လွတ်လပ်သော ဆန္ဒအရ ထိမ်းမြားရန်သဘောတူညီခြင်းဖြစ်ရမည်။
(ဂ) အသက် ၂၀ နှစ် မပြည့်သေးသည့် မိန်းမဖြစ်လျှင် မိဘ၏သဘောတူညီချက်ကိုသော်လည်းကောင်း၊ မိဘတို့သေဆုံးပါမူ အမှန်အုပ်ထိန်းသူ သို့တည်းမဟုတ် တရားဥပဒေအရ အုပ်ထိန်းသူရှိလျှင် ထိုအုပ်ထိန်းသူ၏ သဘောတူညီချက်ကိုသော်လည်းကောင်း ရရှိပြီးဖြစ်ရမည်။
(ဃ) မိန်းမသည် မပြတ်စဲသော တရားဝင်လင်ယောကျ်ား မရှိသူဖြစ်ရမည်။
(င) ယောကျ်ားသည် မပြတ်စဲသော တရားဝင်မိန်းမ မရှိသူဖြစ်ရမည်။

**အခန်း (၃)**
**ဤဥပဒေအရထိမ်းမြားခြင်း**

၅။ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အုပ်ချုပ်ရေးမှူးသည် ဤဥပဒေအရ ထိမ်းမြားမှု မှတ်ပုံတင်အရာရှိ ဖြစ်သည်။

၆။ မြန်မာဗုဒ္ဓဘာသာဝင် မိန်းမတစ်ဦးနှင့် ဗုဒ္ဓဘာသာဝင်မဟုတ်သည့် ယောကျ်ားတစ်ဦးတို့ ထိမ်းမြားရန် ရည်ရွယ်သည့်အခါ ၎င်းတို့တစ်ဦးဦး နေထိုင်လျက်ရှိသည့် ဒေသရှိ မှတ်ပုံတင်အရာရှိ သို့မဟုတ် ၎င်းက တာဝန်ပေးအပ်ထားသူထံ သတ်မှတ်ထားသည့် ပုံစံဖြင့် ၎င်းတို့တစ်ဦးဦးက လျှောက်ထားနိုင်သည်။

၇။ လျှောက်လွှာနှင့်အတူ ပုဒ်မ ၄ ပါအချက်များ ပြည့်စုံမှန်ကန်ကြောင်း လျှောက်ထားသူတို့၏ ဝန်ခံချက်ပါရှိသည့် ကျမ်းကျိန်လွှာ ပူးတွဲတင်သွင်းရမည်။

၈။ ဗုဒ္ဓဘာသာဝင်မဟုတ်သည့် ယောကျ်ားသည် လျှောက်လွှာတွင် ဖော်ပြထားသည့် အချက်များ မှန်ကန်ကြောင်းကို မှတ်ပုံတင်အရာရှိနှင့် သက်သေနှစ်ဦးတို့ ရှေ့တွင် လက်မှတ်ရေးထိုးရမည်။

၉။ မှတ်ပုံတင်အရာရှိသည် -
(က) လျှောက်လွှာမိတ္တူတစ်စောင်ကို မိမိရုံးရှိ အများမြင်သာသည့် နေရာနှင့် သက်ဆိုင်ရာ ရပ်ကွက်၊ ကျေးရွာအုပ်ချုပ်ရေးမှူးရုံးတို့၌ ကပ်ရမည့်အပြင် တရားမကျင့်ထုံးဥပဒေအရ သမ္မန်စာများ သို့မဟုတ် နို့တစ်စာများချအပ်သည့် နည်းလမ်းနှင့်အညီ အောက်ပါပုဂ္ဂိုလ်များထံ အကြောင်းကြားစာများ ပေးပို့ရမည်-
(၁) ထိမ်းမြားမည့် မိန်းမသည် အသက် ၂၀ နှစ် မပြည့်သေးလျှင် ၎င်းမိဘ သို့မဟုတ် အုပ်ထိန်းသူ၊
(၂) မိန်းမသည် ယခင်က ထိမ်းမြားခဲ့ဖူးလျှင် ထိမ်းမြားခဲ့သည့်၎င်း၏ ယောကျ်ား၊
(၃) ယောကျ်ားသည် ယခင်ကထိမ်းမြားခဲ့ဖူးလျှင် ထိမ်းမြားခဲ့သည့် ၎င်း၏ မိန်းမ။
(ခ) လျှောက်လွှာ မိတ္တူပေးခြင်းခံရမည့်သူ တစ်ဦးတစ်ယောက်၏နေရပ်သည် မှတ်ပုံတင်အရာရှိ၏ စီမံခန့်ခွဲပိုင်ခွင့် နယ်နိမိတ်ပြင်ပတွင်ရှိလျှင် မိတ္တူတစ်စောင်ကို ထိုသူထံ စာတိုက်မှ မှတ်ပုံတင်ပြုလုပ်၍ဖြစ်စေ၊ လူလွှတ်၍ဖြစ်စေ၊ အခြားတစ်နည်းနည်းဖြင့် ဖြစ်စေပေးပို့နိုင်သည်။

၁၀။ ထိမ်းမြားရန် ရည်ရွယ်ကြောင်း လျှောက်လွှာမိတ္တူကို ပုဒ်မ ၉ အရ ပေးပြီးနောက် ၁၄ ရက်ကြာသည့်အခါ ပုဒ်မ ၁၁ နှင့် ပုဒ်မ ၁၃ တို့အရ ကြိုတင်ကန့်ကွက်ခြင်းမရှိလျှင် မှတ်ပုံတင်အရာရှိက လျှောက်ထားသူတို့ကို ထိမ်းမြားပေးနိုင်သည်။

၁၁။ ပုဒ်မ ၆ အရ ထိမ်းမြားပေးရန် လျှောက်ထားသူတို့သည် ပုဒ်မ ၄ ပါ အချက်တစ်ရပ်ရပ်နှင့် ညီညွတ်ခြင်းမရှိဟူသော အကြောင်းပြချက်ဖြင့် မည်သူမဆို မှတ်ပုံတင်အရာရှိထံ လိပ်မူ၍ ထိုသူအား ထိမ်းမြားခြင်း မပြုစေရန်စာဖြင့် ရေးသားကန့်ကွက်နိုင်သည်။

၁၂။ (က) မှတ်ပုံတင်အရာရှိသည် ကန့်ကွက်လွှာရရှိသောအခါ ကန့်ကွက်သူအား စီရင်ပိုင်ခွင့် အာဏာရတရားရုံးသို့ လျှောက်ထားရန် ညွှန်ပြပြီး တရားရုံး၏ အမိန့်ရရှိသည့်နေ့အထိ ထိမ်းမြားခြင်းကို ရွှေ့ဆိုင်းထားရမည်။
(ခ) ပုဒ်မခွဲ (က) ပါ စီရင်ပိုင်ခွင့်အာဏာရတရားရုံးသည် မှတ်ပုံတင်အရာရှိ၏ စီမံခန့်ခွဲပိုင်ခွင့်ရှိသည့်ဒေသရှိ မြို့နယ်တရားရုံး ဖြစ်ရမည်။

၁၃။ (က) ပုဒ်မ ၆ အရ ထိမ်းမြားပေးရန် လျှောက်ထားသူတို့သည် ပုဒ်မ ၄ ပါ အချက်တစ်ရပ်ရပ်နှင့် ညီညွတ်ခြင်းမရှိဟူသော အကြောင်းပြချက်ဖြင့် စီရင်ပိုင်ခွင့် အာဏာရတရားရုံးသို့ ကန့်ကွက်သူက လျှောက်လွှာတင်သွင်းနိုင်သည်။
(ခ) တရားရုံးက ထိုလျှောက်လွှာရရှိကြောင်း သက်သေခံလက်မှတ် တစ်စောင်ကို ကန့်ကွက်သူအားပေးရမည်။
(ဂ) မှတ်ပုံတင်အရာရှိသည် -
(၁) ပုဒ်မခွဲ (ခ) အရပေးသည့် သက်သေခံလက်မှတ်ကို သတ်မှတ်ထားသည့်အချိန် ကာလအတွင်း ကန့်ကွက်သူက တင်သွင်းလျှင် တရားရုံးမှ ထိမ်းမြားခွင့်ရှိသည့် အမိန့်ကို မရရှိမီ ထိမ်းမြားရန် လျှောက်ထားသူတို့အား ထိမ်းမြားမပေးရ။
(၂) သတ်မှတ်ထားသည့် ကာလအတွင်း ကန့်ကွက်သူက သက်သေခံလက်မှတ်ကို မတင်သွင်းလျှင် ထိမ်းမြားရန် လျှောက်ထားသူတို့အား ထိမ်းမြားပေးရမည်။
(ဃ) တရားရုံးသည် လျှောက်လွှာနှင့်ကျမ်းကျိန်လွှာတို့တွင် ပါရှိသည့် အချက်များနှင့် နှစ်ဖက်အမှုသည်များ တင်ပြသည့် သက်သေခံချက်တို့ကို အကျဉ်းနည်းဖြင့် စစ်ဆေးကြားနာပြီးနောက် လျှောက်ထားသူတို့သည် ထိမ်းမြားနိုင်ခွင့်ရှိ၊ မရှိ အမိန့်ချမှတ်ရမည်။
(င) ထိုအမိန့်ကို ကျေနပ်မှုမရှိပါက ဥပဒေနှင့်အညီ အယူခံပိုင်ခွင့်ရှိသည်။
(စ) တရားရုံးသည် မိမိချမှတ်သော အမိန့်၏ မိတ္တူတစ်စောင်ကို မှတ်ပုံတင်အရာရှိထံ ချက်ချင်းပို့ရမည်။
(ဆ) (၁) ထိမ်းမြားနိုင်ခွင့်ရှိသည်ဟု တရားရုံးက အမိန့်ချမှတ်လျှင် မှတ်ပုံတင်အရာရှိသည် ထိမ်းမြားပေးရမည်။
(၂) ထိမ်းမြားနိုင်ခွင့်မရှိဟု တရားရုံးက အမိန့်ချမှတ်လျှင် မှတ်ပုံတင်အရာရှိသည် ထိမ်းမြားမပေးရ။

၁၄။ မှတ်ပုံတင်အရာရှိသည် ပုဒ်မ ၁၀ သို့မဟုတ် ပုဒ်မ ၁၃ အရ ထိမ်းမြားသောအခါ သက်သေနှစ်ဦးရှေ့တွင် လျှောက်ထားသူတို့ကို ထိမ်းမြားပေးရမည်။ ထိမ်းမြားမည့်သူများသည် မှတ်ပုံတင်အရာရှိနှင့် သက်သေများရှေ့တွင် "ကျွန်ုပ်တို့သည် တရားဝင်လင်မယားအဖြစ် ပေါင်းဖက်ပါမည်"ဟူ၍ မြွက်ဟကြေညာရမည်။

၁၅။ ပုဒ်မ ၁၄ အရ ထိမ်းမြားသည့်အခါ မှတ်ပုံတင်အရာရှိသည် သက်ဆိုင်သော အကြောင်းအရာများကို ထိမ်းမြားမှု သက်သေခံမှတ်ပုံတင်စာအုပ်၌ရေးသွင်းရမည်။ ထိုမှတ်ပုံတင်စာအုပ်တွင် ထိမ်းမြားသူများ၊ သက်သေများနှင့် မှတ်ပုံတင်အရာရှိတို့က လက်မှတ်ရေးထိုးရမည်။

၁၆။ မှတ်ပုံတင်အရာရှိသည် ထိမ်းမြားမှု သက်သေခံလက်မှတ် မူရင်းခွဲ ၄ စောင် ပြုလုပ်၍ တစ်စောင်စီကို ထိမ်းမြားသူတို့အား ပေးအပ်ရမည်။ အကယ်၍ မိန်းမသည် အသက် ၂၀ နှစ် မပြည့်သေးလျှင် ၎င်း၏မိဘ သို့မဟုတ် အုပ်ထိန်းသူအား ပေးအပ်ရမည်။ တတိယတစ်စောင်ကို ခရိုင်အုပ်ချုပ်ရေးမှူးရုံးတွင် အမြဲထိန်းသိမ်းထားရန် ပေးပို့ရမည်။ စတုတ္ထတစ်စောင်နှင့် ထိမ်းမြားခြင်းဆိုင်ရာ အမှတ်အသားများကို မြို့နယ်အထွေထွေအုပ်ချုပ်ရေးမှူးရုံးရှိ ထိမ်းမြားမှုဆိုင်ရာ မှတ်ပုံတင်စာအုပ်နှင့်အတူ ပူးတွဲထိန်းသိမ်းထားရှိရမည်။

၁၇။ ထိမ်းမြားခြင်းဆိုင်ရာ စာတမ်းအမှတ်အသားများ၏ တာဝန်ခံမိတ္တူများကို ရလိုကြောင်း သတ်မှတ်ထားသည့် အခကြေးငွေကို သတ်မှတ်ထားသည့်နည်းလမ်းနှင့်အညီ ပေးသွင်းပြီး လျှောက်ထားပါက မှတ်ပုံတင်အရာရှိသည် လျှောက်ထားသူအား ထုတ်ပေးရမည်။

၁၈။ ဤဥပဒေအရ ထိမ်းမြားခြင်းနှင့်ဆိုင်သည့် စာတမ်းအမှတ်အသားများ၏ တာဝန်ခံမိတ္တူများတွင် ပါရှိသည့် အကြောင်းအရာများသည် မှန်သည်ဟု သက်သေခံအဖြစ် လက်ခံရမည်။ နောက်ထပ် သက်သေထင်ရှားပြရန်မလို။

**အခန်း (၄)**
**ဗုဒ္ဓဘာသာဝင်မဟုတ်သည့်ယောကျ်ား လိုက်နာရမည့်အချက်များ**

၁၉။ ဤဥပဒေအရ ထိမ်းမြားခဲ့သည့် သို့မဟုတ် ထိမ်းမြားခဲ့သည်ဟု မှတ်ယူခြင်းခံရသည့် ဗုဒ္ဓဘာသာဝင်မဟုတ်သည့် ယောကျ်ားသည် မြန်မာဗုဒ္ဓဘာသာဝင်မိန်းမ၏ ယုံကြည်ကိုးကွယ်မှုနှင့် စပ်လျဉ်း၍ -
(က) မြန်မာဗုဒ္ဓဘာသာဝင် မိန်းမအား ၎င်းသက်ဝင်ယုံကြည်သည့် ဘာသာကို လွတ်လပ်စွာ ကိုးကွယ်ခွင့်ပြုရမည်။
(ခ) မြန်မာဗုဒ္ဓဘာသာဝင် မိန်းမနှင့်ရရှိသည့်သားသမီးများအား ၎င်းတို့ သဘောဆန္ဒအတိုင်း သက်ဝင်ယုံကြည်ရာဘာသာကို လွတ်လပ်စွာ ကိုးကွယ်ခွင့်ပြုရမည်။
(ဂ) လင်နှင့်မယားတို့ နေထိုင်သည့်အိမ်တွင် မြန်မာဗုဒ္ဓဘာသာဝင်မိန်းမက ဗုဒ္ဓရုပ်ပွားတော်များ၊ ဗုဒ္ဓပုံတော်များ၊ စေတီပုထိုးပုံတော်များ၊ ဗုဒ္ဓဘာသာရဟန်းသံဃာပုံတော်များ၊ ဗုဒ္ဓဘာသာနှင့် သက်ဆိုင်သော အသုံးအဆောင်ပစ္စည်းများကို ထားရှိခွင့်၊ ကိုးကွယ်ခွင့်ပြုရမည်။
(ဃ) မြန်မာဗုဒ္ဓဘာသာဝင်မိန်းမက အလှူဒါနပြုလုပ်ခြင်း၊ ဘုရားရှိခိုးခြင်း၊ တရားဓမ္မနှင့် ပရိတ်ရွတ်ခြင်း၊ ပုတီးစိပ်ခြင်း၊ တရားနာခြင်း၊ တရားထိုင်ခြင်း၊ ဘုရားကျောင်းကန်များသို့ သွားရောက်ခြင်း၊ ဥပုသ်သီလဆောက်တည်ခြင်း၊ ဗုဒ္ဓစာပေများ၊ ကျမ်းဂန်များထားရှိ လေ့လာဖတ်ရှုခြင်း၊ ကြည့်ရှုခြင်း၊ နာကြားခြင်း၊ ဗုဒ္ဓဘာသာဆိုင်ရာ ဆောင်ရွက်မှုတို့ကို ခွင့်ပြုရမည်။
(င) မြန်မာဗုဒ္ဓဘာသာဝင် မိန်းမ၏ ဗုဒ္ဓဘာသာကိုးကွယ်ယုံကြည်မှုကို တစ်နည်းနည်းဖြင့် စွန့်လွှတ်စေပြီး မိမိကိုးကွယ်ရာဘာသာသို့ဖြစ်စေ၊ အခြားဘာသာတစ်မျိုးမျိုးသို့ ဖြစ်စေ ကူးပြောင်းကိုးကွယ်စေမှုမပြုရ။
(စ) ဗုဒ္ဓဘာသာကိုစော်ကားရန်အကြံဖြင့် မိန်းမကိုးကွယ်ဝတ်ပြုသော နေရာကိုသော်လည်းကောင်း၊ အထွတ်အမြတ်ထားသော အရာဝတ္ထုကိုသော်လည်းကောင်း ဖျက်ဆီးရန် သို့မဟုတ် ပျက်စီးနစ်နာစေရန် သို့မဟုတ် ယုတ်ညံ့စေရန် မပြုရ။
(ဆ) မြန်မာဗုဒ္ဓဘာသာဝင်မိန်းမ၏ ဘာသာရေး သက်ဝင်ယုံကြည်မှုကို စကားဖြင့် ဖြစ်စေ၊ စာဖြင့်ဖြစ်စေ၊ ထင်ရှားသော ပုံသဏ္ဌာန်ဖြင့် ဖြစ်စေ၊ အမူအရာဖြင့် ဖြစ်စေ စော်ကားခြင်း မပြုရ။
(ဇ) မြန်မာဗုဒ္ဓဘာသာဝင် မိန်းမကွယ်လွန်သည့်အခါ ၎င်းအား ဗုဒ္ဓဘာသာဓလေ့ထုံးတမ်းစဉ်လာအရ ဆောင်ရွက်သင်္ဂြိုဟ်ခြင်းကို ခွင့်ပြုရမည်။

၂၀။ အခြားတည်ဆဲဥပဒေ သို့မဟုတ် ဓလေ့ထုံးတမ်းက မည်သို့ပင်ဆိုစေကာမူ ဤဥပဒေအရ ထိမ်းမြားခဲ့သည့် ဗုဒ္ဓဘာသာဝင် မဟုတ်သည့် ယောကျ်ားသည် ပုဒ်မ ၁၉ တွင် ပြဋ္ဌာန်းထားသည့် အချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်ကျူးလွန်ပါက မြန်မာဗုဒ္ဓဘာသာဝင် မိန်းမက ဗုဒ္ဓဘာသာဝင် မဟုတ်သည့် ယောကျ်ားကို ကွာရှင်းနိုင်သည်။ ထိုအကြောင်းကြောင့် ထိုမိန်းမက ထိုယောကျ်ားကို ကွာရှင်းလျှင်-
(က) ထိုယောကျ်ားသည် လင်မယားနှစ်ဦးပိုင်ပစ္စည်းများမှ မိမိ၏အစုကို စွန့်လွှတ်ရမည့်အပြင် မြန်မာဗုဒ္ဓဘာသာဝင်မိန်းမအား ဆုံးရှုံးနစ်နာမှုအတွက် လျော်ကြေးပေးရမည်။
(ခ) မြန်မာဗုဒ္ဓဘာသာဝင် မိန်းမသည် သားသမီးအားလုံးကို အုပ်ထိန်းခွင့်ရှိရမည်။
(ဂ) ထိုယောကျ်ားသည် အရွယ်မရောက်သေးသည့် သားသမီးများ အတွက် ကလေးစရိတ် ပေးရမည်။

**အခန်း (၅)**
**ဤဥပဒေအရ ထိမ်းမြားခဲ့သည်ဟု မှတ်ယူရခြင်း**

၂၁။ ဗုဒ္ဓဘာသာဝင်မဟုတ်သည့် ယောကျ်ားက မြန်မာဗုဒ္ဓဘာသာဝင်မိန်းမကို ထိမ်းမြားရန် ကတိပြုလျှင် ထိုယောကျ်ားသည် ထိုမိန်းမကို ဤဥပဒေအရ ထိမ်းမြားရန် ကတိပြုသည်ဟု မှတ်ယူရမည်။

၂၂။ ဗုဒ္ဓဘာသာဝင်မဟုတ်သည့် ယောကျ်ားတစ်ဦးနှင့် မြန်မာဗုဒ္ဓဘာသာဝင် မိန်းမတစ်ဦးတို့ ပေါင်းဖက်နေထိုင်ပြုမူကြပုံသည် မြန်မာဓလေ့ထုံးတမ်းဥပဒေအရ လင်မယားအရာမြောက်မည့် ပေါင်းဖက်နေထိုင်ပြုမူကြပုံမျိုးဖြစ်လျှင်-
(က) ထိုသူတို့သည် ထိုသို့ ပေါင်းဖက်စကပင် ထိမ်းမြားခဲ့ကြသည်ဟု မှတ်ယူရမည့်အပြင် ဤဥပဒေအရ ထိမ်းမြားခဲ့သည်ဟုလည်း မှတ်ယူရမည်။
(ခ) ထိုလင်မယားသည် စတင်ပေါင်းဖက်သည့်နေ့မှစ၍ မည်သည့်ကာလတွင်မဆို ဤဥပဒေအရတစ်ဦးဦးက ထိမ်းမြားမှုသက်သေခံလက်မှတ်ထုတ်ပေးရန် မှတ်ပုံတင်အရာရှိထံ လျှောက်ထားနိုင်သည်။ ယင်းသို့ လျှောက်ထားလာပါက မှတ်ပုံတင်အရာရှိသည် ပုဒ်မ ၁၄ အရ ထိုသူတို့ကို မိမိက ထိမ်းမြားပေးဘိသကဲ့သို့ ပုဒ်မ ၁၅ နှင့် ပုဒ်မ ၁၆ တွင် သတ်မှတ်ထားသည့်အတိုင်း ဆောင်ရွက်ရမည်။

**အခန်း (၆)**
**မှတ်ပုံတင်အရာရှိက ထိမ်းမြားပေးခြင်း**

၂၃။ (က) မြန်မာဗုဒ္ဓဘာသာဝင် မိန်းမတစ်ဦးနှင့် ဗုဒ္ဓဘာသာဝင်မဟုတ်သည့် ယောကျ်ားတစ်ဦးတို့သည် ဤဥပဒေအရ မှတ်ပုံမတင်ဘဲ ပေါင်းဖက်လျက်ရှိလျှင် မိန်းမနေထိုင်ရာဒေသရှိ မှတ်ပုံတင်အရာရှိထံ မိန်းမ သို့မဟုတ် ၎င်း၏မိဘ၊ အုပ်ထိန်းသူ၊ ဆွေမျိုးတစ်ဦးဦးက ထိုအကြောင်းကို သတင်းပေးနိုင်သည်။ မှတ်ပုံတင်အရာရှိသည် သတင်းပေးချက်ကို ရေးမှတ်ထားပြီး သတင်းပေးသူကို လက်မှတ်ရေးထိုးစေရမည်။
(ခ) မှတ်ပုံတင်အရာရှိသည် -
(၁) ပုဒ်မခွဲ (က) အရ သတင်းပေးချက်ကို ရရှိသည့်အခါသတင်းပေးချက်ကို ရေးမှတ်ပြီး သတင်းပေးသူအား လက်မှတ်ရေးထိုးစေခြင်း၊ မှတ်ပုံမတင်ဘဲ ပေါင်းဖက်လျက်ရှိသော မြန်မာဗုဒ္ဓဘာသာဝင် မိန်းမနှင့် ဗုဒ္ဓဘာသာဝင်မဟုတ်သည့် ယောကျ်ားတို့ကို သတ်မှတ်သည့် နေ့ရက်တွင် လာရောက်ရန် ဆင့်ခေါ်ရမည်။
(၂) ပုဒ်မခွဲငယ် (၁) အရ ဆင့်ခေါ်ခြင်းခံရသူနှစ်ဦးလုံးက ထိမ်းမြားခြင်းကို မှတ်ပုံတင်ရန်

**စာမျက်နှာ ၁၆ သို့**

စာမျက်နှာ ၁၅ မှ

ဆန္ဒရှိပါက ပုဒ်မ ၁၄ ပါနည်းလမ်းအတိုင်း ထိမ်းမြားပေးပြီး ပုဒ်မ ၁၅ နှင့် ၁၆ တို့နှင့်အညီ ဆောင်ရွက်ရမည်။

(၃) ပုဒ်မခွဲငယ် (၁) အရ ဆင့်ခေါ်ခြင်းခံရသူ တစ်ဦးက ဖြစ်စေ၊ နှစ်ဦးလုံးကဖြစ်စေ ထိမ်းမြားခြင်းကို မှတ်ပုံတင်ရန် ဆန္ဒမရှိလျှင် သို့မဟုတ် လာရောက်ခြင်းမရှိလျှင် ပုဒ်မ ၁၂၊ ပုဒ်မခွဲ (ခ)အရ စီရင်ပိုင်ခွင့်အာဏာရတရားရုံးသို့ သတင်းပေးချက်နှင့်အတူ အစီရင်ခံစာ ပေးပို့ရမည်။

(ဂ) အခြားတည်ဆဲဥပဒေများတွင် မည်သို့ပင် ပါရှိစေကာမူ တရားရုံးသည် အစီရင်ခံစာကိုရရှိသောအခါ နည်းလမ်းတကျ စွဲဆိုသည့် တရားမအထွေထွေမှု ဖြစ်ဘိသကဲ့သို့ နှစ်ဖက်အမှုသည်များကို လည်းကောင်း၊ ၎င်းတို့ တင်ပြသည့် သက်သေခံချက်ကို လည်းကောင်း စစ်ဆေးကြားနာပြီးနောက် ထိုသူတို့သည် ပုဒ်မ ၂၂၊ ပုဒ်မခွဲ(က) အရ ထိမ်းမြားခဲ့ကြသည်ဟု မှတ်ယူရမည်ဖြစ်ကြောင်း အမိန့်ချမှတ်ရမည်။ စရိတ်နှင့်စပ်လျဉ်း၍ တရားရုံးကသင့်သည် ထင်မြင်သည့်အမိန့်ကို ချမှတ်နိုင်သည်။

(ဃ) ပုဒ်မခွဲ (က) အရ ပေါင်းဖက်လျက်ရှိသူ -

(၁) တစ်ဦးဦးက ထိမ်းမြားခြင်းကို မှတ်ပုံမတင်လိုသည့်အမှုတွင် မှတ်ပုံတင်လိုသူအား တရားလိုဟူ၍လည်းကောင်း၊ မှတ်ပုံမတင်လိုသူအား တရားပြိုင်ဟူ၍လည်းကောင်း မှတ်ယူရမည်။

(၂) နှစ်ဦးလုံးက ထိမ်းမြားခြင်းကို မှတ်ပုံမတင်လိုသည့် အမှုတွင် သတင်းပေးသူအား တရားလိုဟူ၍လည်းကောင်း၊ မှတ်ပုံမတင်လိုသူနှစ်ဦးအား တရားပြိုင်များ ဟူ၍လည်းကောင်း မှတ်ယူရမည်။

(င) တရားရုံးသည် အမိန့်မိတ္တူတစ်စောင်ကို မှတ်ပုံတင်အရာရှိထံသို့ ချက်ချင်းပေးပို့ရမည်။

(စ) တရားရုံးက ထိုယောကျ်ားနှင့် မိန်းမတို့သည် ပုဒ်မ ၂၂၊ ပုဒ်မခွဲ(က) အရ ထိမ်းမြားခဲ့ကြသည်ဟု မှတ်ယူရမည်ဖြစ်ကြောင်း အမိန့်ချမှတ်လျှင် မှတ်ပုံတင်အရာရှိသည် တရားရုံးအမိန့်အတိုင်း ထိမ်းမြားမှုသက်သေခံ မှတ်ပုံတင်စာအုပ်တွင် သက်ဆိုင်သည့် အကြောင်းအရာများကို ရေးသွင်း၍ လက်မှတ်ထိုးပြီးနောက် ပုဒ်မ ၁၆ တွင် သတ်မှတ်ထားသည့်အတိုင်း ဆောင်ရွက်ရမည်။

(ဆ) မြို့နယ်တရားရုံးက ချမှတ်သောအမိန့်ကို ဥပဒေနှင့်အညီ အယူခံပိုင်ခွင့်ရှိသည်။

## အခန်း (၇)
## ပစ္စည်းပိုင်ဆိုင်ခွင့်နှင့် အိမ်ထောင်ရေးကိစ္စများကို မြန်မာဓလေ့ထုံးတမ်းဥပဒေအရ ဆုံးဖြတ်ခြင်း

၂၄။ ဤဥပဒေအရ ထိမ်းမြားသူ သို့မဟုတ် ထိမ်းမြားခဲ့ကြသည်ဟု မှတ်ယူခြင်း ခံရသူတို့နှင့် ၎င်းတို့၏ တရားဝင်လင်၊ တရားဝင်မယားနှင့် တရားဝင်သားသမီးအားလုံး၏ ပစ္စည်းပိုင်ဆိုင်ခွင့်၊ အမွေဆက်ခံခွင့် အခွင့်အရေးများနှင့် စပ်လျဉ်းသည့်ကိစ္စအားလုံးကို မြန်မာဓလေ့ထုံးတမ်းဥပဒေအရ ဆုံးဖြတ်ရမည်။

၂၅။ လင်မယားကွာရှင်းမှု၊ ပစ္စည်းခွဲဝေမှုနှင့် သားသမီးထိန်းသိမ်းမှုတို့နှင့် သက်ဆိုင်သည့် မြန်မာဓလေ့ထုံးတမ်းဥပဒေပါ ပြဋ္ဌာန်းချက်များသည် ဤဥပဒေအရ ထိမ်းမြားကြသူ သို့မဟုတ် ထိမ်းမြားခဲ့ကြသည်ဟု မှတ်ယူခြင်းခံရသူတို့အပေါ် အာဏာသက်ရောက်ရမည်။

၂၆။ ဟိန္ဒူဘာသာ၊ ဆစ်(ခ်)ဘာသာ၊ ဂျိန္နဘာသာ တစ်ရပ်ရပ်ကို ကိုးကွယ်သော ပစ္စည်းမခွဲဝေရသေးသည့် မိသားစုဝင်ယောကျ်ားသည် မြန်မာဗုဒ္ဓဘာသာဝင်မိန်းမနှင့် ဤဥပဒေအရ ထိမ်းမြားလျှင် သို့မဟုတ် ထိမ်းမြားခဲ့သည်ဟု မှတ်ယူခြင်းခံရလျှင် ထိုသူသည် ထိုမိသားစုမှ ခွဲခွာခဲ့ပြီး ဖြစ်သည်ဟု မှတ်ယူရမည်။ ထို့ပြင်ပစ္စည်းခွဲဝေခြင်းမပြုမီ ထိုသူသေဆုံးလျှင် ၎င်းပိုင်သည့် ဆိုင်ရာဆိုင်ခွင့်သည် ထိုသူ၏ မြန်မာဗုဒ္ဓဘာသာဝင် မိန်းမနှင့် သားသမီးများသို့ သက်ရောက်ရမည်။

၂၇ ။ ဘာသာရေး ဓလေ့ထုံးတမ်းတစ်ခုခုကဖြစ်စေ၊ ဥပဒေတစ်ရပ်ရပ်က ဖြစ်စေ ဗုဒ္ဓဘာသာဝင်မဟုတ်သည့် ယောကျ်ားတစ်ဦးအား မြန်မာဗုဒ္ဓဘာသာဝင် မိန်းမတစ်ဦးနှင့်လင်မယားအဖြစ် ပေါင်းဖက်နေခြင်းကို ခွင့်မပြုသည့်အကြောင်းကြောင့် ယောကျ်ားက မိန်းမကို ကွာရှင်းလျှင် သို့မဟုတ် စွန့်ခွာလျှင် သို့မဟုတ် ကိုယ်ထိလက်ရောက် ညှဉ်းပန်းနှိပ်စက်ရာ ရောက်သည်ဖြစ်စေ၊ မရောက်သည်ဖြစ်စေ ရက်စက်သည့် အပြုအမူအားဖြင့် စိတ်ဆင်းရဲအောင် ပြုလျှင် သို့မဟုတ် အကြမ်းဖက်မှုပြုလျှင် အဆိုပါ ဘာသာရေးဓလေ့ထုံးတမ်း သို့မဟုတ် ဥပဒေက မည်သို့ပင်ဆိုစေကာမူ-

(က) ယောကျ်ားသည် နှစ်ဦးပိုင်ပစ္စည်းများမှ မိမိရထိုက်သောအစုကို စွန့်လွှတ်ရမည့်အပြင် ဗုဒ္ဓဘာသာဝင်မိန်းမအား ဆုံးရှုံးနစ်နာမှုအတွက် လျော်ကြေးပေးရမည်။

(ခ) မြန်မာဗုဒ္ဓဘာသာဝင် မိန်းမသည် သားသမီးအားလုံး အုပ်ထိန်းခွင့်ကို ရရှိရမည်။

(ဂ) ယောကျ်ားသည် အရွယ်မရောက်သေးသည့် သားသမီးများအတွက် ကလေးစရိတ်ပေးရမည်။

၂၈။ ဗုဒ္ဓဘာသာဝင်မဟုတ်သော နိုင်ငံသားမိန်းမတစ်ဦးသည် ဗုဒ္ဓဘာသာဝင် မဟုတ်သည့် ယောကျ်ားနှင့် လင်မယားအဖြစ် ပေါင်းဖက်နေစဉ် ဗုဒ္ဓဘာသာသို့ ကူးပြောင်းကိုးကွယ်လျှင် ၎င်းတို့သည် ဤဥပဒေအရ ထိမ်းမြားဘိသကဲ့သို့ ပုဒ်မ ၂၅ နှင့် ပုဒ်မ ၂၆ ပါ ပြဋ္ဌာန်းချက်များသည် ၎င်းတို့နှင့် သက်ဆိုင်ရမည်။

၂၉။ မိန်းမက ဗုဒ္ဓဘာသာသို့ ကူးပြောင်းကိုးကွယ်သည့်အခါ ယောကျ်ား၏ ဘာသာရေးဓလေ့ထုံးတမ်း တစ်ခုခုကဖြစ်စေ၊ ဥပဒေတစ်ရပ်ရပ်ကဖြစ်စေ ယောကျ်ားအား ထိုဗုဒ္ဓဘာသာဝင်မိန်းမနှင့် လင်မယားအဖြစ် ပေါင်းဖက်နေခြင်းကို ခွင့်မပြုသည့်အကြောင်းကြောင့် ယောကျ်ား သို့မဟုတ် မိန်းမကကွာရှင်းလိုလျှင် ဗုဒ္ဓဘာသာသို့ ထိုမိန်းမကူးပြောင်း ကိုးကွယ်သည့်ကာလအပိုင်းအခြားအတွင်း ကွာရှင်းနိုင်သည်။ ထိုအကြောင်းကြောင့် -

(က) ယောကျ်ားက မိန်းမကို ကွာရှင်းလျှင်-

(၁) ဗုဒ္ဓဘာသာသို့ ကူးပြောင်းကိုးကွယ်ခြင်းမပြုမီက မိန်းမနေထိုင်ရသည့် အတန်းအစားအခြေအနေအောက် မလျော့သော အခြေအနေတွင် ဆက်လက်နေထိုင်နိုင်သည့် လုံလောက်သော လစဉ်စရိတ်ကို မိန်းမက နောက်ထပ် ထိမ်းမြားခြင်းမပြုသမျှ ကာလပတ်လုံး ယောကျ်ားက မိန်းမအား ပေးရမည်။

(၂) မိန်းမသည် ဗုဒ္ဓဘာသာသို့ ကူးပြောင်းကိုးကွယ်ခြင်းမပြုမီက မိန်းမတစ်ဦးတည်းပိုင်ဖြစ်သော ပစ္စည်းအားလုံးကို မိန်းမက ရခွင့်ရှိရမည်။ သို့ရာတွင် ထိုသို့ ကူးပြောင်းကိုးကွယ်ခြင်း မပြုမီက ယောကျ်ားတစ်ဦးတည်းပိုင် ဖြစ်သော မည်သည့် ပစ္စည်းကိုမျှ မိန်းမကရခွင့်မရှိစေရ။

(၃) မိန်းမသည် အရွယ်မရောက်သေးသည့် သားသမီးအားလုံး အုပ်ထိန်းခွင့်ကို ရရှိရမည်။

(၄) ယောကျ်ားသည် အရွယ်မရောက်သေးသည့် သားသမီးများ အတွက် ကလေးစရိတ်ပေးရမည်။

(ခ) မိန်းမက ယောကျ်ားကို ကွာရှင်းလျှင်-

(၁) မိန်းမက ဗုဒ္ဓဘာသာသို့ ကူးပြောင်းကိုးကွယ်ခြင်းမပြုမီ မိန်းမတစ်ဦးတည်းပိုင်ဖြစ်သော ပစ္စည်းမှတစ်ပါး ယောကျ်ားတစ်ဦးတည်းပိုင်သော မည်သည့်ပစ္စည်းကိုမျှ မိန်းမက ရခွင့်မရှိစေရ။

(၂) မိန်းမသည် အရွယ်မရောက်သေးသည့် သားသမီးအားလုံး အုပ်ထိန်းခွင့်ကို ရရှိရမည်။

(၃) ယောကျ်ားသည် အရွယ်မရောက်သေးသည့် သားသမီးများ အတွက် ကလေးစရိတ်ပေးရမည်။

၃၀။ ပုဒ်မ ၂၅ မှ ပုဒ်မ ၂၉ အထိ ပြဋ္ဌာန်းချက်များသည် မြန်မာဗုဒ္ဓဘာသာဝင် မိန်းမနှင့် ၎င်း၏ ဗုဒ္ဓဘာသာဝင် မဟုတ်သည့် ယောကျ်ားတို့ဖြစ်ပွားသော လင်မယားကွာရှင်းမှုကိစ္စ သို့မဟုတ် ဗုဒ္ဓဘာသာဝင် မဟုတ်သည့် ယောကျ်ားက မြန်မာဗုဒ္ဓဘာသာဝင်မိန်းမကို စွန့်ခွာသည့်ကိစ္စ သို့မဟုတ် ကိုယ်ထိလက်ရောက် ညှဉ်းပန်းနှိပ်စက်ရာ ရောက်သည်ဖြစ်စေ၊ မရောက်သည်ဖြစ်စေ ရက်စက်သည့် အပြုအမူအားဖြင့် စိတ်ဆင်းရဲအောင်ပြုသည့်ကိစ္စ သို့မဟုတ် အကြမ်းဖက်မှုပြုသည့်ကိစ္စအားလုံးတို့နှင့် သက်ဆိုင်ရမည်။

၃၁။ ဤဥပဒေအရ ထိမ်းမြားလျှင် သို့မဟုတ် ထိမ်းမြားသည်ဟု မှတ်ယူခြင်းခံရလျှင် ထိုသူနှစ်ဦးမှ မွေးဖွားသော သားသမီးများသည် တရားဝင်သားသမီးများ ဖြစ်သည်ဟု မှတ်ယူရမည်။

## အခန်း (၈)
## ပြစ်မှုနှင့်ပြစ်ဒဏ်များ

၃၂။ မည်သူမဆို ပုဒ်မ ၁၁ သို့မဟုတ် ပုဒ်မ ၁၃ အရ ကန့်ကွက်ခြင်းကို သဘောရိုးဖြင့် ပြုလုပ်ခြင်း မဟုတ်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို ကျပ်ငါးသိန်းထက်မပိုသော ငွေဒဏ်ချမှတ်ရမည်။

၃၃။ ဗုဒ္ဓဘာသာဝင်မဟုတ်သည့် ယောကျ်ားသည် ပုဒ်မ ၁၉၊ ပုဒ်မခွဲ (က)၊ ပုဒ်မခွဲ (ခ)၊ ပုဒ်မခွဲ (ဂ) နှင့် ပုဒ်မခွဲ (ဃ)ပါ ပြဋ္ဌာန်းချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို တစ်နှစ်ထက်မပိုသော ထောင်ဒဏ်ချမှတ်ရမည့်အပြင် ကျပ်ငါးသိန်းထက်မပိုသော ငွေဒဏ်လည်း ချမှတ်ရမည်။

၃၄။ ဗုဒ္ဓဘာသာဝင် မဟုတ်သည့် ယောကျ်ားသည် ပုဒ်မ ၁၉၊ ပုဒ်မခွဲ (င) ပါ ပြဋ္ဌာန်းချက်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို နှစ်နှစ်ထက်မပိုသော ထောင်ဒဏ်ချမှတ်ရမည့်အပြင် ကျပ်သိန်းနှစ်ဆယ်ထက်မပိုသော ငွေဒဏ်လည်း ချမှတ်ရမည်။

၃၅။ ဗုဒ္ဓဘာသာဝင် မဟုတ်သည့် ယောကျ်ားသည် ပုဒ်မ ၁၉၊ ပုဒ်မခွဲ (စ)၊ ပုဒ်မခွဲ (ဆ)နှင့် ပုဒ်မခွဲ (ဇ) ပါ ပြဋ္ဌာန်းချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို နှစ်နှစ်ထက်မပိုသော ထောင်ဒဏ် ချမှတ်ရမည့်အပြင် ကျပ်တစ်ဆယ့်ငါးသိန်း ထက်မပိုသောငွေဒဏ်လည်း ချမှတ်ရမည်။

၃၆။ မည်သူမဆို ပုဒ်မ ၆ ပါလျှောက်လွှာပုံစံတွင် မဟုတ်မမှန်သည်လည်းဖြစ်၍ မဟုတ်မမှန်ဟု မိမိသိသည်လည်းဖြစ်သော သို့မဟုတ် ယုံကြည်သည်လည်းဖြစ်သော ဖော်ပြချက်ကို သော်လည်းကောင်း၊ ထိမ်းမြားမှုသက်သေခံလက်မှတ်ကို သော်လည်းကောင်း ပြုလုပ်ခြင်း သို့မဟုတ် လက်မှတ်ရေးထိုးခြင်း သို့မဟုတ် မှန်ကန်ကြောင်း သက်သေခံခြင်းပြုကြောင်း ပြစ်မှုထင်ရှား စီရင်ခြင်းခံရလျှင် ထိုသူကို သုံးနှစ်ထက်မပိုသော ထောင်ဒဏ်ဖြစ်စေ၊ ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံး ဖြစ်စေချမှတ်ရမည်။

၃၇။ မည်သည့် မှတ်ပုံတင်အရာရှိမဆို ပုဒ်မ ၄၊ ပုဒ်မခွဲ (ဂ)၊ ပုဒ်မ ၉၊ ပုဒ်မ ၁၀၊ ပုဒ်မ ၁၂၊ ပုဒ်မခွဲ (က)၊ ပုဒ်မ ၁၃၊ ပုဒ်မခွဲ (ဂ)၊ ပုဒ်မခွဲငယ် (၁) နှင့် ပုဒ်မ ၁၃၊ ပုဒ်မခွဲ (ဆ)၊ ပုဒ်မခွဲငယ် (၂) ပါ ပြဋ္ဌာန်းချက်တစ်ခုခုနှင့် ဆန့်ကျင်၍ ထိမ်းမြားပေးကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုအရာရှိကို ခြောက်လထက်မပိုသော ထောင်ဒဏ်ဖြစ်စေ၊ ကျပ်နှစ်သိန်းထက်မပိုသော ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေချမှတ်ရမည်။

## အခန်း (၉)
## အထွေထွေ

၃၈။ ဤဥပဒေပါ ပုဒ်မ ၃၃ မှ ၃၇ အထိ ပြစ်မှုများကို ရဲအရေးယူပိုင်ခွင့်ရှိသောပြစ်မှုများအဖြစ် သတ်မှတ်သည်။

၃၉။ ၁၉၅၄ ခုနှစ်၊ ဗုဒ္ဓဘာသာဝင်မိန်းမများ အထူးထိမ်းမြားမှုနှင့် အမွေဆက်ခံမှု အက်ဥပဒေအရ ထုတ်ပြန်ခဲ့သော အမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်နှင့် လုပ်ထုံးလုပ်နည်းများသည် ဤဥပဒေပါ ပြဋ္ဌာန်းချက်များနှင့် မဆန့်ကျင်သရွေ့ အတည်ဖြစ်သည်။

၄၀။ ဤဥပဒေပါ ပြဋ္ဌာန်းချက်များကို အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် ပြည်ထောင်စုတရားလွှတ်တော်ချုပ်သည် နည်းဥပဒေ၊ စည်းမျဉ်း၊ စည်းကမ်း၊ အမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်နှင့် လုပ်ထုံးလုပ်နည်းများကိုထုတ်ပြန်နိုင်သည်။

၄၁။ ၁၉၅၄ ခုနှစ်၊ ဗုဒ္ဓဘာသာဝင်မိန်းမများ အထူးထိမ်းမြားမှုနှင့် အမွေဆက်ခံမှု အက်ဥပဒေကို ဤဥပဒေဖြင့် ရုပ်သိမ်းလိုက်သည်။

---

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေအရကျွန်ုပ် လက်မှတ်ရေးထိုးသည်။**

**(ပုံ) သိန်းစိန်**
**နိုင်ငံတော်သမ္မတ**
**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**

**ထိမ်းမြားလိုကြောင်း လျှောက်ထားလွှာပုံစံနှင့် ထိမ်းမြားကြောင်း သက်သေခံ မှတ်ပုံတင်စာအုပ်ပုံစံတို့ကို ဆက်လက်ဖော်ပြပါမည်။**

**ပျောက်ဆုံး**
ကျွန်မ ဒေါ်ခင်မာဌေး[၉/မသန(နိုင်)၀၅၇၄၇၈]ကိုင်ဆောင်သော Passport No-M 853052 ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၄၃၀၂၀၈၅၃

နယ်စည်းမထားဆရာဝန်များအဖွဲ့မှ
(၁)ကား(၃)စီး -Toyota Prado,Year-1996 to 1999, Model:KZJ95W, Engine Type: 1KZ ဝယ်ယူလိုပါသည်။
(၂)ကွန်ပျူတာနှင့်ဆက်စပ်ပစ္စည်းများ - HPComputers-14Laptops,1 Desktop, 1 Monitor and 1UPS တို့ ဝယ်ယူလိုပါသည်။
လိုအပ်သည့်အချက်အလက်များကို အမှတ်(၅-၅၉)၊ အေးရတနာလမ်း၊ သီရိဂုဏ်အိမ်ရာ၊ သဃ်န်းကျွန်းမြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း-+၉၅(၁)၈၅၅၁၂၆၄၊ +၉၅(၁)၈၅၅၀၈၂၀၊ +၉၅(၁)၁၂၂၁၃၀၈ တွင် ရုံးချိန်အတွင်း အခမဲ့ လာရောက်ထုတ်ယူနိုင်ပြီး ၁၁-၉-၂၀၁၅ ရက် နောက်ဆုံးထားပြီး တင်ဒါတင်သွင်းရမည်။

**မူးယစ် ဆန့်ကျင် အောင်ပွဲဆင်**

## ငြင်းချက်ထုတ်ရန်သမ္မန်စာ
## (တရားမကျင့်ထုံးကိုခဉပဒေအမိန့်-၅၊ နည်းဥပဒေ-၂၀)
## မြေပုံမြို့နယ်တရားရုံးတော်၌
## ၂၀၁၅ခုနှစ်၊ တရားမကြီးမှုအမှတ်-၂၈

ဦးလှထွန်းချေ(ဘ)ဦးဘဖြူ
တရုတ်တန်းရပ်ကွက်
မြေပုံမြို့
(တရားလို)

နှင့်

ဦးသာဇံအောင်(ဘ)ဦးမောင်စိန်အေး
တရုတ်တန်းရပ်ကွက်
မြေပုံမြို့(ယခုလိပ်စာမသိ)
(တရားပြိုင်)

အထက်ပါအမှု တရားပြိုင် ဦးသာဇံအောင်(ဘ)ဦးမောင်စိန်အေး၊ တရုတ်တန်းရပ်ကွက်၊ ညောင်ပင်ချေလမ်းကြားနေ (ယခုနေရပ်လိပ်စာမသိ) သိစေရမည်။

သင့်အပေါ် တရားလို ဦးလှထွန်းချေက နယ်နိမိတ်ချင်းကပ်လျက်ရှိသော မြေအစိတ်အပိုင်းပေ(၆၀×၂၀)ကို ပိုင်ဆိုင်ကြောင်းမြွက်ဟကြော်ငြာပေးပါရန်နှင့် လက်ရောက်ရလိုမှုလျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ်ရုံးအခွင့်အမိန့်ရ ရှေ့နေဖြစ်စေ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်ဆိုင်သည့်အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက် ၎င်းရှေ့နေနှင့်ပါ၍ဖြစ်စေ၊ ၂၀၁၅ ခုနှစ်၊ စက်တင်ဘာလ ၇ရက် (၁၃၇၇ခုနှစ်၊ ဝါခေါင်လပြည့်ကျော် ၈ ရက်) မွန်းမတည့်မီ ၁၀ နာရီတွင် အထက်ကအမည်ရေးသားပါရှိသူ တရားလိုစွဲချက်ကို ထုချေရှင်းလင်းရန် ရုံးတော်သို့လာရောက်ရမည်။ ၎င်းအပြင် သင်သိစေရမည်မှာ အထက်ကဆိုခဲ့သည့်ရက်တွင် သင်မလာရောက်ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းအပြင် တရားလိုက ကြည့်ရှုလိုသည့် စာချုပ်စာတမ်းများနှင့် သင်ကထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်က ထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီ လေးရက်က တင်သွင်းရမည်။

၂၀၁၅ခုနှစ်၊ ဩဂုတ်လ ၆ ရက်တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

(သိန်းမောင်)

**မြို့နယ်တရားသူကြီး**
**မြေပုံမြို့နယ်တရားရုံး**


**P.E.S.**
**English Speaking**
**T. Kate**
(၄ -လ)အတွင်း ကျွမ်းကျင်စွာ ပြောနိုင်ရမည်။
(၂၃၆) (3C)၊ဒုတိယထပ်၊ ရတနာလမ်း၊ မြောက်ဥက္ကလာပ၊ ... ၊ရန်ကုန်မြို့
Ph: 503984 / 516503 / 09 258814935 / 09 73140326

## ကန်ထရိုက်တာဦးကြည်သိန်း သိစေရန်

ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၁၉)၊ အိမ်အမှတ်(၁၄၄)၊ အကျယ်အဝန်းပေ(၂၈×၆၀)ရှိ ဦးထွန်း ထွန်းဦး[၁၂/မရက(နိုင်)၁၂၀၈၄၀]ပိုင် မြေကွက်ပေါ်တွင် နှစ်ခန်းတွဲ RC(၃ ထပ်ခွဲ) တိုက်သစ်ဆောက်လုပ်ရန်အတွက် ကန်ထရိုက်တာဦးကြည်သိန်း [၁၂/လမန(နိုင်)၁၂၃၉၀၄]နှင့် နှစ်ဦးသဘောတူစာချုပ်ဖြင့် ၅-၉-၂၀၁၃ ရက်တွင် စာချုပ် ချုပ်ဆိုခဲ့ကြပါသည်။ ကန်ထရိုက်တာဦးကြည်သိန်းသည် စာချုပ်ပါကတိအတိုင်း အဆောက်အအုံအား ဆက်လက်ဆောက်လုပ်ခြင်းမရှိဘဲ (၂)နှစ်တာကာလအတိုင်းအတာထိပြီးစီးရန် များစွာ လိုအပ်နေခဲ့ပါသည်။ထို့ကြောင့် ဤကြော်ငြာပါသည့်နေ့မှ (၁၄)ရက်အတွင်း ကန်ထရိုက်တာဦးကြည်သိန်းမှ လာရောက်တွေ့ဆုံပါရန် ကြေညာအပ်ပါသည်။ ကမ်းလှမ်းရက်ကျော်လွန်ပါက စာချုပ်စာတမ်းဆိုင်ရာအခွင့်အရေးနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါ၍ နောက်ပိုင်းကိစ္စရပ်များအားလုံးဝမရှိဟု မှတ်ယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**မြေပိုင်ရှင်**
**ဦးထွန်းထွန်းဦး[၁၂/မရက(နိုင်)၁၂၀၈၄၀]**



*မျက်မှောက်ကမ္ဘာတွင် ဖြစ်ပေါ်နေသော နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး၊ စစ်ရေးစသည့် နိုင်ငံတကာ အရေးကိစ္စများကို မျက်ခြည်မပြတ်လေ့လာနေရန် လိုအပ်ပါသည်။ ထိုသို့လေ့လာနေမှသာလျှင် နိုင်ငံတကာ အခင်းအကျင်းများမှ ရယူသင့်သော သင်ခန်းစာများကို ထုတ်ယူနိုင်မည်ဖြစ်ပါသည်။ ကြေးမုံစာဖတ်ပရိသတ် များအား တစ်ပတ်အတွင်းထူးခြားသော နိုင်ငံတကာ ဖြစ်စဉ်များကို မြုံငုံသိရှိနိုင်စေရန်အတွက် အပတ်စဉ် တနင်္ဂနွေနေ့တိုင်း နိုင်ငံတကာသတင်း ပုံရိပ်များကို ဖော်ပြအပ်ပါသည်။ (စာတည်း)*

# မေတ္တာကို ဝိဂြိုဟ်ပြု ရန်သတ္တရုပြုမှုရှောင်

a ကိုရင်ဩ

"ချစ်စေလို ခံတွင်းလက်လေးသစ်၊ မုန်းစေလို ခံတွင်းလက်လေးသစ်" ဟူဘိသို့ပင် စကားပြောအရေးကြီးကြောင်းကို ပြဆိုသော သာဓကတစ်ရပ်အဖြစ် တောင်နှင့်မြောက် ကိုရီးယားခေါင်းဆောင်များ၏ ထိပ်တန်းလက်ထောက်များသည် ယခုရက်သတ္တပတ်အတွင်း နှစ်နိုင်ငံစစ်မက်ဖြစ်လုနီးပါး အခြေအနေကို အဆုံးသတ်စေလျက် အကျိုးရလဒ်ကောင်း ဖြစ်ပေါ်စေသော ဆွေးနွေးပွဲကို ပြုလုပ်နိုင်ခဲ့ကြလေသည်။

လွန်ခဲ့သည့် ရက်သတ္တပတ်သည် ကိုရီးယားကျွန်းဆွယ်၌ စစ်ရိပ်စစ်ငွေ့တို့ ထောင်းလမောင်းထခဲ့သည့် အချိန်ကာလတစ်ခုဖြစ်ခဲ့သည်။ မြောက်ကိုရီးယားဘက်မှ အမြောက်ဆန်လေးလုံး ပစ်သွင်းခဲ့ပြီး တောင်ကိုရီးယားဘက်က လက်တုံ့ပြန်သည့်အနေဖြင့် အမြောက် ၂၉ ချက် ပြန်လည်ပစ်ခတ်ခဲ့သည်။ နှစ်ဖက် တပ်များကို စစ်ရေးအရ အသင့်အနေအထားတွင် ရှိနေရန် တပ်လှန့်ခဲ့ကြပြီး နယ်စပ်ဒေသ၌ စစ်ရေးဖြန့်ကြက်မှုများကို တက်သုတ်ရိုက်ကာ ပြုလုပ်ခဲ့ကြလေသည်။

နှစ်နိုင်ငံစစ်ရေးပြင်ဆင်မှုဆီသို့ ဦးတည်စေသော နောက်ခံအကြောင်းတရား တစ်ပိုင်းတစ်စကို မဖုံးမကွယ် ဖွင့်ဟရသည်ရှိသော် ဤသို့တည်း။

**စစ်မဲ့ဇုန်၌ မိုင်းပေါက်ကွဲခြင်း**

ဩဂုတ်လ၏ ပထမဆုံးသော ရက်သတ္တပတ်အတွင်း စစ်မဲ့ဇုန်(ဝါ) စစ်မဲ့နယ်မြေအဖြစ် သတ်မှတ်ထားသော နယ်မြေ (Demilitarized Zone) ၌ မြေမြှုပ်မိုင်း ဗုံးတစ်လုံးပေါက်ကွဲခဲ့ရာ တောင်ကိုရီးယားစစ်သည်နှစ်ဦး ဒဏ်ရာရရှိခဲ့ရသည်။

မြောက်ကိုရီးယားဘက်က မိုင်းထောင်သည်ဟု တောင်ကိုရီးယားအစိုးရအဖွဲ့က စွပ်စွဲမှုကို မြောက်ကိုရီးယားက ငြင်းဆိုခဲ့သည်။ ယင်းဖြစ်ရပ်အပြီး တောင်ကိုရီးယားနိုင်ငံက မြောက်ကိုရီးယားဘက်သို့ လော်စပီကာများကို ဦးလှည့်လျက် ဝါဒဖြန့်အသံလွှင့်ချက်များကို လေလှိုင်းမှတစ်ဆင့် နားသောတဆင်စေရာ၏။

ဩဂုတ် ၂၀ ရက်သည်ကား နှစ်နိုင်ငံ ရဲမက်ဗိုလ်ပါတို့ ဘတစ်ပြန်ကျားတစ်ပြန် အားစမ်းသည့်နေ့အဖြစ် သက်သေတည်ခဲ့သည်။ မြောက်ကိုရီးယားက တောင်ကိုရီးယား၏ ယွန်ချောင်းမြို့ကို အမြောက်ဖြင့် ပစ်ခွင်းသည်။ တောင်ကိုရီးယားက မဆိုင်းမတွပြန်လည်လက်စွမ်းပြသည့်အနေဖြင့် အမြောက်လက်နက်ကြီးဖြင့် အချက်ပေါင်းများစွာ ဗိုန်းဗောင်းသံပေးသည်။ နှစ်ဖက် ထိခိုက်သူကား မရှိ။ တောင်ကိုရီးယား၏ အနောက်ဘက်ပင်လယ် ကမ်းရိုးတန်းဒေသတစ်ကြော နေထိုင်သူ ပြည်သူများကို ဘေးလွတ်ရာသို့ ရွှေ့ပြောင်းပေးခဲ့ရ၏။ ကတုတ်ကျင်းများအတွင်း နေမထိထိုင်မသာဖြစ်ရသူက ဖြစ်ရ၏။

ကိုရီးယားကျွန်းဆွယ်၌ ကြက်ဥ အယောင်၊ တိမ်တောင်သဖွယ်၊ မင်းရေးကျယ်လေပြီ။ တစ်ဖက်နှင့်တစ်ဖက် သက်ညှာယန မကင်းသည့် ပုံအသွင် စစ်ရေးပြင်ကြလေပြီ။

မြောက်ကိုရီးယားက ပိုင်ဆိုင်သမျှ ရေငုပ်သင်္ဘောများထဲမှ ၇၀ ရာခိုင်နှုန်းအရေအတွက် (အစင်း ၅၀ ခန့်) ကို နယ်စပ်ရေလမ်းကြောင်းတစ်လျှောက် ဖြန့်ကြက်လိုက်၏။

နှစ်နိုင်ငံ နယ်စပ်တစ်လျှောက် တင်းမာမှု အရှိန် တရိပ်ရိပ်တက်ကာ စစ်အင်အားအရ လေးခင်းပြလျက်ရှိကြလေရာ တစ်ကမ္ဘာလုံးက ရင်တမမဖြင့် စိုးရိမ်သောကပွားကာ ဆောက်တည်ရာမရ ဖြစ်ကြရလေသည်။

ကျွန်ုပ်မှာလည်း ပစ္စက္ခအလှည့် အပြောင်း သတင်းပုံရိပ်များကို စောင်းငဲ့ကြည့်ရင်း နားယောင်ပက်ကားဖြစ်လျက် တွေဝေနေမိ၏။ ကိုရီးယားကျွန်းဆွယ်၌ ဆိုးခနဲဆတ်ခနဲ ထပေါက်ကွဲတော့မည်လားဟု တောင်တောင်ဤဤ တွေးမိရင်း ရိုးရိုးရွရွဖြစ်မိလေသည်။

**မြောက်ကိုရီးယားရာဇသံ**

တောင်ကိုရီးယားနှင့် မြောက်ကိုရီးယားတို့၏ နှစ်စဉ်ပူးတွဲလေ့ကျင့်မှု စတင်ခဲ့အပြီး လေးရက်အကြာတွင် ကိုရီးယားနှစ်နိုင်ငံတို့ အပြန်အလှန် အမြောက်ပစ်ခတ်မှု ပေါ်ပေါက်ခဲ့သည်။ တောင်ကိုရီးယားဘက်မှ ဝါဒဖြန့်ချိထုတ်လွှင့်မှု ရပ်ဆိုင်းပေးရန် မြောက်ကိုရီးယားက မချိတရိတောင်းဆိုခဲ့လေသည်။

**ပန်မွန်ဂျုံကျေးရွာ**

ပန်မွန်ဂျုံကျေးရွာဟူသည်ကား ကိုရီးယား စစ်ပွဲပြီးဆုံးစေခဲ့သည့် ညှိနှိုင်းဆွေးနွေးမှုများ ပြုလုပ်ခဲ့ရာနေရာပင်တည်း။

မြောက်လတ္တီတွဒ် ၃၈ ဒီဂရီရှိ စစ်မဲ့ဇုန်၏ နှလုံးသည်းပွတ်နေရာ၌ တည်ရှိသည်။ အဝေးပြေးလမ်းမန်ဘေး၌ တည်ရှိပြီး အနီးအပါး၌ ကိုရီးယားနှစ်နိုင်ငံကို ဆက်သွယ်နိုင်သည့် ရထားလမ်းတစ်လမ်းလည်း တည်ရှိသည်။ နှစ်နိုင်ငံအပစ်အခတ်ရပ်စဲရေး ကျေးရွာဟူ၍ ပြောစမှတ်ပြုကြသည်။

၁၉၄၀ ပြည့်လွန်နှစ်များက နှစ်နိုင်ငံ ကွဲကွာခြင်းမရှိဘဲ ဆိုးလ်နှင့် ပြုံယမ်းတို့ သွားလမ်းသာ၍ လာလမ်းဖြောင့်ခဲ့ကြ၏။ ယနေ့ကာလတွင်မူ နယ်စပ်ဒေသရှိ ကေဆောင်းစက်မှုဇုန်သို့ တောင်ကိုရီးယား အလုပ်သမားများနှင့် ဝန်စည်စလယ်များ သယ်ယူပို့ဆောင်ရာတွင် ယင်းရထားလမ်းကို အသုံးပြုလျက်ရှိလေသည်။ နှစ်နိုင်ငံ တင်းမာမှု ပေါ်ပေါက်နေချိန်မျိုးတွင် ရထားလမ်းကို ပိတ်လေ့ရှိသည်။

စစ်မဲ့ဇုန်ဟူသည်ကား ကိုရီးယားကျွန်းဆွယ်ကို ဖြတ်သန်းသွယ်တန်းနေသည့် ကမ်းမြောင်တစ်ခုဖြစ်သည်။ ကိုရီးယားစစ်ပွဲအပြီးမှစ၍ တောင်နှင့်မြောက်ကိုရီးယားအကြား ကြားခံဇုန်အဖြစ် ရပ်တည်လာသည်။

မြောက်လတ္တီတွဒ် ၃၈ ဒီဂရီတွင် ကိုရီးယားကျွန်းဆွယ်ကို နှစ်ပိုင်းခွဲခြားလိုက်သော နယ်စပ်စည်းရိုးအဖြစ် လက်တွေ့အားဖြင့် တည်ရှိနေ၏။

၁၉၅၃ ခုနှစ်က မြောက်ကိုရီးယား၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံနှင့် ကုလသမဂ္ဂတပ်ဖွဲ့တို့အကြား ကိုရီးယားအပစ်အခတ်ရပ်စဲရေး သဘောတူညီချက်အရ စစ်မဲ့ဇုန်ကို ထူထောင်ခဲ့ကြလေသည်။

အလျားမိုင် ၁၆၀၊ ဖြက် ၂ ဒသမ ၅ မိုင်ရှိ စစ်မဲ့ဇုန်သည် အမည်နာမအရ စစ်ရေးလှုပ်ရှားမှုလုပ်ဆောင်ခွင့်မရှိသော နယ်မြေဒေသတစ်ခုဖြစ်လင့်ကစား ကမ္ဘာပေါ်တွင် နှစ်ဖက်တပ်ဖွဲ့များက နယ်စပ်ဒေသ၌ အလုံးအရင်းဖြင့် ဖြန့်ကြက်ထားသော နေရာဟုလည်း ဆိုနိုင်ပေသည်။

၁၉၄၈ ခုနှစ်တွင် တောင်နှင့်မြောက် ကိုရီးယားနှစ်နိုင်ငံကို အသီးသီးထူထောင်ခဲ့ကြပြီးနောက် စစ်မဲ့ဇုန်ကို လက်တွေ့အရ တည်ရှိနေသော နိုင်ငံတကာ နယ်စပ်ဒေသတစ်ခုအဖြစ်တွေ့မြင်ကြရသည်။ စစ်အေးကာလအတွင်း ကမ္ဘာပေါ်တွင် အားပြိုင်မှုအရှိဆုံး နေရာတစ်နေရာဟုဆိုက မှားအံ့မထင်ပေ။

ကိုရီးယားစစ်ပွဲသည် ကိုရီးယားကျွန်းဆွယ်ကို ဝါဒသဘောတရားရေးအရ ကတ္တားခြားစေခဲ့သည်။

ကိုရီးယားစစ်ပွဲမတိုင်မီ ကိုရီးယားကျွန်းဆွယ်၏ ပကတိ အခြေအနေမှန်ကို ဆန်းစစ်ကြည့်လျှင် စစ်အင်အားတောင့်တင်းသည့် နိုင်ငံကြီးများ၏ ပခုံးချင်းယှဉ်အားပြိုင်မှုကို တွေ့ရသည်။

၁၉၁၀ ပြည့်နှစ်တွင် ဂျပန်၏ သိမ်းပိုက်မှုကို ခံခဲ့ရပြီးနောက် ၁၉၄၅ ခုနှစ်တွင် ဂျပန်တို့လက်နက်ချလာစေရန် မြောက်ဘက်မှ ရုရှားတပ်များ၊ တောင်ဘက်မှ အမေရိကန်တပ်များ ဝင်ရောက်လာခဲ့ကြပြီး ၃၈ မျဉ်းပြိုင်တွင် နိုင်ငံကို တောင်နှင့်မြောက် နှစ်ပိုင်းခွဲခြားခဲ့သည်။

၁၉၅၀ ပြည့်နှစ်တွင် မြောက်ကိုရီးယားတပ်များ ကျူးကျော်ဝင်ရောက်မှုကို ဟန့်တားရန် တောင်ကိုရီးယားဘက်မှ ကုလသမဂ္ဂတပ်များက အကူအညီပေးခဲ့သည်။

၁၉၅၃ ခုနှစ် ဇူလိုင် ၂၇ ရက်တွင် အပစ်အခတ်ရပ်စဲရေး သဘောတူညီချက်ကို ရရှိခဲ့ကြသည်။

**မတိုးသာမဆုတ်သာ**

နှစ်နိုင်ငံ စစ်မဲ့ဇုန်ကို ထူထောင်ခဲ့ပြီးနောက် ဝါဒသဘောတရားရေးရာအရ ပြဒါးတစ်လမ်း၊ သံတစ်လမ်းရှိခဲ့ကြသော နှစ်ဖက်တပ်ဖွဲ့များ ရှေ့မတိုးသာ၊ နောက်မဆုတ်သာ အခြေအနေသို့ ရောက်ရှိလာခဲ့သည်မှာ ယနေ့တိုင်အောင်ပင်ဖြစ်တော့သည်။

စစ်ဘက်ဆိုင်ရာ နယ်နိမိတ်မျဉ်းကြောင်းတစ်လျှောက် တစ်ဖက်တစ်ချက်စီတွင် ယနေ့တိုင် တပ်ဖွဲ့များကို အလုံးအရင်းဖြင့် ဖြန့်ကြက်ထားရဆဲဖြစ်လေသည်။

တစ်ဖက်ဖက်မှ ကျူးကျော်လာအံ့နိုး သံသယစိတ်ဖြင့် စစ်ပြေငြိမ်းရေးစာချုပ်ကို ချုပ်ဆိုနိုင်ခဲ့ခြင်း မရှိသဖြင့် သဘောအားဖြင့် နှစ်နိုင်ငံ စစ်မက်ဖြစ်ပွားနေသည့်ကာလ မပြီးဆုံးသေးဟု မှတ်ယူနိုင်၏။

စစ်မဲ့ဇုန်အတွင်း ယနေ့တိုင် ကင်းလှည့်စောင့်ကြပ်နေကြရပြီး စစ်ရေးအရ သတိကြပ်ကြပ်ထားနေကြရဆဲပင်။

စစ်ဘက်ဆိုင်ရာ နယ်နိမိတ်မျဉ်းကြောင်းတစ်လျှောက် ကြိုးကြားကြိုးကြား မငြိမ်မသက်မှုများ ပေါ်ပေါက်ခဲ့လေသည်။

**သမိုင်းဝင်အပြောင်းအလဲတစ်ရပ်**

တောင်နှင့်မြောက် ကိုရီးယားနှစ်နိုင်ငံမှ အမျိုးသားလုံခြုံရေး အရာရှိချုပ်များအကြား လေးရက်ကြာမျှ မာရသွန်ဆွေးနွေးပွဲတစ်ရပ် ကျင်းပခဲ့လေပြီးနောက် ဩဂုတ် ၂၅ ရက်တွင် သမိုင်းတွင်မည့် သဘောတူညီချက်တစ်ရပ်ကို ရရှိခဲ့ကြလေသည်။

စစ်မဲ့ဇုန်အတွင်း ပတ္တရောင်လှည့်နေသော တောင်ကိုရီးယားတပ်ဖွဲ့ဝင်နှစ်ဦး ခြေထောက်ပြတ်ခဲ့ရသော မြေမြှုပ်မိုင်းပေါက်ကွဲမှုကိစ္စနှင့် ပတ်သက်၍ မြောက်ကိုရီးယားဘက်မှ ဝမ်းနည်းစကားဆိုခဲ့ပြီး ဝါဒဖြန့်လော်စပီကာများ အသံရပ်စဲပေးရန် တောင်ကိုရီးယားဘက်မှ သဘောတူညီခဲ့သည်။

တစ်စိတ်တစ်ဒေသ စစ်ပွဲဖြစ်နေသည့် အခြေအနေအဖြစ် သတ်မှတ်ကာ အမြင့်ဆုံးတပ်လှန့်ထားခြင်းကို ရုပ်သိမ်းကြရန် သဘောတူညီကြပြီး နှစ်နိုင်ငံမှ ကွဲကွာမိသားစုများ တွေ့ဆုံရေးအစီအစဉ် ပြန်လည်ပြုလုပ်ရန်လည်း ဆုံးဖြတ်ခဲ့ကြသည်။


ကိုရီးယားရိုးရာ ချူဆွတ် ကောက်သစ်စားပွဲတော်ကာလ စတင်မည့် စက်တင်ဘာ ၂၇ ရက် ဝန်းကျင်တွင် ကွဲကွာနေခဲ့ကြသော မိသားစုဝင်များ ပြန်ပေါင်းထုပ်နိုင်မည့် အခွင့်အခါရရှိလိမ့်မည်ဟု မျှော်လင့်ရလေသည်။

ကိုရီးယားနှစ်နိုင်ငံအကြား စောနိုင်သမျှစောစော ဆွေးနွေးပွဲများ ပြန်လည်ကျင်းပသွားရန်လည်း သဘောတူညီခဲ့ကြရာ လတ်တလောဖြစ်ပေါ်နေသည့် တင်းမာမှုများကို ဖြေလျှော့နိုင်ခဲ့ကြလေသည်။

ဆွေးနွေးညှိနှိုင်းမှုများမှတစ်ဆင့် နှစ်နိုင်ငံအကြား ရန်ပြေမာန်ပြေ ချစ်စရှည်ရန် ဦးတည်လျက်ရှိပြီဖြစ်ရာ ကိုရီးယားကျွန်းဆွယ် တည်ငြိမ်အေးချမ်းရေးအတွက် မျှော်လင့်ချက်ရောင်ခြည် သန်းလေပြီ။

၂၀၁၀ ပြည့်နှစ်က ရေတပ်သင်္ဘော တိုက်ခိုက်ခံရမှုအပေါ် အကြောင်းပြု၍ တောင်ကိုရီးယားနိုင်ငံက ဒဏ်ခတ်အရေးယူမှုများ အဆုံးသတ်ပေးရန် မြောက်ကိုရီးယားက တောင်းဆိုထားပြီး ယင်းတောင်းဆိုချက်နှင့်ပတ်သက်၍ ဆွေးနွေးရန် အသင့်ရှိသည်ဟု တောင်ကိုရီးယားက ဆန္ဒသဘောထားပြသခဲ့လေသည်။

စစ်မက်ဖြစ်ပွားလုနီး အခြေအနေကို တားဆီးကာ ဆွေးနွေးရေး စားပွဲဝိုင်းသို့ ဦးတည်ကြခြင်းမှာ ငြိမ်းချမ်းရေးကို တည်ဆောက်ခြင်းဖြစ်သည်။ လောကီသားတို့ ဗြဟ္မစိုရ်တရားလက်ကိုင်ထားကာ တစ်ဦးနှင့်တစ်ဦး မေတ္တာရှေ့ထားကြပါလျှင် စစ်မက်ဘေးမှ ကင်းဝေးပေလိမ့်မည်။ ကိုရီးယားနှစ်နိုင်ငံတို့ မေတ္တာကို ဝိဂြိုဟ်ပြု ရန်သတ္တရုပြုမှုကို ရှောင်ရှားနိုင်ခဲ့သည်ဟု ကျွန်ုပ် ဆိုပါရစေ။ ။



# ကမ္ဘာကုန်ကျယ်သရွေ့ဝယ်

တက္ကသိုလ်ဘုန်းနိုင်

***ရသစာပေသည် စာဖတ်ပရိသတ်များအား ညှို့ယူဖမ်းစားနိုင်၏။ ထိုစာပေကို ရသမြောက်အောင် ရေးဖွဲ့နိုင်ရန်မှာ စာရေးသူ၏ စာဖတ်ပရိသတ်အပေါ်ထားရှိသော စေတနာမှာ အရေးပါ၏။ ဆရာတက္ကသိုလ်ဘုန်းနိုင် မှာ စာဖတ်သူများအပေါ် အကျိုးအမြတ်မပါ။ ဆန္ဒစွဲမရှိ၊ ရိုးသားစွာဖြင့်ဘဝနှင့် ခံစားမှုတစ်ထပ်တည်းကျအောင် ရေးသားနိုင်သော စေတနာရှိ၏။ ထို့ကြောင့် ဆရာ၏ ရသစာပေများမှာ စာဖတ်ပရိသတ်များကြားဝယ် ယနေ့ထက်တိုင် တောက်ပနေဆဲဖြစ်၏။ ဆရာ၏ စာပေတွင် လူတို့၏ စရိုက်၊ လူတို့၏ ဘဝအမှန်တို့ကို သူတို့ဖြတ်သန်းရာခေတ်ကာလ အခြေအနေများနှင့် ထင်ဟပ်ဖော်ပြရာတွင် အရောင်အသွေးမရှိဘဲ ပကတိ အခြေအနေပေါ်လွင်အောင်ရေးဖွဲ့ထား၏။ ထို့ကြောင့်ခံစားမှုများနှင့်အတူ ဘဝအတွေးအခေါ်များလည်းရ၏။ အသိအမြင်များလည်း တိုး၏။ ခေတ်သမိုင်းကိုလည်း ထင်ဟပ်ရှုမြင်နိုင်၏။ ဤသည်ကား စာရေးသူ၏ စေတနာ အရင်းခံဖြစ်၏။ ယခု ‘ကမ္ဘာကုန်ကျယ်သရွေ့ဝယ်’ တွင်လည်း စာဖတ်ပရိသတ်များ ဤသို့ ရှုမြင်ခံစားနိုင်မည်ဟု ယုံကြည်ပါသည်။ (စာတည်း)***

**ယမန်နေ့မှအဆက်**

“ဒါဖြင့် ဘာဖြစ်လို့လဲ”

ယုမောင်က သက်ခိုင်၏ မျက်နှာကို စေ့စေ့ကြည့်ပြီး တည်ကြည်စွာဆိုသည်။

“ဘာဖြစ်လို့လဲဆိုတော့ သင်တန်းတွေ တက်နေလို့ စာတွေကျက်နေလို့ အပိုပဲ၊ မင်းက ဒီတက္ကသိုလ်ကြီး ဆက်ဖွင့်နေရလိမ့်ဦးမယ်လို့များ ထင်လို့လား”

“ဘာပြောတယ် ယုမောင်”

“မင်းလည်း သိသားပဲ၊ တိုင်းပြည်ကြီးက နေ့ပျက်မလား၊ ညပျက်မလားဟာ”

“မင်းက ဘာလို့ အဲဒီလို ထင်ရတာလဲ”

“ငါ ပြောမယ် သက်ခိုင်၊ ဟိုနေ့က ငါ ဗိုလ်ကွန်းဇော်ကို သွားတွေ့တယ်၊ သူတို့ကတော့ ချကြတော့မှာပဲတဲ့”

ဗိုလ်ကွန်းဇော်သည် ပြည်ခရိုင်မှ ထင်ရှားသော ရဲဘော်ဖြူ ခေါင်းဆောင်ဖြစ်၏။ ယုမောင်သည် တန်းမြင့်ကျောင်းသားဘဝက ပြည်၌ ပြည်သူ့ရဲဘော်လုပ်ဖူးသောကြောင့် ဗိုလ်ကွန်းဇော်နှင့် ရင်းနှီးခင်မင်သည်။ တစ်လောက ဗိုလ်ကွန်းဇော် ရန်ကုန်ခေတ္တလာစဉ် ယုမောင် သွားတွေ့သည်ကို သက်ခိုင်သိပြီးဖြစ်၏။

သက်ခိုင်သည် ခေတ္တစဉ်းစားပြီး နောက်မှ လေးနက်စွာပြော၏။

“ယုမောင်၊ ဗိုလ်ကွန်းဇော်တို့ရဲ့ အရည်အချင်းနဲ့ အဆင့်အတန်းကို မင်းလည်း သိပြီးသားပဲ၊ ငါတော့ သူတို့ကို အထင်မကြီးဘူး၊ သူတို့ ထချရုံနဲ့တော့ တိုင်းပြည်ကြီး ပျက်မသွားနိုင်ပါဘူး၊ ပြီးတော့ တို့ရဲ့တာဝန်ကလည်း တိုင်းပြည်ပျက်မှာကို တွေးပူနေဖို့ မဟုတ်ဘူး၊ မပျက်အောင် တတ်နိုင်တဲ့ဘက်က ကြိုးစားကြဖို့ပဲ”

ယုမောင် ငိုင်သွား၏။ အတန်ကြာမှ မျက်နှာကို ပြင်ကာ ပြုံးရွှင်ရယ်မောပြီး ဆိုသည်။

“အလကားပါကွာ. . . တော်ကြရအောင်၊ တို့ စောစောစီးစီး နိုင်ငံရေးမငြင်းချင်ပါဘူး၊ ဒါထက် သက်ခိုင် . . မင်း ဟိုနေ့က တွေ့ခဲ့တယ်ဆိုတဲ့ ကျောင်းသူလေးကို ထပ်တွေ့သေးလား”

“ဟင့်အင်း”

“နာမည်တို့၊ အတန်းတို့ကော သိပြီလား”

“တွေ့တောင်မှ ထပ်မတွေ့တာ. . ဘယ်လိုလုပ် ဒါတွေကို သိမလဲ”

“မင်း လိုက်မရှာဘူးလား၊ စုံစမ်းကော မစုံစမ်းဘူးလား”

“ဘာလို့ လိုက်ရှာပြီး စုံစမ်းမှာလဲ၊ ဒုက္ခမရှာချင်ပါဘူး သူငယ်ချင်း၊ မင်းတို့ ဒုက္ခတွေကို ကြည့်ပြီး ကြောက်လွန်းလို့”

ယုမောင်က ရယ်နေသည်။ စကားပြန်မဆက်မိမီ အခန်းတွင်းသို့ ကျောင်းသားတစ်ဦး ဝင်လာ၏။

ယုမောင်က နှုတ်ဆက်၏။

“ဟာ. . . ထွန်းငွေပါလား၊ မလာစဖူး ဘာကိစ္စ . . .”

ညှဉ်းသိုးသိုးနှင့် ရှည်သော ဆံပင်၊ မနုတ် မရိတ်ဘဲထားသဖြင့် ကျိုးတိုးကျဲတဲ ပြူထွက်နေသော နှုတ်ခမ်းမွေး၊ မပြုပြင်ဘဲထားသဖြင့် ညိုရာ၌ ညစ်တစ်တစ်နိုင်သော အသားအရေ၊ ဤသွင်ပြင်လက္ခဏာများနှင့် ပြည့်သော ထွန်းငွေသည် မျက်လုံးကျဉ်းကလေးများကို ပြုံးရင်း သက်ခိုင်နှင့် ယုမောင်ကို တစ်လှည့်စီ ကြည့်၏။

“မောင်ရင်တို့နဲ့ ဆွေးနွေးစရာတစ်ခုရှိလို့ လာတာ၊ ဘာလဲ. . . ကိုသက်ခိုင်က ကျောင်းသွားတော့မလို့”

ပြောပြောဆိုဆိုနှင့် သက်ခိုင်က သူ့စားပွဲပေါ်မှ ဖိုင်တွဲနှင့် စာအုပ်များကို ကောက်ကိုင်လိုက်၏။

ထွန်းငွေ၏ မျက်လုံးများက သက်ခိုင်၏ စားပွဲပေါ်ရှိ စာအုပ်စင်မှ စာအုပ်များဆီ ရောက်သွား၏။ ထွန်းငွေသည် စိတ်ဝင်စားစွာနှင့် စာအုပ်များကို ယူကြည့်၏။

သက်ခိုင်၏ စာအုပ်စင်အပေါ်ဆင့်၌ ကျောင်းသုံးစာအုပ်များရှိ၏။

အောင်ဆင့်၌ မာ့(စ်)၊ အိန်ဂျယ်၊ လီနင်၊ စတာလင်တို့၏ ကျမ်းများသာမက ဘားနဒ်ရှော၊ အပ်တင်ဆင်ကလဲယား၊ ရာဟုလာသံကစ္စည်းစသော လက်ဝဲဆန်သည့် ဗြိတိသျှ၊ အမေရိကန်၊ အိန္ဒိယ စာရေးဆရာကြီးများ အသီးသီး၏ စာအုပ်များပါ ရှိနေကြ၏။ ထွန်းငွေ စိတ်ဝင်စားစွာနှင့် ယူကြည့်သော စာအုပ်များကား ထိုစာအုပ်များ ဖြစ်ကြ၏။

ထွန်းငွေသည် အံ့သြဟန်နှင့် သက်ခိုင်ကို မေးသည်။

“ဘာလဲ. . ခင်ဗျား ဒီစာအုပ်တွေဖတ်သလား”

“ဟုတ်ပါတယ်. . ဘာပြုလို့လဲ”

“ဖတ်ရင်ကောင်းတာပေ့ါဗျ၊ ဒါပေမယ့်တစ်ခုတော့ ရှိတယ်၊ ဒီစာအုပ်တွေက ဖတ်ရုံဖတ်ရမယ့် စာအုပ်တွေ မဟုတ်ဘူး”

“နို့. . ဘာလုပ်ရဦးမလဲ၊ ရှိလည်းခိုးထားဦးမှာလား”

ထွန်းငွေ၏ ပြုံးနေသောမျက်နှာသည် မဲ့သွား၏။ သို့ရာတွင် သည်းခံသဘောကောင်းစွာဖြေကြား၏။

“ဒါတော့ ခင်ဗျား ကျွန်တော့်ကို သက်သက်နှံ့လိုက်တာပဲဗျာ၊ ကျွန်တော်ပြောချင်တာက ဒီစာအုပ်တွေက အလုပ်လုပ်ဖို့စာအုပ်တွေ၊ ဖတ်ပြီးရင်အလုပ်လုပ်ရတယ်”

“ဒီအကြံဉာဏ်ပေးလို့ ကျေးဇူးတင်ပါတယ် ကိုထွန်းငွေ၊ ဒါပေမဲ့ အတန်းတက်စရာရှိသေးတာမို့ ကျွန်တော်သွားလိုက်ပါဦးမယ်”

သက်ခိုင်သည်အောက်ထပ် ထမင်းစားခန်းသို့ ပြေးဆင်းလာခဲ့၏။

ထမင်းတစ်ဝိုင်းလျှင်နှစ်ဦး တွဲစားရ၏။ ယုမောင်နှင့် သက်ခိုင်က တစ်တွဲဖြစ်သည်။ အေးဝင်းနှင့် တင်မောင်စိုးတို့က တစ်တွဲဖြစ်၏။ ယုမောင်နှင့်သက်ခိုင်တို့အတွဲက သက်သတ်လွတ်စားသည်ဟု စာရင်းပေးထား၏။ အေးဝင်းနှင့်တင်မောင်စိုးတို့အတွဲက အသားစားသည်ဟု စာရင်းပေးထား၏။ လေးယောက်ပေါင်းစားကြသောအခါ အသားငါး အသီးအရွက်မျှတစွာ စားရ၏။

ထမင်းစားပွဲ၌ အေးဝင်းကရောက်နှင့်သည်။ သူက ထမင်းမစားဘဲစောင့်နေ၏။

“မင်းဒီနေ့ နောက်ကျပါလား သက်ခိုင်”

“အေးကွာ. . ထွန်းငွေဆိုတဲ့ကောင်ရောက်နေလို့”

“ဘယ်သူလဲ. . သဟာယနဲ့ စာဖတ်အသင်း ရွေးကောက်ပွဲတုန်းက အမှုဆောင်ရာထူးနေရာမှန်သမျှ ဝင်ပြိုင်ပြီး ထောက်ခံမဲ တစ်မဲမှ မရတဲ့ ထွန်းငွေလား”

“ဟုတ်တယ်. . သူပေ့ါ”

အေးဝင်းကသဘောကျစွာရယ်သည်။

“မင်းနဲ့ သိပ်မခင်သေးဘူးထင်တယ်၊ ဒီထွန်းငွေဆိုတဲ့ကောင်ကြီးက အင်မတန်ချစ်စရာကောင်းတဲ့ကောင်ကြီးကွ၊ ယုံကြည်မှုလည်းရှိတယ်၊ ရိုးသားမှုလည်းရှိတယ်။ ယုံကြည်မှုအတိုင်းလျှောက်ပြောပြီး ရိုးသားမှုအတိုင်း လျှောက်လုပ်နေလို့ အူကြောင်ကြောင်ကြီးဖြစ်နေတယ်၊ ပုဂ္ဂိုလ်တစ်ယောက်အနေနဲ့ကတော့ ငါပြောသလိုပဲ အင်မတန်ချစ်စရာကောင်းတဲ့ ကောင်ကြီးပါကွာ”

“ဟုတ်လား. . မသိပါဘူး၊ ဒီမနက် ငါသူ့ကို စိတ်တိုတိုနဲ့ ဘုပြောခဲ့တယ်”

“ဘယ်လိုပြောခဲ့သလဲ”

သက်ခိုင်က ထမင်းစားခန်းမဆီ ဆင်းမလာမီကလေး၌ သူနှင့်ထွန်းငွေ တွေ့ကြပြောကြပုံကို အကျဉ်းချုပ်ပြန်ပြောပြ၏။

အေးဝင်းက ထပ်မံရယ်မောပြီး-

“ဒီကောင်ကြီးက အဲဒီစာအုပ်တွေကိုတကယ်ရှိခိုးတဲ့ ကောင်ကြီးကွ၊ အေးလေ. . ဒါပေမယ့် သူစိတ်မဆိုးတတ်ပါဘူး၊ တစ်နေ့မှ သူ့အခန်း မင့်ငါခေါ်သွားဦးမယ်” ဟု ဆိုသည်။

အေးဝင်းနှင့်သက်ခိုင်သည် ယုမောင်နှင့်တင်စိုးအတွက် ဟင်းများကို တစ်ဝက်ခွဲချန်ကာ ထမင်းစားကြ၏။ ထမင်းစားကြပြီးသောအခါ အတန်းတက်ရန် ဗဟိုကျောင်းဆောင်များဘက်သို့ အတူထွက်လာခဲ့ကြသည်။

အေးဝင်းသည်လည်း သက်ခိုင်နည်းတူ ပါဠိဗေဒယူသည်။ သက်ခိုင်နည်းတူပင်တစ်ရပ်သားသူငယ်ချင်းဖြစ်သူ တင်မောင်စိုးနှင့်အတူ ပြည်ကျောင်းဆောင်၌ တစ်ခန်းတည်းလိုက်နေ၏။

ဤအချက်များအပြင် အေးဝင်းနှင့် သက်ခိုင်တွင်တူညီချက်များရှိသေး၏။ပါဠိဗေဒယူကြသော်လည်း အေးဝင်းရော သက်ခိုင်ပါ စာပေရေးရန် ဝါသနာပါကြ၏။

အေးဝင်းက ဝတ္ထု၌ဝါသနာထုံ၍ သက်ခိုင်က ကဗျာဘက်သန်သည်။ တစ်ဖန်နှစ်ဦးလုံးသည် အပေါ်ဝတ်အင်္ကျီ အမျိုးပြုသော မြန်မာဝတ်စုံကပို မြတ်မြတ်နိုးနိုးနှင့် သပ်သပ်ရပ်ရပ်ဝတ်ဆင်တတ်ကြသည်။ ထိုစဉ်က သိပ္ပံယူသော ကျောင်းသားများသည်ဘောင်းဘီကိုသာ ဝတ်သည်။ ပုဆိုးဝတ်သည့်တိုင်အောင် အပေါ်အင်္ကျီဝတ်လေ့မရှိ။ ဝတ်သည့်တိုင်အောင် အောက်ခံအင်္ကျီမှာကော်လာနှင့်ဖြစ်၏။အေးဝင်းနှင့်သက်ခိုင်က စတစ်ကော်လာ အင်္ကျီကိုသာ ပုံမှန်ဝတ်သည်။

အစစအရာရာတူညီနေသည့်အပြင် အသက်အရွယ်ချင်းလည်း တူညီသောကြောင့် သူငယ်ချင်းတကာအနက် အေးဝင်းနှင့်သက်ခိုင်သည် အရင်းနှီးဆုံးဖြစ်၏။

ထို့ကြောင့် လည်းလမ်းလျှောက်ထွက်လာကြစဉ် အေးဝင်းက ယုမောင်မေးသောမေးခွန်းမျိုးကိုပင် မေးသောအခါ၌ သက်ခိုင်က ယုမောင်ကိုဖြေသောအဖြေနှင့်တစ်မျိုးခြားနားစွာဖြေ၏။

“ဒါထက် သက်ခိုင်၊ မင်းဟိုတစ်နေ့ကတွေ့ခဲ့ရတဲ့ အသားဝါဝါ. . . မျက်တောင်ကော့ကော့နဲ့ မိန်းကလေးကိုလိုက်မရှာဘူးလား”

“အမှန်ကို ငါဝန်ခံမယ် အေးဝင်း၊ ငါလိုက်ရှာနေခဲ့တယ်၊ သူ့ကိုငါ သိပ်တွေ့ချင်နေတယ်၊ မင်းတို့ထင်တာထက်ပိုပြီး ငါသူ့ကို သိပ်တွေ့ချင်နေတယ်”

“မင်းတကယ်ပြောနေတာလား”

“တကယ်ပြောတာပေ့ါအေးဝင်းရာ၊ မင်းကိုငါလိမ်ဖူးလို့လား”

“အေးလေ. . ဒါနဲ့များ မင်းက သူငယ်ချင်းတွေဆီက ဘာလို့အကူအညီမတောင်းသလဲ”

“အကြောင်းကတော့ ငါအနောက်မခံချင်လို့ဘဲ သူငယ်ချင်း၊ ငါကအဆဲကိုခံနိုင်တယ်၊ အနောက်ခံနိုင်တဲ့လူစားမျိုး မဟုတ်ဘူး၊ ပြီးတော့ ဒီမိန်းကလေးကို ငါတွေ့ချင်တယ်ဆိုတာကလည်း မင်းတို့နောက်ပြောင်ကြတဲ့နည်းနဲ့မဟုတ်ဘူး”

“ဘယ်လိုကွ. . ဘယ်လို”

**ဆက်လက်ဖော်ပြပါမည်။**

**(၁၉၆၆ ခုနှစ်က ထုတ်ဝေခဲ့သော ဆရာတက္ကသိုလ်ဘုန်းနိုင်၏ စာအုပ်မှ အခေါ်အဝေါ်နှင့် အသုံးအနှုန်းများ၊ စာလုံးပေါင်းသတ်ပုံနှင့် သဒ္ဒါအထား အသိများကို မူရင်းအတိုင်း ဖော်ပြခြင်းဖြစ်ပါသည်။)**





အန်နှင်းငွေးနှင့်ကျောင်းရှင်းများ ၇ အဘအောင်မင်းခေါင်ထွက်ပွဲသို့
★အဘာထွက်ပွဲပုပ္ပါး(၃)ရက်။ပုဂံညောင်ဦးစွယ်တော်လေးဆူပါ(၅)ရက်။
★အဘာထွက်ပွဲပုပ္ပါးတောင်ကြီးအင်းလေးပင်းတယ(၅)ရက်။
★အဘာထွက်ပွဲပုပ္ပါးမန္တလေးပြင်ဦးလွင်(၅)ရက်။ SEP-28 ထွက်မည်
Ph-01241863,380141,0943043109,0973251422

ဒေါ်နန္ဒာဝင်းဦးစီးသော
Amazing Land Travels & Tours Co.,Ltd.
ဗုဒ္ဓဂယာဘုရားဖူးခရီးစဉ်
သံဝေဇနိယ(၄)ဌာန -- (၇)ညအိပ်၊ (၈)ရက်
သံဝေဇနိယ(၄)ဌာန -- (၁၁)ညအိပ်၊ (၁၂)ရက်
အောက်တိုဘာလမှစ၍ တစ်လ(၂)ကြိမ် လတိုင်း ထွက်ပါမည်။ နိုင်ငံကူးလက်မှတ်မရှိသေးသူများ တစ်လကြိုတင်စာရင်းပေးသွင်းနိုင်ပါသည်။
အမှတ်-၁၇(A)၊ အခန်း(၂-A)၊ ဒုတိယထပ်၊ အနောက်ရွှေဂုံတိုင်(၁)လမ်း၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း-၀၁-၂၃၀၄၂၂၅၊ ၀၉-၅၅၀၀၁၃၁၊ ၀၉-၂၅၀၀၃၉၄၃၄၊ ၀၉-၇၃၁၅၉၉၇၁၊ ၀၉-၇၉၈၁၀၅၀၈၃၊ ၀၉-၂၅၄၄၁၇၆၁၄၊ ၀၉-၂၅၄၁၂၈၉၆၈



လျှပ်စစ်စွမ်းအားဝန်ကြီးဌာန
မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်း
အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်း၏ ၂၃၀ကေဗွီ အသုတ်-ပုသိမ် ဓာတ်အားလိုင်းတွင် OPGW Joint Box တပ်ဆင်ခြင်းလုပ်ငန်းကို မြန်မာကျပ်ငွေဖြင့် ဆောင်ရွက်လိုပါသည်။
၂။ တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်များကို အောက်ပါလိပ်စာတွင် ရုံးချိန်အတွင်း လာရောက်စုံစမ်းဝယ်ယူနိုင်ပါသည်။

| | | |
|---|---|---|
| တင်ဒါပုံစံရောင်းချမည့်ရက် | - | ၂၈-၈-၂၀၁၅ ရက် |
| တင်ဒါပိတ်မည့်ရက် | - | ၁၁-၉-၂၀၁၅ ရက် |
| တင်ဒါပိတ်မည့်အချိန် | - | ၁၄း၀၀ နာရီ |

လျှပ်စစ်စွမ်းအားဝန်ကြီးဌာန
တင်ဒါခေါ်ယူရေးလုပ်ငန်းကော်မတီ
မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်း
ပစ္စည်းစီမံရေးဌာန
ရုံးအမှတ်(၂၇)၊ နေပြည်တော်။ ဖုန်း-၀၆၇-၄၁၀၂၀၉



Communications Analyst

Interested in writing news stories and managing Facebook and Twitter?

The United Nations Development Programme (UNDP) is looking for a Communications Analyst to join its team.

Requirements:

1) Masters degree in Journalism, Communications, Public Relations or related field with 2 years experience OR Bachelors degree with four years experience;
2) Strong English language skills

**Duration:** One year, with possibility of extension.
**Location:** Yangon, some travel outside of Yangon required
Contract Type: Fixed Term, National Officer B (NO B) level Visit our website for the full job description: https://jobs.undp.org/cj_view_job.cfm?cur_job_id=59374
Note: This position is for Myanmar nationals. Only applications submitted through the website will be accepted. **Applications close: September 4**

## ပြည်တွင်းရေးရာ

# စဉ့်ကိုင်မြို့နယ်သမဝါယမ အသင်းစု၏ ၂၀၁၄–၂၀၁၅ ဘဏ္ဍာနှစ်ရှင်းလင်းပွဲကျင်းပ

**စဉ့်ကိုင် ဩဂုတ် ၂၉**

စဉ့်ကိုင်မြို့နယ် သမဝါယမအသင်းစု၏ ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ် အရပ်ရပ်ဆိုင်ရာအစည်းအဝေးနှင့် အမှုဆောင်အဖွဲ့ ရွေးချယ်တင်မြှောက်ပွဲကို ဩဂုတ် ၂၈ ရက် နံနက် ၁၁ နာရီက မြို့မအာရုံတော်ဆွမ်းလောင်းအသင်းတွင် ကျင်းပခဲ့ကြောင်း သိရသည်။

၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ် အရပ်ရပ်ဆိုင်ရာရှင်းလင်းပွဲတွင် သဘာပတိ ဦးချန်ထွန်းနှင့် မန္တလေးတိုင်းဒေသကြီး သမဝါယမ ဦးစီးဌာနဒုတိယ ညွှန်ကြားရေးမှူးတို့က အမှာစကားပြောကြားပြီး တိုင်းသမဝါယမအသင်းစုဥက္ကဋ္ဌက အသင်းသားများအား ချေးငွေထုတ်ချေးပေးမှုများ၊ လယ်ယာသုံးစက်ကိရိယာပံ့ပိုးပေးမှုများ၊ ဓာတ်မြေဩဇာဖြန့်ဖြူးရောင်းချပေးမှု အခြေအနေများကိုလည်းကောင်း၊ မြို့နယ်သမဝါယမဦးစီးဌာန ဦးစီးအရာရှိ ဦးဝင်းဆွေက မြို့နယ်သမဝါယမအသင်းစု၏ လက်ရှိလုပ်ကိုင်ဆောင်ရွက်နေသော လုပ်ငန်းများကို ရှင်းလင်းပြောကြားခဲ့သည်။

မြို့နယ်သမဝါယမအသင်းစု ဒါရိုက်တာအဖွဲ့ဝင် ဦးအေးလွင်နှင့် အမှုဆောင်ဒါရိုက်တာဒေါ်ဝင်းရီတို့က ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ်၏ ဘဏ္ဍာရေးရှင်းတမ်းနှင့် အမှုဆောင်အဖွဲ့၏ လုပ်ငန်းအစီရင်ခံစာတို့ကို ဖတ်ကြားတင်သွင်းခဲ့ကြသည်။

စဉ့်ကိုင်မြို့နယ် သမဝါယမအသင်းစုအနေဖြင့် အခြေခံသမဝါယမအသင်းပေါင်း ၁၂၀ ပါဝင်ဖွဲ့စည်းထားပြီး ဆန်စက်၊ ဆီစက်၊ ငါးမွေးမြူရေး၊ စတိုးဆိုင်၊ အရစ်ကျချေးငွေလုပ်ငန်း၊ ဓာတ်မြေဩဇာ ဖြန့်ဖြူးရေးလုပ်ငန်းနှင့် အသေးစားချေးငွေလုပ်ငန်းတို့ကို ပုဂ္ဂလိကလုပ်ငန်းရှင်များနှင့် တွဲဖက်လုပ်ကိုင်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**တင်တင်ထွေး(စဉ့်ကိုင်)**

# ညောင်လေးပင်မြို့နယ်တွင် ရေးဦးပြုစုခြင်းအခြေခံသင်တန်း(၂/၂၀၁၅)ဆင်း

**ညောင်လေးပင် ဩဂုတ် ၂၉**

မြန်မာနိုင်ငံ ကြက်ခြေနီအသင်း ရပ်ရွာလူထုဘေးအန္တရာယ်ကင်းရှင်းရေးနှင့် ကြံ့ခိုင်နိုင်စွမ်းရှိခြင်း အစီအစဉ်မှ ရှေးဦးပြုစုခြင်းအခြေခံသင်တန်း (၂/၂၀၁၅)သင်တန်းဆင်းပွဲအခမ်းအနားကို ဩဂုတ် တတိယပတ်က ပဲခူးတိုင်းဒေသကြီး ညောင်လေးပင်မြို့နယ် ကွင်းဒလကြီးကျေးရွာ၌ ကျင်းပခဲ့သည်။

သင်တန်းတွင် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးသိန်းဇော်ကံက အဖွင့်အမှာစကားပြောကြားပြီး မြို့နယ်ကြက်ခြေ နီအသင်းဥက္ကဋ္ဌကိုယ်စား မြို့နယ်ကြက်ခြေနီအသင်းအလုပ်အမှုဆောင် မြို့နယ်အထောက်အကူပြုကော်မတီဥက္ကဋ္ဌ ဦးသိန်းနိုင်က သင်တန်းဖွင့်လှစ်ရခြင်းရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားကာ သင်တန်းသားများကို သင်တန်းဆင်း လက်မှတ်များ ပေးအပ်ခဲ့သည်။

ထို့နောက် သင်တန်းသားများအတွက် ဆေးအိတ်ငယ်များအား မြို့နယ်အုပ်ချုပ်ရေးမှူး ဦးသိန်းဇော်ကံ၊ မြို့နယ်ကျေးလက်ဦးစီးမှူး ဦးသန်းလွင်၊ မဒေါက်မြို့နယ် အုပ်ချုပ်ရေးမှူး ဦးသူရကျော်စံ၊ မြန်မာနိုင်ငံကြက်ခြေနီအသင်းမှ စီမံချက်ကွင်းဆင်းအရာရှိ ဦးညွန့်ကြိုင်၊ မြို့နယ်ကြက်ခြေနီ တပ်ဖွဲ့ဒုတပ်ရင်းမှူး ဦးစိုးဝင်းနှင့် နည်းပြအဖွဲ့ဝင်များက အသီးသီးပေးအပ်ကြသည်။ ထို့နောက် ကွင်းဒလကြီးကျေးရွာ အုပ်ချုပ်ရေးမှူး ဦးသိန်းလင်းနှင့် သင်တန်းသားတစ်ဦးတို့က ကျေးဇူးတင်စကား ပြောကြားခဲ့ကြောင်း သိရသည်။

**(၆၁၈)**

# မော်တော်ဆိုင်ကယ်ပြုပြင်ရေးသင်တန်းဖွင့်လှစ်

**ငဖဲ ဩဂုတ် ၂၉**

မင်းဘူးခရိုင် ငဖဲမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ကြီးကြပ်ဖွင့်လှစ်သည့် မော်တော်ဆိုင်ကယ်ပြုပြင်ရေးသင်တန်းကို ဩဂုတ် ၂၅ ရက် နံနက် ၉ နာရီက ငဖဲမြို့နယ် ပေကုန်းကျေးရွာ ဓမ္မာရုံ၌ ဖွင့်လှစ်ခဲ့သည်။

သင်တန်းဖွင့်ပွဲတွင် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးနိုင်ဝင်းဇော်က အဖွင့်အမှာစကား ပြောကြားပြီး မြို့နယ်ကျေးလက်ဦးစီးမှူး ဦးယုနိုင်လင်းက သင်တန်းဖွင့်လှစ်ရခြင်း၏ ရည်ရွယ်ချက်၊ ပို့ချမည့်အစီအစဉ်နှင့် စည်းကမ်းပိုင်းဆိုင်ရာတို့ကို ရှင်းလင်းပြောကြားခဲ့သည်။

ယင်းနောက် ပေကုန်းကျေးရွာ အုပ်ချုပ်ရေးမှူး ဦးသိန်းဆောင်က ကျေးရွာသူ၊ ကျေးရွာသားများကိုယ်စား သင်တန်းဖွင့်လှစ်ပေးသည့်အတွက် ကျေးဇူးတင်စကား ပြန်လည်ပြောကြားခဲ့သည်။

အဆိုပါသင်တန်းသို့ ပေကုန်းကျေးရွာမှ သင်တန်းသား ၁၀ ဦး တက်ရောက်ပြီး သင်တန်းကာလမှာ ဩဂုတ် ၂၅ ရက်မှ စက်တင်ဘာ ၃ ရက်ထိ ဖွင့်လှစ်မည်ဖြစ်ရာ ဆိုင်ကယ်ပြုပြင်ရေး ကျွမ်းကျင်သူ နှစ်ဦးက သင်ကြားပို့ချသွားမည်ဖြစ်ကြောင်း သိရသည်။

**သန်းနိုင်ဦး(ငဖဲ)**

# ကျောက်စိမ်းများခိုးလာပြီးရောင်းချနေစဉ်ဖမ်းဆီးခံရ

**မန္တလေး ဩဂုတ် ၂၉**

မန္တလေးခရိုင် မှုခင်းနှိမ်နင်းရေးတပ်ဖွဲ့ခွဲမှ ဒုရဲအုပ်သိဒ္ဓိထွန်းနှင့်အဖွဲ့သည် ဩဂုတ် ၂၆ ရက်က နယ်မြေအတွင်း သတင်းစုံစမ်းနေစဉ် ချမ်းအေးသာစံမြို့နယ် ဒေးဝန်အနောက် ရပ်ကွက်တွင် ကျောက်စိမ်းအလေးချိန် ၁၁ ဒသမ ၄၃ ကီလိုဂရမ်ခန့်ရှိ ကျောက်ထုပ်တစ်ထုပ်နှင့်အတူ မသင်္ကာဖွယ် လိုက်လံရောင်းချနေသူ သိန်းရွှေ ဒေးဝန်းအနောက်ရပ်ကွက်နေသူအား စစ်မေးရာ အဆိုပါကျောက်ထုပ်အား ၂၀၁၅ ခုနှစ် မတ်လ နံနက် ၁ နာရီခန့်က မဟာအောင်မြေမြို့နယ်ဒေးဝန်းအရှေ့ရပ်ကွက် နေအိမ်ခြံဝင်းအတွင်းမှ ခိုးယူခဲ့ကြောင်း သိရသည်။

သက်သေခံပစ္စည်းများအား သိမ်းဆည်းပြီး သိန်းရွှေအား အမှတ်(၇)နယ်မြေရဲစခန်းက အမှုဖွင့်အရေးယူထားကြောင်း သိရသည်။

**မောင်ပြည်သူ(မန္တလေး)**



ရောဝတီတိုင်းဒေသကြီးအစိုးရအဖွဲ့ လမ်းပန်းဆက်သွယ်ရေးဝန်ကြီးဦးသန်းထွန်း၊ ဖဒိုမန်းငြိမ်းမောင် နယ်ခြားစောင့်တပ်ဗိုလ်မှူးခင်မောင်ဝင်း၊ သာပေါင်းမြို့နယ်အုပ်ချုပ်ရေးမှူး ဦးစိုးမင်းထွဋ်နှင့်အဖွဲ့ဝင်များသည် ထိုင်းနိုင်ငံရောက်ရွှေ့ပြောင်းမြန်မာအလုပ်သမားများနှင့် ထိုင်းနိုင်ငံ တိုင်းရင်းသားပေါင်းစုံရေဘေးကူညီရေးကော်မတီ၊ ဝေဠုကျော်ဖောင်ဒေးရှင်းမှ စေတနာရှင်များတွဲဖက်လှူဒါန်းသည့် ဆန် ၅ ကီလိုအိတ် ၃၁၀၊ မာမားခေါက်ဆွဲခြောက် ၃၁ ဖာ၊ ငါးသေတ္တာ ၁၀ ဖာ၊ သောက်ရေသန့်ဘူး ၆၁၀၊ အဝတ်အသစ်လေးအိတ်၊ ဆိုလာမီးအိမ်များနှင့် အခြားအသုံးအဆောင်ပစ္စည်းများအား သာပေါင်းမြို့နယ် ရေဘေးသင့်ကျေးရွာများမှ နွယ်နီချောင်းကျေးရွာ မြက်ဆံနီကျေးရွာ ဘေးကာကျေးရွာများရှိ ရေဘေးသင့်ပြည်သူများအား ထောက်ပံ့ပေးအပ်လှူဒါန်းခဲ့ပြီး အားပေးစကားပြောကြားခဲ့ကြောင်းသိရသည်။

သတင်းနှင့်ဓာတ်ပုံ- မျိုးဇော်ဦး(သာပေါင်းပြန်/ဆက်)










YumYum® Xcite®

# အတာသင်္ကြန်နှစ်ကူး အထူးကံစမ်းမဲအစီအစဉ်

ကံစမ်းမဲကာလ (၁-၃-၂၀၁၅) မှ (၃၁-၅-၂၀၁၅)အထိ

## (၂၆-၈-၂၀၁၅) ထိ ကံထူးရှင်များ




**ယခင်ကြေညာထားသည့်အတိုင်း ကံစမ်းမဲဆုများကို (၃၁-၈-၂၀၁၅)ညနေ (၅)နာရီအထိ နောက်ဆုံးထုတ်ပေးမည်ဖြစ်ပါသည်။**

“ (၃၁-၈-၂၀၁၅) ရက်နေ့ ညနေ (၅)နာရီ အထိ လာရောက်ထုတ်ယူခြင်းမရှိသော

လက်ကျန်ဆုမဲများ အားလုံးကို (၁)ခုမကျန်

(၁-၉-၂၀၁၅) ရက်နေ့ SEDONA Hotel (Yangon) ၌

တွဲဆက်ကူပွန်ပေးပို့ကံစမ်းထားသူများထဲမှ ကံထူးမည့်သူများအား

သတင်း၊စာနယ်ဇင်း နှင့် မီဒီယာများရှေ့တွင်မဲနှိုက်၍ မဲပေါက်ပေးသွားပါမည်။”

မှတ်ချက် - (၂၈-၈-၂၀၁၅)ရက်နေ့ နောက်ဆုံးထား၍ တွဲဆက်ကူပွန်ပေးပို့ ကံစမ်းထားသူများကိုသာ ထည့်သွင်းစဉ်းစားသွားမည်ဖြစ်ပါသည်။




Customer Service Hot Line - 09 8635250

၂၆-၈-၂၀၁၅ နေ့အထိ ကျန်ရှိသောဆုမဲများ အရေအတွက်

## လက်ကမ်းပေးကူ သဒ္ဓါမြဲ ချယ်ရီဦးနှင့်လှူ

**ချယ်ရီဦး** တွင်နာရီဝယ်ယူရင်း ရေဘေးသင့်ပြည်သူများအတွက် ပါဝင်လှူဒါန်းနိုင်မည့်အခွင့်အရေး...

**LET'S SAVE OUR PEOPLE**

ချယ်ရီဦး နာရီဆိုင်များတွင်(၁၅.၈.၂၀၁၅ မှ ၃၀.၉.၂၀၁၅)အတွင်း ရောင်းရငွေများမှ (၃%)ကို မျှဝေ၍ ရေဘေးသင့်ပြည်သူများအတွက် ကယ်ဆယ်ရေးနှင့်ပြန်လည်ထူထောင်ရေးအစီအစဉ်များတွင် ချယ်ရီဦး *Customer* များ၏အလှူအနေဖြင့် လှူဒါန်းပေးသွားမည်ဖြစ်ပါသည်။

ချယ်ရီဦး *Customer* များ၏ ရေဘေးသင့်ပြည်သူများအတွက် အလှူကို သတင်းမီဒီယာများမှ အတိအလင်း ဖော်ပြပေးသွားမည်ဖြစ်ကြောင်း အသိပေးအပ်ပါသည်။

CHERRY OO : 01 381751,01 375491, 09 73145658, 02 72992 .
www.cherryoo.com
cherryoowatchgallery

GREEN HOSPITAL SUPPLY
PARAMI General Hospital
ပါရမီအထွေထွေရောဂါကုဆေးရုံ
Parami General Hospital
Certificate TH15/8490
ISO 9001:2008

### အထူးသတင်းကောင်း

ပါရမီအထွေထွေရောဂါကုဆေးရုံကြီး (ရန်ကုန်) ၌ ၂၀၁၅ ခုနှစ်၊ ဩဂုတ်လမှစတင်၍ TOSHIBA PRIME Aquilion 160 Slice CT Scan စက်သစ်ကြီးဖြင့် လူနာများအား 3D Digital Imaging System ဖြင့် CT Scan ရိုက်ကူးနိုင်ပြီဖြစ်ပါကြောင်း အထူးသတင်းကောင်းပါးအပ်ပါသည်။




အောက်ပါရောဂါများကို (၂၄) နာရီ စစ်ဆေးနိုင်ပါပြီ

- နှလုံးသွေးကြောရောဂါအမျိုးမျိုးရှာဖွေခြင်း
- ဦးနှောက်နှင့်အာရုံကြောရောဂါအမျိုးမျိုးရှာဖွေခြင်း
- အဆုတ်နှင့်ရင်ခေါင်းဆိုင်ရာရောဂါအမျိုးမျိုးရှာဖွေခြင်း
- အသည်း၊ ကျောက်ကပ်၊ ဆီးအိမ်၊ ဆီးကျိတ်၊ အူလမ်းကြောင်းနှင့် အခြားဝမ်းတွင်းရောဂါအမျိုးမျိုး ရှာဖွေခြင်း
- အရိုးအဆစ်ဆိုင်ရာရောဂါအမျိုးမျိုးရှာဖွေခြင်း
- ကင်ဆာရောဂါဆိုင်ရာအဖုအကျိတ်အမျိုးမျိုးရှာဖွေခြင်း
- သွေးကြောများပုံရိပ်ဖော်ရိုက်ကူးခြင်းနှင့်ရောဂါရှာဖွေခြင်း

အမှတ် (၆၀)၊ (ဂိ-၁)၊ ပါရမီလမ်းသစ် (ချော်တွင်းကုန်းမီးပွိုင့်အနီး)၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်မြို့။
CT / MRI Booking : (၉၅-၁) ၆၅၇၂၂၂၉ / Hot Line : (၉၅-၁) ၆၅၇၂၂၂၇ / Fax : (၉၅-၁) ၆၅၇၂၂၃
ဖုန်း - (၉၅-၁) ၆၆၀၀၈၃၊ ၆၅၁၆၇၄၊ ၆၅၇၂၂၆၊ ၆၅၇၂၂၈၊ ၆၅၇၂၃၀၊ ၆၅၇၂၃၁

ထူး ပထဝီဝင် အခြေခံပညာအဋ္ဌမတန်း
၂ မြေပုံအဆင့်ဆင့်ရေးဆွဲနည်းလမ်းညွှန်
ချ ဓမ္မဓိဋ္ဌာန်နှင့် စံပြအဖြေများ
ုန် မြေပုံများကို လက်ရေးမူအတိုင်းရေးဆွဲထားပါသည်။

ပြည့်ဝေကျော် စာပေ — အမှတ်(၄၅၆)၊ ရွှေဘုံသာလမ်း (အထက်)၊ ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး၊ ၀၁-၃၈၅၁၉၆၊ ၀၉-၇၃၀၂၅၉၂၉


## ကုန်အမှတ်တံဆိပ်သတိပေးကြေညာချက်

MYANMAR C.P LIVESTOCK COMPANY LIMITED သည် အောက်ဖော်ပြပါ ကုန်အမှတ်တံဆိပ်အမည်အမှတ်အသားကို ရန်ကုန်မြို့၊ စာချုပ်စာတမ်းမှတ်ပုံတင်ရုံးတွင် တစ်ဦးတည်းမူပိုင်အဖြစ်သုံးစွဲရန် ဥပဒေနှင့်အညီ မှတ်ပုံတင်သွင်းထားပြီးဖြစ်ပါသည်။

CP FIVE STAR

CP MART

၁၁၂၃၁/၂၀၁၅(၂၁-၈၂၀၁၅)

FIVE STAR

၁၁၂၃၀/၂၀၁၅(၂၁-၈၂၀၁၅)

အထက်ဖော်ပြပါအမှတ်အသားဖြင့် ပူးတွဲပါအမှတ်တံဆိပ်၊ ပုံသဏ္ဌာန်ကို အသုံးပြု၍ စားသောက်ကုန်များအား ၎င်းကုန်အမှတ်တံဆိပ်ဖြင့် မြန်မာနိုင်ငံတစ်ဝန်းလုံးသို့ ဖြန့်ချိရောင်းချသွားရန်အတွက် အသုံးပြုရန် ဖြစ်ပါသည်။

၎င်းကုန်အမှတ်တံဆိပ်များကို အရွယ်အစားအမျိုးမျိုး၊ အရောင်အမျိုးမျိုးနှင့် ပုံသဏ္ဌာန်အမျိုးမျိုးဖြင့်ထုပ်ပိုးသည့် ပစ္စည်းအမျိုးမျိုးတို့ အပေါ်တွင် ပုံနှိပ်၍လည်းကောင်း၊ ဖိနှိပ်၍သော်လည်းကောင်း၊ ဖောင်းကြွစာလုံးဖြင့်သော်လည်းကောင်း၊ အသားတံဆိပ်ဖြင့်လည်းကောင်း ကပ်နှိပ်၍ လိုအပ်သလို ဖော်ပြအသုံးပြုမည်ဖြစ်ပါသည်။

အဆိုပါကုန်အမှတ်တံဆိပ်ကို အသုံးပြုလျက် စာရွက်စာတမ်း၊ လက်ကမ်းစာစောင်၊ ကြော်ငြာဆိုင်းဘုတ်၊ ရုပ်မြင်သံကြားနှင့် ရေဒီယိုတို့တွင် ဖော်ပြကြော်ငြာရန်နှင့် ဘလောက်တုံး၊ တံဆိပ်တုံး၊ ငွေလက်ခံဖြတ်ပိုင်းစသည်တို့တွင်လည်း ဖော်ပြပြီး မြန်မာနိုင်ငံအတွင်း ဖြန့်ချိရောင်းချရာ၌ အသုံးပြုသွားမည်ဖြစ်ပါသည်။

သို့ဖြစ်ပါ၍ အဆိုပါတံဆိပ်အမည်အမှတ်အသားများကို အခြားမည်သည့်ပုဂ္ဂိုလ်၊ အဖွဲ့အစည်းမဆို မိမိတို့ကုမ္ပဏီ၏ခွင့်ပြုချက်မရှိဘဲ အဆိုပါကုန်အမှတ်တံဆိပ်၏ တစ်စိတ်တစ်ဒေသကိုဖြစ်စေ၊ တစ်ခုလုံးကိုဖြစ်စေ၊ ပုံတူပုံမှားတုပပြီး တိုက်ရိုက်သော်လည်းကောင်း၊ သွယ်ဝိုက်၍သော်လည်းကောင်း၊ အသုံးမပြုရန်နှင့် မည်သည့်နည်းလမ်းဖြင့် အတုအပ မပြုလုပ်ကြရန်နှင့် အကယ်၍ပြုလုပ်သည်ကို တွေ့မြင်ကြားသိရပါက တည်ဆဲဥပဒေများနှင့်အညီ ထိရောက်စွာအရေးယူဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း သတိပေးကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ

ဒေါ်အေးနန္ဒာဝင်း(စဉ်-၁၀၁၂၆)
(LL.B,D.B.L,D.M.L)
Human Resources Management
(တရားလွှတ်တော်ရှေ့နေ)

ဒေါ်မိတင်ဇာလင်း(စဉ်-၃၀၄၉၁)
(LL.B,D.B.L,D.M.L,D.I.L)
Human Resources Management
(အထက်တန်းရှေ့နေ)

အမှတ်-၂၄(A-7)၊ ဩဘာလမ်း၊ ကျောက်မြောင်းကြီးရပ်ကွက်၊ တာမွေမြို့နယ်၊ ရန်ကုန်မြို့
ဖုန်း-၀၉-၄၃၀၂၈၅၈၂၊ ၀၉-၇၃၁၃၅၂၆၄


## စဝ အားတိုးဆေးရည်

ကိုယ်တွင်း ဩဇာဓာတ်များအားနည်း ကုန်ခမ်းနေပါသလား။

"စဝအားတိုးဆေးရည်ကသင့်ကျန်းမာရေးကို တာဝန်ယူပါရစေ"

အစားမဝင် အိပ်မပျော် အလျှော့မကျ ဝမ်းမရစ်
ပျောက်ကင်းစေပြီး အားပြည့်လန်းဆန်းစေသည်။

- နာတာရှည်ရောဂါသည်များအတွက် နလန်ပြန်ထစေနိုင်သည်။
- အထူးသဖြင့်ခုခံအားကျရောဂါဝေဒနာစိုးရိမ်ရသည့်အဆင့် ခံစားရသူများ သောက်သုံးလျှင်ပင်လူသာမန်များကဲ့သို့ လုပ်ငန်းခွင်ပြန်ဝင်နိုင်သည်။
- အထူးအသက်ရှည်ဆေးအဖြစ် သုံးစွဲနိုင်သည်။
- Anti oxidant Action ရှိကြောင်း လက်တွေ့သုတေသနပြုပြီး။
- Acute Toxicity Test ကိုလည်းစမ်းသပ်ပြီး သိပ္ပံနည်းကျ သုတေသနပြုလုပ်ထား၍ Side effect ဘေးထွက်ဆိုးကျိုး ကင်းကြောင်း သိရှိရပြီး ဖြစ်ပါသည်။
- From Experience ~ To Evidence






အုံ့ဘာနန်းနော်

တိုင်းရင်းဆေးဝါး မှတ်ပုံတင်အမှတ် - TMR 010126 (0216)
ကြော်ငြာခွင့်ပြုချက်အမှတ် - တဆဝက (တနယ်ဝင်း) ၀၃၂/၀၅၁၅

ပင်ရင်း ❖ စဝ ဆေးတိုက်
အောင်ဇေယျမြို့တော်၊ ကျန်စစ်သားလမ်း၊ လှိုင်သာယာမြို့နယ်၊ ရန်ကုန်။
☎ : ၀၉-၂၅၀၂၉၅၃၈၃၊ ၀၉-၇၉၈၇၅၅၅၄၂၁၊ ၀၉-၇၉၈၇၅၅၅၄၁၂၊ ၀၉-၇၉၈၇၅၅၅၆၂၁၊ ၀၉-၇၉၈၇၅၅၅၆၁၂၊ ၀၉-၄၉၈၇၄၂၇၄၉၊ ၀၉-၈၅၇၅၃၄၁

ကြော်ငြာ


IT COMPUTER TRAINING CENTER အိုင်တီ ကွန်ပျူတာနှင့် အင်္ဂလိပ်စာ သင်တန်း
ENGLISH Language
AutoCAD - 3ds Max
VIDEO EDITING
Computer Basic
LCCI I-II
MOBILE PHONE Software + Hardware
DESKTOP PUBLISHING
Service Technician
GRAPHIC DESIGN
HOT LINE - 0949290778, 395353, 253293
10% OFF


SUPER Star PLASTIC
Microwave Oven Plastic Food Container with Lids.
Take Away Box
450ml
700ml
1250ml
700ml
1000ml
Hot Line : 09 4500 30954, 099 77828199
OFFICE ၄/၅, Yuzana Road, Bayint Naung Pwal Yone , Mayan Gone Tsp., Yangon. Phone : 09977828193, 09977828191 Email : hannlinnq@gmail.com
FACTORY No.221, Pyin Si Minthar Gyi Street, Shwe Linn Ban Insdustrial Zone, Hlaing Thayar Tsp., Yangon. Phone : 09977828197


UNP
ပါကေးဦးထွန်းမြသားစု
09-500 4036


BRIGHTER LIFE
English Language Academy
Teacher Khine, Dip in TESOL (LTTC), TKT (CAMBRIDGE University)
London Teacher Training College မှ Teaching Diploma လက်မှတ်ရ ဆရာ၊ ဆရာမများ ဦးစီးသင်ကြားမည်။
"Learn for Your Brighter Life"
- General English 4 Skills
- IELTS & TOEFL - Foundation & Preparation
- Translation & Writing
- General Spoken English
September Enroll Now
တိုက်(၁)၊အခန်း(၂၁)၊ လှိုင်ရတနာအိမ်ရာ၊ ရန်ကုန်-အင်းစိန်လမ်းမပေါ်၊ သုခမှတ်တိုင်နှင့် သံလမ်းမှတ်တိုင်ကြား၊ လှိုင်မြို့နယ်၊ ရန်ကုန်မြို့။
Ph:01-513626, 09-421029847, 09-250326995, 09-262649460


Miss Myanmar World ခိုင်လေး
ကြိုက်တဲ့ ...
Fresko
SPONGE RUSK
နို့ကိတ်ခြောက်
လူမျိုးဘာသာမရွေး စားသုံးနိုင်ပါသည်။
New
Enjoy the difference!
ဆိုးဆေးနဲ့ တာရှည်ခံဆေး လည်းမပါ၊ အချိုလည်းမများတဲ့ SPONGE RUSK!
Enjoy the difference!
MYANMAR MAYSON INDUSTRIES CO., LTD.
Tel: 01-701533, 09-250097183, 09-6807681


Forever Gems
by
ရွှေနန်းတော်
MYANMAR PLAZA
@Myanmar Plaza (HAGL Group)
6-9-2015
(တနင်္ဂနွေနေ့)စတင်ဖွင့်လှစ်ပါပြီ
Grand Opening
သိန်းပေါင်း (1500) ကျော် ချီးမြှင့်ပေးမည့်
Lucky Draw Program
၂၀၁၅စက်တင်ဘာ (6) ရက်နေ့ မှ အောက်တိုဘာ (4) ရက်နေ့အထိ
Grand Lucky Draw Program
(၁) Toyota Corolla brand new ကား (၁) စီး
(၂) ၁၅ ကျပ်သား ရွှေဆွဲကြိုး (၁) ကုံး
(၃) ၁၀ ကျပ်သား ရွှေဆွဲကြိုး (၁) ကုံး
(၄) ၇ ကျပ်သား ရွှေဆွဲကြိုး (၁) ကုံး
(၅) ၅ ကျပ်သား ရွှေဆွဲကြိုး (၁) ကုံး
(၆) 52" LED TV (၂) လုံး
(၇) i phone 6+ (၅) လုံး ချီးမြှင့်ပေးမည်။
အောက်တိုဘာ(၄)ရက်နေ့တွင် ကံထူးရှင် ရွေးချယ်ပေးပါမည်။
ချက်ချင်းပေါက် ချက်ချင်းယူ ဗလာမပါ ကံစမ်းမဲ
(၁) ၅ ကျပ်သား ရွှေဆွဲကြိုး (၁) ကုံး
(၂) ၃ ကျပ်သား ရွှေဆွဲကြိုး (၃) ကုံး
(၃) ၂ ကျပ်သား ရွှေဆွဲကြိုး (၅) ကုံး
(၄) ၁ ကျပ်သား ရွှေဆွဲကြိုး (၁၀) ကုံး
(၅) ၅ မူးသားနှင့် ၄ ပဲသား ရွှေဆွဲကြိုး (၅၀) ကုံး
(၆) ၃ ပဲ၊ ၂ ပဲ နှင့် ၁ ပဲသား ရွှေလက်စွပ် (၃၀၀) ကွင်းနှင့်
4-9-2015 မှ 4-10-2015
နေ့စဉ်ကံထူးရှင်များကို ရွေးချယ်ချီးမြှင့်ပေးပါမည်
5% to 25% off
စုစုပေါင်း ရွှေသားကံစမ်းမဲ (၄၀၀) ဝန်းကျင်နှင့် တခြားအမိုးတန် မဲစည်းများ
6-9-2015 : နံနက် (၉ : ၃၀) အခမ်းအနား ဖွင့်လှစ်ခြင်း၊
ရန်အောင်၊ နိုင်းနိုင်း၊ နေတိုး၊ စိုင်းစိုင်းခမ်းလှိုင်၊အောင်ရဲလင်း၊ ဇေရဲထက်၊
ထွန်းအိန္ဒြာဗို၊ စိုးမြတ်သူဇာ၊ နိုင်သင်းကြည်၊ သက်မွန်မြင့်၊ ဖွေးဖွေး၊ ပိုင်းစုခိုင်သိန်း၊ ယွန်းယွန်း
6-9-2015 & 7-9-2015 : နိုင်ငံကျော်အနုပညာရှင်များမှ အမှတ်တရဓါတ်ပုံရိုက်ကူးခြင်းနှင့်လက်မှတ်ရေးထိုးခြင်း
* Rဇာနည်၊ တန်နီပြူး၊ ဝေလ၊ ထွန်းအိန္ဒြာဗို၊ ဖြူဖြူကျော်သိန်း၊ ချမ်းချမ်း၊ပိုင်းစုခိုင်သိန်း၊နီနီခင်ဇော် တို့မှဖျော်ဖြေခြင်း *
(G-05A) မြေညီထပ်၊ Myanmar Plaza (HAGL)
Sedona Hotel အနီး၊ (ယခင်စက်မှု (၁) ဝန်ကြီးဌာန)ကမ္ဘာအေးဘုရားလမ်း၊ရန်ကုန်မြို့။

ကြော်ငြာ



MPT
ရှေ့သို့လှမ်းချီ မြန်မာပြည်

၁မိနစ်ကို ၂၀၀ ကျပ်တည်းနဲ့ နိုင်ငံတကာကို အရင်ကထက် ဖုန်းပိုပြောနိုင်ပါပြီ

# ၁မိနစ် - ၂၀၀ကျပ်

အာဆီယံနိုင်ငံများနှင့် အခြား (၈)နိုင်ငံ

အာဆီယံနိုင်ငံများ - ထိုင်း • စင်္ကာပူ • မလေးရှား • ဘရူနိုင်း • အင်ဒိုနီးရှား • ဖိလစ်ပိုင် • ဗီယက်နမ် • လာအို • ကမ္ဘောဒီးယား
အခြား(၈)နိုင်ငံ - ဂျပန် • တရုတ် • တောင်ကိုရီးယား • ထိုင်ဝမ် • ဟောင်ကောင် • မကာအို • ဘင်္ဂလားဒေ့ရှ် • အိန္ဒိယ



ကျန်နိုင်ငံများသို့ ဖုန်းခေါ်ဆိုခ နှုန်းထားများကို သိရှိရန် www.mpt.com.mm နှင့် www.facebook.com/mptofficialpage ကိုဝင်ရောက်ကြည့်ရှုနိုင်ပါသည်။

အသေးစိတ် သိရှိလိုပါက www.mpt.com.mm ကို ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။

CALL CENTER 106
free hotline, 24 hours everyday


အဆင့်မြင့်
ရွှေမင်္ဂလာဈေး
ဆိုင်ခန်းတန်ဖိုး၏ ၃၀% သာ ပေးချေ၍
သင့်စီးပွားရေးလုပ်ငန်းများ ချက်ချင်း အကောင်အထည်ဖော်လိုက်ပါ ...
ရွှေမင်္ဂလာဈေး၏ အားသာချက်များ
မင်္ဂလာဈေး၊ ရွှေပြည့်စုံဈေးတို့နှင့် အဝန်းအဝိုင်းတစ်ခုထဲတွင် တည်ရှိခြင်း။
ယုဇနပလာဇာ၊ တော်ဝင်ပလာဇာတို့နှင့် နီးကပ်စွာတည်ရှိခြင်း။
(၁၀၀)ရာခိုင်နှုန်း ဆောက်လုပ်ပြီးစီးပြီဖြစ်၍ စိတ်ကြိုက်ဆိုင်ခန်းများကိုမျက်မြင်ဝယ်ယူနိုင်ခြင်း။
မိမိစိတ်ကြိုက် ကုန်ပစ္စည်းများကို ချက်ချင်းဖွင့်လှစ်ရောင်းချနိုင်ခြင်း။
ရောဝတီဘဏ်နှင့် ချိတ်ဆက်၍ (၁)နှစ်၊ (၃)နှစ်အထိ အရစ်ကျငွေချေစနစ်ဖြင့် ဝယ်ယူနိုင်ခြင်း။
လူနှင့်ကုန်ပစ္စည်းများအသုံးပြုရန် စက်လှေကားနှင့်ဓာတ်လှေကားများ ပါဝင်ခြင်း။
အရောင်းဆိုင်ရှင်များနှင့် ဈေးဝယ်သူများအတွက် လုံလောက်သော သီးသန့်ကားပါကင်ပါဝင်ခြင်း။
မည်သည့်ဈေးများတွင်မှ ပါဝင်ခြင်းမရှိသော အလိုအလျောက်မီးငြိမ်းသတ်စနစ်၊ Automatic Breaker နှင့်တကွ လုံခြုံရေး CCTV ကင်မရာပါရှိခြင်း။
မြန်မာနိုင်ငံတစ်ဝန်းသို့ ကုန်ပစ္စည်းများဖြန့်ဖြူးရာ အဓိကနေရာဖြစ်သော ရန်ကုန်မြို့၊ မင်္ဂလာဈေးဝန်းအတွင်းတည်ရှိသည့် 'ရွှေမင်္ဂလာ' အဆင့်မြင့်ဈေးသစ်ကြီးတွင် ဆိုင်ခန်းဖွင့်လှစ်ရောင်းချလိုပါသလား...?
HOT LINE
0926 200 90 10
0926 200 90 20
0926 200 90 30
0926 200 90 40
0926 200 90 50

## ဝမ်းနည်းကြေကွဲခြင်း

**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး**
**ဒုရဲမှူးကြီး ရဲသူရကျော်မြင့်(လ/၅၀၃၉) (ငြိမ်း)**
**ဒုပြည်နယ်ရဲတပ်ဖွဲ့မှူး၊ ရှမ်းပြည်နယ် (ကျိုင်းတုံ)**
**အသက်(၇၉)နှစ်**

ဦးသန်းအောင်(MD.Cosmmate International Co.,Ltd)-ဒေါ်ခင်ယုဝေ(MD. 81 Hotel Inlay)တို့၏ချစ်လှစွာသော ဖခင်သည် ၂၇-၈-၂၀၁၅ ရက်(ကြာသပတေးနေ့)၊ နံနက် ၁း၁၈ နာရီတွင် ဗဟိုစည် အထူးကုဆေးရုံ၌ ကွယ်လွန်သွားကြောင်း ကြားသိရပါသဖြင့် ကျန်ရစ်သူ မိသားစုနှင့်အတူ ထပ်တူထပ်မျှ အထူးဝမ်းနည်းကြေကွဲရပါကြောင်း။

**81 Hotel Inlay မန်နေဂျာနှင့်ဝန်ထမ်းများ**

## ဝမ်းနည်းကြေကွဲခြင်း

**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး**
**ဒုရဲမှူးကြီး ရဲသူရကျော်မြင့်(လ/၅၀၃၉) (ငြိမ်း)**
**ဒုပြည်နယ်ရဲတပ်ဖွဲ့မှူးရှမ်း၊ ပြည်နယ် (ကျိုင်းတုံ)**
**အသက်(၇၉)နှစ်**

ဦးသန်းအောင်(MD.Cosmmate International Co.,Ltd)-ဒေါ်ခင်ယုဝေ(MD. 81 Hotel Inlay)တို့၏ချစ်လှစွာသော ဖခင်သည် ၂၇-၈-၂၀၁၅ ရက်(ကြာသပတေးနေ့)၊ နံနက် ၁း၁၈ နာရီတွင် ဗဟိုစည် အထူးကုဆေးရုံ၌ ကွယ်လွန်သွားကြောင်း ကြားသိရပါသဖြင့် ကျန်ရစ်သူ မိသားစုနှင့်အတူ ထပ်တူထပ်မျှ အထူးဝမ်းနည်းကြေကွဲရပါကြောင်း။

**ရဲမှူးမြင့်ကျော်[ဒုတပ်ဖွဲ့ခွဲမှူး၊ ရတဖ(၆)-]**
**ဇနီး ဒေါ်ဝေဝေစိုး**

## အထူးဝမ်းနည်းကြေကွဲခြင်း

**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး**
**ဒေါ်အေးအေး အသက်(၇၃)နှစ်**
**နိုင်ငံခြားရေးဝန်ကြီးဌာန(ငြိမ်း)**

(ဦးပေါ်ထွန်း)အင်ဂျင်နီယာချုပ်(ငြိမ်း)၊ ရေသန့်ဌာန(ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း)၏ ချစ်လှစွာသော ဇနီးဒေါ်အေးအေးသည် ၂၅-၈-၂၀၁၅ ရက်တွင် ကွယ်လွန်သွားကြောင်း ကြားသိရပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ အထူးဝမ်းနည်းကြေကွဲရပါသည်။

**ဦးခင်မောင်ဝင်း-ဒေါ်ဝင်းဝင်းမေ မိသားစု**
**အန်တီများ**

## ဝမ်းနည်းကြေကွဲခြင်း

ကျောက်ဆည်အသင်း(ရန်ကုန်)၏ သက်ကြီးကန်တော့ခံပုဂ္ဂိုလ်(အသင်းဝင်အမှတ်-ရသပ-၁၆၉) ဗိုလ်မှူးစံဝင်း(ငြိမ်း) (၉၁)နှစ်သည် ၂၃-၈-၂၀၁၅ ရက်တွင် ကွယ်လွန်သွားကြောင်း ကြားသိရပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ကျောက်ဆည်အသင်း(ရန်ကုန်)**

## အထူးဝမ်းနည်းကြေကွဲခြင်း

**Dr.ဋေးအောင်**
**ပါမောက္ခချုပ်(မော်လမြိုင်တက္ကသိုလ်)**
**အသက် (၆၀)နှစ်**

အမှတ်(၆၂)၊ဝါးတန်းလမ်း၊ (၅)လွှာနေ၊ ဒေါ်ယုလော် (ကထိက(ငြိမ်း)ဓာတုဗေဒဌာနမော်လမြိုင်တက္ကသိုလ်) ၏ခင်ပွန်း ၊ဒေါက်တာခိုင်ရည်မွန် (လက်ထောက်ဆရာဝန်၊မော်လမြိုင် ပြည်သူ့ဆေးရုံကြီး)၏ဖခင်၊ မော်လမြိုင် တက္ကသိုလ်ပါမောက္ခချုပ် ဒေါက်တာဋေးအောင်သည် (၂၄-၈-၂၀၁၅)ရက်နေ့၊ နံနက် (၁၀း၁၀)နာရီတွင် ကွယ်လွန်သွားကြောင်း သိရပါသဖြင့် မိသားစုနှင့် ထပ်တူဝမ်းနည်းကြေကွဲရပါသည်။

**ရွှေမင်းသားပုံနှိပ်လုပ်ငန်း**

## ဝမ်းနည်းကြေကွဲခြင်း

**ဒေါ်ရီ(ဟသ်ာတ)**
**အသက်(၇၇)နှစ်**

ဦးသက်ဇင်မောင်(ညွှန်ကြားရေးမှူး)-ဒေါ်ရီရီဝေ(လ/ထညွှန်ကြားရေးမှူး) မျိုးစေ့ဌာနခွဲ၊ စိုက်ပျိုးရေးဦးစီးဌာနတို့၏ မိခင်ကြီးဒေါ်ရီသည် ၂၆-၈-၂၀၁၅ ရက်တွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**Seed Energy Agro Group Co.,Ltd. မိသားစု**

## ဝမ်းနည်းကြေကွဲခြင်း

**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး**
**ဒုရဲမှူးကြီး ရဲသူရကျော်မြင့်(လ/၅၀၃၉) (ငြိမ်း)**
**ဒုပြည်နယ်ရဲတပ်ဖွဲ့မှူးရှမ်းပြည်နယ် (ကျိုင်းတုံ)**
**အသက်(၇၉)နှစ်**

ဦးသန်းအောင်(MD.Cosmmate International Co.,Ltd)-ဒေါ်ခင်ယုဝေ(MD. 81 Hotel Inlay)တို့၏ချစ်လှစွာသော ဖခင်သည် ၂၇-၈-၂၀၁၅ ရက်(ကြာသပတေးနေ့)၊ နံနက် ၁း၁၈ နာရီတွင် ဗဟိုစည် အထူးကုဆေးရုံ၌ ကွယ်လွန်သွားကြောင်း ကြားသိရပါသဖြင့် ကျန်ရစ်သူ မိသားစုနှင့်အတူ ထပ်တူထပ်မျှ အထူးဝမ်းနည်းကြေကွဲရပါကြောင်း။

**စိန်ကမ္ဘာပွဲရုံ၊ ငါးပိ၊ ငါးခြောက်ရောင်းဝယ်ရေး၊**
**ဘုရင့်နောင်ပွဲရုံ**

## ဝမ်းနည်းကြေကွဲခြင်း

**ဒေါ်ရီ(ဟသ်ာတ)**
**အသက်(၇၇)နှစ်**

ဦးသက်ဇင်မောင်(ညွှန်ကြားရေးမှူး၊စိုက်ပျိုးရေးဦးစီးဌာန)-ဒေါ်ရီရီဝေ (လက်ထောက်ညွှန်ကြားရေးမှူး၊ စိုက်ပျိုးရေးဦးစီးဌာန)တို့၏ချစ်လှစွာသော မိခင်ဒေါ်ရီ(ဟသ်ာတ) အသက်(၇၇)နှစ်သည် ၂၆-၈-၂၀၁၅ ရက်တွင် ကွယ်လွန်သွားကြောင်း ကြားသိရပါသဖြင့် မိသားစုနှင့်အတူ ထပ်တူထပ်မျှ အထူးဝမ်းနည်းကြေကွဲရပါသည်။

**၁၉၈၄ခုနှစ်၊ စိုက်ပျိုးရေးတက္ကသိုလ်ကျောင်းဆင်း**
**သူငယ်ချင်းများ**

## ဝမ်းနည်းကြေကွဲခြင်း

**ဒေါက်တာကျော်ဇောလွင်(M.B.B.S-MDY) (၅၃)နှစ်**
**Dr.Kyaw Maw (Car Recondition Centre)**

အပြည်ပြည်ဆိုင်ရာ ကမ္ဘောဇအာမခံလုပ်ငန်းနှင့် မော်တော်ယာဉ်ပြုပြင်ရေးလုပ်ငန်းအကျိုးတူလုပ်ကိုင်လျက်ရှိသော မန္တလေးမြို့၊ အမှတ်(၁၂၈)၊ ၇၈ လမ်း၊ ၃၇လမ်းထောင့်နေ ဒေါ်စီစီတင်၏ချစ်လှစွာခင်ပွန်း ဒေါက်တာကျော်ဇောလွင်သည် ၂၅-၈-၂၀၁၅ ရက်တွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်အတူ ထပ်တူထပ်မျှ အထူးဝမ်းနည်းကြေကွဲရပါသည်။

**အုပ်ချုပ်မှုဒါရိုက်တာနှင့်ဝန်ထမ်းများ**
**အပြည်ပြည်ဆိုင်ရာကမ္ဘောဇအာမခံလုပ်ငန်း**

## အထူးကျေးဇူးတင်ရှိခြင်း

**ဦးဝင်းအောင်လွင်(ခ)ဆရာစိုင်းသီဟအင်္ဂလိပ်စာ(တံခွန်နည်းပြ)**
**စာရေးဆရာဝင်းအောင်လွင်(စီးပွားရေးတက္ကသိုလ်)**

ဦးဝင်းအောင်လွင်နာမကျန်းဖြစ်စဉ်က ကုသပေးခဲ့ကြသော Green Cross ဆေးရုံ၊ မြောက်ဥက္ကလာပဆေးရုံနှင့် O.S.C ဆေးရုံတို့မှ ဆရာဝန်ကြီးများ၊ ဆရာဝန်များနှင့် သူနာပြုများအားလည်းကောင်း၊ ပြုစုစောင့်ရှောက်ပေးကြသော ဆွေမျိုးမိတ်ဆွေ၊ အပေါင်းအသင်းများအားလည်းကောင်း၊ ကွယ်လွန်ချိန်မှ ရက်လည်ဆွမ်းကျွေးပြီးချိန်အထိ နာရေးကိစ္စအဝဝကို ကူညီဆောင်ရွက်ပေးကြပါသော နိုင်ငံရေးအကျဉ်းသားဟောင်းများ၊ နိုင်ငံရေးအကျဉ်းသားများ ကူညီစောင့်ရှောက်ရေးအသင်း (A.A.P.P) ၈၈ မျိုးဆက်ကျောင်းသားဟောင်းများ၊ မြောက်ဥက္ကလာပမြို့နယ်။ NLD ဆ/ရပ်ကွက်၊ NLD နှင့်ရပ်နီးရပ်ဝေးမှ ကိုယ်တိုင်သော်လည်းကောင်း၊ တယ်လီဖုန်းများဖြင့် ဆက်သွယ်မေးမြန်းပေးကြသူများအားလည်းကောင်း၊ လွမ်းသူ့ပန်းခြင်း၊ ပန်းခွေများ ပို့ပေးကြသော အရပ်ဘက်နှင့် နိုင်ငံရေးအဖွဲ့အစည်းများ၊ ပရဟိတအဖွဲ့များ တပည့်ကျောင်းသား၊ ကျောင်းသူများ၊ နာရေးကူညီမှုအသင်းနှင့် ဝိုင်းဝန်းကူညီဆောင်ရွက်ပေးကြပါသော လူပုဂ္ဂိုလ်အဖွဲ့အစည်းအသီးသီးနှင့် ဆွေမျိုးမိတ်သင်္ဂဟများ၊ ကျေးဇူးတင်ထိုက်သူများအားလုံးကို အထူးပင်ကျေးဇူးတင်ရှိပါကြောင်း။

**ကျန်ရစ်သူမိသားစု**

## လွမ်းဆွတ်သတိရခြင်း

**ဦးကင်စွန်း (၉၅)နှစ်**
**မော်လမြိုင်**

၃၀-၈-၂၀၁၅ ရက်ဆိုရင် ကျေးဇူးရှင်ဖခင်ကြီးဦးကင်စွန်း(၉၅)နှစ် မိသားစုနှင့်ခွဲခွာသွားခဲ့တာ တစ်လတင်းတင်းပြည့်ပါပြီ။ တစ်နေ့မှမေ့မရပါ။ နေ့စဉ်နဲ့အမျှ လွမ်းဆွတ်သတိရလျက်ပါ။ တစ်လပြည့်တဲ့နေ့ ၃၀-၈-၂၀၁၅ ရက်မှာ ဖခင်ကြီးအားရည်စူး၍ သံဃာတော်များအား ဆွမ်း၊ သင်္ကန်း၊ လှူဖွယ်ဝတ္ထုများဖြင့် ဆက်ကပ်လှူဒါန်းသော ကောင်းမှုကုသိုလ်များကို ရောက်ရာဘုံဘဝမှ သာဓုခေါ်နိုင်ပါစေ။

**ကျန်ရစ်သူ သား၊ သမီး၊ မြေး၊ မြစ်များ**

## အထူးကျေးဇူးတင်ရှိခြင်း

**ဒေါက်တာကျော်ဇောလွင် [M.B.B.S (MDY)] (၅၃)နှစ်**
**Dr. Kyaw Maw (Car Recondition Centre)**

မန္တလေးမြို့၊ အမှတ် (၁၂၈)၊ (၇၈)လမ်း၊ (၃၇)လမ်းထောင့်နေ ဦးကြည်လွင်-ဒေါ်တင်ထွေးတို့၏သား၊ ဦးကျော်စိုးလွင်-ဒေါ်သူသူတင်၊ ဦးသန်းဇော်ထွေးတို့၏အစ်ကို၊ ဒေါက်တာစိုးသူဇာလွင်၏ဘကြီး၊ မောင်သူဇော်လွင် (2nd Year. M.B.B.S)၊ မမေဇော်လွင်တို့၏ ချစ်လှစွာသောဖခင်၊ ဒေါ်စီစီတင်၏ ချစ်လှစွာသောခင်ပွန်း ဒေါက်တာကျော်ဇောလွင်၏ နာရေးကိစ္စအဝဝတွင် ကိုယ်တိုင်လာရောက်၍ အားပေးနှစ်သိမ့် ဝိုင်းဝန်းကူညီကြသည့် ဆွေမျိုးမိတ်သင်္ဂဟများ၊ ကိုယ်တိုင်မလာရောက်နိုင်၍ တယ်လီဖုန်းဖြင့်သော်လည်းကောင်း၊ ဖုန်း SMS ဖြင့်သော်လည်းကောင်း၊ ရပ်နီးရပ်ဝေးမှ အားပေးနှစ်သိမ့်ခဲ့ကြသော မိတ်ဆွေများ၊ ကွယ်လွန်ချိန်မှစ၍ ပို့ဆောင်သင်္ဂြိုဟ်ပြီးသည်အထိ အဘက်ဘက်မှ လိုက်ပါဆောင်ရွက်ပေးခဲ့ကြသော မိတ်ဆွေများနှင့် အခြားကျေးဇူးတင်ထိုက်သူများ အားလုံးကို အထူးကျေးဇူးတင်ရှိပါသည်။

ကျန်ရစ်သူမိသားစု

## အထူးကျေးဇူးတင်ရှိခြင်း

**ဗိုလ်ကြီး ဖုန်းမြင့်ကို(ခ)ဆရာ ဦးနေမျိုးအောင် (သုဓမ္မဝါဒီ ဓမ္မစကူးလ်)အသက်(၃၈)နှစ်**
**M.B.,B.S, M.Med.Sc (Pharmacology)**
**ကြည်း ၄၂၆၁၀ D S M A ( 6 ) တပ်မတော် ဆေးတက္ကသိုလ်**

ဒုဗိုလ်မှူးကြီးအောင်မြင့်သွင်(ငြိမ်း)(ကကရေး)-ဒေါ်တင်တင်ဋွေးတို့၏သား၊ ဦးမောင်ကြည်-ဒေါ်ယဉ်လှတို့၏သားသမက်၊ ဒေါက်တာဒေါ်ခိုင်ခိုင်ကြည်(ကထိက၊ သတ္တဗေဒဌာန၊ တပ်မတော်ဆေးတက္ကသိုလ်)၏ ချစ်လှစွာသောခင်ပွန်း၊ **ဗိုလ်ကြီးဖုန်းမြင့်ကို(ခ) ဦးနေမျိုးအောင်**သည် လှိုင်မြို့နယ်၊ သုဓမ္မဝါဒီ စာသင်တိုက်ဓမ္မစကူးလ်အဖွဲ့ဖြင့် ရေဘေးသင့်ပြည်သူများထံ သွားရောက်လှူဒါန်းခဲ့ပြီးပြန်လာစဉ် ရွှေကျွန်းမြေဆရာတော် **အရှင်ပညာဒီပါလင်္ကာရ** (အဖွဲ့ခေါင်းဆောင်)၊ **အရှင်တိလောက**(ရန်ကုန်ဗုဒ္ဓတက္ကသိုလ်)၊ ဓမ္မစကူးလ် ဆရာမများဖြစ်ကြသော **ဒေါ်လှလှရီ** (ကမ္ဘာ့ရတနာဘဏ်၊ ရုံးချုပ်)နှင့် **ဒေါ်အေးမြသူ**(တရားလွှတ်တော်ရှေ့နေ)တို့နှင့်အတူ ၁၂-၈-၂၀၁၅ရက်တွင် ရုတ်တရက်ကွယ်လွန်သွားပါသည်။

ဗိုလ်ကြီးဖုန်းမြင့်ကို၏ နာရေးကိစ္စအဝဝတွင် ကိုယ်ရောစိတ်ပါ ဝိုင်းဝန်းကူညီကြသူများ၊ အလှူငွေနှင့်လှူဖွယ်ပစ္စည်းများ ပေးပို့ချီးမြှင့်ကြသော **အမျိုးဘာသာ သာသနာစောင့်ရှောက်ရေးအဖွဲ့(ဗဟို)** နှင့် အမျိုးဘာသာ သာသနာစောင့်ရှောက်ရေးအဖွဲ့ **(လှိုင်မြို့နယ်)၊ ဓမ္မစကူးလ် ဖောင်ဒေးရှင်း (ဗဟို)** နှင့်**သုဓမ္မဝါဒီ** ဓမ္မစကူးလ်၊ **ဒါးကမြို့** ဓမ္မစကူးလ်၊ **သံသရာလမ်းညွှန်** အဘိဓမ္မာသင်တန်းနှင့် ဓမ္မစကူးလ်များမှ ဆရာတော်များ၊ သီလရှင်များ၊ ဆရာ/ဆရာမများနှင့်သင်တန်းသားများ၊ **တပ်မတော်ဆေးတက္ကသိုလ်** ကျောင်းအုပ်ကြီးနှင့်ဇနီး၊ ပါမောက္ခချုပ်နှင့်ဇနီး၊ ဆေးဝါးဗေဒဌာနမှူး၊ အရာရှိ၊ စစ်သည်များ၊ ဆရာ/ဆရာမများနှင့် **မင်္ဂလာဒုံ တပ်နယ်**ရှိတပ်မှူးများ၊ အရာရှိ စစ်သည်များ၊ **D S MA (4 /5 /6)** နှင့် **D S M A** ကျောင်းဆင်း အရာရှိများ၊ **ကမ္ဘာ့ရတနာဘဏ်**(ရုံးချုပ်)နှင့်ဘဏ်ခွဲများ၊ **D S A(10)** သူငယ်ချင်းမိသားစုများ၊ **ခလရ(၄)**တွင်တာဝန်ထမ်းဆောင်ခဲ့သည့်အငြိမ်းစားဆရာသမားများ၊လုပ်ဖော်ကိုင်ဖက်အရာရှိများ၊ မြန်မာနိုင်ငံဆရာဝန်အသင်း (ရန်ကုန်)**ဆေးဝါးဗေဒ**အဖွဲ့၊ **ရန်ကုန်**တက္ကသိုလ်**သတ္တဗေဒ**ဌာနမှဆရာ/ဆရာမများ၊ **လပွတ္တာ၊ သရက်၊ ကံမ** မြို့နယ်အသင်းများ၊ **မြကန်သာ**အိမ်ရာ(လှိုင်) တိုက်(L -4) မိသားစုများ၊ **ကျောင်းကုန်း** ပြည်သူ့ဆေးရုံမှ တာဝန်ရှိသူများ၊ သံဃာတော် ၂ ပါး၏ **ဈာပန**ကျင်းပရေးကော်မတီ၊ **နာရေးကူညီမှုအသင်း(ဗဟို)**နှင့် **ကျောင်းကုန်း/အိမ်မဲ/ပန်းတနော်**မြို့နယ် နာရေးကူညီမှုအသင်းများ၊ လှိုင်မြို့နယ်၊ **(၁၄)ရပ်ကွက်**၊ နာရေးကူညီမှုအဖွဲ့၊လွမ်းသူ့ပန်းခြင်း/ပန်းခွေပေးပို့ကြသူများ၊ တယ်လီဖုန်း/ လူကိုယ်တိုင်/သတင်းစာမှ ဝမ်းနည်းကြောင်း ဖော်ပြနှစ်သိမ့်အားပေးကြသူများနှင့် ကျေးဇူးတင်ထိုက်သူများအားလုံးကို လှိုက်လှဲစွာ ကျေးဇူးအထူးတင်ရှိပါသည်။

**ကျန်ရစ်သူ ဇနီးနှင့် နှစ်ဖက်သော မိဘဆွေမျိုးများ**

# ဝမ်းနည်းကြေကွဲခြင်း

ဦးတင်မောင်လှိုင်(ဒါရိုက်တာအဖွဲ့ဝင်၊ မြန်မာ သီလဝါအက်(စ်)အီးဇက်ဟိုး(လ်)ဒင်း(စ်)ပတ်ဘလစ် လီမိတက်)၊ ဒေါ်ဖြူဖြူတို့၏မိခင် ဒေါ်သောင်းကြည် (ငါးသိုင်းချောင်းမြို့)သည် ၂၇-၈-၂၀၁၅(ကြာသပတေးနေ့) နံနက် ၁၁း၁၅ နာရီတွင် ကွယ်လွန်ကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

**ဒါရိုက်တာအဖွဲ့**
**မြန်မာသီလဝါအက်(စ်)အီးဇက်ဟိုး(လ်)ဒင်း(စ်)**
**ပတ်ဘလစ်လီမိတက်**

Hot Line No-0930500100

ယနေ့

## မာတိကာ


ထိန်းသိမ်းကာကွယ်စောင့်ရှောက်ရမည့် မြန်မာ့ဆင်များ

စာမျက်နှာ » ၅

ချောင်းကမ်းပါးတွင် ကျူးကျော်ဆောက်လုပ်ထားသည့် စျေးဆိုင်ပြိုကျရာမှ နေအိမ်နှစ်လုံး ပျက်စီးမှုဖြစ်ပွား

စာမျက်နှာ » ၆

လေဗာကူဆင်တိုက်စစ်မှူး ဆွန်ဟောင်မင်အား စပါးခေါ်ယူ

စာမျက်နှာ » ၁၃


# မိုးရွာသွန်းလို့ရှိရင် ရေကန်အနီးပတ်ဝန်းကျင်က မြေသားတွေ ပျော့သွားတဲ့အတွက် မြေပြိုမှုတွေ ဖြစ်ပွားနိုင်ပါတယ်

ချင်းပြည်နယ် ဟားခါးမြို့နယ်နှင့် ထန်တလန်မြို့နယ်များတွင် ရေကြီးမြေပြိုမှုပြ ရေဒါပုံရိပ် ဂြိုဟ်တု ဓာတ်ပုံ



ဒေါက်တာ ဟာရင်နိုင်တီယမ်း

စစ်ကိုင်းတိုင်းဒေသကြီးနှင့် ချင်းပြည်နယ်တို့တွင် မိုးသည်းထန်စွာ ရွာသွန်းခဲ့မှုကြောင့် ရေကြီးရေလျှံမှုများ ဖြစ်ပွားခဲ့ရာ ချင်းပြည်နယ် ဟားခါးမြို့နယ်တွင် မြေပြိုမှုများ ဖြစ်ပွားခဲ့သည်။

ဩဂုတ် ၂၈ ရက်ကလည်း ချင်းပြည်နယ် တွန်းဇံမြို့နယ်တွင် မိုးသည်းထန်စွာရွာသွန်းပြီး တောင်ကျရေစီးဆင်းမှုကြောင့် တွီးခိန်ဇန်ကျေးရွာတောင်ပိုင်းရှိ ဟားခါးလေးကျေးရွာအပိုင်းမှ နေအိမ် ၆၀ ခန့် ရေစီးဖြင့်မျောပါ ဆုံးရှုံးခဲ့သည့်အပြင် တောင်ပေါ်မှ စီးဆင်းလာသော ရွှံ့ညွန်များနှင့် သစ်ပင်သစ်ကိုင်းများဖြင့် ဖုံးလွှမ်းခဲ့ရသည်။

အဆိုပါ ဖြစ်စဉ်များနှင့်ပတ်သက်၍ "ချင်းပြည်နယ် ဟားခါးမြို့နယ်၏ ရေကြီး၊မြေပြိုမှုပြ ရေဒါပုံရိပ် ဂြိုဟ်တုဓာတ်ပုံ" အပေါ် မိုးလေဝသနှင့် ဇလဗေဒ ညွှန်ကြားမှုဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာ ဟာရင်နိုင်တီယမ်းထံ ဆက်သွယ်မေးမြန်းခဲ့ရာ ၎င်းက "ဟားခါးမှာက မိုးများပြီးဖြစ်ခဲ့တာပါ။ တွန်းဇံဘက်မှာလည်း မိုးများပြီး ဖြစ်တယ်လို့ သတင်းတွေရရှိပါတယ်။ အဲဒီမှာ မိုးရေချိန်တိုင်းစခန်းတွေ မရှိတဲ့အတွက် အတိအကျတော့ မသိရသေးပါဘူး။ ဟားခါးကအဖွဲ့နဲ့ ဆက်သွယ်ပြီး စုံစမ်းနေပါတယ်။ ဩဂုတ် ၂၈ ရက်က တွန်းဇံမြေပြိုမှုက မိုးကြီးပြီး တောင်ကျရေကြောင့် ဖြစ်တယ်လို့ သိရပါတယ်။ ယခုလို ဖြစ်ခဲ့သော်လည်း

စာမျက်နှာ ၉ ကော်လံ ၁ သို့



# မြန်မာယူ-၁၉ အသင်း ခြေစွမ်းပြပြီး မလေးရှားကိုအနိုင်ယူ

သတင်း-ဖိုးသော်ဇင်၊ ဓာတ်ပုံ - AFF

လာအိုနိုင်ငံ၌ ကျင်းပလျက်ရှိသည့် အာဆီယံယူ-၁၉ ပြိုင်ပွဲ အုပ်စုပွဲစဉ်များကို ယနေ့ညနေပိုင်းက ကျင်းပရာ မြန်မာအသင်းက မလေးရှားအသင်းကို တစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့သည်။

**မြန်မာယူ-၁၉ - တစ်ဂိုး**

**မလေးရှားယူ-၁၉ - ဂိုးမရှိ**

မြန်မာအသင်းမှာ ယခင်နှစ်ပွဲထက် ပိုမိုကောင်းမွန်သည့် ခြေစွမ်းကို ပြသကာ ခြေစွမ်းပြနေသည့် မလေးရှားကို အနိုင်ယူပြီး ဆီမီးတက်ရေး မျှော်လင့်ချက်ကို အသက်သွင်းနိုင်ခဲ့သည်။ မြန်မာအသင်း၏ ကစားပုံ၊ ကြိုးစားအားထုတ်မှုများမှာ အကောင်းဆုံးပုံစံရှိခဲ့ပြီး မလေးရှားအသင်းကို ပွဲချိန်ပြည့်ဖိအားပေးကစားကာ နိုင်ပွဲရယူနိုင်ခဲ့ခြင်းဖြစ်သည်။ မလေးရှားအသင်းမှာ သရေတစ်မှတ်ရရှိလျှင်ပင် ဆီမီးတက်မည်ဖြစ်သော်လည်း ရှုံးပွဲကြုံတွေ့ခဲ့ခြင်းဖြစ်သည်။

မြန်မာယူ-၁၉ အသင်းမှာ ပထမနှစ်ပွဲတွင် ပုံစံကောင်းမရရှိခဲ့ခြင်းကြောင့် ယခုပွဲတွင် အပြောင်းအလဲများ ပြုလုပ်ခဲ့ပြီး ပွဲထွက်ခဲ့သည်။ မြန်မာအသင်းကစားပုံမှာ ယခင်ပွဲများထက် သိသိသာသာကောင်းမွန်ခဲ့ပြီး ပွဲစကတည်းက မလေးရှားဂိုးပေါက်ကို ခြိမ်းခြောက်နိုင်ခဲ့သည်။ မလေးရှားအသင်းမှာ တစ်ဦးချင်းစွမ်းဆောင်ရည်ဖြင့်သာ တိုက်စစ်ဆင်ခဲ့ပြီး အပိုင်သုံးကြိမ်ခန့်ကို အသုံးမချနိုင်ခဲ့ပေ။ ဒုတိယပိုင်းတွင် မြန်မာအသင်းက အောင်ကောင်းမာန်ကိုထည့်ကာ တိုက်စစ်အားမြှင့်ကစားခဲ့သည်။

စာမျက်နှာ ၆ ကော်လံ ၁ သို့






themirror.npt@gmail.com
www.facebook.com/themirrordaily

ကြေးမုံ
The Mirror
တနင်္ဂနွေ အထူးထုတ်
SUNDAY SPECIAL
2015 AUGUST 30, SUNDAY

STI MYANMAR UNIVERSITY
IMBA IBBA IMED IBE
www.stiedu.net
TEL : 507151/52, 377988
09250064451, 0931702299
09420254872

နည်းပညာကဏ္ဍ

# စမတ်ဖုန်းနှင့် မြန်မာပြည်သူပြည်သားတို့ဘဝ

ဖုန်းဒေါက်တာ

**ကျွန်တော်တို့မြန်မာနိုင်ငံတွင် ဖုန်းဟု ခေတ်စားလာသည်မှာ ကြာခဲ့ပြီဖြစ်သော်ငြားလည်း လူတိုင်း၏ လက်ထဲတွင် ကိုင်နိုင်သည်မှာ တစ်နှစ်ခွဲ နှစ်နှစ်ခန့်သာပင်လျှင် ရှိပါသေးသည်။ ကျွန်တော့်၏ အမြင်တွင် လူများအားသနားပါဘိ၏။ အကြောင်းမှာ ခေတ်ကို အမီလိုက်နေရသောကြောင့်ပင်တည်း။ ဖုန်းနှင့်မှမဟုတ်။ အရာရာတွင် ခေတ်နောက်ကျခဲ့ကြရ၏။**



နိုင်ငံခြားတိုင်းပြည်များတွင် လက် ၁၀ ချောင်းအသုံးပြုရသော ကွန်ပျူတာမှ ကီးဘုတ်ဟုခေါ်သော ကိရိယာတစ်ခုပေါ်တွင် မူလတန်းကျောင်းသားများက ပိုင်နိုင်စွာပြေးလွှားအသုံးပြုနိုင်၏။ ကျွန်တော်တို့တိုင်းပြည်တွင် လက်မတစ်ချောင်း၊ လက်ညှိုးတစ်ချောင်းသာအသုံးပြုရသော ဖုန်းအားအသုံးပြုရန် တိုင်ပတ်၊ ရှာလည်နေကြ၏။ ၁၀ တန်းအောင်၊ ဘွဲ့ရ၊ ဘုန်းကြီးကျောင်းထွက်နှင့်မဆိုင်ပါ။ ကျောင်းသင်ခန်းစာများမှာ အင်္ဂလိပ်စာလုံးနည်းပါးပြီး ကွန်ပျူတာနည်းပညာဖြင့် ဖော်ပြထားသော စာများဖြစ်နေသောကြောင့်ပင်တည်း။ ပိုမိုအားစိုက်၍ လေ့လာနိုင်ကြရန်အထူးလိုအပ်လှပါသည်။

ကျွန်တော်သည် စင်ကာပူနိုင်ငံတွင် နှစ်နှစ်ခန့်နေထိုင်ခဲ့ဖူး၏။ မြန်မာပြည်တွင် ဆယ်လူလာဟုခေါ်သောဖုန်းခေတ်စားနေချိန်ဖြစ်၏။ ထို့နောက် ခြင်းဖုန်းဟုခေါ်သော ဆွဲခြင်းထဲတွင်ထည့်၍ သွားလာ၍ရသော ဖုန်းတစ်မျိုးပေါ်လာ၏။ WCDMA ဟု ခေါ်သော အမျိုးအစားဖြစ်၏။ ကမ်းရိုးတန်းဖုန်းဟု ခေါ်သော အမျိုးအစားပေတည်း။

မြန်မာနိုင်ငံသည် နည်းပညာဖွံ့ဖြိုးတိုးတက်စနိုင်ငံဖြစ်သော်လည်း ခြေလှမ်းသွက်သွက်ဖြင့် လှမ်းနိုင်ကြ၏။ ၂၀၀၅-၂၀၀၆ ကျွန်တော်ပြန်ရောက်စဉ် တစ်ခေါက်၊ ၂၀၀၉ ၌ တစ်ခေါက်၊ ၂၀၁၂ ၌ တစ်ခေါက်၊ ၂၀၁၄ ၌ တစ်ခေါက် တွေ့မြင်ခဲ့ရသော မြင်ကွင်းတွေသည် မတူတော့ပါ။ နည်းပညာဘာသာရပ်များ သင်ကြားပေးလျက်ရှိသည့် သင်တန်းများ၊ နည်းပညာသုံးပစ္စည်းအရောင်းဆိုင်များ၊ ပြုပြင်ပေးလျက်ရှိသည့် Sale & Service Center များ၊ နည်းပညာစာအုပ်စာပေများပင် ဖြစ်ပါသည်။ ၂၀၀၉ ပတ်ဝန်းကျင်အထိ အရောင်းဆိုင်များ ရှားပါး၍ ဖုန်းလိုင်းကတ်တန်ဖိုး တစ်ခုသည် ၁၀ သိန်း ဝန်းကျင်မှာရှိသည်။ ၂၀၁၂ တွင် နှစ်သိန်းကျော်ထိရှိနေပါသည်။ ၂၀၁၄ မှ ယခု ၂၀၁၅ တွင်တော့ လိုင်းကတ်တစ်ခုသည် ကျပ် ၁၅၀၀ မှနေ၍ ကျပ် ၁၂၀၀၀ အထိ ရှိနေပါသေးသည်။ အော်ပရေတာများအဖြစ်လည်း MPT နှင့်တကွ အခြားအော်ပရေတာနှစ်ခုလည်း ထွက်ရှိလာခဲ့ပါသည်။

> **66** နိုင်ငံခြားတိုင်းပြည်များတွင် လက် ၁၀ ချောင်း အသုံးပြုရသော ကွန်ပျူတာမှ ကီးဘုတ်ဟုခေါ်သော ကိရိယာတစ်ခုပေါ်တွင် မူလတန်းကျောင်းသားများက ပိုင်နိုင်စွာပြေးလွှားအသုံးပြုနိုင်၏။ ကျွန်တော်တို့တိုင်းပြည်တွင် လက်မတစ်ချောင်း၊ လက်ညှိုးတစ်ချောင်းသာအသုံးပြုရသော ဖုန်းအားအသုံးပြုရန် တိုင်ပတ်၊ ရှာလည်နေကြ၏။

GSM ဟု ခေါ်သော နည်းပညာသုံး လိုင်းကတ်များ ဖြစ်ပါပေ၏။ ယင်း GSM သည် ကမ္ဘာသုံး(ဂြိုဟ်တုနှင့် ချိတ်ဆက်)သည့် နည်းပညာဖြင့် တီထွင်ထားသော ကတ်ဖြစ်ပါသည်။ သို့သော် ကျွန်တော်တို့နိုင်ငံ၌ လိုင်းသုံးမျိုးရှိနေပါသည်။ ရှင်းပြချင်ပါသည်။ ကြိုးဖုန်းဟုခေါ်သော (၀၁) ခံ၍ ခေါ်ရသော ဂဏန်းခြောက်လုံးပါ အများသိပြီး ဖြစ်သည့် ကြိုးဖုန်းကိုတော့ ခြွင်းချက်အဖြစ် ထားခဲ့ပါသည်။ (၁) CDMA ဟု ခေါ်သည့် ၀၉ အစနံပါတ်၏ နောက်၌ (၃၀/၃၁/ ယခု ၃၆) အထိရှိသော လိုင်းကတ်အမျိုးအစားများ ဖြစ်ပါ၏။ နည်းပညာနှင့်ဆိုသော် ရေဒီယို ထုတ်လွှင့်မှုလှိုင်းနှင့်ဆိုလျှင် FM လွှင့်သော လှိုင်းတိုအမျိုးအစားဖြင့် ထပ်ဆင့်အသံလွှင့်ရာ တိုင်များ/ထပ်ဆင့်အသံလွှင့်ရုံမှ လွှင့်သည့် နည်းပညာမျိုးဖြင့် ထုတ်လွှင့်အသုံးပြုရသော နည်းပညာဖြင့် ထုတ်လုပ်ထားသော လိုင်းကတ်ဖြစ်ပါ၏။ (၂) WCDMA ဟု ခေါ်သော ရေမှနေ၍ Earth (အပ်ကြိုး)ဖြင့် လွှင့်သော နည်းပညာသုံးလိုင်းကတ်ဖြစ်ပါ၏။ ရေ၊ ပင်လယ်၊ သမုဒ္ဒရာနှင့်နီးလေ လိုင်းအသုံးပြုရကောင်းလေဖြစ်ပါ၏။ (၃) GSM ကမ္ဘာသုံးဖြစ်ပါ၏။ ဂြိုဟ်တုနှင့် ချိတ်ဆက်၍ တစ်ကမ္ဘာလုံးသို့ (ငါးဖမ်းသောလက်ကွန်) ဟုခေါ်သော ပိုက်ကွန် (Net) ကဲ့သို့ ထုတ်လွှင့်အသုံးပြုရသော နည်းပညာသုံး လိုင်းကတ်တစ်ခုဖြစ်ပါ၏။ စာ » ၇

စိုက်ပျိုးရေးကဏ္ဍ



စာ » ၂

# မန်းရွှေစက်တော်ဘုရားဧရိယာအတွင်း သဘာဝပတ်ဝန်းကျင်ထိခိုက်ပျက်စီးစေသော ကျောက်မီးသွေးထုတ်ယူခြင်း၊ လမ်းခင်းကျောက်ထုတ်ယူခြင်းများ တားဆီးရန်လို

**မင်းဘူး ဩဂုတ် ၂၉**

မန်းရွှေစက်တော်ဘုရား ဧရိယာအတွင်း ကျောက်မီးသွေး တူးဖော်ထုတ်လုပ်ခြင်းနှင့် လမ်းခင်းကျောက် ထုတ်ယူခြင်းများကြောင့် သဘာဝပတ်ဝန်းကျင် ထိခိုက်ပျက်စီးစေပြီး ဒေသခံပြည်သူများ၏ လယ်ယာမြေများ၊ တောင်ယာလုပ်ကွက် သိမ်းယူမှုများ ကြုံတွေ့နေရကြောင်း ဒေသခံတို့ထံမှ သိရသည်။



"ရွှေစက်တော်ဘုရား ဧရိယာကို ကိုက် ၆၀၀၀ ပတ်လည် သတ်မှတ်ထားပြီး မည်သည့်ကုမ္ပဏီ၊ လုပ်ငန်းမျှ သဘာဝပတ်ဝန်းကျင်ကို ထိခိုက်စေမည့် သစ်ပင်၊ သစ်တောခုတ်ခြင်း၊ ကျောက်မီးသွေးထုတ်ယူခြင်း၊ လမ်းခင်းကျောက်ထုတ်ယူခြင်း စသည်တို့ကို မပြုလုပ်ရ" ဟု မကွေးတိုင်းဒေသကြီးလွှတ်တော်မှ တရားဝင်ထုတ်ပြန်ထားကြောင်း မြို့နယ်မြေစာရင်းဦးစီးမှူး ဦးအောင်ဘိုဝင်းက ပြောသည်။

"ရွှေစက်တော်ဘုရား ဧရိယာအတွင်းမှာ ကျောက်မီးသွေးတူးဖော်ထုတ်လုပ်တဲ့ ကုမ္ပဏီတွေ၊ လမ်းခင်းကျောက် တူးဖော်ထုတ်လုပ်တာတွေရှိပါတယ်။ ကုမ္ပဏီတွေက ကျောက်မီးသွေး တူးဖော်ခွင့်လိုင်စင်တွေကိုင်ဆောင်ပြီး ဒေသခံပြည်သူတွေရဲ့ ယာမြေတွေ၊ တောင်ယာတွေကို ၎င်းတို့အကွက်ထဲ ပါဝင်တယ်ဆိုပြီး တောင်ယာ လာမလုပ်ဖို့၊ လာလုပ်ရင် အရေးယူမယ်အထိ ပြုမူဆောင်ရွက်နေပါတယ်" ဟု ဘုရားရွာ အုပ်ချုပ်ရေးမှူးဟောင်း ဦးကျော်မင်းနိုင်က ပြောသည်။

"ကျွန်တော်တို့ ဒေသခံပြည်သူတွေ လက်ထဲမှာ ဟိုယခင်ကတည်းက မြေယာပိုင်ဆိုင်မှု စာရွက်စာတမ်းတွေမရှိတာရယ်၊ နားမလည်လို့ မလုပ်ကြတာရယ်ကြောင့် အခုလို ကုမ္ပဏီတွေရဲ့ သိမ်းယူခြင်းခံကြရတာပါ။ ရိုးသားတဲ့ တောသူ တောင်သားဆိုတော့ ကုမ္ပဏီတွေက သိမ်းယူမှ ဘယ်တိုင်လို့ တိုင်ရမှန်းမသိဖြစ်နေကြပါတယ်။ အခုလက်ရှိမှာ စိုက်ပျိုးမြေမဲ့ ဒုက္ခရောက်နေကြပါတယ်"ဟု ၎င်းက ပြောသည်။

"ကုမ္ပဏီတွေရောက်လာမှ ကျွန်တော်တို့ ဘိုးဘွား မိဘတွေလက်ထက်က လုပ်ကိုင်လာတဲ့ တောင်ယာတွေ၊ အခင်းတွေ သိမ်းယူခြင်း ခံရပါတယ်။ ကျွဲ၊ နွားတွေဝင်ရင်လည်း အရေးယူခံရတယ်။ ကုမ္ပဏီလုပ်ကွက်က တွင်းဟောင်းတွေကို ပြန်လည်မြေဖို့တာတွေ မလုပ်ဘဲ ဒီအတိုင်းပစ်ထားကြတယ်။ အဲဒီ တွင်းဟောင်းထဲ နွားကျသွားတာ နွားလည်း သေတယ်။ လျော်ကြေးလည်းပေးရတယ်။ လုပ်ကွက်တွေထဲက သစ်ပင်၊ သစ်တောတွေကိုလည်း ခုတ်ယူသုံးစွဲနေကြတာ တောပြုန်းသလောက်ပါပဲဗျာ"ဟု ဘုရားရွာကျေးရွာ အထောက်အကူပြုအဖွဲ့မှ ကိုနိုင်လင်းက ပြောသည်။

"ရွှေစက်တော်ဘုရား ရှစ်မိုင်လောက် အတွင်းမှာ ကျောက်မီးသွေးကုမ္ပဏီနှစ်ခုနဲ့ ဘုရားမြောက်ဘက်နဲ့ အနောက်ဘက်တွင် ကုမ္ပဏီလေးခုတို့မှ ကျောက်မီးသွေးတူးဖော်ထုတ်ယူနေကြပါတယ်။ ၈ မိုင်လမ်းအတွင်း ထဲမှာ လမ်းခင်းကျောက်တွေ ထုတ်နေကြတာလည်း အုပ်စုတွေ မနည်းပါဘူး။ သစ်ပင်၊ သစ်တောတွေခုတ်ရှင်းပြီး လမ်းတွေ ဖောက်ထုတ်နေကြတာလည်း မြင်တွေ့နေရပါတယ်။ ကျွန်တော်တို့ ဒေသဟာ ရွှေစက်တော် ဘေးမဲ့တောဧရိယာထဲမှာပါ။ ဘေးမဲ့တောဧရိယာထဲမှာ စည်းကမ်းမဲ့ ထုတ်ယူနေတာတွေကို နိုင်ငံတော်အစိုးရက ထိရောက်စွာ အရေးယူဆောင်ရွက်စေလိုပါတယ်" ဟု ၎င်းက ပြောသည်။

**ကိုကျော်(မင်းဘူး)**

## မကြုံစဖူးထူးကဲသည့် ပန်းလှိုင်မြစ်

**ရေဖုံးမှ**

ချောင်းရိုး မြောင်းရိုးဆိုတာတိမ်ကောရိုးရှိပါသည်။ လူတို့၏ မျိုးရိုးယဉ်ကျေးမှုအမွေအနှစ်ကတော့တိမ်ကောရိုးမရှိပါဟု မြန်မာဆိုရိုးစကားကို ကြားဖူးကြပေလိမ့်မည်။ ယင်းအဆိုအရတိမ်ကောသွားသော ပန်းလှိုင်မြစ်နှင့် ဆက်စပ်နေသောချောင်းမြောင်းများကို နိုင်ငံတော်၏ စီစဉ်ဆောင်ရွက်မှုဖြင့် ဆည်မြောင်းဦးစီးဌာနက အနီးကပ်ကြီးကြပ် ပြန်လည်တူးဖော်မှုတို့ကြောင့် ယခုအခါ ရေစီးရေလာကောင်းမွန်ကာ ရေကြီးနစ်မြုပ်မှုမှကင်းဝေးပြီး လယ်ယာမြေများကို ပြန်လည်စိုက်ပျိုးနိုင်ပြီဖြစ်သည်။

စာရေးသူသည် ရန်ကုန်တိုင်းဒေသကြီး ထန်းတပင်မြို့နယ် မြဂဲကျေးရွာတွင် နေထိုင်သည့်ရွာသားတစ်ဦးဖြစ်သည်။ ကျွန်တော်ဆယ်ကျော်သက်အရွယ်က ပန်းလှိုင်မြစ်ကြီးဟာ အကျယ်ကြီးဖြစ်ပြီး လှေ၊ သမ္ဗန်များသွားလာနေတာတွေ့မြင်ခဲ့ရပါတယ်။ ထိုအချိန်က ပန်းလှိုင်မြစ်ကြီးသည် ရေစီးရေလာကောင်းမွန်ပြီး ရေကြီးမှုများလည်းမဖြစ်ခဲ့ပါဘူး။ ရွာကိုပြန်မရောက်သည်မှာ နှစ် ၂၀ ခန့်ကြာပြီးနောက်ပိုင်းမှာတော့ ပန်းလှိုင်မြစ်ကြီးဟာ သဲနုန်းများ တဖြည်းဖြည်းပို့ချလာပြီး တိမ်ကောလာပါတော့သည်။ ပန်းလှိုင်မြစ်ကြီး တိမ်ကောလာသည်နှင့်အမျှ ရေကြီးနစ်မြုပ်မှုများဖြစ်ပေါ်လာပြီး မိုးအနည်းငယ်ရွာသည်နှင့် လယ်ကွင်းများမှာလည်း ရေနစ်မြုပ်မှုကို နှစ်စဉ်လိုလို ခံစားခဲ့ကြရသည်။

ယခုအခါပန်းလှိုင်မြစ်ကြီးပြန်လည်တူးဖော်ပြီးဖြစ်၍ သမ္ဗန်ငယ်ဖြင့် သွားလာသည့်အခါ ပန်းလှိုင်မြစ်ကြောင်းတစ်လျှောက်ရှိ ကျေးရွာများမှ ဒေသခံတောင်သူလယ်သမားများနှင့်တွေ့ဆုံမေးမြန်းခဲ့ရာ ၎င်းတို့သက်တမ်းကာလအတွင်း တွေ့ကြုံခဲ့ရသည်များကို ပြန်လည်ပြောပြကြသည်။

"ကျွန်တော့်အမည်က ဦးမြင့်နိုင်ပါ။ ထန်းတပင်မြို့နယ် အရွဲကွင်း မြဂဲကျေးရွာအုပ်စု မြဂဲရွာသားပါ။ ကျွန်တော်ငယ်စဉ်က ပန်းလှိုင်မြစ်က အကျယ်ကြီး၊ သမ္ဗန်နဲ့လှော်ခတ်ပြီးသွားရင် ရန်ကုန်ကို ရောက်ပါတယ်။ နောက်တဖြည်းဖြည်း ပန်းလှိုင်မြစ်ကြီး ကောလာလိုက်တာ ၂၀၀၆ ခုနှစ်မှာ လုံးဝကို မြစ်ပျောက်သွားခဲ့ပါတယ်။ မြစ်ပျောက်သွားတော့မိုးရေတွေက ဘယ်ကိုဆင်းရမှန်းမသိတော့ဘူး။ လယ်တွေကိုရေတွေလွှမ်းတော့တာပဲ။ အဲဒီရေနစ်တာက ငါးမြွေထိုးနှုတ်သီးလောက်စပါးပင်က ကျန်ပြီး လေး၊ ငါးရက်လောက်မြုပ်ပြီး ရေဆင်းသွားရင် စပါးပင်က မသေဘူး။ ရေနစ်တာ လနဲ့ချီပြီးကြာသွားလို့ကတော့ စိုက်ပြီးစပါးရော ကြဲစပါးပါပျက်စီးကုန်တော့တာပဲ"ဟုပြောသည်။



ဦးမြင့်နိုင်



ဦးဘရွှေ

အဆိုပါ ပန်းလှိုင်မြစ်ကြီး မတိမ်ကောခင်က မြဂဲကျေးရွာလယ်ကွင်းတွင် ဆန်စပါးသည် အလွန်နာမည်ကြီးကြောင်း၊ သို့သော် ယခုအခါတွင်တော့ မြဂဲရွာလယ်ထွက်ဆန်သည် နာမည်မကြီးတော့ကြောင်း၊ သို့သော် ပန်းလှိုင်မြစ်ကြီး ပြန်လည်တူးဖော်ပြီးစီးသွားပြီဖြစ်၍ ယခုနှစ်ထွက်ဆန်စပါးသည် ပြည်သူအကြား ပြန်လည်ရေပန်းစားလာမည်ကို မျှော်လင့်ပါကြောင်း ယခုကဲ့သို့ ပန်းလှိုင်မြစ်နှင့် ဆက်စပ်ချောင်း၊ မြောင်းများကို ပြန်လည်တူးဖော်ပေးသည့် နိုင်ငံတော်မှ တာဝန်ရှိသူများကို အထူးပင်ကျေးဇူးတင်ပါကြောင်း ပြောပြသည်။

ညောင်တုန်းမြို့နယ် ကျွန်းဦးရွာနေ ဦးဘရွှေက "ဒီနှစ် စပါးဧက ၃၀ စိုက်ပါတယ်။ အရင်တုန်းကတော့ အလုပ်သဘောအရ လုပ်နေတာပါ။ ကိုယ်က သက်ကြီးစပါးစိုက်တော့ ရေက တစ်လကိုးသီတင်းနစ်တော့ ရှုံး၊ သက်ငယ်ဆိုရင် မပြောပါနဲ့တော့ဗျာ။ လွန်ခဲ့တဲ့ ကိုးနှစ်လောက်ကတည်းက လယ်တွင်မက ရွာပါ ရေမြုပ်တယ်။ ဒီနှစ်မှ အခြားမြို့နယ်တွေ ရေကြီးနစ်မြုပ်တယ်ကြားတော့ ဒို့က နှစ်စဉ် ရေကြီးရေမြုပ်လာတာ။ ကြာပါပေါ့ဗျာ။ ဒီနှစ်တော့ သူများတွေ ရေကြီးရေနစ်နေချိန်မှာ ကျွန်တော်တို့က ရေကြီးနစ်မြုပ်မှုမရှိဘဲ စပါးကိုတောင် ကောင်းစွာ စိုက်ပျိုးနိုင်တာကလည်း နိုင်ငံတော်က ပန်းလှိုင်မြစ်ကြီး ပြန်လည်တူးဖော်ရုံသာမက ဆက်စပ်ချောင်း၊ မြောင်းတွေကိုပါ တူးဖော်ပေးလိုက်တဲ့အတွက် နိုင်ငံတော်နဲ့ ဆည်မြောင်းဦးစီးဌာနက ဝန်ထမ်းတွေကို အထူးကျေးဇူးတင်ပါတယ်"ဟု ပြောသည်။

ထန်းတပင်မြို့နယ် ကျောက်တိုင်ရွာသား ဦးအောင်ညွန့်ကလည်း "ကျွန်တော်တို့ရဲ့ ရွှေရောင်အိပ်မက်တွေကို လယ်/ဆည်ဌာနက မက်ခွင့်ပေးလိုက်ပါပြီ။ နှစ်စဉ် ရေကြီးရေမြုပ်လယ်တွေကို စိုက်လို့ပျိုးလို့ရအောင် ပန်းလှိုင်မြစ်ကြီးနဲ့ ထိစပ်နေတဲ့ ချောင်းတွေ၊ မြောင်းတွေ တူးဖော်ပေးလိုက်တာကြောင့် ဒီနှစ်တော့ တို့တောင်သူတွေ သားရွှေအိုးထမ်းလာပြီလို့ ပြောလို့ရပါတယ်။ တစ်ခုပဲ လယ်သူရင်းငှားကို ရှာဖွေရခက်သလို ကောက်စိုက်၊ ပျိုးနုတ် အလုပ်သမားကလည်း အတော်ရှားသွားပါပြီ။ ဒီနှစ် မဝ့ံမရဲနဲ့ စိုက်ပျိုးရတာပါ။ နှစ်စဉ်စပါးစိုက်တိုင်း ရှုံးနေကြဆိုတော့ ကြောက်ကြောက်နဲ့ စိုက်နေရင်း တစ်ပင်စိုက်တစ်ပင်ရှင်တယ်။ စပါးမအောင်ခဲ့တာကလည်း နှစ်တိုင်းဆိုတော့ အကြောက်တရားနဲ့ စိုက်တာတောင် စပါးက ကောင်းနေတယ်။ ၂၀၀၆ ခုနှစ်နဲ့ကတော့ အလွန်ကွာခြားသွားပါတယ်။ ဒီမြစ်ရဲ့ မြဂဲရေထိန်းတံခါးကြီးကို ပြန်လည်ပြုပြင်ပေးတဲ့အတွက်အထူး ကျေးဇူးတင်သလို ဆန်စပါးလိုအပ်ချက်ကို များများထုတ်လုပ်ပေးဖို့ ကျွန်တော်တို့ တောင်သူတွေ အားလုံးက ဝိုင်းဝန်းဆောင်ရွက်သွားကြမှာပါဗျာ"ဟု ပြောသည်။

ပန်းလှိုင်မြစ်ကြောင်းတစ်လျှောက်တွင်ရှိသော မြဂဲရေထိန်းတံခါးအပါအဝင် ရေထိန်းတံခါးရှစ်ခုနှင့် ရေနုတ်မြောင်းများကို ယခုနှစ် မိုးရာသီမတိုင်မီ ဆည်မြောင်းဦးစီးဌာနက ပြန်လည်တူးဖော်ပြီးစီးအောင် ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

ပန်းလှိုင်မြစ်သည် ယခုအခါ လှေ၊ သမ္ဗန်ငယ်များ ပြန်လည်သွားနိုင်ခြင်း၊ ရေကြီးနစ်မြုပ်မှုမှလည်း ကာကွယ်နိုင်ခြင်း၊ မိုးစပါးများလည်း အချိန်မီစိုက်ပျိုးအောင်မြင်လာနိုင်ခြင်းတို့ကြောင့် မကြုံစဖူး ထူးကဲကြုံခဲ့ရသည့် ပန်းလှိုင်မြစ်၏ ဖြစ်ရပ်မှန်များကို ပြန်လည်ဖော်ပြရင်း လူသားအပေါင်းအတွက် ထာဝရအကျိုးပြုနိုင်ပါစေကြောင်း ဆုမွန်ကောင်း အခါခါတောင်းမိပါတော့သည်။ ။

atmifif('v)

»» တနင်္ဂနွေအထူးထုတ် စာမျက်နှာ ၈ မှ

ရရှိအောင် စွမ်းဆောင်နိုင်ခဲ့သူဖြစ်သည့်အပြင် ညီတော်မောင် ဇော်ဝမ်းနှင့်တပည့်အရင်းများဖြစ်ကြသော ဇင်ဝိုင်း၊ မေသန်းနုနှင့်အခြားသရုပ်ဆောင်ပေါင်းများစွာကိုလည်း ထင်ပေါ်အောင် မြေတောင်မြှောက်ပေးနိုင်ခဲ့သူ၊ ဆရာရိုက်ကူးခဲ့သမျှ အကြိုက်တွေ့ခဲ့ရသည့် ပရိသတ်ကလည်း အားမလိုအားမရ၊ ဆရာ့လက်ရာများကို ဆက်လက်ကြည့်လိုကြသေးသည်။ သို့ဖြစ်၍ ပရိသတ်ကလည်း လွမ်းတသသ၊ တစ်ဖန် "သကြၤန်မိုး" ဇာတ်ကားဖြင့် တစ်တိုင်းပြည်လုံး တစ်သက်မေ့မရအောင် လက်စွမ်းပြသခဲ့ပြန်တော့ ဤဆရာမောင်တင်ဦး ဂုဏ်ပြုဆောင်းပါးအတွက် စာရေးသူသည် "ဝေလည်မွှေးကြွေလည်းမွှေး သကြၤန်မိုးလက်ရာရှင်" ခေါင်းစဉ်မှလွဲ၍ အခြားမစဉ်းစားတတ်တော့ပြီ။ ရုပ်ရှင်လောကသားများ လေးစားတဲ့ ပရိသတ်ချစ်တဲ့ ဆရာဒါရိုက်တာမောင်တင်ဦး ကောင်းရာသုဂတိလားပါစေ. . .။ ။

ဆရာမောင်တင်ဦး၏ လက်ရာများကို ပြန်လည်သတိရစိမ့်သောငှာ အကောင်းဆုံးတွေထဲမှ အကောင်းဆုံးဖြစ်သည့် "သကြၤန်မိုး" ဇာတ်လမ်းအကျဉ်းချုပ်ကို ပူးတွဲဖော်ပြလိုက်ပါသည်။

**သကြၤန်မိုး(၁၉၈၅)**

သူရိယပညာရုပ်ရှင်မှ ဒါရိုက်တာမောင်တင်ဦးက ခင်မောင်အေး(မန္တလေး)၏ ဝတ္ထုကိုရိုက်ကူးပါသည်။ အောင်စိုးဦးက ဇာတ်ညွှန်းခွဲပါသည်။ သရုပ်ဆောင်များအဖြစ် နေအောင်၊ ခင်သန်းနု၊ ဇင်ဝိုင်း၊ မေသန်းနု၊ သီတာသိမ့်၊ လင်းအောင်၊ ညီညီ၊ ဟန်တင်၊ ဒေါ်ခင်အုံးမြင့်၊ ဒေါ်မေသစ်၊ ဇော်ဝမ်းနှင့် ဦးလှမောင်တို့ ပါဝင်ကြသည်။ (၁၅-၁၁-၈၅) တွင် ရုံတင်ပြသပါသည်။

ဇာတ်လမ်းအကျဉ်းမှာ မန္တလေးမြို့မ တူရိယာအဖွဲ့မှ စန္ဒရားဆရာ ငြိမ်းမောင်(နေအောင်)နှင့် ရွှေကုန်သည် ဒေါ်ခင်အုံးမြင့်၏သမီး ခင်ခင်ထား(ခင်သန်းနု)တို့မှာ သီချင်းသင်ရင်းမှ ချစ်သူများဖြစ်သွားခဲ့သည်။



ဒါရိုက်တာ မောင်တင်ဦး၏ ဈာပနအခမ်းအနားမြင်ကွင်း။



ဒါရိုက်တာ မောင်တင်ဦး မကွယ်လွန်မီ ဇင်ဝိုင်းနှင့်အတူ တွေ့ရစဉ်။

ငြိမ်းမောင်နှင့် ခင်ခင်ထားတို့သည် ချစ်သူဘဝ၌ ပျော်ရွှင်စွာလည်ပတ်သွားလာနေသည်ကို ခင်ခင်ထားနှင့် သဘောတူထားသော မောင်မောင်ကြီး(လင်းအောင်)က တွေ့သဖြင့် ခင်ခင်ထား၏ မိခင်ကို ပြန်ပြောရာမှ ခင်ခင်ထားမှာ အိမ်မှထွက်ခွင့်မရှိအောင် ပိတ်ပင်ခြင်းခံခဲ့ရသည်။

ခင်ခင်ထားသည် မိမိမချစ်မနှစ်သက်သူနှင့် လက်ထပ်ရမည့်အတွက် ချစ်သူ ငြိမ်းမောင်နောက်သို့လိုက်ရန် စာရေးပြီး ချိန်းဆိုခဲ့သည်။ ငြိမ်းမောင်နှင့် ညီညီဆွေတို့ ဂျစ်ကားဖြင့်အလာတွင် ငြိမ်းမောင်တို့တီးဝိုင်းမှ အဆိုတော်မြခက်(သီတာသိမ့်)တို့ စီးလာသော မြင်းလှည်းဝင်ရိုးကျိုးပြီး လမ်းတွင်ရပ်နေသည်ကို တွေ့ရသဖြင့် ဆင်းကြည့်ရာမှ မြခက်၏မိခင်(ဒေါ်မေသစ်)အသည်းအသန်ဖြစ်သဖြင့် ဆေးရုံသို့ပို့ရန် လာခဲ့ခြင်းဖြစ်ကြောင်း သိရသည်။ ဤတွင် ငြိမ်းမောင်က မြခက်၏မိခင်ကို ဆေးရုံသို့ တင်ပို့ပေးခဲ့ပြီး အားကိုးစရာမရှိသောမြခက်အတွက် ဆေးရုံတွင်စောင့်ပေးရင်း မြခက်၏မိခင် ဆေးစစ်ခံမှုကို စောင့်နေကြရာမှ မြခက်၏မိခင်သေဆုံးသွားခဲ့သည်။

ငြိမ်းမောင်ကို စောင့်နေသော ခင်ခင်ထားသည် ငြိမ်းမောင်ပေါ်မလာသဖြင့် ငြိမ်းမောင်သည် မိမိချစ်သလို မချစ်ကြောင်း တွေးမိပြီး ငြိမ်းမောင်ရေးပေးသော သီချင်းစာရွက်ကို ဆုတ်ဖြဲပစ်နေစဉ် ခင်ခင်ထားတို့အား လိုက်ပို့ပေးသော မြင်းလှည်းသမား၏ သတင်းပေးမှုကြောင့် ခင်ခင်ထား၏ မိခင်နှင့် မောင်မောင်ကြီးတို့ ခင်ခင်ထားရှိရာသို့ လိုက်လာနိုင်ခဲ့ပြီး ခင်ခင်ထားကို ပြန်ခေါ်သွားခဲ့ကြသည်။

ခင်ခင်ထားမှာ မိမိအပေါ်တွင် သစ္စာမရှိသော ငြိမ်းမောင်အပေါ် နာကြည်းပြီး မိခင်သဘောတူသော မောင်မောင်ကြီးနှင့် လက်ထပ်လိုက်ရုံသာမက မင်္ဂလာဧည့်ခံပွဲတွင် ငြိမ်းမောင်တို့၏ မြို့မတီးဝိုင်းကို ငှားရမ်းပြီး ဖျော်ဖြေရေးကို စီစဉ်ခဲ့သဖြင့် ငြိမ်းမောင်တို့က လာရောက်ဖျော်ဖြေပေးခဲ့ရသည်။

ငြိမ်းမောင်မှာ ခင်ခင်ထားစိတ်ကြောင့် အလွန်အကျွံအရက်သောက်နေသည်။ မြခက်က ငြိမ်းမောင်ဘဝကို သာယာအောင်ပြုစုဖန်တီးပေးရင်း အားကိုးရာမဲ့နေသော မြခက်နှင့် ငြိမ်းမောင်တို့ ချစ်ကြိုက်ပြီး လက်ထပ်လိုက်ကြသည်။

သကြၤန်တစ်ရက်တွင် မြခက်မီးဖွားခဲ့ရာ သားလေးမွေးပြီး မြခက်သေဆုံးသွားခဲ့သည်။ ငြိမ်းမောင်မှာ မိမိဘဝတွင် သကြၤန်ရက်များနှင့်ပတ်သက်ပြီး စိတ်ဆင်းရဲစရာ ကြုံတွေ့ရခြင်းကို တွေးမိပြီး အရက်ပြန်သောက်နေခဲ့သည်။ ငြိမ်းမောင်သည် သားကလေးကို ပြုစုကျွေးမွေးရင်း ညီညီဆွေ၏ တိုက်တွန်းချက်အရ စန္ဒရားပညာကို သင်ကြားပေးခဲ့သည်။

ငြိမ်းမောင်၏သား သက်ထွေး(ဇင်ဝိုင်း)သည် တက္ကသိုလ်၌ ပညာသင်ကြားနေရင်း ခင်ခင်ထား၏သမီး နွယ်နွယ်(မေသန်းနု)နှင့် လူငယ်တို့ဘဝ ခင်မင်ရင်းနှီးခဲ့ကြသည်။ ဆို၊ တီး၊ က ဝါသနာပါသော နွယ်နွယ်တို့အား သက်ထွေးက သီချင်းရေးပေးခြင်း၊ တီးလုံးတိုက်ပေးခြင်း စသည်တို့ဖြင့် ကူညီခဲ့ပြီး နွယ်နွယ်တို့အဖွဲ့နှင့်လည်း သကြၤန်တွင် လည်ပတ်ရန် ကတိပေးခဲ့သည်။

သကြၤန်တွင် လည်ပတ်ရန်နှင့် သီချင်းတိုက်ရန် ကိုလတ်(ဇော်ဝမ်း)သည် မန္တလေးသို့ ရောက်လာခဲ့သည်။ ဖခင်ဖြစ်သူအား သက်ထွေးက သကြၤန်တွင်လည်ပတ်ခွင့်တောင်းရာ ခင်ခင်ထား၏သမီး နွယ်နွယ်ကို ဟန်ဆောင်၍ချစ်လျှင် သဘောတူကြောင်း ပြောလိုက်သည်။ ဤတွင် သက်ထွေးက ဟန်ဆောင်ချစ် မချစ်နိုင်ကြောင်း ပြန်ပြောလိုက်သည်။ ဖခင်ငြိမ်းမောင်က သက်ထွေးကို သူ့စကားနားမထောင်သူဟု ပြောပြီး သက်ထွေးအား မည်သည့်အဖွဲ့နှင့်မှ မလည်ပတ်ရဟု ပိတ်ပင်တားမြစ်လိုက်သည်။

ခင်ခင်ထားက ငြိမ်းမောင်ထံသို့ သမီး နွယ်နွယ် ပျော်ရွှင်စေရန် သက်ထွေးအား လည်ပတ်ခွင့်ပေးရန် လာရောက်ပြောဆိုသော်လည်း ငြိမ်းမောင်က လက်မခံခဲ့ချေ။

သက်ထွေးသည် တစ်ယောက်တည်း စက်ဘီးဖြင့် မန္တလေးသကြၤန်ပွဲကို လျှောက်ကြည့်ပြီး ပြန်လာသောအခါ စားပွဲပေါ်တွင် ငြိမ်းမောင်၏ သောက်လက်စ အရက်ပုလင်းကို တွေ့သဖြင့် ယူသောက်လိုက်သည်။ ဤတွင် ငြိမ်းမောင်က သက်ထွေးအား ရိုက်နှက်ဆုံးမရာ သက်ထွေးက စန္ဒရားဆရာ၏သား စန္ဒရားမတီးရသဖြင့် သူစိတ်ညစ်ကြောင်း ပြောပြတော့သည်။

ကိုလတ်က နွယ်နွယ်အား ရေလောင်းပြီး ညဘက်တွင် သူပြောစရာ စကားတစ်ခွန်းရှိကြောင်း ကြိုပြောခဲ့သည်။ ငြိမ်းမောင်၏ နေအိမ်သို့ ကိုလတ်ရောက်လာပြီး ငြိမ်းမောင်အား သက်ထွေးကို သူတို့အဖွဲ့နှင့် လည်ပတ်ခွင့်ပြုရန်တောင်းဆိုရာ ငြိမ်းမောင်က ခွင့်ပြုလိုက်သည်။

ကိုလတ်တို့ သကြၤန်မိုးအဖွဲ့တွင် သက်ထွေးက ကိုလတ်သီချင်းသီဆိုသမျှ ကီးဘုတ်မှတီးပေးခဲ့ရပြီး နွယ်နွယ်တို့မဏ္ဍပ်သို့ ရောက်သောအခါ ကိုလတ်က နွယ်နွယ်၏ သူငယ်ချင်းမေရွက်ဝါကို ပန်းကုံးနှင့် စာအုပ်တစ်အုပ် နွယ်နွယ်အားပေးရန် ပြောပြီး ပေးထားခဲ့သည်။

နွယ်နွယ်အား စာအုပ်ကိုဖွင့်ကြည့်ရန် ကိုလတ်က သီချင်းဆိုရင်း အမူအရာဖြင့် တိုက်တွန်းလိုက်သည်။ နွယ်နွယ်က စာအုပ်ကို ဖွင့်ကြည့်ရာ သက်ထွေးက နွယ်နွယ်ကို ချစ်နေကြောင်း ရေးမှတ်ထားသော မှတ်တမ်းစာအုပ်ဖြစ်နေကြောင်း နွယ်နွယ်တွေ့ရတော့သည်။

နွယ်နွယ်နှင့် သက်ထွေးတို့အား ကိုလတ်က အဆင်ပြေစေရန် စီစဉ်ပေးခဲ့သလို သက်ထွေး၏ပန်းကုံးကို နွယ်နွယ်လည်တွင်ဆွဲပြီး သကြၤန်မိုးအဖွဲ့အား ပြန်လည်ပြခဲ့သည်။

နွယ်နွယ်စိတ်ချမ်းသာသည်ကို တွေ့ရ၍ ခင်ခင်ထားဝမ်းသာရသလို သားဖြစ်သူ သက်ထွေးပျော်ရွှင်နေသည်ကို ငြိမ်းမောင်ကလည်း လူအုပ်ကြားမှ ကြည်နူးစွာကြည့်နေစဉ် ဇာတ်သိမ်းလိုက်လေသည်။

ဇာတ်ကားအစပိုင်းတွင် အဆိုတော်တင်တင်မြ၏အသံဖြင့် မြန်မာနိုင်ငံတွင် အတာကူး၍ နှစ်သစ်ကူးပြောင်းချိန် မင်္ဂလာအချိန်အခါတွင် သကြၤန်ပွဲတော်ကို အင်းဝ၊ ကုန်းဘောင်၊ ရတနာပုံ စသည့်ခေတ်အဆက်ဆက်ကစ၍ ရိုးရာမပျက်ကျင်းပလာခဲ့ပုံကို သရုပ်ဖော်ပုံများဖြင့် ပြသခဲ့သည်။ ဇာတ်လမ်းတစ်လျှောက်လုံးတွင်လည်း ရိုးရာယဉ်ကျေးမှုကို ဦးတည်၍ အချစ်ဇာတ်လမ်းကို ယဉ်ကျေးသိမ်မွေ့စွာ တင်ဆက်ပြသသွားသည်ကို တွေ့ရပါသည်။ ။

❏

## စမတ်ဖုန်းနှင့် မြန်မာပြည်သူပြည်သားတို့ဘဝ

ရှေ့ဖုံးမှ

ထိုသုံးမျိုးစလုံးသည် လက်မ၊ လက်ညှိုးတို့ဖြင့် တို့ထိ၍ သုံးရသော ဟန်းဆက်ဟုခေါ်သော ဖုန်းအမျိုးအစားများထဲတွင် ထည့်၍ အသုံးပြုရခြင်းဖြစ်သည်။ ယခုအခါတွင် ဂျာဗားဟုခေါ်သော Key Pad Phone များအပြင် လက်ညှိုးနှင့်ပါ ထိတွေ့၍ သုံးရသော အန်းဒွိုက်ဟုခေါ်သည့် နည်းပညာသုံး စမတ်ဖုန်း (Tablet) များမှ တံဆိပ်အမျိုးအမည်များစွာဖြင့် ဝင်ရောက်လာပြီး အသုံးပြုနေကြပြီဖြစ်ပါသည်။ ထိုဖုန်းများအကြောင်းကို ရှင်းပြလိုပါသည်။ အဘယ်ကြောင့်ဆိုသော် နောက်ဆုံးပေါ်မက်သော၊ အပြားကြီးတာကို ကြိုက်သော ကျွန်တော်တို့၏ လူမျိုးများ၏ အားနည်းချက်များ၊ အင်္ဂလိပ်စာအားနည်းမှုများအား အခွင့်ကောင်းယူ၍ ဝင်ရောက်လာလျက်ရှိသည်။

Key Pad Phone ဟု ခေါ်သည့် ဂျာဗားနည်းပညာသုံး ဟန်းဆက်များအကြောင်း ပထမဆုံးရှင်းပြလိုသည်။ ချို့တဲ့သူ အများစုအသုံးပြုနေသောကြောင့်ဖြစ်သည်။စီးပွားရေးသမားများသည် တန်ဖိုးနည်းသော ဖုန်းများဖြစ်သည့်အတွက် အပိုပစ္စည်းများ တင်သွင်းမလာခဲ့ပါ။ မရောင်းဝယ်ကြပါ။ ပြန်လည်ပြင်ဆင်ရာတွင် အဟောင်းတန်းသို့သွား၍ ရှာဖွေဝယ်၍ နှစ်လုံး၊ တစ်လုံး တီထွင်အသုံးပြု၍ (Service) သမားများက ပြင်ဆင်ပေးနေကြရပါသည်။

Touch Screen ဟု ခေါ်သော Android နည်းပညာသုံး ဟန်းဆက်များအကြောင်းမှ လူအများစုသုံးနေသည်။ ဖုန်းအမျိုးအစား တံဆိပ်များထဲတွင် Brand ဖြစ်သည့် ဟာဝေး၊ ဆမ်ဆောင်းအစရှိသည့် တံဆိပ်များမှ ဈေး အတန်အသင့်ကြီးသဖြင့် မကိုင်နိုင်ကြဘဲ (ကလုံး)ဟုခေါ်သော တံဆိပ်မရှိသည့် ဖုန်းများမှာ နေရာအများအပြား အရောင်းအဝယ်ဖြစ်နေကြသည်။ ပြင်ဆင်ရန် အပိုပစ္စည်းများ လုံးဝမရှိသဖြင့် တစ်ခါအသုံးပြုပြီးလျှင် မှန်ကွဲ၍သော်လည်းကောင်း၊ စက်ပျက်၍ သော်လည်းကောင်း၊ ပြန်လည်ပြင်ဆင်မရသဖြင့် အမှိုက်များ ဖြစ်သွားကြရသည်။ ဝယ်ယူခဲ့စဉ်က သုံးခဲ့သော ငွေများသည် အလကားသာဖြစ်ခဲ့ရသည်။ ထိုအကြောင်းများအား သတိထား၍ ဝယ်ယူအသုံးပြုစေချင်သည်။

ဖုန်းဆိုသည်မှာ ဂရုစိုက်နေရင်းမှ ကျကွဲတတ်သောအမျိုးဖြစ်၏။ လူလူချင်းရန်ဖြစ်စကားများလျှင်လည်း မင်းဘာလဲ၊ ငါဘာလဲမှ နေ၍ အရင်ဆုံးလွှင့်ပစ်ခံကိုင်ပေါက်ခံရသော ပစ္စည်းတစ်ခုဖြစ်သည်ကို သတိချပ်စေလိုသည်။ ဖုန်းဆိုသည်မှာ ခါးဝတ်လုံချည် ဖြစ်လာခဲ့ပြီဖြစ်သည်။ ထိုအကြောင်းမှာ ဖုန်း၏ တန်ဖိုးပင်ဖြစ်သည်။ ငွေနှင့်တိုင်းတာ၍ မရပါ။ ဟန်းဆက်၏ တန်ဖိုးနှင့်လည်း မဆိုင်ပါ။

(ဆက်လက်ဖော်ပြပါမည်)

# ဝေလည်းမွှေး ကြွေလည်းမွှေးတဲ့ "သကြာန်မိုး" လက်ရာရှင်



တင့်လွင်ဦး
(စီးပွားရေးတက္ကသိုလ်)


**ရုပ်ရှင်ကြည့်ပရိသတ်အများစုသည် ရုပ်ရှင်ကြည့်သောအခါ မင်းသား၊ မင်းသမီးကိုသာ အဓိကထားကြည့်လေ့ရှိသည်။ ဒါရိုက်တာဘယ်သူလဲဆိုတာ သိပ်မသိကြ။ ဇာတ်ကားတစ်ကားကောင်းလျှင် မင်းသား၊ မင်းသမီးကြောင့်သာ ကောင်းသည်ဟု ယူဆတတ်ကြပြီး ဒါရိုက်တာကြောင့် ကောင်းသည်ဆိုသောအချက်ကို ထည့်သွင်းစဉ်းစားကြသူနည်း၏။ တကယ်တော့ ဇာတ်ကားတစ်ကားမှာ မင်းသား၊ မင်းသမီး ကောင်းတာပါသလို ဒါရိုက်တာသည် အခရာ၊ ဒါရိုက်တာသည် အဓိကဝါရင့်သမ္ဘာရင့်၊ ရုပ်ရှင်ဆရာကြီးများ၏ အဆိုအရ ဒါရိုက်တာသည် ရိုက်ကွင်း၏ဘုရင်၊ တစ်နည်းတင်စားပြောရလျှင် ဥယျာဉ်မှူး။**

မင်းသား၊ မင်းသမီးများကား ရုပ်ထွက်ပြရသူများဖြစ်သည့်အတွက် ပရိသတ်နှင့်ပို၍ ရင်းနှီးမှုရှိသည်။ ဒါရိုက်တာဆိုသူများမှာမူ ရုပ်ထွက်ပြသူများမဟုတ်။ ကန့်လန့်ကာနောက်ကွယ်မှ စီစဉ်ဖန်တီးပေးရသူများသာဖြစ်သည့်အတွက် ပရိသတ်နှင့်အနေစိမ်း၏။ ဥယျာဉ်မှူးတို့မည်သည် ဥယျာဉ်ကြီးသာယာလှပဖို့သာ အရေးကြီးသည်။ ဥယျာဉ်မှူးကွလို့ မဏ္ဍပ်တိုင်တက်ပြလိုသူရှားသည်။ ထိုသဘောအရ ဒါရိုက်တာဆိုသူသည် ပရိသတ်အလယ်ဝင့်ထည်ဖို့ အဓိကမဟုတ်၊ ဖန်တီးမှု အလင်္ကာရသဂုဏ်မြောက်ဖို့သာ ဦးတည်သည်။

"ထင်ပေါ်လျှင်စင်တော်ကကောက်" ဆိုသောဆိုရိုးစကားရှိသည်။ ပရိသတ်သည် မည်သို့ပင် အမှုမဲ့အမှတ်မဲ့နေပါစေ။ တကယ်လက်ရာမြောက်လာသည့်အခါ၊ တကယ်တော်လာသည့်အခါ ပရိသတ်ရင်ထဲဝယ် ဒါရိုက်တာဘယ်သူလဲဆိုတာ အလိုလိုသိချင်စိတ်များ တဖွားဖွားပေါ်ပေါက်လာတော့သည်။ ထိုသို့ဖြင့် ဆရာမောင်တင်ဦးသည် ပရိသတ်ကြား ရေပန်းစားလာသော ထင်ပေါ်ကျော်ကြားလာသော ဒါရိုက်တာတစ်ဦးဖြစ်သည်။

မြန်မာပြည်ဝယ် တကယ်တော်သော၊ တကယ်လက်စွမ်းထက်သော ဒါရိုက်တာပေါင်းမြောက်မြားစွာရှိသည်။ အသံတိတ်ခေတ်ကလည်းရှိသည်။ အသံထွက်ခေတ်မှာလည်းရှိသည်။ ဘက်စုံတိုးတက်နေသော ယနေ့ခေတ်မှာလည်းရှိသည်။ နောင်လည်းရှိနေဦးမည်မှာမလွဲ။ ထိုသို့သော ရုပ်ရှင်အနုပညာလက်ရာမြောက်သူများ ရှိနေခြင်းကြောင့်လည်း မြန်မာ့ရုပ်ရှင်သည် ရာပြည့်ခရီးသို့ မပျက်မကွက် ချီတက်လာနိုင်ခြင်းဖြစ်သည်။

ခေတ်ဟောင်း၊ ခေတ်သစ် ထက်မြက်သူ ဒါရိုက်တာပေါင်းများစွာရှိသည့်အနက် အချို့ကိုဖော်ပြရလျှင် အလင်္ကာကျော်စွာ အေဝမ်းဦးတင်မောင်၊ အကယ်ဒမီ ရွှေဒုံးဘီအောင်၊ အကယ်ဒမီ ဦးသုခ၊ ရှုမဝဦးကျော်၊ ဦးသာစု၊ ဦးတင်ယု၊ ဒီဘက်ခေတ်တွင် အကယ်ဒမီ မောင်ဝဏ္ဏ၊ အကယ်ဒမီ ကြည်စိုးထွန်း၊ အကယ်ဒမီ မောင်နန္ဒ၊ စိန်ဖေတင်၊ လူငယ်ခြေတက်များဖြစ်ကြသည့် အကယ်ဒမီ ညီညီထွန်းလွင်၊ အကယ်ဒမီ ကိုဇော် (အရုဏ်ဦး)၊ ဝင်းထွန်းထွန်း၊ အကယ်ဒမီ ဝိုင်း စသည်ဖြင့်တော်သည့်၊ တတ်သည့်၊ နာမည်ရသည့် ဒါရိုက်တာပေါင်းကား ရေတွက်မကုန်။ ထိုသို့သော မြန်မာ့ရုပ်ရှင်ကို များစွာအထောက်အကူပြု၊ မဏ္ဍိုင်ပြုနေသည့် ဂန္ထဝင်ဒါရိုက်တာကောင်းတို့၏အလယ်တွင် မကြာမီရက်ပိုင်းကမှ ကွယ်လွန်သွားခဲ့သည့်ဒါရိုက်တာ အကယ်ဒမီများရှင် မောင်တင်ဦးသည်လည်း ရှေ့တန်းမှပါဝင်လေသည်။ ဆရာမောင်တင်ဦးသည် ရုပ်ရှင်ဇာတ်ကားပေါင်း ၃၀ ကျော် ရိုက်ကူးခဲ့ပြီး တစ်ကားဆိုဆိုသလောက် လက်ရာမြောက်လှသည်။ အထူးအောင်မြင်ကျော်ကြားသည့် ဇာတ်ကားအချို့ကို ဖော်ပြရလျှင် သကြာန်မိုး၊ မမစိမ်း၊ ဒဏ္ဍာရီ၊ ပန်းမြိုင်လယ်ကဥယျာဉ်မှူး၊ တစ်ခါကတစ်ဘဝ၊ တိုက်ပွဲခေါ်သံ၊ နေထွက်သောည၊ နှလုံးလှလူမိုက် စသည့် ဇာတ်ကားများသည် ပရိသတ်အသည်းစွဲဖြစ်သည့်အတွက် အမွှမ်းတင်ပြောပြရန် လိုမည်မထင်။ ဆရာသည် ရိုက်ကူးတင်ပြရာတွင် စေ့စပ်သေချာခြင်း၊ တစ်နိုင်တစ်ပိုင်လက်ခံပြီး ဇာတ်ကားအရေအတွက်ထက် အရည်အချင်းကို ဦးစားပေးရိုက်ကူးခြင်း၊ အတွေးအခေါ်ကောင်းခြင်း၊ ပရိသတ်အထာကိုသိခြင်းတို့ကြောင့် ဆရာ့လက်ရာဇာတ်ကားများသည် ပြသနေစဉ်အတွင်း ဇာတ်ကားသည် အီမသွား၊ အိုင်မသွား၊ ပရိသတ်ကို ဇာတ်ကားအစမှ အဆုံးတိုင် ဆွဲခေါ်သွားနိုင်စွမ်းရှိသည်။ ကြည့်ရှုသူပရိသတ်များသာ မဟုတ်။ ဝါရင့်သမ္ဘာရင့် ရုပ်ရှင်အနုပညာရှင်ကြီးများကပင် လက်ရာမြောက်ကြောင်း သုံးသပ်အကဲဖြတ်ကြသည့်အတွက် အကယ်ဒမီဆုများ တန်းစီရခဲ့ခြင်းက ဆရာမောင်တင်ဦး၏ အဖိုးအနဂ္ဃထိုက်တန်လှသော အစွမ်းအစ၊ တကယ်တော့ဒါရိုက်တာ အကယ်ဒမီဆုရဖို့ဆိုသည်မှာ မလွယ်ပါ။ အခြားသောဆုများထက် ဒါရိုက်တာဆုရရန် ပိုခဲယဉ်းသည်ဟု ဆိုချင်ပါသည်။ ခေတ်စကားဖြင့် ပြောရလျှင် ပို၍ဦးနှောက်စားပြီးတာဝန်ကြီး၏။ ဇာတ်ကားတစ်ကားလုံး




> **လူသည် တစ်နေ့တော့သေကြရမည်။ သေသောသူကြာလျှင်မေ့ ဆိုသော်လည်း လူ့လောကအတွက် ဤမျှအကျိုးပြုခဲ့သူတစ်ယောက်ကိုဖြင့် မေ့ပျောက်ဖို့ရာမလွယ်။**

စလယ်ဆုံးဟာကွက်မရှိ ကောင်းမွန်ရမည်ဖြစ်သလို အလင်္ကာရသဂုဏ်မြောက်မှလည်း သင့်တော်ပေမည်။ မင်းသား မင်းသမီးကောင်းနေရုံဖြင့်လည်းမရ၊ ဇာတ်ပို့ဇာတ်ရန်တို့လည်း ကောင်းပါမှ၊ ကင်မရာအယူအဆ၊ မီးအလင်းအမှောင်၊ အသံပိုင်းဆိုင်ရာ တေးဂီတ၊ ဖလင်တည်းဖြတ်စသည်ဖြင့် ဘက်စုံပြည့်စုံပါမှ ထို့အပြင်တဝအစစပြည့်စုံရုံဖြင့်လည်း မပြီးသေး၊ ကိုယ်လိုထူးချွန်သော အခြားဇာတ်ကားများနှင့်လည်း အပြိုင်ကြဲရပြန်သည်။ ခက်သည်ကိုမှ လက်ဝယ်ရအောင် အကြိမ်ကြိမ်စွမ်းဆောင်ပြနိုင်သည့်အတွက် ဆရာ့၏အနုပညာအရည်အသွေးကား မလေးစားဘဲ မနေနိုင်။

လူသည် တစ်နေ့တော့သေကြရမည်။ သေသောသူ ကြာလျှင်မေ့ဆိုသော်လည်း လူ့လောကအတွက် ဤမျှအကျိုးပြုခဲ့သူတစ်ယောက်ကိုဖြင့် မေ့ပျောက်ဖို့ရာမလွယ်။ "ဝေလည်း မွှေး ကြွေလည်းမွှေး" ဆိုသော အဓိပ္ပာယ်နှင့်အညီ ဆရာ့၏ဂုဏ်သတင်းသည် တစ်ထပ်တည်းကျနေပြန်သည်။

ဒါရိုက်တာ အကယ်ဒမီများရှင် မောင်တင်ဦးသည် မန္တလေးမြို့နေ အဖ သခင် ဦးသိန်းဖေနှင့် အမိဒေါ်မြမြ (တိုင်းချစ်ကျောင်းအုပ်ဆရာမကြီး)တို့၏ သားဖြစ်ပြီး ၁၉၄၂ ခုနှစ်တွင် မွေးဖွားခဲ့သည်။ ကွယ်လွန်သူ ရုပ်ရှင်နှင့်ဗီဒီယိုသရုပ်ဆောင်အဆိုတော် ဇော်ဝမ်း၏ အစ်ကိုအရင်းလည်းဖြစ်သည်။ မောင်တင်ဦးသည် ၁၉၆၄-၁၉၆၅ ခုနှစ် အသက် (၂၇)နှစ်အရွယ်သို့အရောက် ဝါသနာအရ ရုပ်ရှင်လောကသို့ ရောက်ရှိခဲ့ပြီး ၁၉၆၈ ခုနှစ်တွင် ဒါရိုက်တာ ရှုမဝဦးကျော်ထံ၌ သုံးနှစ်တိတိ ပညာသင်ကြားခဲ့ပြီး "စေလိုရာစေ"ဇာတ်ကားကို ဆရာဖြစ်သူ ရှုမဝဦးကျော်နှင့်တွဲ၍ တွဲဖက်ဒါရိုက်တာအဖြစ် ရိုက်ကူးခဲ့သည်။ ပထမဦးဆုံး ဒါရိုက်တာအဖြစ် ပွဲဦးထွက်ရိုက်ကူးခဲ့သော ဇာတ်ကားမှာ "နေထွက်သောည"ဖြစ်သည်။ ရုပ်ရှင်ဇာတ်ကားကြီးပေါင်း ၃၀ ကျော်ရိုက်ကူးခဲ့ပြီး ၁၉၇၂ ခုနှစ်တွင် "နေထွက်သောည"၊ ၁၉၇၈ ခုနှစ်တွင် "တစ်ခါကတစ်ဘဝ"၊ ၁၉၈၅ ခုနှစ်တွင် "သကြာန်မိုး"၊ ၁၉၉၅ ခုနှစ်တွင် "တိုက်ပွဲခေါ်သံ"၊ ၂၀၀၁ ခုနှစ်တွင် "နှလုံးလှလူမိုက်" ဇာတ်ကားများအတွက် ရုပ်ရှင်ဒါရိုက်တာ အကယ်ဒမီထူးချွန်ဆု ငါးဆုရရှိခဲ့သူဖြစ်သည်။ မန္တလေးမြို့ ပြည်ကြီးတံခွန်မြို့နယ် ကျွဲဆည်ကန်ရှိ ၎င်း၏နေအိမ်၌ ၂၄၊ ၈၊ ၂၀၁၅ ရက်နေ့တွင် အသည်းခြောက်ရောဂါဖြင့် ကွယ်လွန်ခဲ့ရာ မြန်မာ့ရုပ်ရှင်လောကအတွက် ကြီးစွာသော ဆုံးရှုံးမှုတစ်ရပ်၊ ကွယ်လွန်ချိန်တွင် အသက်(၇၅)နှစ်ရှိပြီး ဇနီးဒေါ်တင်တင်အေးနှင့် သမီးသုံးယောက် ကျန်ရစ်ခဲ့သည်။

ဆရာမောင်တင်ဦးသည် အသက်ထင်ရှားရှိစဉ်ကလည်း အစွမ်းထက်လှသော သူ၏ရုပ်ရှင်အနုပညာဖြင့် တိုင်းပြည်အပေါ်တာဝန်ကျေခဲ့သလို ကိုယ်တိုင်လည်း အကယ်ဒမီဆုများ စာမျက်နှာ ၇ »»